ပဋိပတ္တိသာသနာပြု

## ဆရာတော်ဦးကုသလ

ဟောကြားတော်မူသည့်

# ပုဏ္ဏောဝါဒသုတ္တန်တရားတော်

စာပေလောကပုံနှိပ်တိုက်
အမှတ်-၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့

၁၉၉၇၂
၂၉၄.၃၆၄
၈ ၂ ၃



# ပုဏ္ဏောဝါဒသုတ္တန်တရားတော်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

နမောဝိသေသ

ဩဝါဒကဿ လောကနာထဿ သီရိမတော

ဦးကြည်ညွန့်
အမှတ်-၂၃၊ ကျောင်းလမ်း၊ [illegible]
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

၂၉၄.၃၉၄
ကာသမ
၁၉၉၇၇
၈၆-၃
ကို-၇၀

[ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ်-၆၄၂၀

မျက်နှာဖုံး
ခေတ်မြန်

ထုတ်ဝေနေ့
ဩဂုတ်လ၊ ၁၉၇၃

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

ပုံနှိပ်/ထုတ်ဝေ

အရှင်ဦးကုသုမ၊ ဝက်လက်မြို့၊ မစိုးရိမ်ကျောင်း၊စစ်ကိုင်းတိုင်းက ကင်းလွတ်ခွင့် အမှတ် (၀၂၀၉၄) အရ ထုတ်ဝေ၍၊ ဒေါ်ခင်လှ (၀၁၅၇၈) စာပေလောက ပုံနှိပ်တိုက်၊ အမှတ်-၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

## လက်ဦးရှုဘွယ်

ဆရာတော် ဦးကုသမ သည် ဤ 'ပုဏ္ဏောဝါဒ သုတ္တန် တရားတော်'ကို စစ်ကိုင်း မုံရွာ ပဲခူး-စသော တရားပွဲ အတော်များများတွင် ဟောကြားတော် မူခဲ့ပါသည်။ ဤသုတ္တန် ဒေသနာတော်တွင် နန္ဒီသမုဒယကြောင့် ဆင်းရဲဒုက္ခ ဖြစ်သည်ဟူသော သမုဒယသစ္စာနှင့် ဒုက္ခသစ္စာကို၎င်း၊ နန္ဒီ သမုဒယ ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းသည် ဟူသော နိရောဓသစ္စာနှင့် အဝုတ္တသိဒ္ဓိ နည်းအားဖြင့် မဂ္ဂသစ္စာကို၎င်း၊ ဗုဒ္ဓမြတ်စွာက မဟာပုဏ္ဏမထေရ်မြတ်အား ဟောကြားထားပါသည်။ ဤဒေသနာတော်တွင် ဝိပဿနာ ရှုမှတ်ပုံ ရှုမှတ်နည်းကား မပါပါ။ ရှုမှတ်ပုံ ရှုမှတ်နည်းကို သိ

ပြီးဖြစ်သောမဟာပဋ္ဌာနမထေရ်အားဟောကြား တော်မူရသည် ဖြစ်သောကြောင့် ဒေသနာ တော်တွင် ထည့်သွင်း ဟောကြားရန် လိုမည် လည်းမဟုတ်ပါ။ ဆရာတော် ဦးကုသုမ ဟော ကြားရာ၌ကား ဝိပဿနာ ရှုမှတ်ပုံ ရှုမှတ်နည်း ကိုပါ ထည့်သွင်း ဟောကြားထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာတော် ဦးကုသုမ ဟောကြားအပ်သော တရားနာ ပရိသတ်က ဝိပဿနာ ရှုမှတ်ပုံ ရှုမှတ်နည်းကို သိပြီးသူတို့ ချည်း မဟုတ်သောကြောင့် ဖြစ်ပါသည်။

ဤသုတ်တော်ကို တရားပွဲများတွင် ဟော ကြားရာအခါ၌ ဆရာတော်သည် တရားနာ ပရိသတ်၏ အခြေအနေကိုရင်း၊ ဟောကြား ခွင့်ရသော အချိန်ကိုရင်း ကြည့်ရှု ဟောကြား တော်မူလေ့ရှိသဖြင့် ချုံးတန်လျှင် ချုံးလျက် ရင်း၊ချဲ့တန်လျှင် ချဲ့လျက်ရင်း ဟောတော်မူပါ သည်။ အခွန့်ရှည်ကြာ တည်တံ့မည်ဖြစ်သော ဤစာအုပ်ကို ရေးသားထားရာ၌မူ ဖြည့်စွက် တန်သည့်နေရာတွင် ဖြည့်စွက်လျက် မကျဉ်း မကျယ် ကြည့်ရှုလွယ်အောင် စီစဉ် ရေးသား ထားသည်ကို တွေ့ကြရမည် ဖြစ်ပါသည်။မှတ် သားလွယ်အောင် ဆောင်ပုဒ် ကလေးများကို လည်း ထည့်သွင်း ဟောကြားထား၏။

## ရေးသားဘူးသော စာအုပ်များ

ဤပုဏ္ဏောဝါဒသုတ္တန်တရားတော် စာအုပ် အပြင်(ပွင့်သစ်စ ဗုဒ္ဓ)အမည်နှင့် ကျမ်းစာအုပ် ကိုင်း၊(အကျိုးပြု ဝိပဿနာ)အမည်နှင့် ကျမ်း စာအုပ်ကိုင်း ရေးသား ထုတ်ဝေခဲ့ဘူးပြီး ဖြစ် ပါသည်။ ပွင့်သစ်စဗုဒ္ဓကို(၁၃၁၈)ခု-နှစ်တွင် စာအုပ်ရေ ၁၀၀၀-တထောင်နှင့် အကျိုးပြု ဝိပဿနာကို (၁၃၂၀)ပြည့်နှစ်တွင် စာအုပ် ရေ ၁၅၀၀-ထောင့်ငါးရာ ရိုက်နှိပ်ထုတ်ဝေ ခဲ့ပါသည်။ ဤပုဏ္ဏောဝါဒ သုတ္တန် တရား တော်ကို သုံးကျမ်းမြောက် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ရှေးကျမ်းစာအုပ်များဖြင့် အရေး အသား၌ အလေ့အကျင့်ရပြီးသော ဆရာတော် သည် ဤကျမ်းစာအုပ်တွင်လည်း လိုအပ်သော အဓိပ္ပာယ်ကို လိုသလို စာဘတ်ပရိသတ် နား လည်အောင် ရေးသားနိုင်ကြောင်း တွေ့ကြရ မည် ဖြစ်ပါသည်။

## ငယ်စဉ်က တရားဝါသနာ

ပဲနွယ်ကုန်းမြို့၊ ပဇ္ဇောတာရုံ စာသင်တိုက်၌ စာပေ ပရိယတ္တိ သင်ကြားနေခိုက် ရဟန်းငယ် ဘဝကပင် တရားဂါထာများကို သွားရင်း လာရင်း ရွတ်ဆိုနေတတ်သော ဆရာတော် ဖြစ်ပါသည်။ စာပေ ပရိယတ္တိကို စာသင်သား

အဖြစ်ကပင် မိမိတတ်သိပြီးစာကို သူတပါး အားလည်း သင်ကြားပို့ချရင်း အားလပ်ချိန်တွင် အပျင်းပြေ သီဆိုသလို သီဆိုနေတတ်သဖြင့် တရား ဝါသနာပါကြောင်းကို အတူနေ ပုဂ္ဂိုလ်များက သိနေကြပါသည်။

ဝက်လက်မြို့၊ ဘုရားကြီး စာသင်တိုက် (ဘုရားကြီးကျောင်းမှာ ထိုစဉ်က သံဃာ ၂၀ ကျော်ရှိ စာသင်တိုက်ဖြစ်သည်)သို့ ရောက်ခဲ့ရာ၌ သိက္ခာ ၀ါ ဆယ်ကျော်ရှိပြီဖြစ်၍ စာချအဖြစ်နှင့် စာပေပို့ချရင်း ဥပုသ်နေ့၊ဥပုသ်နေ့များ၌ ဥပုသ်သည် တရားနာ ပရိသတ်တို့အား တရား ဟောပြောတော်မူရပါသည်။ ထိုစဉ်မှစ၍ ဆရာတော် ဟောပြောသော တရားကို တရားနာ ပရိသတ်တို့က အကြိုက်များလာပါတော့သည်။ ထိုမှတဖန် တကောင်း မင်းရွာ ကျောင်းတွင် ကျောင်းထိုင်အဖြစ်နှင့် ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့ရပါသည်။ဝက်လက်မြို့နှင့် တကောင်းမင်းရွာသည် သုံးမိုင်ကျော်ကျော် လေးမိုင် မရှိတရှိ ဝေးကွာပါသည်။

## နယ်ကျော်ဖြစ်လာသည်

ကျောင်းထိုင်ဘုန်းကြီး ဖြစ်လာရာအခါ၌ သာမှု နာမှု ကိစ္စအရပ်ရပ်နှင့် တိုက်ရိုက်ဆက်ဆန်နေပြီ ဖြစ်ရကား မဟောချင်မနေရ မပြော

ချင်မနေရ အဖြစ်သို့ ရောက်လာပါတော့သည်။ ဟောရာ့ပြောရာ၌ ဆရာတော်၏ ပင်ကိုယ်သံကလည်း သာယာ နာပျော် ရှိခဲ့ရာတွင် အရွတ်အဖတ်က လည်း အလေ့အကျင့်ရနေပြီးဖြစ်၍ ရွှ ၁ ကြို က် မြို့ကြိုက်သာမက နယ်ပါ ကြိုက်လာသော နယ်ကြိုက် ဓမ္မကထိက ဖြစ်လာခဲ့ပါသည်။ ဆရာတော်ပါရှိသော သာမှုနာမှုများတွင် ဆရာတော်သာ အဟောရ များပါသည်။ ထိုစဉ်က နယ်ပယ်တွင် ညတရားပွဲ ကျင်းပမှု အလေ့အထ နည်းသေးသဖြင့် ညတရားပွဲ အဟောရ နည်းသော အခါကာလဖြစ်ပါသည်။ သာမှု နာမှု တရားများနှင့်ပင် အနီးအပါး နယ်ပယ်တလျှောက်၌ တကောင်းမင်းရွာ ဆရာတော်အဖြစ် သင်ရှားလာခဲ့ပါသည်။

## ပဋိပတ္တိနယ်သို့ ဝင်ရောက်ပြီ

တကောင်းမင်းရွာ ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆိတ်ခွန်၊ မဟာစည်ဆရာတော်ဘုရား ပြုစုစီရင်အပ်သော (ဝိပဿနာရှုနည်းကျမ်းကြီး)နှစ်တွဲကို ဖတ်ရှုမိရာတွင် ဆိတ်ခွန်၊ မဟာစည်တိုက်သို့ မကြွပဲမနေနိုင် ဖြစ်လာသဖြင့် တကောင်းမင်းရွာကျောင်းမှ ဆိတ်ခွန် မဟာစည် တိုက်သို့ ကြွသွားပါ တော့သည်။

တကောင်းမင်းရွာ ကျောင်းကိုမူ မိမိအား အစောင့်အရှောက်အဖြစ် ထားခဲ့ပါသည်။ ၁၃၁၁ ခုနှစ်တွင် ဆိတ်ခွန်သို့ ကြွသွားခဲ့ရာ တလခန့်အထိ ဝိပဿနာကမ္မဋ္ဌာန်းတရားကို အားထုတ်ပြီးနောက် တကောင်းမင်းရွာကျောင်းသို့ ပြန်ကြွလာခဲ့ပါသည်။ ထိုအခါ ဝိပဿနာ ပဋိပတ္တိ အလုပ်၌ အားသန် လာသော ဆရာတော်သည် တကောင်းမင်းရွာကျောင်းကို မိမိအား အပြီးအပိုင်အပ်လျက် ပဋိပတ္တိအလုပ်ကိုသာ အားသွန်ခွန်စိုက် ကြိုးစားခဲ့ပါသည်။

မကြာမီမှာပင် မဟာစည်ဆရာတော်ဘုရား၏ တိုက်တွန်းချက်ဖြင့် ဆိတ်ခွန်၊ မဟာစည်တိုက်သို့ပြန်၍ ကမ္မဋ္ဌာနာ စရိယအဖြစ်နှင့် ၅-နှစ်ကျော်ကျော် သီတင်းသုံးတော်မူပါသည်။ ကမ္မဋ္ဌာနာ စရိယအဖြစ်မှအနားယူလိုက်ရကား မဟာစည် ဆရာတော် ဘုရားအား ခွင့်ပန်ပြီးနောက် တဖန် ဆိတ်ခွန်မှ ဝက်လက်မြို့မစိုးရိမ်ကျောင်းတွင် ကြွရောက် သီတင်းသုံးလျက် တနှစ် အနားယူတော်မူခဲ့ပါသည်။

ဝက်လက်မြို့ မစိုးရိမ်ကျောင်းတွင် အေးအေးဆေးဆေးအနားယူနေစဉ် ရွှေစေတီဆရာတော်ဘုရား၏ တိုက်တွန်းချက်ဖြင့် စဉ်ကိုင်းမြို့၊ ဆင်များရှင် ရိပ်သာတွင် ပြောင်း၍ ကမ္မဋ္ဌာနာ

# မာတိကာ


၁။ ရဟန္တာဖြစ်နိုင်တဲ့သုတ် ၂
၂။ သုတ်တော်နိဒါန်း ၄
၃။ ခိုင်လုံမှ ယုံကြည်တယ် ၁၁
၄။ ကုန်သည်ရွာသား ၁၂
၅။ ဂန္ထဓုရ ၁၇
၆။ ပမာဏကိုသိသူ အသျှင်ပုဏ္ဏ ၁၈
၇။ သပ္ပါယ မဖြစ်ဘူးတဲ့ ၂၂
၈။ သူ့ကို ပြောတာ မဟုတ်သလို ၃၅
၉။ တဏှာလောဘဖြစ်ပုံ ၄၁
၁၀။ တဏှာတရားရှစ် ၄၆
၁၁။ ဆင်းရဲဆိုတာ မခံသာမှုပဲ ၄၈
၁၂။ သက်သာလိမ့်နိုး ရှာကြံကြတယ် ၅၁
၁၃။ သိထားတော့ သက်သာတယ် ၅၇
၁၄။ အကြောင်းနဲ့အကျိုး ၅၇
၁၅။ ကိုယ့်အဖြစ်ကို ကိုယ်မသိ ၆၀
၁၆။ ဘဝသစ်ကို ဖြစ်စေတတ်တယ် ၆၁
၁၇။ နှစ်သက်စွဲလမ်းတဲ့ သဘောလဲရှိတယ် ၆၃
၁၈။ အာရုံမြင်လိုချင်တယ် ၆၅
၁၉။ ကာမတဏှာ ၆၇
၂၀။ ရှုပါရုံစတဲ့ ကာမဂုဏ်ငါးပါး ၆၈
၂၁။ ဘဝတဏှာ ၇၄
၂၂။ ရှေးတုန်းကကို ရှိခဲ့တယ် ၇၇

# မာတိကာ


၂၃။ အရိယာပုဂ္ဂိုလ်တို့အမြင် ၇၉
၂၄။ အကြောင်းရှိလို့ အကျိုးဖြစ်သည် ၈၀
၂၅။ လိုချင်လို့ ဆင်းရဲ ၈၃
၂၆။ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ် ၈၃
၂၇။ မသိရှာတဲ့ တောပြန်အစ်ကိုကြီး ၈၇
၂၈။ ဘယ်လောက် ကြောက်ဘွယ် ကောင်းသလဲ ၉၂
၂၉။ အယူမှားကိုလဲ စွဲလမ်းတယ် ၉၅
၃၀။ ပုဏ္ဏားဆိုသူနှင့် သေနိယဆိုသူ ၉၇
၃၁။ အံ့ဘွယ်သုနက္ခတ္တမထေရ် ၉၉
၃၂။ အလေ့အကျင့်တွေက အများကြီး ၁၀၉
၃၃။ အတ္တဝါဒုပါဒါန် ၁၁၂
၃၄။ တခြားဘာသာဝင်နဲ့ အတ္တစွဲ ၁၁၃
၃၅။ အထီးအမ မသိကြသလိုပဲ ၁၁၇
၃၆။ ဆောင်ပုဒ် ၁၁၈
၃၇။ ချုပ်ငြိမ်းအောင် ဘယ်လိုလုပ်မလဲ ၁၂၂
၃၈။ သတိပဋ္ဌာန်ဆိုတာ ၁၂၃
၃၉။ အင်မတန်ကောင်းတဲ့နည်းဘဲ ၁၂၇
၄၀။ ပုဏ္ဏထေရ်ရဲ့သဘောထား ၁၃၄
၄၁။ အထွတ်အထိပ်ရောက်ပြီ ၁၃၇
၄၂။ တနေ့သဉ္ဇ ၁၄၃
၄၃။ နတ်တွေက စိတ်ဆိုးကြတယ် ၁၄၅
၄၄။ ဘုရားသျှင်ကို ပင့်ဆောင်ကြတယ် ၁၄၉
၄၅။ ပြသာဒ်ဆောင် ငါးရာနဲ့တစ်ဆောင် ၁၅၃
၄၆။ ခြေတော်ရာတဆူချထားခဲ့တယ် ၁၅၈
၄၇။ အငြင်းပွားစရာ ဖြစ်နေတယ် ၁၅၉
၄၈။ ကုသိုလ်တရားတိုးပွားကြောင်း ၁၆၂

စရိယအဖြစ် သီတင်းသုံး နေထိုင်တော်မူရပြန်ပါသည်။ ဆင်မျှားရှင်ရိပ်သာတွင် ၁၀-နှစ်ပတ်လုံး သီတင်းသုံး နေထိုင်ခဲ့ပြီးနောက် ရွှေစေတီ ဆရာတော်ဘုရားအား လျှောက်ထားလျက် အခု အချိန်တွင်မူ တကောင်းမင်းရွာကျောင်းသို့ ပြန်၍ အေးအေးဆေးဆေး အနားယူသီတင်းသုံးလျက်ရှိပါသည်။ထိုသို့အနားယူရင်း အရပ်ရပ် တရားပွဲများ၌ ဟောခဲ့သောဤ 'ပုဏ္ဏောဝါဒ သုတ္တန် တရားတော်'ကို စာတအုပ်အဖြစ် ရောက်အောင် ရေးသားတော်မူပါသည်။

ဤ 'ပုဏ္ဏောဝါဒ သုတ္တန် တရားတော်'ကို ဆရာတော် ဟောကြားစဉ်က နာကြားကြရသောတရားနာပရိသတ်တို့ မြတ်နိုးနှစ်သက်ကြသကဲ့သို့ စာအုပ်အဖြစ်သို့ ရောက်လာရာတွင်လည်းစာဘတ်ပရိသတ်တို့မြတ်မြတ်နိုးနိုးနှစ်နှစ်သက်သက် ဘတ်ရှုနိုင်ကြမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသတည်း။

တပည့်-ဦးပညာနန္ဒ<br>တကောင်းမင်းရွာ ဘုန်းကြီး<br>ဝက်လက်မြို့။

၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၅-ရက်၊
၂၃-၇-၇၀

# ပုဏ္ဏောဝါဒသုတ္တန် တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

နမော ဝိသေသ ဩဝါဒကဿ လောကနာထဿ သီရိမတော။

## သုတ်တော်အမည်

ဒီတရားပွဲမှာ ပုဏ္ဏောဝါဒသုတ်တော်ကို ဟောဘို့စီစဉ်ထား ပါတယ်။ ဒီသုတ်တော်ကို ဥပရိပဏ္ဏာသ၊ သဠာယတနဝဂ်တွင် **သံ**ဂါယနာတင် အသျှင်မြတ်တို့ အစီအစဉ်အားဖြင့် **သုံး** သုတ် မြောက်အဖြစ်နဲ့ စီစဉ်ဖေါ်ပြထားပါတယ်။ ဗုဒ္ဓမြတ်စွာက ဒီသုတ်တော်ကို ဘာကြောင့် ဟောတော်မူရသလဲဆိုယင် ပုဏ္ဏ မထေရ်က တောင်းပန်လို့ ဟောတော်မူတာဖြစ်ပါတယ်။ပုဏ္ဏော ဝါဒသုတ်ဆိုတဲ့ ဒီအမည်ဟာ ဒီလိုပုဏ္ဏမထေရ်က တောင်းပန် ခြင်းကြောင့် ပုဏ္ဏမထေရ်အား ဟောကြားဆုမ္မထားတာ ဖြစ်လို့ **သံ**ဂါယနာတင် အသျှင်မြတ်တို့က မှည့်ထားခဲ့တဲ့ အမည်ဖြစ် ပါတယ်။

ဆန္နမထေရ်အားအကြောင်းပြုပြီး ဟောကြားဆုံးမတော်မူတဲ့ သုတ်ကို ဆန္နောဝါဒသုတ်၊ နန္ဒကမထေရ်အား ဟောကြား ဆုံးမတော်မူတဲ့သုတ်ကို နန္ဒကောဝါဒသုတ်- စသည် မှည့်ခေါ် ထားသလို ဒီမှာလဲ ပုဏ္ဏမထေရ်အား ဟောကြား ဆုံးမထား တာဖြစ်လို့ ပုဏ္ဏောဝါဒသုတ်လို့ မှည့်ခေါ် ထားခဲ့ကြတာပါပဲ။ (ပုဏ္ဏဿ ဩဝါဒေါ ပုဏ္ဏောဝါဒေါ၊ ပုဏ္ဏောဝါဒေါစ သော သုတ္တဥ္စာတိ ပုဏ္ဏောဝါဒသုတ္တံ) အရ ပုဏ္ဏမထေရ်အား ဟော ကြားဆုံးမတဲ့သုတ်လို့ ဆိုလိုပါတယ်။

## ရဟန္တာဖြစ်နိုင်တဲ့သုတ်

ဒီသုတ်တော်ဟာ သာမညသုတ်တော်မဟုတ်ပါဘူး၊ ရဟန္တာ ဖြစ်နိုင်တဲ့သုတ်တော်ပါ။ အသျှင်ပုဏ္ဏမထေရ်ဟာ ဒီသုတ်တော် ကို နာကြားရလို့ ရဟန္တာ ဖြစ်သွားပါတယ်။ ဒို့တရားနာ ပရိသတ်တွေလဲ အသျှင်ပုဏ္ဏမထေရ်လို ဒီသုတ်တော်ကိုနာကြား ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုယင် ရဟန္တာ ဖြစ်နိုင် ပါတယ်။ ဒီလမ်းအတိုင်းသွားလို့ ဒီလိုရောက်ဖူးပြီးသား ရှိနေ ပြီဟာ ဘယ်သူပဲ သွားသွား- သွားနိုင်တဲ့အင်အားနဲ့ ဒီလမ်း အတိုင်းသွားယင် မရောက်ပဲ မရှိနိုင်ပါဘူး။ ရောက်နိုင်ရမယ် ပေါ့။ ဒါပေမယ့် သွားနိုင်တဲ့ အင်အားကတော့ ရှိရလိမ့်မယ်။ လမ်းကတော့ ရှိပါရဲ့၊ အရောက်လှမ်းနိုင်တဲ့ အင်အားမရှိလို့ မလှမ်းနိုင်တော့ဘူး ဆိုယင်တော့လဲ မတတ်နိုင်ဘူး။ လှမ်းနိုင် အောင် လိုတဲ့အင်အားကတော့ သတိအင်အား သမာဓိ အင် အား ပညာအင်အား များပါပဲ။ ဒီအင်အားတွေ ဆိုတာကလဲ သူ့ဘာသာသူ အလကား နေရင်းထိုင်ရင်း အလိုလိုရှိလာကြတာ

မဟုတ်ဘူး။ ဆည်းပူးယူရတယ်၊ ကျင့်ကြံအားထုတ်ယူရတယ်။ ဒီလိုမှ ဒီလမ်းအတိုင်းသွားနိုင်တဲ့ အင်အားကိုရနိုင်ပါတယ်။

အခုဟောကြားမယ့် ပုဏ္ဏောဝါဒ သုတ်တော်ထဲမှာ သတိအင်အား ထူထောင်မှုတွေလဲ ပါပါတယ်။ သမာဓိအင်အား ထူထောင်မှုတွေလဲပါပါတယ်။ ပညာအင်အား ထူထောင်မှုတွေလဲ ပါပါတယ်။ ဟောကြားတော်မူတဲ့နည်းလမ်းအတိုင်းသာ လိုက်နာ ကျင့်ကြံသွားယင် မျက်မှောက် ဘဝတွင်သော်လဲ တမင်္ဂ တဖိုလ် ရသွားနိုင်ပါတယ်။ မျက်မှောက်ဘဝတွင် မရသေးလို့ ရှိယင် အချိုးနှိုးအကျိုးမဲ့တော့ မဖြစ်ပါဘူး။ လမ်းစကိုလျှောက်မိပြီဖြစ်လို့ ဘဝတခုခုတွင်ဆက်ပြီးလျှောက်နိုင်မှာပါပဲ။ ဆက်ပြီး လျှောက်နိုင်တဲ့အခါ လွယ်လွယ်ကူကူနဲ့ လိုရာခရီးကို ရောက်သွားနိုင်ပါတယ်။ အခုပြောနေတာကတော့ ရဟန္တာဖြစ်နိုင်တဲ့ သုတ်တော်ကို ဟောမှာဖြစ်လို့ စူးစူးစိုက်စိုက် နာကြားနိုင်ကြစေရန် သုတ်တော်ရဲ့ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြီး သတိပေးရတာ ဖြစ်ပါတယ်။

## အစွန်းမလွတ်တဲ့စကား

ကိုယ့်စကားကို ကိုယ်ပြန်ပြီးတော့ ရှင်းပြအုံးမှ ဖြစ်မယ်။ အစွန်းမလွတ်တဲ့ စကားကိုမရှင်းပဲထားခဲ့ယင် အပြစ်တင်ကျန်ရစ်မှာစိုးရတယ်။ (ဒီသုတ်တော်ဟာ သာမည သုတ်တော် မဟုတ်ပါဘူး၊ ရဟန္တာ ဖြစ်နိုင်တဲ့ သုတ်တော်ပါ)လို့ အထက်နားက ဆိုခဲ့ပါတယ်။ ဒီအဆိုဟာ အစွန်းမလွတ်တာပဲ ဖြစ်နေပါတယ်၊ ဘယ်လိုလဲဆိုယင် ဒီသုတ်တော်က သာမညသုတ် မဟုတ်ဖူးဆိုတော့ ဒီပြင်သုတ်တွေကတော့ သာမညသုတ်တွေလား၊ဒီသုတ်က

ရဟန္တာ ဖြစ်နိုင်တဲ့ **သုတ်**ဆိုတော့ တခြား **သုတ်**တွေကတော့ ရဟန္တာမဖြစ်နိုင်တဲ့သုတ်တွေလား-ဒီလိုအဓိပ္ပါယ် ကောက်ယူပြီး ဒီလိုဆိုထားတာ မတော်ပါဘူးလို့ အပြစ်တင်ချင် တင်နိုင် သလို ဖြစ်နေပါတယ်။ အမှန်က ဒီလိုမဟုတ်ပါဘူး။ ဘုရား ဟော သုတ်တော်မှန်သမျှ အရာမရောက်တဲ့ သာမညသုတ်ရယ်လို့ မရှိပါဘူး။ သူ့နေရာနဲ့သူ ထူးခြားတဲ့ သုတ်တွေချည်းပါပဲ။ ရဟန္တာဖြစ် မဖြစ်ဆိုတာကတော့ သုတ်တော်တိုင်း ရဟန္တာဖြစ် သည်ချည်း မဟုတ်ပါဘူး။ ဒေသနာတော် တန္တိအဖြစ်နဲ့ နှစ် သက်စရာမျှဟောတော်မူတဲ့သုတ်တော်တွေလဲရှိပါတယ်။ ဥပမာ သုတ်ပါထေယျ် ပါဠိတော်လာ (ပါထိကသုတ်) တို့လို သုတ် တော်များဖြစ်ပါတယ်။ ဓမ္မစကြာတို့ အနတ္တ လက္ခဏာသုတ်တို့လို အရိယာ ရဟန္တာဖြစ်နိုင်တဲ့ အခြားသုတ်တော်တွေ ဆိုတာလဲ မနဲပါဘူး။ ဒီလိုရဟန္တာ ဖြစ်နိုင်တဲ့ သုတ်တော်ထဲမှာ ဒီပုဏ္ဏော ဝါဒသုတ်လဲပါဝင်နေတာဖြစ်လို့ ဒီလိုဆိုလိုက်ရတာပဲ။

## သုတ်တော်နိဒါန်း

ဧဝံ မေ သုတံ- ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထခေါ အာယသ္မာ ပုဏ္ဏော သာယနှသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေနဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေ တွာ ဧကမန္တံ နိသီဒိ၊ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ ပုဏ္ဏော ဘဂဝန္တံ ဧတဒဝေါစ။

## ဧဝံ မေ သုတံ

ဘန္တေကဿပ အသျှင်မဟာကဿပ၊ ဣဒံသုတ္တံ၊ ဤပုဏ္ဏောဝါဒသုတ်တော်ကို၊ မေ-တပည့်တော် အာနန္ဒာသည်၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ ဧဝံ-ဤဆိုအပ်လတံ့သည်အတိုင်း၊ သုတံ-ကြားနာမှတ်သား ဆောင်ထားလိုက်ရပါသည်ဘုရား။

ဧဝံ မေ သုတံ-ဆိုတဲ့ ဒီအဆိုကတော့ အသျှင်အာနန္ဒာက အသျှင်မဟာကဿပ မထေရ်မြတ်ကြီးကို လျှောက်ထားတဲ့အဆိုဖြစ်ပါတယ်။ ဘာကို သိစေလို့လို့ ဒီလို လျှောက်ထား ရသလဲ ဆိုယင် သူဟာ ဒီပုဏ္ဏောဝါဒ သုတ်တော်ကို သူတပါးထံက တဆင့် ကြားနာရတာ မဟုတ်ပါဘူး။ ဘုရားသျှင့် ထံတော်မျက်မှောက်မှာ နေပြီး ဘုရားသျှင် ဟောတော်မူတာကို ကိုယ်တိုင်ပဲ ကြားနာ မှတ်သား ဆောင်ထားလိုက်ရတဲ့ သုတ်တော်ဖြစ်ကြောင်း သိစေလို့လို့ ဖြစ်ပါတယ်။

တဆင့်စကားဆိုတာ သိပ်ပြီး ရေရာလှတာ မဟုတ်ပါဘူး။ ပြောင်းချင်လဲ ပြောင်းသွားတတ်ပါတယ်။ စကားဆိုတဲ့အတိုင်း ကားချင်လဲ ကားသွားတတ်ပါတယ်။ ကိုယ်တိုင် ကြားရ သိရတာလောက် မသေချာဘူး။ တောင်ရပ်ထဲက ဘယ်သူဟာဖြင့် ခလေးတယောက် နားရွက်ကားကလေး မွေးဖွားတယ်-လို့သူမြင်ခဲ့တဲ့အတိုင်း အတိအကျ ပြောတာပဲ၊ ဒါပေမယ့် တဆင့်ကြားနောက်ထပ် တယောက်က ပြောတဲ့အခါ တောင်ရပ်ထဲက ဘယ်သူဟာ နဂါးကလေး မွေးသတဲ့-လို့ ဖြစ်သွားတယ်။ တဆင့်ကြားဆိုတော့ နားရွက်ကား ကလေးကနေ နဂါးကလေးလို့

ပြောင်းသွားတာပဲ မဟုတ်လား။ နောက်တယောက် ကျတော့ ဟုတ်တယ် နဂါးကလေးမှ တကယ့် နဂါးကလေး ငါတောင် မြင်ခဲ့သေးတယ်-လို့ ဒီလို ကားသွားသတဲ့။ တဆင့်စကား တဆင့် ကြားဆိုတာ ဒီလိုပဲ ပြောင်းလဲပြီး တဖြေးဖြေး ကားသွား တတ်ပါတယ်။

ဒီနေရာမှာတော့ ဒီပုဏ္ဏောဝါဒ သုတ်တော်ကို တဆင့် စကား တဆင့်နား ကြားထားရတာ မဟုတ်လို့ သံချင်အာနန္ဒာ လျှောက်ထားတဲ့ အတိုင်း အမှန်အကန် အတိအကျ နာယူထား လိုက်ရတာ ဖြစ်ပါတယ်။ ပြောင်းလဲခြင်းလဲမရှိ၊ ကျယ်ကား ထားတာလဲ မပါဘူးပေါ့။

## ကော် သမယံ

ကော် သမယံ-အခါတပါး၌၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ-သာဝတ္ထိပြည်၌၊ အနာထပိဏ္ဍိကဿ-အနာထပိဏ်ဍ် သေဋ္ဌေး၏၊ အာရာမေ-နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်း သော၊ ဇေတဝနေ-ဇေတဝန် ကျောင်းတော်၌၊ ဝိဟရတိ-မျှတ ရှင်ပြုံး သီတင်း သုံးတော်မူ၏။

ဒီအဆိုက ပုဏ္ဏောဝါဒ သုတ်တော်ကို ဟောတော်မူစဉ် အခါက သီတင်းသုံးတော်မူရာ ဌာနကို ဖော်ပြလိုက်တာဖြစ် ပါတယ်။ ထိုအခါက(ဇေတဝနေ ဝိဟရတိ)ဇေတဝန်ကျောင်း တော်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အခါဖြစ်ပါသတဲ့။ ဘုရားသျှင် သီတင်းသုံးတော်မူတဲ့ ဒီဇေတဝန် ကျောင်းတော်ဆို တာ သာသနာဝင် တလျှောက်လုံး အင်မတန် ထင်ရှားတာဖြစ်

လို့ ဗုဒ္ဓဘာသာဝင်တို့ နားမှာ မကြားဘူးသူ မရှိသလောက်ပါပဲ။ ဒီ ကျောင်းတော်ကို ဇေတ မင်းသားရဲ့ ဥယျာဉ်မြေပေါ်မှာ တခမ်းတနား ဆောက်လုပ်ထားပါတယ်။ ဒါကြောင့် ဇေတဝန် ကျောင်းတော်လို့ အမည်တွင်နေခြင်း ဖြစ်ပါတယ်။ မင်းသား တယောက်ရဲ့ ဥယျာဉ်ဆိုတော့ ပျော်စရာကောင်းမှာ သေချာပါတယ်။ နန်းတော်ပေါ်မှာ နေရလွန်းလို့ ငြီးငွေ့တဲ့ အခါ မင်းညီ မင်းသားတွေဟာ သူတို့ဥယျာဉ်မှာ လာလာပြီး ပျော်လေ့ ရှိကြတယ်။ ဒီတော့ သူတို့ ပျော်ပါးရာဖြစ်တဲ့ ဥယျာဉ်ကို ပျော်စရာ ကောင်းသထက် ကောင်းအောင် စီမံ ဖန်တီးထားကြလိမ့်မယ် ဆိုတာပြောစရာ မလိုပါဘူး။ ဒါကြောင့် အာရာမေ-နုလုံး မွေ့လျော် ပျော်ဖွယ်ရာ ကောင်းတယ်လို့ ချီးကျူးထားတာ ဖြစ်ပါတယ်။

ဒီဥယျာဉ်မြေကို အနာထပိဏ် သေဌေးကြီးက ဇေတမင်းသားထံမှ အဖိုးအခပေးပြီး ဝယ်ယူလိုက်ပါတယ်။ ဝယ်ယူစဉ်က ဥယျာဉ်ကြီးနဲ့ အပြည့် ငွေခွက်ချင်း ထိစပ်အောင်ပေးမှ ရောင်းနိုင်မယ်ဆိုလို့ ဇေတမင်းသားကို သူ့ဥယျာဉ်ကြီးနဲ့ အပြည့် ငွေခွက်ချင်း ထိစပ်ပေးပြီး အနာထပိဏ် သူဌေးကြီးက ဝယ်ယူလိုက်ရတာ ဖြစ်တယ်။

ငွေခွက်ချင်း ထိစပ်အောင်ပေးပြီး ဝယ်ယူလို့လဲ ရရော ဒီဥယျာဉ်ကြီး တခုလုံး ကျောင်းရာမ်မြေ ပြုလုပ်၊ ဒီအထဲမှာပဲ ဇေတဝန် ကျောင်းတော်ကြီးကို တခမ်းတနား ဆောက်လုပ်ပြီး ဘုရားသျှင်အား လှူဒါန်းလိုက်ပါတယ်။ ဒါကြောင့် အနာထပိဏ္ဍိကဿ အနာထပိဏ် သေဌေး၏၊ အာရာမေ နုလုံးမွေ့လျော်

ပျော်ဘွယ်ရာ ဆောက်လုပ် လှူဒါန်း အပ်သော၊ ဇေတဝနေ ဇေတဝန် ကျောင်းတော်၌လို့ ဆိုထားတာ ဖြစ်ပါတယ်။

## သာဝတ္ထိယံ

ဇေတဝန် ကျောင်းတော်က ဘယ်ပြည် မှာလဲ ဆိုယင် သာဝတ္ထိယံ သာဝတ္ထိပြည်မှာပါတဲ့။သာဝတ္ထိပြည်သာဝတ္ထိပြည်နဲ့ ခဏ–ခဏ ကြားသိနေကြရလို့ ဗုဒ္ဓဘာသာတို့နားမှာ ထင်ရှား လှပေမယ့် ဗမာဗုဒ္ဓဘာသာတွေ အတွက် ဒီ သာဝတ္ထိ ပြည်ကို ရောက်ဖူးသူ အင်မတန်နဲပါတယ်။ ဒါကြောင့် သာဝတ္ထိပြည် ဘယ်မှာရှိတယ်ဆိုတာ နဲနဲပြောပြရအုံးမှာပဲ။သာဝတ္ထိပြည်ဆိုတာ မြန်မာပြည်ထဲမှာ မဟုတ်ပါဘူး။ မြန်မာပြည်ရဲ့အနောက်ဖက်က အိန္ဒိယပြည်ထဲမှာ ဖြစ်ပါတယ်။ ဘုရားသျှင် လက်ထက်တော် တုန်းက အဆိုအတိုင်းဆိုယင် ကာသိတိုင်း ကောသလတိုင်း နှစ်တိုင်းတို့ရဲ့ မြို့တော်ဖြစ်ပါတယ်။ပသေနဒီ ကောသလမင်းကြီး နန်းစိုက်ရာ နေပြည်တော်မြို့ဖြစ်လို့ မြို့အဖြစ်မထင်ရှားပဲ၊ ပြည် တပြည်အဖြစ်လို သာဝတ္ထိပြည်လို့ ထင်ရှားနေခြင်း ဖြစ်ပါတယ်။ ရာဇဂြိုဟ်ဆိုလို့ရှိယင် မဂဓတိုင်းရဲ့မြို့တော်၊ ဝေသာလီဆိုလို့ရှိယင် ဝဇ္ဇီတိုင်းရဲ့ မြို့တော်ဖြစ်တယ်။ ဒါပေမယ့် မင်းနေပြည် မြို့တွေ ဖြစ်လို့ ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်လို့ ဒီလိုပြည်အမည်တွေနဲ့ အခေါ်များနေတယ်။

## တကျောင်းထဲ ရှိတာ မဟုတ်ဘူး

သာဝတ္ထိပြည်မှာ ဇေတဝန် ကျောင်းတော် တကျောင်းထဲ မကပါဘူး။အနာထပိဏ်ဆောက်လုပ်လှူဒါန်းထားတဲ့ ဒီဇေတဝန်

ကျောင်းတော်က သာဝတ္ထိပြည်ရဲ့ တောင်မျက်နှာ အရပ်တွင် တည်ရှိပါတယ်။ ဒီပြင် သာဝတ္ထိပြည်ရဲ့ အရှေ့ဘက် အရပ်မှာ အနာထပိဏ် နာမည်ကြီးသလို နာမည်ကြီးတဲ့ ဝိသာခါ ဆောက်လုပ်လှူဒါန်းထားတဲ့ ပုဗ္ဗာရုံ ကျောင်းတော်ကြီး ဆိုတာလဲ တကျောင်းရှိပါသေးတယ်။ အနာထပိဏ် ဆောက်လုပ်ထားတဲ့ ဇေတဝန်ကျောင်းတော်က အသပြာငွေ ငါးဆယ့်လေး ကုဋေ အကုန်အကျခံ ဆောက်လုပ် ထားတာ ဖြစ်တယ်။ ဝိသာခါ ဆောက်လုပ်ထားတဲ့ ပုဗ္ဗာရုံကျောင်းတော်က အဖိုးငွေ ကိုးကုဋေ ကျော်တန် မဟာလ္လတာ မလ္လိတာ အဆင်တန်ဆာ ရောင်းရငွေကို အရင်းတည်ပြီး နောက်ထပ် ဖြည့်စွက်ငွေရော နှစ်ဆယ့်ခုနစ်ကုဋေ အကုန်အကျခံ ဆောက်လုပ်ထားပါတယ်။ သာဝတ္ထိပြည်မှာ ဒီလို ကြီးကျယ်ခမ်းနားလှတဲ့ ကျောင်းကြီး နှစ်ကျောင်း ရှိနေတာ ဖြစ်လို့လဲ အင်မတန်တင့်တယ်၊ အင်မတန်ကျက်သရေရှိတဲ့ ပြည် တပြည်အဖြစ် ကျော်စော ထင်ရှားခဲ့ ပါတယ်။ ဒီလောက်သာ မကသေးပါဘူး။ လူအရိယာပုဂ္ဂိုလ်တွေ ငါးကုဋေတောင် ရှိတာ ဖြစ်လို့ အရိယာပုဂ္ဂိုလ်တွေစုပြီး တည်ထောင်ထားတဲ့ ပြည်ကြီး တပြည်လို အင်မတန် အေးချမ်းသာယာ မွေ့လျော်ဘွယ်ရာ ဖြစ်နေပါတယ်။

## အထခေါ အာယသ္မာ ပုဏ္ဏော

အထခေါ-ထိုအခါ၌၊ အာယသ္မာ ပုဏ္ဏော—အသျှင်ပုဏ္ဏ သည်၊ သာယန္ဟသမယံ-ညနေချမ်း အချိန်၌၊ ပဋိသလ္လာနာ-တပါးတည်းကိန်းအောင်းရာ ကမ္မဋ္ဌာန်းကျောင်းမှ၊ ဝုဋ္ဌိတော-ကမ္မဋ္ဌာန်း ထိုင်ရာမှ ထတော်မူလျက်၊ ယေန-အကြင်အရပ်၌၊

ဘဂဝါ-မြတ်စွာဘုရားသည်၊အတ္တိ-ရှိတော်မူ၏၊ တေန-ထိုဘုရားရှိတော်မူရာ အရပ်သို့၊ ဥပသင်္ကမိ- ချဉ်းကပ်တော် မူ၏၊ ဥပသင်္ကမိတွာ-နီးနားထံရပ် ချဉ်းကပ်တော် မူပြီး၍၊ ဧကမန္တံ-အပြစ်ခြောက်ပါးကင်းလွတ်ရာ လျောက်ပတ်သော နေရာ၌၊ နိသီဒိ-ထိုင်လေ၏၊ နိသိန္နော ခေါ-ထိုင်နေပြီးသည်သာလျှင်ဖြစ်သော၊ အာယသ္မာ ပုဏ္ဏော-အသျှင် ပုဏ္ဏသည်၊ ဘဂဝန္တံ-မြတ်စွာဘုရားကို၊ ဧတံ-ဤစကားကို၊ အဝေါစ-ရှိသေလေးမြတ်လျှောက်ထားပါ သတည်း။

ဧဝံ မေ သုတံ-အစ ယခုဖော်ပြပြီးတဲ့ ဘဂဝန္တံ ဧတဒဝေါစ အဆုံးစကားစုတွေဟာ ဒီပုဏ္ဏောဝါဒသုတ်တော် ဖြစ်ပေါ်လာရတဲ့အကြောင်း နိဒါန်းစကားစုတို့သာ ဖြစ်ပါတယ်။ ဒီစကားစုတွေဟာ ဘုရားဟော ပုဏ္ဏောဝါဒ ဒေသနာတော် မဟုတ်သေးပါဘူး။ဒေသနာတော်ကိုမဖော်ပြမီ သိသင့်သိထိုက်တဲ့အကြောင်းအရာတွေကို သိရအောင် ပဌမ သံဂါယနာတင် အသျှင်မြတ်တို့ ဆိုထားတဲ့ စကားစုဖြစ်ပါတယ်။ ဒီသုတ်ကို ဘယ်ပုဂ္ဂိုလ်ဟောတယ်ဆိုတာကိုလဲ သိဘို့လိုတယ်။ ဘယ်အရပ်ဌာနမှာ ဟောတော်မူတယ် ဆိုတာကိုလဲ သိဘို့လိုတယ်။ ဘယ်သူ့ ကိုအကြောင်းပြုပြီး ဟောတယ်ဆိုတာကိုလဲ သိဘို့လိုတယ်။ ဒီလို သိဘို့လိုတာတွေကို သိရအောင် ပဌမ သံဂါယနာ တင်ကြရာတွင် အသျှင်မဟာကဿပ မထေရ်မြတ်ကြီးက မေးပြီး သျှင်အာနန္ဒာမထေရ်မြတ်က ဖြေကြား တင်ပြထားခဲ့ပါတယ်။ ဒီလို ဖြေကြား တင်ပြထားတော်မူခဲ့ကြတာ ဖြစ်လို့သာ ဒီသုတ်တော်ကို သာမည ပုဂ္ဂိုလ် ဟောတာမဟုတ်၊ တရားအလုံးစုံ အကုန်သိတော်မူတဲ့ ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူထားတာ ဖြစ်တယ်ဆို

တဉကိုလဲ သိကြရတယ်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဟောတယ်လို့ ဟောတော်မူရာ ဌာနကိုလဲ သိခဲ့ကြရတယ်။ ပုဏ္ဏမထေရ်က လျှောက်ထားတောင်းပန်လို့ ပုဏ္ဏမထေရ်ကို အကြောင်းပြုပြီး ဟောတော်မူတယ် ဆိုတာကိုလဲ သိခဲ့ကြရတယ်။

## ခိုင်လုံမှ ယုံကြည်တယ်

ဒီလို သိသင့်သိထိုက်တဲ့ အခြေခံနိဒါန်းတွေကို ဖော်ပြမထားဘူးဆိုယင် ဒီ ဒေသနာတော်ကို ဘယ်သူ ဟောထားတာမှန်းလဲ သိကြရမှာ မဟုတ်ဘူး။ ဘယ်တုန်းက ဘယ်နေရာမှာ ဟောထားမှန်းလဲ သိကြရမှာမဟုတ်ဘူး။ ဘယ်သူ တောင်းပန်မှန်းမသိ၊ဘယ်သူ့အကြောင်းပြုဟောလို့ နာကြားရသူ ဘယ်သူမှန်းလဲ သိကြရမှာမဟုတ်ဘူး။ ဒီလိုဆိုတော့ ဒီတရားတော်ဟာ ခြေခြေမြစ်မြစ် ဘယ်ရှိတော့မှာလဲ။ ခြေခြေမြစ်မြစ် ခိုင်ခိုင်လုံလုံမရှိတဲ့ စကားပဲဖြစ်ဖြစ်၊ တရားပဲဖြစ်ဖြစ် ပညာရှိတွေက လက်ခံလေ့မရှိကြဘူး။ ပညာရှိတွေ လက်မခံတဲ့စကား၊ဒါမှမဟုတ် လက်မခံတဲ့ တရားဆိုယင် ဒီစကားနဲ့ ဒီတရားဟာ ဘယ်သူကမှ အလေးအမြတ်ပြုပြီး လိုက်နာ ကျင့်သုံးကြတော့မှာ မဟုတ်ပါဘူး။ မလိုက်နာ မကျင့်ကြံကြယင် ပုဂ္ဂိုလ် သတ္တဝါတွေအတွက် ရသင့်ရထိုက်တဲ့ အကျိုးထူးတွေ ရနိုင်ကြတော့မယ် မဟုတ်ပဲ ဆုံးရှုံးကြရတော့မှာပဲ။ဒီလို အကျိုးမဲ့ ဖြစ်မှာတွေကို မဖြစ်ရအောင် ဒီနိဒါန်းစကားတွေက အကာအကွယ်ပြုပေးပါတယ်။

အခုတော့ ဒီပုဏ္ဏောဝါဒ ဒေသနာတော်ကို ယုံယုံကြည်ကြည်နဲ့ ဟောလဲဟောပါတယ်၊ နာလဲနာကြားကြပါတယ်။ ဟောပြောနာကြားလို့ သိကြရတဲ့အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့

ပညာရှိပုဂ္ဂိုလ်တွေ ဆိုတာဟာလဲ မနဲလှပါဘူး။ နိဒါန်းပါရှိလို့ ရအပ်တဲ့ အကျိုး ကျေးဇူးတွေပါပဲ။ ဒီနိဒါန်းထဲမှာ အသျှင် ပုဏ္ဏမထေရ်က တောင်းပန်လို့ ပုဏ္ဏောဝါဒ ဒေသနာတော်ကို ဗုဒ္ဓ မြတ်စွာ ဟောတော်မူတယ်လို့ ဖော်ပြထားတာဖြစ်လို့ ပုဏ္ဏမထေရ် ရဲ့အကြောင်းကို (တတြာယံ အနုပုဗ္ဗိကထာ)လို့ မှာထားပြီး အဋ္ဌကထာ ဖွင့်ပြထားတာ ရှိနေပါတယ်။ဒါကြောင့် သုတ်တော် ကို မဟောကြားမီ သိသင့်သိထိုက်တဲ့ ပုဏ္ဏမထေရ်ရဲ့ အကြောင်း အတ္ထုပ္ပတ်ကို ပြောပြဘို့လိုပါတယ်။

## ကုန်သည်ရွာသား

သုနာပရန္တတိုင်းထဲမှာ (ဝါဏိဇကဂါမ) ကုန်သည်တို့နေတဲ့ ကုန်သည်ရွာကြီးတရွာ ရှိပါတယ်။ ဒီကုန်သည်ရွာမှာ ကုန်သည် အများ ရှိတဲ့အထဲ စူဠပုဏ္ဏ-မဟာပုဏ္ဏဆိုတဲ့ ကုန်သည်ညီနောင် နှစ်ဦးလဲ ပါဝင်နေထိုင်လျက်ရှိကြတယ်။ သူတို့ ညီနောင်နှစ်ဦး ဟာ အတူတကွ နေထိုင်ကြတာဖြစ်လို့ တခါတခါ ကုန်တွေကို လှည်းအစီး ငါးရာနဲ့တင်ပြီး အစ်ကိုကြီးက ကုန်ကူးထွက်တယ်။ အစ်ကိုကြီးက ဒီလို ကုန်ကူးထွက်သွားတဲ့အခါ ညီငယ်က အိမ် မှာနေရစ်ပြီး အိမ်တွင် ဆောင်ရွက်ဘွယ်ရှိတာကို ဆောင်ရွက် တယ်။ တခါတခါ ညီငယ်ထွက်သွားတဲ့အခါ နောင်တော် အစ်ကိုကြီးက အိမ်မှာနေရစ်ပြီး ဆောင်ရွက်စရာရှိတာကို အိမ်မှာ ပဲ ဆောင်ရွက်တယ်။ ဒီတခါတော့ ညီငယ်ကို အိမ်မှာထားခဲ့ပြီး အစ်ကိုကြီးက လှည်းငါးရာနဲ့အတူ ကူးသန်းရောင်းဝယ်ရန် ထွက် ခဲ့တယ်။

ရောက်ရာရွာတွေမှာ လှည့်လည်ရောင်းဝယ်လာခဲ့ရာ နောက်ဆုံးတော့ သာဝတ္ထိပြည်ကို ရောက်လာတယ်။ သူတို့လှည်းစခန်းကို သာဝတ္ထိပြည်ရဲ့တောင်ဘက် ဇေတဝန်ကျောင်းနဲ့ မနီးမဝေး တွင်ချကြတယ်။လှည်းတွေ နွားတွေကို နေထားတကျ စီစဉ်ပြီးတဲ့အခါ နံနက်စာ စားကြ သောက်ကြပြီး ရောင်းရေး ဝယ်ရေး လာခဲ့ရတဲ ခရီးလမ်း အရေးတွေကို ဝိုင်းဖွဲ့ စကားစမည်ပြောဆိုရင်း ချမ်းသာသလို နားနေကြတယ်။

ပုဏ္ဏတို့လူစု ဒီလိုဝိုင်းဖွဲ့ စကားစမည် ပြောဆိုနေကြစဉ် သာဝတ္ထိ ပြည်သူပြည်သားတွေက ဥပုသ်သီတင်း ဆောက်တည်ကျင့်သုံးဘို့ မြို့တောင်တံခါးကထွက်ပြီး ဇေတဝန်ကျောင်းတော်ဆီသို့ ရှေးရှုလာနေကြတာကို တွေ့ကြရတယ်။ ဘုရား တရား သံဃာတော်တွေရှိရာကို ရှေးရှုလာခဲ့ကြတာဖြစ်လို့ စင်ကြယ်သန့်ရှင်းတဲ့ ယောဂီဝတ်ကလေးတွေကို လက်ဝဲတဖက် ပုခုံးထက်တွင် သိုင်းတင်ပြီး လှူဘွယ်ဖြစ်တဲ့ ပန်းနံ့သာများကိုလဲ သူတို့လက်တွင်ကိုင်ဆောင်လာကြတယ်။

သိုက်သိုက်မြိုက်မြိုက်သွားနေကြတဲ့ သာဝတ္ထိပြည်သူပြည်သားတွေကို လှည်းစခန်းချနေကြတဲ့ ပုဏ္ဏတို့လူစုက မြင်နေကြရတယ်။ ဒီတော့ ပုဏ္ဏက (ကဟံ ဣမေ ဂစ္ဆန္တိ) ဒီလူတွေ ဘယ်ကိုသွားကြတာလဲ–လို့ သွားနေတဲ့ လူတယောက်ကို ကပ်မေးလိုက်ပါတယ်။ ဒီတော့ ဘယ်လို ပြန်ပြောသလဲဆိုရင်(ကိံ တုံ့ အယျော န ဇာနာသိ)အမောင် ဒါ ဘယ်သွားတယ်ဆိုတာကို အမောင်မသိရှာပဲကိုး၊ (လောကေ ဗုဒ္ဓ မမ္မ သံဃ ရတနာနိ နာမ ဥပ္ပန္နာနိ) ဘုရား တရား သံဃာ ဆိုတဲ့ ရတနာတွေ လောကမှာ ပွင့်ထွန်းပေါ်ပေါက်နေကြပါတယ်အမောင်(ဣစ္စေသ မဟာဇနော သတ္ထု သန္တိကေ ဓမ္မကထံ

သောတံု ဂစ္ဆတိ) ဒီလူအပေါင်းဟာ ဘုရားသျှင့်ထံ တရားနာကြဘို့ သွားနေကြတာပါ အမောင်–လို့ ဒီလိုပြန်ပြောပါတယ်။

ဘုရားဆိုတဲ့စကားကို ကြားလိုက်ရတယ်ဆိုရင်ပဲ ဒီဘဝမှာ ကျွတ်တန်းဝင်တော့မယ့် ပါရမီရှင်ဖြစ်တဲ့ ပုဏ္ဏအတွက် ဘုရားဆိုတဲ့စကားဟာ အရေထူအရေပါး စသည်ကိုဖေါက်ပြီး ရိုးတွင်းချဉ်ဆီအထိ စိမ့်ဝင်သွားသတဲ့။ ဘုရားသျှင်ကိုလဲ ဖူးမျှော်လိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာတယ်။ တရားတော်ကိုလဲ နာကြားလိုတဲ့ စိတ်တွေ ဖြစ်ပေါ်လာတယ်။ဒီလိုစိတ်ဆန္ဒတွေ ဖြစ်ပေါ်လာတာ ဖြစ်လို့ သူရော သူလှည်းသမားတွေပါခေါ်ပြီး သာဝတ္ထိ ပြည်သူပြည်သားတွေနဲ့အတူ ဇေတဝန်ကျောင်းတော်ကို လိုက်သွားကြပါတယ်။

## ရဟန်းပြုပြီ

ဘုရားသျှင် ဟောတော်မူတဲ့ ဒေသနာတော်ဆိုတာ သဂ္ဂကထာ–နတ်ရွာသုဂတိနဲ့ စပ်တာကိုလဲ ဟောတော်မူတယ်။ မဂ္ဂကထာ–မဂ်ဖိုလ်နဲ့ စပ်တာကိုလဲဟောတော်မူတယ်။ကာမာနံ့အာဒီနဝကထာ–ကာမဂုဏ်တို့အပြစ်နဲ့စပ်တာကိုလဲ ဟောတော်မူတယ်။ နိဿရဏကထာ–ဝဋ်မှထွက်မြောက်ရာ နိဗ္ဗာန်နဲ့စပ်တဲ့တရားကိုလဲ ဟောတော်မူပါတယ်။ဒီလိုဟောတဲ့အခါ သတ္တဝါဝေနေယျတို့ရဲ့ အလို အဇ္ဈာသယကိုသိတဲ့ အာသယာနုသယ ဉာဏ်တော်ကိုလဲ အသုံးပြုတော်မူတယ်။ ဣန္ဒြေ အနုအရင့်ကိုသိတဲ့ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်တော်ကိုလဲ့ အသုံးပြုတော်မူတယ်။ ဒီလိုပုဂ္ဂိုလ်ကို ဘယ်လိုဟောသင့်တယ်၊ ဘယ်တရားနဲ့တော်တယ်လို့ သိတော်မူရှိသာမက တရားနာ ပရိသတ်တို့အတွက် နားမလယ်၊လယ်အောင်

တရားအဆင်အပြင်ကလဲ အင်မတန် ကောင်းလှတာဖြစ်လို့ တရားနာ ပရိသတ်တို့စိတ်ဟာ ဟောတော်မူတဲ့ တရားထဲမှာသာ စူးစိုက်နေတတ်ကြတယ်။အာရုံတပါးစီ ရောက်မသွားနိုင်လောက်အောင် အင်မတန် သာယာချိုမြိန်တဲ့ အသံတော်နဲ့ ဟောတော်မူနေတာဖြစ်လို့လဲ တရားနာပရိသတ်တို့ စိတ်နှလုံးကို သိမ်းကြုံးဆွဲဆောင်တော်မူနိုင်စွမ်း ရှိတယ်။

ဒီလောက်တောင် အဖက်ဖက်မှ ပြည့်စုံကောင်းမွန်စွာ ဟောတော်မူနေတဲ့ ဘုရားသျှင့် တရားတော်ကို ပုဏ္ဏက သူ့လူတွေနဲ့အတူ ပရိသတ် အစွန်အဖျားတွင်ထိုင်ပြီး ရိုသေစွာနာယူလျက်ရှိတယ်။ဒီလိုနာယူလို့ တရားတော်ရဲ့ အနှစ်သာရကို သိရတဲ့ ပုဏ္ဏာဟာ လူ့ဘောင်တွင် မနေလိုတော့ပဲ ရဟန်းပြုလိုစိတ် ဖြစ်လာတယ်။ရဟန်းပြုလိုတဲ့ သူ့စိတ်ဆန္ဒဟာ အပျော့စားမဟုတ်ပဲ ထက်ထက်သန်သန်ဖြစ်တဲ့ စိတ်ဆန္ဒဖြစ်လို့ ရဟန်းပြုတော့မယ် ဆိုတာ တခါထဲ ဆုံးဖြတ်လိုက်ပါတယ်။တရားပွဲပြီးလို့ ပရိသတ်စဲသွားတဲ့အခါ ဘုရားသျှင့်ထံချဉ်းကပ်ပြီး မနက်ဖြန် နောက်ပါ သံဃာတော်နှင့်တကွ လှည်းစခန်းသို့ ဆွမ်းအလို့ငှာ ကြွရောက်ချီးမြှောက်ပါရန် ဘုရားသျှင်အား ပင့်လျှောက်ပါတယ်။ ဘုရားသျှင်ကလဲ သူ့ပင့်လျှောက်ချက်ကို လက်ခံတော်မူပါတယ်။ ဘုရားသျှင်လက်ခံတော်မူတာကို သိရတဲ့အခါ သူ့လှည်းသမားတွေနဲ့ အတူ လှည်းစခန်းကိုပြန်ပြီး ဘုရားသျှင်နှင့်အတူ သံဃာတော်တွေ သီတင်းသုံး နေထိုင်လောက်အောင် မဏ္ဍပ်ဆောက်လုပ်ကြတယ်။ မဏ္ဍပ်ထဲမှာ ဘုရားသျှင် သီတင်းသုံးဘို့နေရာနဲ့ သံဃာတော်တို့ သီတင်းသုံးဘို့ နေရာတွေကို နေရာတကျ ခင်းကျင်း ပြင်ဆင်ကြတယ်။

ပင့်ထားတဲ့ အချိန်ရောက်တော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ သူတို့လှည်းစခန်းတွင် ဆောက်လုပ်ထားတဲ့ မဏ္ဍပ်သို့ ကြွရောက်ကော် မူလာကြပါတယ်။ ဆွမ်းဆက်ကပ် လှူဒါန်းရန် ပင့်ဘိတ်ထားတဲ့အတိုင်း ရောက်လာတဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တို့အား မွန်မြတ်တဲ့ ဆွမ်းဘောဇဉ် ခဲဘွယ်တို့ကို ဆက်ကပ်ကြတယ်။ လှူဒါန်းသင့် လှူဒါန်းထိုက်တဲ့ လှူဘွယ် ဝတ္ထုတို့ကိုလဲ လှူဒါန်းပူဇော်ကြတယ်။ ပြီးတော့ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့ ဥပုသ်သီလကိုလဲ ဆောက်တည်ကြပါတယ်။ ဒီလိုဆောင်ရွက်ဘွယ် ကိစ္စတွေကို ဆောင်ရွက်ပြီးတဲ့အခါ သူ့ဘဏ္ဍာစိုးကိုခေါ်ပြီး ဘယ်လိုပြောသလဲဆိုယင်–

အခု ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လှူဒါန်းတာ ဘယ်၍ ဘယ်မျှ ကုန်တယ်။ ကျန်တာအားလုံး ပစ္စည်းပစ္စယမှန်သမျှ ညီငယ်ကိုပေးပါ–လို့ ဒီလိုမှာထား ပြောဆိုတယ်။ မှာစရာရှိသမျှ ဒီလိုမှာထားပြောဆိုပြီး နောင်တော်ပုဏ္ဏဟာ ဘုရားသျှင့်ထံတော်တွင် တခါထဲ ရဟန်းပြုရစ်တော့တယ်။ ရဟန်းအဖြစ်ရောက်လာတဲ့ ရဟန်းတော်များမှာ ဆောင်ရွက်ရမယ့် တာဝန်နှစ်မျိုးကို ဘုရားသျှင်က သတ်မှတ်ချထားပေးတာ ရှိပါတယ်။ ဘယ်လိုနှစ်မျိုးလဲဆိုယင် ဂန္ထဓုရ၊ ဝိပဿနာဓုရ-ဆိုတဲ့ တာဝန်နှစ်မျိုးဖြစ်တယ်။

ရဟန်းအဖြစ် ရောက်လာပြီဖြစ်တဲ့ အသျှင်ပုဏ္ဏမှာလဲ ရဟန်းတော်များ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တဲ့ ဓုရကို ဆောင်ရွက်ရပါလိမ့်မယ်။ ဂန္ထဓုရဆိုတာ ပိဋကတ်ကျမ်းဂန်ကို သင်ကြားမှုတာဝန်၊ ဝိပဿနာဓုရဆိုတာ ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်

ပွားများမှုတာဝန် ဖြစ်ပါတယ်။ ဒီတာဝန် နှစ်မျိုးစလုံး ထမ်းဆောင်နိုင်လို့ရှိယင် ပိုပြီး ပြည့်ပြည့်စုံစုံရှိလို့ အင်မတန်ကောင်းပါတယ်။ ဒါပေမယ့် နှစ်ခုစလုံးကို ပုဂ္ဂိုလ်ဘိုင်း ထမ်းဆောင်နိုင်ကြတာမဟုတ်ဘူး။ နှစ်မျိုးစလုံး ထမ်းဆောင်နိုင်အား မရှိဘူးဆိုယင်လဲ တမျိုးမျိုးကို ထမ်းဆောင်ကြရပါတယ်။

## ဂန္ထဓုရ

ဂန္ထဓုရကို ထမ်းဆောင်ရတယ်ဆိုတာ ပိဋကတ်ကျမ်းဂန်တွေကို ကျက်ရ မှတ်ရ ဆောင်ထားရတာဖြစ်လို့ နှုတ်ကလဲ တတွတ်တွတ် ရွတ်ဆိုရတယ်။ ဒါနဲ့ ပြီးရောလားဆိုတော့ မပြီးသေးဘူး။ အနက်အဓိပ္ပါယ်ကို နားလည်အောင် စိတ်ကလဲကြံရစည်ရတယ်။ ဂန္ထဓုရကို ထမ်းဆောင်နေကြရတဲ့ ရဟန်းတော်တို့အတွက် ပိဋကတ် ကျမ်းဂန်တွေကို ပို့ချနေကြတဲ့ စာသင်တိုက်ကြီးတွေကို တွေ့ကြတယ်မဟုတ်လား။ အဲဒီ စာသင်တိုက်ကြီးတွေမှာဆိုယင် နေ့ရောညပါ အားတယ်လို့မရှိဘူး။နေ့အချိန်မှာ နေ့စာဝါတွေကို ပို့ကြချကြ၊ ညအချိန်မှာ ညစာဝါတွေကို ပို့ကြချကြ၊ စာတက်သံ စာကျက်သံ စာပြန်သံတွေဟာ စဲတယ်လို့မရှိဘူး။ စာချ ဆရာတော်ကြီးတွေကလဲ့ယင် စာသင်သား ရဟန်းတော်တွေဟာ ငယ်ငယ်ရွယ်ရွယ်တွေကသာ များတယ်။ အငယ်ကြီးတဲ့ စာသင်သားဆိုတာ အင်မတန်ရှားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်ရောစိတ်ပါ မောပန်းတဲ့ကိစ္စ ဖြစ်နေပါတယ်။ ဒီလို အင်မတန် ပင်ပန်းတဲ့ကိစ္စကို အင်အားနဲ့တဲ့ အရွယ်ကြီး ပုဂ္ဂိုလ်တို့အတွက် မသင့်လျော်လို့ပါပဲ။

စာသင်တိုက်ကြီးများသာမက ဂန္ထဓုရကို အားပေးတဲ့ စာပြန်ပွဲကြီးတွေ၊ ရေးဖြေ စာမေးပွဲကြီးတွေ ဆိုတာလဲ ရှိနေကြတာပဲမဟုတ်လား၊ ဝိနည်း စာပြန်ပွဲမျိုးကအစ ပိဋကတ်ရေ စာပြန်ပွဲလို စာပြန်ပွဲကြီးမျိုးအထိ ရှိနေကြပါတယ်၊ ဒီလို စာပြန်ပွဲကြီးတွေ စာမေးပွဲကြီးတွေကို ဝင်ရောက်ပြန်ဆို ဖြေကြားရတယ် ဆိုတာလဲ သက်သာလှတာမဟုတ်ပါဘူး။ ကျန်းမာရေးနဲ့လဲပြည့်စုံ ခွန်အားလဲရှိတဲ့ ရဟန်းတော် ငယ်ကလေးများနဲ့သာ သင့်လျော်တဲ့ အလုပ်ဖြစ်ပါတယ်။ ဒီလို ငယ်ရွယ်တဲ့ပုဂ္ဂိုလ်များနဲ့သာ သင့်တော်တဲ့စာပြန်ပွဲမှာ အပင်ပန်းဆုံးဖြစ်တဲ့ ပိဋကတ်သုံးပုံပြန် တိပိဋကဓရ စာပြန်ပွဲကြီးတွင် အတော်ကြီးကြီး ဆရာတော်ကြီး တပါး ဝင်ရောက်ပြန်ဆိုတယ်လို့ ကြားလိုက်ရပါတယ်။ အဲဒီ ကိုယ်တော်ကြီးဟာ စ ပြန်နေစဉ် မောပြီးမူးနေလို့ ဆုံးအောင် မပြန်နိုင်တော့ဘူးတဲ့။ ဒါနဲ့ပဲ ဒီကိုယ်တော်ကြီးဟာ အောင်မြင်သည်အထိ မဘက်နိုင်တော့ပဲ လက်လျော့သွားရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဂန္ထဓုရဆိုတာ ငယ်ရွယ်တဲ့ရဟန်းတော်ကလေးများနဲ့သာ တော်ပါတယ်။

## ပမာဏကိုသိသူ အသျှင်ပုဏ္ဏ

အသျှင်ပုဏ္ဏ မထေရ်မှာလဲ အရွယ်တော်ကြီးမှ ရဟန်းပြုလာခဲ့သူ ဖြစ်နေပါတယ်။ ဒါကြောင့် ဂန္ထဓုရကို ဆောင်ရွက်ရန် မရည်ရွယ်တော့ဘူး။ ဝိပဿနာဓုရကိုသာ ဆောင်ရွက်ရန် အားပြုတော်မူပါတယ်။ ဘုရားသျှင်ထံတော်မှ ကမ္မဋ္ဌာန်းကိုတောင်းပြီး ကမ္မဋ္ဌာန်းကျောင်းမှာသာ ကမ္မဋ္ဌာန်းအလုပ်နဲ့ မွေ့လျော်နေခဲ့ပါတယ်။

ဝိပဿနာရှုမှတ်ရတဲ့ ကမ္မဋ္ဌာန်းအလုပ်ဆိုတာစာပြန်သလို နှုတ်က ပြန်နေရတာမဟုတ်လို့ မောတယ် ပန်းတယ်လို့တော့ မရှိဘူးပေါ့။ ဒါပေမယ့် တကယ်ဆိုတော့ ဘေးကမြင်ရသလို သက်သာလိမ့်မယ်တော့ မထင်ပါနဲ့။ စိတ်နဲ့ရှုမှတ်ပြီး စိတ်ကိုတည်ငြိမ်အောင် စူးစိုက်နေရတာဖြစ်လို့ မတည်ငြိမ်တဲ့စိတ်ကြောင့် စိတ်ပျက်စရာ အင်မတန်ကောင်းတယ်။ ဟိုပြေး ဒီပြေး ပြေးနေတဲ့မျောက်ကို လိုက်ဖမ်းရတာထက် အပုံကြီး ပိုခက်ပါတယ်။ ကြောင့်ကြမှုကလေးတခုခု ရှိတယ်ဆိုယင်ပဲ ရှုမှတ်လို့မဖြစ်နိုင်အောင် အနှောက်အယှက်ပေးပြီးခုခံနေတတ်ပါတယ်။ဒါကြောင့် ကမ္မဋ္ဌာန်း အားထုတ်တော့မယ်ဆိုယင် ကြောင့်ကြမှု ပလိဗောဓတွေကို ကြီးကြီးငယ်ငယ် အားလုံးရှင်းပစ်ပြီးမှ အားထုတ်ရပါတယ်။ ကမ္မဋ္ဌာန်းအလုပ်ကို အနှောင့်အယှက်ပေးတတ်တဲ့ ပလိဗောဓတွေကို ပြောပြပါအုံးမယ်။ ပလိဗောဓ အကြီးစားကြီးတွေက ဆယ်မျိုးတောင်ရှိတယ်။ ဆယ်မျိုးဆိုတာ–

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။

အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေ ဒသ။

လို့ဆိုတဲ့အတိုင်း ၁။ နေရာကျောင်း
၂။ အလုပ်အကျွေး
၃။ လာဘ်များခြင်း
၄။ ဂိုဏ်းဂဏအပင်းအသင်း
၅။ နဝကမ္မမှု
၆။ ခရီးသွားခြင်း
၇။ ဆွေမျိုး

၈။ အနာရောဂါ
၉။ ကျမ်းဂန်သင်ကြားမှု
၁၀။ ဘုန်းတန်ခိုး-ဒါဟာ ပလိဗောဓကြီးဆယ်မျိုးပါပဲ။ ကမ္မဋ္ဌာန်းကျောင်းသို့ ဝင်တော့မယ်ဆိုယင် ဒီဆယ်မျိုးအတွက် ကြောင့်ကြစရာ မရှိရအောင် ရှေးဦးစွာ သတိထား ကင်းရှင်း စေကြရပါတယ်။ဒီပလိဗောဓကြီးတွေ ရှိနေမယ်ဆိုယင် ကမ္မဋ္ဌာန်းအားထုတ်ရာမှာ ခရီးမတွင်ကျယ်ဘဲ ဖြစ်နေတတ်ပါတယ်။

ပလိဗောဓ ငယ်ကလေးတွေ ဆိုတာလဲ ရှိသေးတယ်။ ရဟန်းတော်များဆိုယင် ဆံပင်ကို ရိပ်တန်ရိပ်ရမယ်။ လူဆံပင်ရှိသူဆိုယင် ရှင်းတန်ရှင်း၊ လျှော်တန်လျှော် ထားရမယ်။ မုတ်ဆိတ်ရိပ်စရာ ရှိပြန်ယင်လဲ ရိပ်ထားရတယ်။ ခြေသည်း လက်သည်း လှီးစရာရှိလှီး၊ အဝတ်သင်္ကန်း လျှော်စရာ ဖွတ်စရာရှိ လျှော်ဖွတ်၊ အိုးခွက်သပိတ်-စသည် ဆေးတန်ဆေး၊ ဖုတ်တန်ဖုတ်၊ ညောင်စောင်းစသည် သုတ်သင်တန်သုတ်သင်၊ အခန်းတွင်းမှာ အမှိုက်သရိုက်ရှိယင် တံမြက်လှည်းတန်လှည်း-ဒီလို ပလိဗောဓ ငယ်ကလေးတွေကိုလဲ ဂရုစိုက်ပြီးကမ္မဋ္ဌာန်း မဝင်ခင်က ပြီးစီးစေရတယ်။

ဒီလောက်သာ မကသေးဘူး။ သပ္ပါယလေးမျိုး ဆိုတာကလဲ ရှိသေးတယ်။ဥတုသပ္ပါယ၊အာဝါသသပ္ပါယ၊ ဘောဇနသပ္ပါယ၊ ပုဂ္ဂလသပ္ပါယ-ဒီလေးမျိုးပါပဲ။ လျော်ကန် လျောက်ပတ်တာကို သပ္ပါယလို့ ဆိုပါတယ်။ ဥတုသပ္ပါယ-အပူအအေး ဥတုကလဲ လျော်ကန် လျောက်ပတ်ဘို့ လိုပါတယ်။ မခံသာအောင် ပူနေ

မယ်၊ မခံသာအောင် အေးနေမယ် ဆိုယင်လဲ မဖြစ်ဘူး။အာဝါသ သပ္ပါယ–နေရာကျောင်းကလဲ မိုးလုံလေလုံ ရှိရမယ်။ မိုးရွာယင် ထ–ပိတ်ရဆို့ရ၊ လေလာယင် ဟိုကကာ ဒီကကာ ထ–ကာ နေရယင်လဲ မဖြစ်ဘူး။ ဘောဇနသပ္ပါယ–အစားအသောက်မျှတ ဘို့လိုပါတယ်။ သင့်တင့် မျှတအောင်မှ မစားမသောက်ရဘူး ဆိုယင်လဲ မဖြစ်ပါဘူး။ ပုဂ္ဂလသပ္ပါယ–အတူနေ ပုဂ္ဂိုလ်တို့နဲ့ သင့်တင့်ဘို့ လိုပါတယ်။ ကိုယ့်အလို သူမသိ၊ သူ့အလို ကိုယ် မသိ ကိုယ့်သဘောနဲ့ကိုယ် စိတ်မချမ်းသာအောင် လုပ်တတ်သူ ပုဂ္ဂိုလ်တွေနဲ့ အတူနေရယင် မဖြစ်ပါဘူး။

ပြီးတော့–ရှောင်အပ်တဲ့ အရပ်ဌာနတွေကလဲ ရှိသေးတယ်။ တဆယ့် ရှစ်ပါးတောင်ပဲ။ ကြီးကျယ်တဲ့ ကျောင်းကြီးမျိုး၊ နေ ရာသစ်ဖြစ်တဲ့ ကျောင်းမျိုး၊ ကျောင်းအို ကျောင်းမင်းမျိုး၊ ခရီးလမ်းနီးတဲ့ နေရာမျိုး၊ ရေအိုင်၊ ရေကန်နီးတဲ့ နေရာမျိုး၊ ချက်ပြုတ် စားကောင်းတဲ့ ဟင်းရွက်တောနီးတဲ့ နေရာမျိုး၊ ပန်းတောနီးတဲ့ နေရာမျိုး၊ သစ်သီးဝလံရှိတဲ့ နေရာမျိုး၊ လူတို့ တောင့်တအပ်တဲ့ သာမောဘွယ်နေရာမျိုး၊ မြို့နီး ကျောင်းမျိုး၊ သစ်ဝါးထင်းတောနီးတဲ့ နေရာမျိုး၊ လယ်ယာလုပ်ငန်းနီးတဲ့ နေ ရာမျိုး၊ အချင်းချင်း မသင့်မတင့် ရှိတတ်တဲ့ နေရာမျိုး၊ ကုန်သည် တွေပြွမ်းတဲ့ မီးရထား သင်္ဘောဆိပ် နေရာမျိုး၊ သဒ္ဓါတရား နဲပါးတဲ့ ပစ္စန္တရစ်နေရာမျိုး၊ မင်းဘေးနီးတဲ့ နယ်ခြားနေ ရာမျိုး၊ မိတ်ကောင်း ဆွေကောင်း မရှိတဲ့နေရာမျိုး–ဒီလိုနေရာ မျိုးတွေကိုလဲ ရှောင်ရမယ်တဲ့။ ဒါကတော့ ရှောင်နိုင်ယင် အကောင်းဆုံးကို ရွေးချယ်ထားတာ ဖြစ်ပါတယ်။

## သပ္ပါယ မဖြစ်ဘူးတဲ့

အရှယ်ကြီးမှ ရဟန်းအဖြစ် ရောက်လာခဲ့ရတဲ့ အသျှင်ပုဏ္ဏမထေရ်ဟာ သူ့ပမာဏကို သူကြည့်ပြီး ဂန္ထဓုရကိုလွှတ်ကာ ဝိပဿနာဓုရကို ကြိုးစားအားထုတ်တော် မူပါတယ်။ ဒါပေမယ့် ဝိပဿနာဓုရဟာ သူအားထုတ်သလောက် မတိုးတက်ပဲဖြစ်နေတယ်။ သူနှလုံးသွင်း ရှုမှတ်နေတဲ့ ကမ္မဋ္ဌာန်းဟာ မထင်လာပဲ မတိုးမတက် ဖြစ်နေတဲ့အခါ အကြံအစည်ဖြစ်လာတယ်။ ဘယ်လိုလဲဆိုယင်-

ဒီ ရှုမှတ်အားထုတ်နေတဲ့ နေရာဟာ ငါ့အားမလျောက်ပတ်ဘူး။ မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းထပ်ယူပြီး ကိုယ့်ရွာကိုယ်ပြန် အားထုတ်ရယင် ကောင်းမှာပဲ-လို့။

ဒီလို အကြံအစီဖြစ်လာပါတယ်။ ဒီနေရာဟာ မလျောက်ပတ်ဘူးလို့ ထင်တာဟာ မှန်ပါတယ်။ ဘာပြုလို့လဲဆိုတော့ သူ့မှာ ရှုမှတ်နေတဲ့ ကမ္မဋ္ဌာန်းက ထင်မှ မထင်လာပဲဟာကိုး။ တကယ်လို့သာ သပ္ပါယဖြစ်တယ်ဆိုယင် ဒီလောက် လိုလိုချင်ချင် ရှုမှတ်အားထုတ်နေတာ ထင်ရမယ်ပေါ့။ ဒါကြောင့်သပ္ပါယ တမျိုးမျိုးလိုနေတာ ထင်ရှားပါတယ်။ ဒီလို အကြံအစီဖြစ်လာတာနဲ့ အသျှင်ပုဏ္ဏမထေရ်ဟာ ကမ္မဋ္ဌာန်းထိုင်နေရာ ကမ္မဋ္ဌာန်းကျောင်းက ထလာခဲ့တယ်။ ထလာပြီး ဘုရားသျှင့်ထံ ရောက်တဲ့အခါ အပြစ်ခြောက်ပါး လွတ်ရာနေရာကနေ ရိုရိုသေသေ လျှောက်ထားတယ်။ ဘယ်လိုလဲ ဆိုယင်-

သာဓု မံ ဘန္တေ ဘဂဝါ သံခိတ္တေန ဩဝါဒေန
ဩဝ ဒတု၊ ယမဟံ ဘဂဝတော ဓမ္မံ သုတွာ

> ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိ
> တတ္တော ဝိဟာရေယျံ-လို့ ဒီလို လျှောက်ထား
> ပါတယ်။

ဘန္တေ၊ မြတ်စွာဘုရား။ သာဓု၊ ကောင်းပန် လျှောက်ထား ပါရစေဘုရား။ အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊ မြတ်စွာ ဘုရား၏။ ယံဓမ္မံ၊ အကြင် အဆုံးအမ ဩဝါဒကို။ သုတွာ၊ကြား နာရပါသည်ရှိသော်။ ဧကော၊ တပါးတည်း။ ဝူပကဋ္ဌော၊ဆိတ် ငြိမ်ရာသို့ကပ်လျက်။ အပ္ပမတ္တော၊ မမေ့မလျော့၊ အာတာပီ၊ ကိလေသာကို လောင်ကျွမ်းစေတတ်သော သမ္မပဓာန် လုံ့လရှိ သည်ဖြစ်၍။ ပဟိတတ္တော၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိ သည်ဖြစ်၍။ ဝိဟာရေယျံ၊ နေရာပါ၏။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ မံ၊ တပည့်တော်ကို။ သံခိတ္တေန၊ အကျဉ်းချုပ်ဖြစ်သော။ တေနဩဝါဒေန၊ ထိုအဆုံးအမ ဩဝါဒဖြင့်။ ဩဝဒတု၊ဆုံးမ တော်မူပါဘုရား။

ဒီလို ပုဏ္ဏမထေရ်က လျှောက်ထားတဲ့အခါ ဗုဒ္ဓမြတ်စွာက ဒီလိုဆိုယင် ကောင်းစွာ နှလုံးသွင်းပြီး နာကြားပေတော့ ပုဏ္ဏ- ငါဘုရား ဟောတော်မူမယ်-လို့ မိန့်တော်မူပြီး ဒီလို ဟောတော် မူပါတယ်။

> သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ
> ကန္တာ မနာပါ ပိယရူပါ ကာမူ ပသံဟိတာ ရ
> ဇနီယာ၊ တံ စေ ဘိက္ခု အဘိနန္ဒတိ အဘိဝဒတိ
> အဇ္ဈောသာယ တိဋ္ဌတိ။

တဿ တံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈော
သာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ၊ နန္ဒိသမုဒယာ
ဒုက္ခသမုဒယော ပုဏ္ဏာတိ ဝဒါမိ။

သန္တိ ခေါ ပုဏ္ဏ သောတဝိညေယျာ သဒ္ဒါ၊ဃာန
ဝိညေယျာ ဂန္ဓာ၊ဇိဝှါဝိညေယျာ ရသာ၊ကာယ
ဝိညေယျာ ဖောဋ္ဌဗ္ဗာ၊ မနောဝိညေယျာ ဓမ္မာ
ပေ။ ဝဒါမိ။

ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ ဣဋ္ဌာ အလိုရှိအပ် ရှာမှီးအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ပုထုဇဉ်တို့ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက် စေနိုင်ကုန်သော။ ပိယရူပါ၊ ချစ်အပ်သော သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ ကာမဖြင့်ကပ်၍ ထားအပ်ကုန်သော။ ရဇနီယာ၊တပ်စွဲအပ်ကုန်သော။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ရူပါ၊အဆင်းမျိုးစုံ ရူပါရုံတို့သည်။ သန္တိခေါ၊ ရှိကုန်သည်သာတည်း။ ပုဏ္ဏ၊ချစ်သားပုဏ္ဏ။ ဘိက္ခု၊ရဟန်းသည်။ တံ၊ထိုစက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်းမျိုးစုံ ရူပါရုံကို။ စေအဘိနန္ဒတိ၊ အလွန်နှစ်သက်အံ့။ စေ အဘိဝဒတိ၊ ချမ်းသာစွ ချမ်းသာစွဟု အလွန်ပြောဆိုအံ့။ အဇ္ဈောသာယ၊ မျိုမတတ်စွဲလန်း၍။ စေတိဋ္ဌတိ၊ အကယ်၍တည်အံ့။တံ၊ထိုစက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းမျိုးစုံ ရူပါရုံကို။အဘိနန္ဒတော၊ အလွန်နှစ်သက်သော။ အဘိဝဒတော၊ချမ်းသာစွ ချမ်းသာစွဟု အလွန်ပြောဆိုသော။ အဇ္ဈောသာယ၊ ဝမ်းထဲ၌ မျိုထားသကဲ့သို့။ တိဋ္ဌတော၊ တည်သော။ တဿ၊ ထို ရဟန်း၏ (သန္တာန်၌)။ နန္ဒီ၊ နှစ်သက်တတ်သော တဏှာသည်။

ဥပ္ပဇ္ဇတိ၊ဖြစ်၏။နန္ဒီသမုဒယာ၊ နှစ်သက်တတ်သော တဏှာဖြစ်ခြင်းကြောင့်။ ဒုခသမုဒယော တိ၊ ဆင်းရဲဖြစ်ခြင်းဟူ၍။ ဝဒါမိ၊ငါဘုရား ဟောတော်မူ၏။

ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ သောတဝိညေယျာ၊ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ သဒ္ဒါ၊ အသံမျိုးစုံ သဒ္ဒါရုံတို့သည်။ ဃာနဝိညေယျာ၊ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ဂန္ဓာ၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့သည်။ ဇိဝှာဝိညေယျာ၊ဇိဝှာဝိညာဏ်ဖြင့် သိအပ်ကုန်သော။ရသာ၊ ရသာမျိုးစုံ ရသာရုံတို့သည်။ ကာယဝိညေယျာ၊ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ဖောဋ္ဌဗ္ဗာ၊အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့သည်။ မနောဝိညေယျာ၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ဓမ္မာ၊ သဘောမျိုးစုံ ဓမ္မာရုံတို့သည်။ သန္တိခေါ၊ ရှိကုန်သည်သာတည်း။ (အတူတွေ့ကိုချန်ခဲ့ပါသည်)

## သန္တိခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ

အခုဟောခဲ့တာဟာ အသျှင်ပုဏ္ဏမထေရ်ကို ဟောတော်မူတဲ့ ဒေသနာတော် တပိုင်းပါပဲ။ စက္ခု ဝိညေယျာ ရူပါ-လို့ ဒီလောက်သာ ဟောတော်မူမယ်ဆိုလို့ရှိယင် အဆင်းမျိုးစုံ ရူပါရုံမှန်သမျှ အကုန်ပါသွားမှာပဲ။ နှစ်သက်အပ်တဲ့ ရူပါရုံတွေရော မနှစ်သက်အပ်တဲ့ ရူပါရုံတွေရောပေါ့။ နှစ်သက်အပ်တဲ့ရူပါရုံက တဏှာလောဘဖြစ်ကြောင်းဖြစ်တဲ့ တဏှာလောဘရဲ့အကြိုက်တွေ၊ မနှစ်သက်အပ်တဲ့ ရူပါရုံက ဗျာပါဒ ဒေါသဖြစ်ကြောင်းဖြစ်တဲ့ ဗျာပါဒဒေါသရဲ့ အကြိုက်တွေဖြစ်ပါတယ်။ အာရုံ တမျိုးမျိုး အပေါ်မှာ နှစ်သက်ပြီတဲ့ဆိုယင် အဲဒီအာရုံဟာနန္ဒီဆိုတဲ့ တဏှာလောဘဖြစ်ကြောင်း အာရုံဖြစ်ပြီး တဏှာလောဘတွေ ဖြစ်ကုန်

တော့တာပဲ။ မနှစ်သက်ပြန်ဘူးဆိုယင်လဲ အဲဒီအာရုံဟာ ဗျာပါဒ ဒေါသဖြစ်ကြောင်း အာရုံဖြစ်ပြီး ဗျာပါဒဒေါသတွေ ဖြစ်ကုန် တော့တာပဲ။ အာရုံတမျိုးမျိုးနဲ့ တွေ့ပြီဆိုယင် ဒီလောဘနဲ့ဒေါသ ဟာ ဒီလိုပဲ ဦးကနင်း ပဲ့ကထောင်၊ ပဲ့ကနင်း ဦးကထောင် ဆို သလို ထိန်းရ သိမ်းရတာ အင်မတန်ခက်တယ်။

အခု ဒီနေရာမှာတော့ စက္ခုဝိညေယျာ ရူပါ-လို့ ဒီလောက် သာ သာမညအနေနဲ့ ဟောတော်မူထားတာ မဟုတ်ပါဘူး။ တဏှာလောဘ ဖြစ်ကြောင်းဖြစ်တဲ့ ရူပါရုံကို သီးခြားဟော တော်မူထားတာ ဖြစ်ပါတယ်။ ဣဋ္ဌာ-အလိုရှိအပ် ရှာမှီးအပ် ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ စတဲ့ ဝိသေသနတွေ။ အဘိနန္ဒတိ၊ အလွန်နှစ်သက်အံ့။ အဘိဝဒတိ၊ ချမ်းသာစွ့ ချမ်း သာစွ့-လို့ အလွန်ပြောဆိုအံ့-စတဲ့ သာယာစွဲလန်းပုံတွေပါ ထည့်သွင်း ဟောတော်မူထားတယ်။ ဒီလောက်သာ မကသေး ပါဘူး။ နန္ဒီ၊ နှစ်သက်တတ်တဲ့ တဏှာသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ နန္ဒီသမုဒယာ။ နှစ်သက်မှုတဏှာ ဖြစ်ခြင်းကြောင့်။ ဒုက္ခသမု ဒယော၊ ဒုက္ခဖြစ်တယ်-လို့လဲ ဟောတော်မူထားပါသေးတယ်။ ဒါကြောင့် ဒီနေရာမှာ ရူပါရုံသာမညကို ဟောတော်မူထား တာမဟုတ်။ တဏှာလောဘ အာရုံဖြစ်တဲ့ ရူပါရုံကို ဟောတော် မူထားတာ ဖြစ်တယ်ဆိုတာ သိနိုင်ကြပါတယ်။ပြီးတော့ နန္ဒီ သမုဒယာ ဒုက္ခသမုဒယော-လို့ ဟောတော်မူတာကြောင့်လဲ သစ္စာလေးပါးရှိတဲ့အနက် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာနှစ်မျိုးကို ဟောတော်မူတယ် ဆိုတာကိုလဲ သိကြရပါတယ်။သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာနှစ်မျိုးဟာ တမျိုးနဲ့တမျိုး သူတို့ချင်း အကြောင်း

အကျိုး ဆက်သွယ်နေကြတယ်ဆိုတာ သိဘို့ကလဲ အင်မတန် အရေးကြီးပါတယ်။ ဒီလို အရေးကြီးလှလို့လဲ မထင်ရှား ထင်ရှားအောင် တရားတော်တွေထဲမှာ ထပ်တလဲလဲ ဟောတော်မူခဲ့ပါတယ်။

## သောတဝိညာဏ် သဒ္ဒါ

စက္ခုဝိညာဏ်ဖြင့် သိအပ်တဲ့ ရူပါရုံကိုသာမဟုတ်၊ ကျန်ဒွါရတို့၌ဖြစ်တဲ့ သောတဝိညာဏ်ကျ သဒ္ဒါရုံ၊ ဃာနဝိညာဏ်ကျ ဂန္ဓာရုံ၊ ဇိဝှါဝိညာဏ်ကျရသာရုံ၊ ကာယဝိညာဏ်ကျ ဖောဋ္ဌဗ္ဗာရုံ၊ မနောဝိညာဏ်ကျ ဓမ္မာရုံ-ဒီလို ဒွါရခြောက်ပါးလုံး ဖြစ်လာသမျှ ဣဋ္ဌကန္တ ထောဘနေယျ အာရုံတွေကို အပြည့်အစုံ ဟောတော်မူလိုက်ပါတယ်။ ဘယ်ဒွါရမှာပဲဖြစ်ဖြစ် သူ့ဒွါရနဲ့ သူ့အာရုံ တိုက်သင့်သလိုထင်လာတဲ့အခါ အလိုရှိအပ် နှစ်သက်အပ်တဲ့ အာရုံပဲ-စတဲ့အနေနဲ့ ရှုကြည့်သုံးသပ်မိပြီဆိုယင် အဲဒါ နန္ဒီဆိုတဲ့ တဏှာလောဘ ဖြစ်တော့တာပါပဲ။ ဒီနန္ဒီဆိုတဲ့ တဏှာလောဘဟာ အာရုံတမျိုးမျိုးတို့စွဲပြီး ဖြစ်မိပြီဆိုယင် ဖြစ်မိတဲ့ အဲဒီအာရုံကို ဘယ်လောက်တောင် ကောင်းတာပဲ၊ ဘယ်လိုကောင်းတာပဲ၊ မြင်ရတာ ချမ်းသာတယ်၊ ကြားရတာချမ်းသာတယ်၊ ရှူရှိုက်ရတာမွှေးတယ်၊ စားရသောက်ရတာ ကောင်းတယ် ချမ်းသာတယ်၊ တွေ့ထိရတာ ကောင်းတယ် ချမ်းသာတယ်၊ ကြံလို့စီလို့ တွေးလို့တောကို ကောင်းတယ် ချမ်းသာတယ်- ဒီလိုနှုတ်ကဖွင့်ပြီးတော့လဲ ပြောတတ်ကြပါတယ်။ နှုတ်ကဖွင့်မပြောသည့်တိုင်အောင် စိတ်ထဲမှာဖြစ်တတ်ကြပါတယ်။

## အတိုချုံး ဟောဘော်မူပါတဲ့

တရားဟောင်းပန်တဲ့ ပုဏ္ဏမထေရ်က သူတို့ တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကို ဟောတော်မူပါလို့ တောင်းပန်ခဲ့ပါတယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာက နန္ဒီရာဂဖြစ်ပုံအနည်းငယ်နဲ့ နန္ဒီရာဂကြောင့် ဒုက္ခဖြစ်ရတယ်လို့ ဒုက္ခဖြစ်ရပုံကို တိုတိုလေးပဲ ချုံးပြီး ဟောတော်မူပါတယ်။ ဒီတရားတော်ကို ဆန့်ပြီးဟောမယ်ဆိုယင် အလွန်ကျယ်ဝန်းတဲ့ ဒေသနာတော်ကြီးတခု ဖြစ်သွားမှာပဲ။ သမုဒယနဲ့ ဒုက္ခဆိုတာ လောကီနယ်ထဲက ဘဝတွေအတွင်းမှာ ဖြစ်နေတဲ့ တရားတွေဖြစ်ပါတယ်။ လောကီနယ်က ဘဝတွေ ဆိုတာကလဲ အစမထင် အဆုံးမမြင်လောက်အောင် အင်မတန် ကျယ်ဝန်းတာကလား။ ဒါကြောင့် ဘဝသမုဒယနဲ့ ဘဝဒုက္ခတွေကို ဖြစ်သမျှ ရှောက်ဟောမယ်ဆိုယင် ဘုရားသျှင်တွေလဲ ကုန်စင်အောင် မဟောနိုင်ဘူးဆိုယင်၊ ဘယ်သူကော ကုန်စင်အောင် ဟောစွမ်းနိုင်လိမ့်မှာလဲ။ ဘယ်သူမှ ကုန်စင်အောင် မဟောစွမ်းနိုင်ကြပါဘူး။ ဒီလိုကုန်စင်အောင် မဟောနိုင်ကြပေမယ့် ဝေနေယျပုဂ္ဂိုလ်တွေ ထင်ထင်ရှားရှား နားလည်သွားအောင် တတ်နိုင်သမျှ ဟောကြရပါတယ်။

စတုသစ္စ ဝိနိမုတ္တော မဓမ္မောနာမ နတ္ထိ-လို့ ဖွင့်ဆိုကြတဲ့ အတိုင်း သစ္စသုတ်စသည်မှာ သစ္စာလေးပါးနဲ့ စပ်ဟောတဲ့အခါမှာလဲ ဒီသမုဒယနဲ့ ဒုက္ခသစ္စာတွေကို ကျယ်ကျယ်ပြန့်ပြန့်ဟောတော်မူပါတယ်။ ပဋိစ္စသမုပ္ပါဒသုတ် စသည်မှာလဲ ဥပါဒါန ပစ္စယာ ဘဝေါ စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ပဲ ဟောတော်မူပါတယ်။ ဒီပြင် တခြား သုတ်တော်တွေမှာလဲ သမုဒယ တဏှာ

လောဘတို့ ဒုက္ခတို့နဲ့ စပ်လာတဲ့အခါများမှာ ဒီလိုပဲကျယ်ကျယ်ပြန့်ပြန့် ဟောတော်မူတာက များပါတယ်။ ဒီနေရာမှာတော့ တရားတောင်းပန်တဲ့ ပုဏ္ဏမထေရ်က တိုတိုတောင်းပန်တာနဲ့ တိုတိုပဲ ဟောတော်မူလိုက်တာပါပဲ။

## နဲနဲချဲ့ ဟောရအုံးမယ်

ပုဏ္ဏမထေရ်ကို ဘုရားရှင် ဟောသလောက်သာ ဟောရမယ် ဆိုယင်တော့ တိုတိုကျဉ်းကျဉ်းလေးပဲ။ ပါဠိတော် စာမျက်နှာနဲ့ တမျက်နှာတောင် မပြည့်ပါဘူး၊ ကြောင်းရေနဲ့ဆိုယင် စာကြောင်းရေ (၁၈) ကြောင်း ကျော်ကျော်ကလေးပဲ ရှိပါတယ်။ ဒီအတိုင်းသာ ဒီတရားပွဲမှာ ဟောလိုက်ယင် အလွန်ဆုံး နှစ်မိနစ်လောက်ပဲ ကြာပါလိမ့်မယ်။ ဒီဟာအလွန်ဆုံး ပြောတာပဲ။ တကယ်မဖုမထစ် ဟောလိုက်ယင် ဒီလောက်တောင် ကြာချင်မှကြာမယ်။ စက္ကန့်ပိုင်းလောက်နဲ့ ပြီးချင်ပြီးသွားမှာပဲ။ ဘုရားသျှင် ဟောတော်မူစဉ်က တရားနာဖြစ်တဲ့ ပုဏ္ဏမထေရ်ဟာ ဒီလောက်နဲ့ အားရကြေနပ်သွားပေမယ့် ဒီမျက်မှောက်မှာ တရားနာနေကြတဲ့ ဒို့တရားနာ ပရိသတ်တွေကတော့ တရားပွဲကြီးတပွဲ အနေနဲ့ ပြင်ဆင်အားထုတ်ထားရတယ်ဆိုပြီး အားရကြေနပ်ကြမယ် မဟုတ်ပါဘူး။ တရားဟောတယ်ဆိုတာ တရားနာ ပရိသတ်ရဲ့ အလိုကိုလဲ ကြည့်ပြီးဟောရသေးတယ်။ ဒီလိုမကြည့်ပဲ ဟောတဲ့ပုဂ္ဂိုလ်က ကိုယ်ဟောချင်သလို ဟောမယ်ဆိုယင် အပြစ်ရောက်ကုန်တတ်တယ်။ ဘုရားသျှင်တောင် တရားနာတွေရဲ့ ဝေနေယျဇ္ဈာသယဆိုတဲ့ တရားနာတို့ အလိုကိုကြည့်ဧဟာရသေးတယ်ဆို မဟုတ်လား။ ဘုရားသျှင် ကတော့

ဝေနေယျတို့ အလိုကို တကယ်တိတိကျကျ သိတော်မူပါတယ်။ အခုဟောနေတဲ့ ဓမ္မကထိက တွေကတော့ ဘုရားသျှင်လိုအတိအကျ ဘယ်သိမှာလဲ။ ကိုယ့်အသိဉာဏ် ကလေးနဲ့ ကိုယ် မှန်းဆပြီး အကဲကလေးပါလေး ခပ် ဟောကြရတာ ဖြစ်ပါတယ်။ ဟောတဲ့ ပုဂ္ဂိုလ်တွေက ဟောပေမယ့် နာတဲ့ ပုဂ္ဂိုလ်တွေက သူတို့သဘောကျမှ နာချင်ကြတာကလား။ တရား မဆုံးသေးပေမယ့် သူတို့သဘောမကျလို့ မနာချင်ယင် တခါထဲ ထပြန်သွားကြတာပဲ။ ဒီလို သဘောမကျယင် ထပြန် ရအောင်လို့ ရှေ့ကျကျ အလယ်ကျကျမှာမထိုင်ပဲ ပရိသတ် အစွန်အဖျားမှာ ထိုင်တတ်ကြတာတောင် ရှိသေးတယ်။ ဓမ္မကထိက တွေကလဲ ပလ္လင်ပေါ်ကဆိုတော့ မြင်နေကြရတာပါပဲ။

## နန္ဒိဆိုတဲ့တဏှာ

တရားနာ ပရိသတ်တွေ ဆိုတာက အများကြီးပဲ။ များသလောက်လဲ အလိုဆန္ဒတွေက များရမှာပဲ။ဒီလိုများလှတဲ့ အလိုဆန္ဒတွေကို ပြောနေယင် ဆုံးခမ်းတိုင်နိုင်မယ် မဟုတ်ပါဘူး။ အပျင်းပြေနာတဲ့ ပုဂ္ဂိုလ်တွေလဲ ပါချင်ပါမှာပဲ။ စူးစူးစိုက်စိုက် လိုလိုချင်ချင် နာတဲ့ပုဂ္ဂိုလ်တွေလဲ ပါမှာပါပဲ။ ဟောတဲ့ပုဂ္ဂိုလ်ကတပါးထဲ ဟောရတာ ဖြစ်တော့ တရားနာ ပရိသတ်ကြီး တခုလုံးရဲ့ အလိုဆန္ဒတွေကို ငုံမိအောင် ဟောနိုင်ဘို့ မလွယ်ပါဘူး။ ဒါပေမယ့် တတ်နိုင်သမျှ ကြိုးစားဟောရမှာပေါ့။ ဘုရားဟော တရားတော်ကို ဟောတာဖြစ်လို့ တရားတော်ကတော့ ကောင်းမှာသေချာပါတယ်။ အချိန်တော်တော်ကုန်သွားပြီ၊ တရားတော်ကို စကြဦးစို့။

ဣဋ္ဌာ-အလိုရှိအပ် ရှာမှီးအပ်ကုန်သော၊ ကန္တာ-နှစ်သက်အပ် ကုန်သော၊ မနာပါ-ပုထုဇဉ်တို့ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက် စေနိုင်ကုန်သော၊ ပိယရူပါ-ချစ်အပ်သော သဘော ရှိကုန်သော ကာမူပသံဟိတာ-ကာမဖြင့်ကပ်၍ထားအပ်ကုန်သော၊ ရဇနီယာ-တပ်စွဲအပ်ကုန်သော-လို့ ဒေသနာတော်မှာ ဖော်ပြထားတဲ့ ၆-ပုဒ်ဟာ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ-ဆိုတဲ့ အာရုံ ခြောက်ပါးကို အထူးပြုပြီး ဖော်ပြ ထားတာတွေ ဖြစ်ပါတယ်။ ထင်ရှားအောင် တမျိုးပြောင်းပြောရယင် ဖော်ပြပါအာရုံတွေ ဟာ အလိုရှိအပ် ရှာလဲရှာမှီးအပ်တယ်။ နှစ်လဲနှစ်သက်အပ်တယ်။ ပုထုဇဉ်တို့ စိတ်နှလုံးကို ရွှင်လဲ ရွှင်ပြုံးစေတတ်တယ်။ ချစ်အပ် သာယာအပ်တဲ့ သဘောလဲရှိတယ်။ ကာမဖြင့်ကပ်၍လဲ ထားအပ် တယ်။ တပ်လဲတပ်စွဲအပ်တယ်လို့ ဆိုလိုပါတယ်။ အဓိပ္ပါယ်က ဒီအာရုံတွေဟာ နန္ဒီဆိုတဲ့ တဏှာလောဘရဲ့ အာရုံတွေပါလို့ ဆိုလိုပါတယ်။ ဆိုလိုတာကို ထင်ရှားအောင် ဖော်ပြပါအုံးမယ်။

စာသုံး သုံးထားတာတွေကို တရားနာတွေက နားလည်ဘို့ မလွယ်ပဲ ဖြစ်နေတတ်ပါတယ်။ စာသင်ထားတဲ့ စာသင်သား တွေအတွက် သိပ်မခက်ပေမယ့် စာသဘောကို သင်ကြားထား တာမဟုတ်တဲ့ သူတွေဆိုယင် လွယ်လွယ်ကလေးသော်လဲ အသိ ခက်ချင်ခက်နေတတ်တယ်။ ဒါကြောင့် တရားတော်တွေကို နားမ လည် လည်အောင် အကျယ်တဝင့် ဟောဟော ပြကြရတာပဲ။ စပ်မိလို့ ပြောရအုံးမယ် အဘိဓမ္မာ စာမေးပွဲတွေ ကျင်းပပြီး ဗုဒ္ဓသာသန အသင်းကြီးက လူပုဂ္ဂိုလ်တွေပါ ဝင်ရောက် ဖြေဆို ခွင့် ပြုထားတယ်။ တနှစ်တော့ အဘိဓမ္မာမေးခွန်းထဲမှာ (စေတ သိက် ၅၂-ပါးအနက်အနိယတယောဂီစေတသိက်များကို ဖော်

ပြခဲ့ပါ) လို့ ခိုင်းထားပါတယ်။ ဒါကို စာသဘောမသိတဲ့ ခလေးမတယောက်က (ဖဿ–အာရုံကို တွေ့ထိခြင်း၊ ဝေဒနာ–အာရုံကို ခံစားခြင်း) စသည်ဖြင့် စေတသိက်ရဲ့ အနက်တွေကို ဖေါ်ပြဖြေဆိုထားခဲ့တယ်။ အနိယတယောဂီ စေတသိက်ကိုဖေါ်ပြခဲ့ပါလို့ ခိုင်းတာ ဘာကြောင့် စေတသိက် ၅၂–ပါးအနက်တွေ ရေးခဲ့ရတာလဲလို့ ပြောတော့ သူကဘယ်လိုပြန်ပြောသလဲဆိုယင် စေတသိက် ၅၂–ပါးအနက်လို့ ပါတာကိုးတဲ့။ ရယ်လိုက်ရတာ မပြောပါနဲ့တော့။ တပည့်မကလေးဖြစ်တဲ့အတိုင်း စာဖြေပြီးတဲ့အပြီး မေးကြည့်လို့ သိခဲ့ရတယ်။ ဒီစေတသိက် ၅၂–ပါးအနက်ဆိုတာ စေတသိက် အနက်တွေကို ဆိုတာမဟုတ်ဘူး။ ၅၂–ပါးတို့တွင်၊ ဒါမှမဟုတ် ၅၂–ပါးထဲက–လို့ဆိုတာ ဖြစ်ကြောင်း သူနားလည်အောင် ဒီတော့မှ ရှင်းပြလိုက်ရဘူးပါတယ်။ စာသဘောကို ကြားဘူးနားဝမရှိယင် ဒီလိုပဲ မခက်လှပေမယ့် နားမလည်ပဲ ဖြစ်နေတတ်ပါတယ်။

အခု ဒီနေရာမှာလဲ နန္ဒိဆိုတဲ့ တဏှာလောဘရဲ့အာရုံအတွက် အထူးပြုထားတဲ့ ဝိသေသနပုဒ်တွေက အတော်များများ ပြထားတာဖြစ်လို့ အာရုံမှန်း အာရမ္မဏိကမှန်း မကွဲမပြား ဖြစ်နေမှာစိုးရတယ်။ ဆိုထားတာက တဏှာလောဘရဲ့ အာရုံတွေကို မထင်ရှား ထင်ရှားအောင် ဟောတော်မူထားတာ ဖြစ်ပါတယ်။ အလိုရှိအပ် ရှာမှီးအပ်တယ်ဆိုတာ အလိုရှိခံရတယ်၊ အရှာမှီးခံရတယ်။ ဒီလို ဆိုလိုပါတယ်။ နှစ်သက်အပ်တယ်ဆိုတာလဲ အနှစ်သက်ခံရတယ်။ ပုထုဇဉ်တို့ စိတ်နှလုံးကို ရွှင်ပြုံး စေနိုင်တယ်ဆိုတာ ပုထုဇဉ်တို့ စိတ်နှလုံးကို ရွှင်ပြုံးအောင် ပြုလုပ်နိုင်တယ်။

ချစ်အပ်တဲ့ သဘော ရှိတယ်ဆိုတာ အချစ်ခံရတဲ့ သဘော ရှိတယ်။ ကာမဖြင့် ကပ်ထားအပ်တယ်ဆိုတာ ကာမဖြင့် ကပ် အထားခံရတယ်၊ တပ်စွဲအပ်တယ်ဆိုတာ တပ်စွဲခံရတယ်-လို့ ဆို လိုပါတယ်။ ဒီလိုအလိုရှိခံရတာ အရှာမှီးခံရတာ ဘယ်ဟာ ဘယ် ဟာတွေလဲဆိုယင် ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖေါဋ္ဌဗ္ဗ၊ ဓမ္မ-ဆိုတဲ့ အာရုံခြောက်ပါးလို့ဆိုတာ ဖြစ်ပါတယ်။

ဒီအာရုံတွေဟာ အရှာမှီးခံရတယ် နှစ်သက်ခံရတယ်ဆိုယင် ရှာမှီးတာကဘယ်သူလဲ၊ နှစ်သက်ခံရတယ်ဆိုယင် နှစ်သက်တာ ကဘယ်သူလဲလို့ မေးဘို့ဖြစ်လာတယ်။ရှာမှီးတဲ့ နှစ်သက်တဲ့ လက် သယ်အစစ်က နန္ဒီဆိုတဲ့ တဏှာလောဘပါပဲတဲ့။ ဒါပေမယ့် ခန္ဓာ ငါးပါးကို ပုဂ္ဂိုလ်သတ္တဝါလို့ မှတ်ထင်စွဲလန်းနေတဲ့ တရားနာ တွေအတွက် သူတို့ ထင်မှတ်စွဲလန်းတဲ့အတိုင်း နားလည်အောင် ဘိက္ခု၊ ရဟန်းသည်။ တံ၊ ထိုစက္ခုဉာဏ် စသည်ဖြင့် သိအပ် တဲ့ ရူပါရုံ-စသည်ကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ နှစ်သက် မယ်ဆိုယင် အဘိဝဒတိ၊ ချမ်းသာစွ ချမ်းသာစွလို့ အလွန် ပြောဆို၏။ ပြောဆိုမယ်ဆိုယင် အဇ္ဈောသာယ၊ မျိုမတတ်စွဲလန်း ၍။ တိဋ္ဌတိ၊ တည်၏။ တည်မယ်ဆိုယင်။ တံ၊ ထိုစက္ခုဝိညာဏ် စသည်ဖြင့် သိအပ်သောရူပါရုံ စသည်ကို အဘိနန္ဒတော၊အလွန် နှစ်သက်သော။ အဘိဝဒတော၊ ချမ်းသာစွ ချမ်းသာစွလို့ အလွန်ပြောဆိုသော။အဇ္ဈောသာယ၊ ဝမ်းထဲ၌ မျိုထားသကဲ့သို့။ တိဋ္ဌတော၊ တည်သော။ တဿ၊ ထိုရဟန်း၏ (သန္တာန်၌)။ နန္ဒီ၊ နှစ်သက်တဲ့တဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏-လို့ ဟောတော်မူတဲ့ အတိုင်း ရှာမှီးနှစ်သက်တာက ရဟန်းပါတဲ့၊ ပီးတော့ ဒီလိုရှာမှီး

နှစ်သက်တဲ့ ရဟန်းရဲ့ အတွင်းသန္တာန်မှာ ဘာဖြစ်သလဲဆိုယင် ညပ္ပစ္စတိ နန္ဒီ၊ နန္ဒီဆိုတဲ့ တဏှာလောဘ ဖြစ်တော့တာပါပဲတဲ့။

## အကုန်လုံးပါတယ်

ရှာမှီးနှစ်သက်အပ်တဲ့ရဟန်း ထိုရဟန်းရဲ့သန္တာန်မှာ နန္ဒီဆိုတဲ့ တဏှာလောဘ ဖြစ်တယ်ဆိုလို့ ရဟန်းတဦးထဲသာ ဒီလိုဖြစ်တယ်မထင်ပါနဲ့။ ရှာမှီး နှစ်သက်တယ်ဆိုယင် ရဟန်းပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ် နန္ဒီရာဂ တဏှာ လောဘဟာ ဖြစ်တာချည်းပါပဲ။ ဘုရားသျှင်က တရားဟောတော်မူတဲ့အခါ ရဟန်းကိုသာ နမူနာထားပြီး ဟောတော်မူလေ့ ရှိပါတယ်။ ပီးတော့ ဘုရားသျှင် တရားဟောလို့ တရားနာကြတဲ့အခါ ရဟန်း ပရိသတ်တွေက ဘုရားသျှင်ရဲ့ အနီးအနားမှာနေပြီး နာကြားကြတာ ဖြစ်လို့ ရဟန်းတော်တွေကိုသာ ဦးတည် တည် ဟောတော်မူလေ့ရှိပါတယ်။ ဒါကြောင့် တဦးထဲ ခေါ်ဟောသင့်တဲ့နေရာမှာ ဘိက္ခု၊ ရဟန်း–ဒီလို ခေါ်ဟောတော်မူတယ်။ အများကို ခေါ်ဟောသင့်တဲ့အခါမှာ ဘိက္ခဝေ၊ ရဟန်းတို့–ဒီလို ခေါ်ဟောတော်မူတယ်။ ဟောတော်မူတဲ့ တရားတော်ကတော့ ရဟန်းရော လူပါ အားလုံးအတွက် ဟောတော်မူတာဖြစ်လို့ ဖြစ်သင့်တဲ့တရားဆိုယင် ဘယ်သူမဆို ဖြစ်ကြရမှာချည်းပဲ။ ပျက်သင့်တဲ့ တရားဆိုယင်လဲ ပျက်ကြရမှာချည်းပဲ။ ပယ်ရှောင်သင့်တယ်၊ ကျင့်သင့်တယ်ဆိုယင်လဲ အားလုံး ရှောင်ကြ ကျင့်ကြရမှာ ချည်းပါပဲ။ ရည်ရွယ်ပြီး ဟောတော်မူတာက ဘဦးတယောက်ထဲရယ် မဟုတ်ပါဘူး။ အားလုံးပဲ ရည်ရွယ်တော်မူတဲ့အထဲမှာ ပါကြပါတယ်။ ငါ့ကို ဟောတာမဟုတ်ဘူး။ ရဟန်းတော် ပုဏ္ဏမထေရ်ကို ဟော

တာပဲလို့ အထင် ရောက်နေကြမှာစိုးလို့ ပြောလိုက်ရပါတယ်။ ပုဂ္ဂိုလ်အမျိုးမျိုး ရှိတာဖြစ်လို့ တချို့က ငါ့ဟောတာ မဟုတ်ဘူး ဆိုတဲ့ ပုဂ္ဂိုလ်တွေကလဲ ရှိတတ်ကြတယ်။ ဒါနဲ့ တခါက ဒီလိုဖြစ် ဘူးတာကို ပြောရအုံးမယ်။

## သူ့ကိုပြောတာမဟုတ်သလို

ရဟန်းတော်တွေဟာ လပြည့်လကွယ် ဥပုသ်နေ့တိုင်း ဥပုသ် ပြုကြရတယ်။ ဥပုသ်ပြုတယ်ဆိုတာ သံဃာတော်တွေ စုရုံးပြီး သိမ်ထဲမှာ နှစ်တောင့်ထွာ အတွင်းရောက်အောင် ထိုင်ကြရတယ်။ ထိုင်ပြီးတော့ ဘုရားသျှင်ရှိတုန်းက ဘုရားရှင် ဟောတော်မူတဲ့ ဩဝါဒ ပါတိမောက်ကို နာကြားကြရပါတယ်။ ဘုရားသျှင်က ဩဝါဒ ပေးတော်မူတာကိုပဲ ပါတိမောက်ကို ဘုရားသျှင်ကိုယ် တော်တိုင် ပြတယ်လို့ ခေါ်တယ်။ ဝါတော် ၂၀-ပတ်လုံး ဒီလိုပဲ ဩဝါဒ ပါတိမောက်ကို ဘုရားသျှင်ကိုယ်တော်တိုင် ပြတော်မူခဲ့ ပါတယ်။ တနေ့သ၌တော့ ဥပုသ်ပြုကြဘို့ သိမ်ထဲမှာ သံဃာတော် တွေလဲစုံ ဩဝါဒ ပါတိမောက်ပြဘို့ ဘုရားသျှင်လဲရောက်နေပြီ။ ဒါပေမယ့် ပါတိမောက်ပြချိန် ရောက်သော်လည်း ဘုရားသျှင်က ပါတိမောက်ပြတော်မမူပဲ ဒီအတိုင်း ထိုင်တော်မူနေတယ်။ ဒီတော့ ပါတိမောက် ပြချိန်တန်ပါပြီလို့ သံဃာတော်တွေက ဘုရားသျှင် ကို လျှောက်ထားတယ်။ ဘုရားသျှင်က ဒီတော့ ဘယ်လိုမိန့်သလဲ ဆိုယင် ပရိသတ် မစင်ကြယ်ဘူး ချစ်သားတို့-လို့ ဒီလို မိန့်တော် မူပါတယ်။ ပရိသတ် မစင်ကြယ်ဘူးလို့ ဘုရားသျှင် မိန့်တော်မူ တာ ဘယ်သူ့ကို မိန့်တော်မူတာပါလိမ့်မလဲလို့ သျှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးက အဘိညာဏ်မျက်စိနဲ့ ကြည့်ရှု စူးစမ်းတော်

မှုတဲ့အခါ မစင်ကြယ်တဲ့ ရဟန်းတပါးကို တပ်အပ် မြင်တော်မူပါတယ်။ ဒါနဲ့ သျှင်မောဂ္ဂလန် မထေရ်မြတ်ကြီးက မစင်ကြယ်တဲ့ရဟန်း သိမ်ပြင်ထွက်သွားဖို့ သုံးကြိမ်တိုင်တိုင် နှင်တော်မူပါတယ်။ မစင်ကြယ်တဲ့ရဟန်းဟာ သူ့ကို နှင်တာ ဖြစ်ပေမယ့် သူ့နာမယ် ထုတ်ဖော် နှင်တာမဟုတ်လို့ သူ့ကိုနှင်တာ မဟုတ်သလိုလို မထွက်ပဲ ပေနေပါတယ်။ သူ့အနေက သူ့နာမယ် မပါလို့ သူ့ကိုနှင်တာ မဟုတ်ဘူးပေါ့။ ဒီတော့မှ သျှင်မောဂ္ဂလန် မထေရ်မြတ်ကြီးက ထတဲ့ပြီးမစင်ကြယ်တဲ့ရဟန်းကို ဆွဲထုတ်ပစ်လိုက်ရတယ်။ ဒါဟာ နှင်ထုတ်တဲ့စကားထဲမှာ သူ့နာမယ်မပါလို့ အနေသာကြီးဆိုပြီး နေတာပဲ။

## မျက်စိကသာမဟုတ်ဘူး

မျက်စိဆိုတဲ့ စက္ခုဒွါရဟာ နေရာတကာမှာ သူချည်းပဲထင်ရလောက်အောင် အင်မတန် အရာကျယ်တယ်။ ဒါကြောင့်ရှာမှီးနှစ်သက်မှုနဲ့ စပ်တဲ့ နေရာမှာ စက္ခု ရူပေန သံဝါသာ-ဆိုတဲ့ အဆိုကို ဆိုလေ့ရှိကြတယ်။ ခေတ်စာရေးဆရာ တွေကလဲ အချစ်ဟာ မျက်စိကစတယ်လို့ ရေးသားကြတယ်။ ဒီတော့ နန္ဒီဆိုတဲ့ တဏှာ လောဘဟာ မျက်စိကချည်း စဖြစ်တယ်လို့ မှတ်ထင်နေသူတွေတောင် ရှိကြတယ်။ ဒါပေမယ့် ဒီလိုချည်း မဟုတ်ပါဘူး။ စက္ခုဒွါရ- မျက်စိက အဖြစ်များချင်ယင် များမယ်ပေါ့။တကယ်ဖြစ်တာကတော့ မျက်စိကသာ မကပါဘူး။ နန္ဒီဆိုတဲ့ တဏှာ လောဘဟာ တခြားသောတစတဲ့ ဒွါရအားလုံးကနေ ဖြစ်နိုင်တာချည်းပါပဲ။ ဖြစ်နိုင်လို့ပဲ ဒွါရ ခြောက်ပါးစလုံးကနေပြီး နန္ဒီဖြစ်ပုံပေါ်ကို ဒီပုဏ္ဏောဝါဒသုတ်ထဲမှာ ဘုရားသျှင်က ဟောတော်

မူခဲ့တာဖြစ်ပါတယ်။ စက္ခုဝိညာဏ်ဖြင့် သိအပ်တဲ့ရူပါရုံဆိုတာ မျက်စိနဲ့မြင်ရတဲ့အာရုံ၊ သောတဝိညာဏ်ဖြင့် သိအပ်တဲ့သဒ္ဒါရုံဆိုတာ နားနဲ့ ကြားရတဲ့အာရုံ စသည် ဒီလို လူတွေ အခေါ် အတိုင်း မှတ်ဘို့ပါပဲ။

စက္ခု–စတဲ့ ဒွါရခြောက်ပါးမှာ စက္ခု–စတဲ့ ဝတ္ထုဆိုတဲ့ မျိုးဝိဇ္ဇာရုပ်တွေရှိတယ်။ စက္ခုဝိညာဏ်စတဲ့ အသိနာမ်ဝိညာဏ်တွေ ဖြစ်တဲ့ အခါ ဒီဝတ္ထုရုပ်တွေကို မှီပြီး ဖြစ်လာကြရတယ်။ စက္ခုဝိညာဏ် ဖြစ်တော့မယ် ဆိုယင် စက္ခုဝတ္ထုကို မှီဖြစ်ရတယ်။ သောတဝိညာဏ် ဖြစ်တော့မယ် ဆိုယင် သောတဝတ္ထုကိုမှီ ဖြစ်ရတယ်။ ဒီလိုပဲ ဃာနဝိညာဏ်က ဃာနဝတ္ထု၊ ဇိဝှါဝိညာဏ်က ဇိဝှါဝတ္ထု၊ ကာယဝိညာဏ်က ကာယဝတ္ထု၊ မနောဝိညာဏ်က ဟဒယဝတ္ထုကို မှီဖြစ်ရတယ်။ ဒီဝတ္ထုရုပ်တွေကို ပသာဒရုပ်လို့လဲခေါ်ပါတယ်။ ပသာဒဆိုတာ(ကြည်လင်)တာပါပဲ။ ဝိညာဏ်တွေမှီဖြစ်တဲ့ ဒီဝတ္ထုရုပ်တွေဟာ မှန်တွေ ကြည်လင်သလို ကြည်လင်တယ်။ ကြည့်မှန်တွေဟာ သူတို့နဲ့တဲ့တဲ့ ရောက်လာတဲ့ အရာဝတ္ထု မှန်သမျှကို သူတို့ အကြည်ပေါ်မှာ အရာဝတ္ထုရဲ့ ပုံအတိုင်း မှန်ထဲမှာ လာထင်တာပဲ။ ဒီလိုပါပဲ ပသာဒရုပ်တွေဟာ ကြည်လင်တာဖြစ်လို့ အပြင်က အရာဝတ္ထုဖြစ်တဲ့ အာရုံတွေဟာ သူ့နေရာနဲ့သူ အသီးသီး ထင်လာကြပါတယ်။

ရူပါရုံဆိုယင် မျက်စိအကြည်မှာ လာထင်တယ်၊ အသံ သဒ္ဒါရုံဆိုယင် နားအကြည်မှာ လာထင်ပါတယ်။ အနံ့ ဂန္ဓာရုံက နှာခေါင်းအကြည်၊ အရသာ–ရသာရုံက လျှာအကြည်၊ အတွေ့ အထိ ဖောဋ္ဌဗ္ဗာရုံက ကာယအကြည်၊ သဘောဖြစ်တဲ့ ဓမ္မာရုံ

တွေက မနောအကြည်မှာ လာထင်ပါတယ်။ ဒီနောက်ဆုံး မနော အကြည် ဆိုတာက ဘဝင်စိတ်တွေကို ခေါ်တာ ဖြစ်ပါတယ်။ အဲဒီ ဘဝင်စိတ်တွေဆိုတာ အပြင်က အာရုံခြောက်ပါး မထင်လာလို့ တခြား ဝီထိစိတ်တွေ မဖြစ်တဲ့အခါ ဟာဒယဝတ္ထုကို မှီပြီး သူတို့က အမြဲဖြစ်နေကြတယ်။ အပြင်အာရုံ တမျိုးမျိုး ထင်လာလို့ တခြားစိတ် တမျိုးမျိုး ဖြစ်လာပြီ ဆိုယင်တော့ သူတို့က မဖြစ်တော့ပဲ ရပ်သွားပြီး တခြားစိတ်တွေကို အခွင့် ပေးလိုက်ပါတယ်။ အာရုံထင်လာတိုင်း ထင်လာတိုင်း သူ့နေရာကသူ ထထဖြစ်နေတဲ့ စိတ်တွေဟာ တမျိုးပြီး တမျိုး အသက် ရှင်နေသမျှ ကာလပတ်လုံးပါပဲ။ မီးတောက် မီးလျှံတွေလို၊ ရေအလျှင်တွေလို ပြတ်တယ်လို့ မရှိတော့ဘူး။

## ဒီအထဲက နန္ဒီရာဂ

ဒီလို အကြောင်း ညီညွတ်တိုင်း ဆိုင်ရာ ဒွါရတွေက နေပြီး အမြဲမပြတ် ဖြစ်နေတဲ့ စိတ်တွေထဲမှာ ဒီပုဏ္ဏောဝါဒ သုတ်တွင် ဘုရားသျှင် ဟောတော်မူတဲ့ နန္ဒီရာဂ -ဒါမှမဟုတ်- တဏှာ လောဘတွေလဲ ဖြစ်သင့်တဲ့ အခါတိုင်း ဖြစ်ဖြစ်နေကြပါတယ်။ အတ္တသမံ ပေမံ နတ္ထိ-လို့ ဟောတော်မူတဲ့ အတိုင်း ပုဂ္ဂိုလ် သတ္တဝါတွေဆိုတာ မိမိကိုယ်ကို အင်မတန် နှစ်သက် တွယ်တာ ကြတယ်။ ဒါကြောင့် ဒီကိုယ်နဲ့စပ်ပြီး လောဘဖြစ်စရာရှိယင်လဲ ဖြစ်တာပဲ၊ ဒေါသ ဖြစ်စရာရှိယင်လဲ ဖြစ်တာပဲ။ သုခကာမာ ဒုက္ခပဋိကူလာ-လို့ ဟောတော်မူတဲ့အတိုင်း မိမိကိုယ်အတွက် ချမ်းသာကို အင်မတန် လိုလားကြတယ်။ ကိုယ်တိုင်ကလဲ ကိုယ်ချမ်းသာလိမ့်မယ်ထင်သလို ပြုလုပ်ကြပါတယ်။ သူတပါးက ချမ်းသာ

အောင် ပြုလုပ်ပေးတယ်ထင်လို့ ရှိယင်လဲ အဲဒီလူကို ချစ်တတ်ကြတယ်။ ချမ်းသာအောင် ပြုလုပ်ပေးတဲ့လူကို ချစ်တတ်တာနဲ့အမျှ မိမိကို ဆင်းရဲအောင် ပြုလုပ်တယ်လို့ ထင်သူကို မုန်းတယ်၊ ဒေါသဖြစ်တယ်။ ကိုယ့်အတွက် နှစ်သက် မြတ်နိုးစရာ အာရုံ အရာဝတ္ထုတွေနဲ့ တွေ့တိုင်းလဲ နှစ်သက်မြတ်နိုးတယ် မက်မောစွဲလန်းတယ်။ မရရအောင် ရှာမှီးတယ်။ ရှာမှီးလို့ရရှိလာတဲ့ အဆောင်ဝတ္ထု ပျက်စီးသွားမယ် တခြားသူက ဖျက်ဆီးပစ်မယ်ဆိုယင် ဒေါသဖြစ်တယ်။ဒီတော့ အမှတ်မဲ့သာ နေမယ်ဆိုယင် ဒီလောဘ ဒေါသတွေဟာ တမျိုးပြီးတမျိုး အပြောင်းအလဲနဲ့ ဖြစ်နေတယ်လို့တောင် ထင်ရပါတယ်။ ဒီလောက်တောင် လောဘ ဒေါသတွေက ပုဂ္ဂိုလ် သတ္တဝါတို့ သန္တာန်မှာ သောင်းကျမ်းတယ်။ ဒီအထဲ ဒေါသဆိုတာက ထွန်နောက်ရေပါဆိုသလို လောဘနောက်လိုက်၊ လောဘကို အကြောင်းရင်းခံပြီး ဖြစ်ရတာက များပါတယ်။ ဒါကို ထင်ရှားအောင် ဒေါသဖြစ်ရတဲ့ အာဃာတဝတ္ထုဆယ်ပါးကို ပြောပြပါအုံးမယ်။

## အာဃာတ ဝတ္ထုဆယ်ပါး

၁။ ထိုသူဟာ ငါ့စီးပွားမဲ့ကို (၁)အယင်ကလဲ ပြုခဲ့ဘူးပြီ။ (၂)အခုလဲ ပြုနေတယ်။ (၃)နောင်လဲ ပြုအုံးမှာပဲဆိုပြီး တော့လဲ ဒေါသ ဖြစ်တတ်ပါတယ်။

၂။ ထိုသူဟာ ငါချစ်သူရဲ့ စီးပွားမဲ့ကို (၁)အယင်ကလဲပြုခဲ့ဘူးပြီ။ (၂)အခုလဲပြုနေတယ်။ (၃)နောင်လဲပြုအုံးမှာပဲဆိုပြီးတော့လဲ ဒေါသဖြစ်တတ်တယ်။

၃။ ထိုသူဟာ ငါမှန်းတဲ့သူရဲ့ အကျိုးစီးပွားကို (၁)အယင်ကလဲ ပြုခဲ့ဘူးပြီ။ (၂)အခုလဲ ပြုနေတုန်းပဲ။ (၃)နောင်လဲ ပြုအုံးမှာပဲ ဆိုပြီးတော့လဲ ဒေါသ ဖြစ်တတ်တယ်။
၄။ လေတိုက တိုက်ပြန်ပြီ မိုးရွာ ရွာပြန်ပြီ ခလုတ်တိုက် တိုက်ပြန်ပြီလို့ ဒီလိုဒေါသဖြစ်ဘို့ အရာဌာန မဟုတ်တဲ့ နေရာတွေမှာလဲ ဖြစ်တတ်တဲ့(၁)အကောပဋ္ဌာန ဒေါသကိုထဲ့ပြီး အာဃာတ ဝတ္ထုဆယ်ပါး ဖြစ်ပါတယ်။

ဒီဆယ်ပါးထဲမှာ ကိုယ့်အတွက် ဖြစ်ရတဲ့ ဒေါသကသုံးပါး။ ချစ်သူအတွက်ဖြစ်ရတဲ့ ဒေါသက သုံးပါး-ဆိုတော့ တဏှာလောဘကြောင့် ဖြစ်ရတဲ့ ဒေါသဟာ ဆယ်ပါးထဲမှာ ခြောက်ပါးတောင် ပါနေပါတယ်၊ အာဃာတ ဝတ္ထုဆိုတာ ရန်ညိုးဖွဲ့ခြင်းရဲ့ အကြောင်းလို့ ဆိုလိုပါတယ်။ ရန်ညိုးဖွဲ့ဆိုတာဟာလဲ ဒေါသနဲ့ ကင်းဖွဲ့လို့ ဖြစ်တာ မဟုတ်ပါဘူး။ ဒေါသနဲ့ ဖွဲ့ရတာ ဖြစ်ပါတယ်။

## လောဘကြောင့် ဒုက္ခဖြစ်ရတယ်

နန္ဒိသမုဒယာ-နန္ဒိဆိုတဲ့ တဏှာလောဘကြောင့်၊ ဒုက္ခသမုဒယော-ဒုက္ခဖြစ်တယ်-လို့ ဟောတော်မူပါတယ်။ ဒီနေရာမှာ နန္ဒိရယ် တဏှာရယ် ရာဂရယ် ကာမရယ်ဆိုတာ လောဘစေတသိက်ရဲ့ အမည်တွေလို့ မှတ်ခဲ့ပါ။ လောဘစေတသိက်ရဲ့ အမည်တွေဟာ ဒီလောက်တောင် မကပါဘူး။ ဒါပေမယ့် အခုဟောပြောနေတဲ့အခါမှာ အမည်တွေရှိသမျှ အလုံးစုံကုန်အောင် မသုံးနိုင်ပါဘူး။ ဖေါ်ပြပါ အမည်လောက်ကိုတော့ သင့်သလိုသုံးပြီး ဟောပြောသွားပါမယ်။ ပါဠိတော်နဲ့ အဋ္ဌကထာ များမှာလဲ

လောဘရဲ့ အမည်တွေကို သင့်သလိုပဲ မိန့်ဆိုဖွင့်ပြ သွားကြတာ ပါပဲ။ အခုဟောနေတဲ့ ပုဗ္ဗောဝါဒ သုတ်မှာ ဘုရားသျှင်က နန္ဒီလို့အမည်တပ် ဟောပါတယ်။ ဓမ္မပဒမှာ–တဏှာ လောကေ ဝိသတ္တိကာလို့ တဏှာအမည်နဲ့ ဟောပါတယ်။ နတ္ထိရာဂသမော အဂ္ဂိ–ဆိုတဲ့နေရာမှာ အမည်နဲ့ဟောပါတယ်။ ကာမတော ဇာယတိ သောကော–ဆိုတဲ့နေရာမှာ ကာမအမည်နဲ့ ဟောပါတယ်။ ဥပါဒါန ပစ္စယာ ဘဝေါ–ဆိုတဲ့နေရာမှာ ဥပါဒါန် အမည်နဲ့ ဟောပါတယ်။ လောဘရဲ့ အမည်တွေဟာ ဒီလိုပါပဲ အင်မတန် များပါတယ်။

## တဏှာလောဘ ဖြစ်ပုံ

နန္ဒီ ဆိုတာ တဏှာလောဘပဲလို့ သိထားခဲ့ကြပါပြီ။အကျိုး ဖြစ်တဲ့ ဒုက္ခကိုအသာထားပြီး အကြောင်းဖြစ်ထဲ့ တဏှာဖြစ်ပုံကို အယင်ပြောပြပါအုံးမယ်။စက္ခုဝိညေယျာ ရူပါ-စသည်ဖြင့် ဟောတော်မူထားတဲ့အတိုင်း တဏှာခြောက်မျိုး ရှိပါတယ်။ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ ဒီခြောက်မျိုးပါပဲ။ တဿတိ ပရိတဿတီတိ–တဏှာလို့ ဆိုတဲ့အတိုင်းတဏှာဆိုတာ ဆာလောင်မွတ်သိပ်တတ်ပါတယ်။သူနှစ်သက်လို့ ကြိုက်ပြီဆိုယင် ဝပြီ အီပြီလို့ မရှိပါဘူး။ အမြဲဆာလောင် နေတတ်ပါတယ်။အဆင်းရူပါရုံကို ကြိုက်နှစ်သက်ပြီဆိုယင် တခါ ကြည့်ပြီးလို့လဲမဝဘူး။ နှစ်ခါကြည့်ပြီးလို့လဲ မဝဘူး။ခဏခဏ ကြည့်ချင်တယ် မြင်ချင်တယ်။ မိဘတွေဟာ ကိုယ့်သား ကိုယ့် သမီးလေးတွေကို ကြည့်လို့မဝဘူးတဲ့။ သူတို့ကိုယ်တိုင်က ဖွင့်ဟ ပြောတာကို ကြားရဘူးပါတယ်။ စာသင်သားအဖြစ်နဲ့ မန္တလေး

မှာ စာသင်နေစဉ်က ဦးစန္ဒိမာဆိုတဲ့ ရဟန်းတော်တပါးနဲ့ အသိ အကျွမ်း ဖြစ်ခဲ့ဘူးပါတယ်။သူ့ရုပ်ဟာ သပ္ပါယ်လှပတဲ့ ရုပ်မဟုတ် ပါဘူး။ အမှန်အတိုင်း ပြောရယင် အကြည့်တန်ပါတယ်။ ဒါပေမယ့်တခါက ကိုယ့်အရပ်ဌာနကို ခဏပြန်ပြီး အိမ်မှာထိုင်နေ တဲ့အခါ သူ့အဖွား မကြီးဖြစ်သူက သူ့အနား ရောက်လာလာ ချင်း ဦးချ မကန်တော့သေးပဲ သူ့ကို ရှေ့ရောနောက်ရော လှည့် ပတ်ကြည့်ရှုသတဲ့။ ပြီးတော့မှ ဦးချကန်တော့ပြီး ဘယ်လိုပြော သလဲဆိုယင် အမယ်လေး ငါ့မြေးကြီးနှယ် ရှေ့ကကြည့်လို့လဲ မလှဘူး၊ နောက်ကကြည့်လို့လဲ မလှဘူး။ ဒါပေမယ့် ချစ်လိုက် ရတာမပြောပါနဲ့တော့—လို့ ပြောသတဲ့။ ဒီအကြောင်းကို ဦးစန္ဒိ မာကိုယ်တိုင် ပြောပြလို့သိရပါတယ်။ ဒီအဖွားကြီးဟာ သူ့မြေး ကြီးကို ချစ်တယ်။ အယင်တုန်းကလဲ ဒီမြေးကြီးကို ခဏခဏမြင် နေရတာပဲ။ဒါပေမယ့် ဒီလိုခဏခဏ ကြည့်ရမြင်ရတာကိုပဲ မဝနိုင် လို့ အိမ်ပြန်ရောက်လာတဲ့ မြေးကြီးကို အခန့်သင့်လို့ တွေ့ရပြန် တဲ့အခိုက် ထူးထူးခြားခြား ကြည့်တာပဲဆိုတာ မှန်းဆနိုင်ပါ တယ်။ ဒါတွေဟာ ကိုယ့်သား ကိုယ့် မြေး တွေ အပေါ် မှာ မျက်စိနဲ့ ကြည့်လို့မဝ ရှုလို့မဝနိုင်တဲ့ ရှုပနန္ဒီ ဒါမှမဟုတ် ရူပ တဏှာဖြစ်ပုံပါပဲ။

သဒ္ဒါရုံကို ကြိုက်နှစ်သက်ပြန်ယင်လဲ ဒီလိုပါပဲ။ ခဏခဏ ကြားနေချင်တာကို ကိုယ်တိုင်လဲ ကြားချင်ဘူးပါလိမ့်မယ်။ သူတပါး ကြားချင်တာကိုလဲ တွေ့ဘူးပါလိမ့်မယ်။ စိန်ဗေဒါ ကြီးလက်သံကို ကြိုက်နှစ်သက်ကြလို့ သာမှုမှာလဲ စိန်ဗေဒါ၊ နာမှုမှာလဲစိန်ဗေဒါ ငှားငှားပြီး နားထောင်လိုက်ကြတာ မပြော ပါနဲ့တော့။သာမညနာမှုများကို စိန်ဗေဒါက လိုက်မတီးပေမယ့်

ဘုန်းကြီးပျံလို နာမှုကျတော့ မနေသာပဲ တီးရသတဲ့။မာမာအေး ဆိုသံကိုကြိုက်လို့ ရေဒီယိုအသံလွှင့်ဌာနကို လှမ်းတောင်းတဲ့ သောတရှင်တွေ၊ တံတေးသိန်းတန် ဆိုသံကို လှမ်းတောင်းတဲ့ သောတရှင်တွေ၊ ချိုပြုံးဆိုသံကို ကြိုက်နှစ်သက်လို့ လှမ်းတောင်း တဲ့ သောတရှင်တွေ၊ ဒီလိုသောတရှင်တွေ အများကြီးပါပဲ။မြန် မာပြည်ရှိတဲ့ အသံလွှင့်ဌာနတွင် လှမ်းတောင်းလို့ အားမရသေး တာနဲ့ အိန္ဒိယ၊ ပါကစ္စတန်၊ အမေရိကန်အထိ လှမ်းတောင်းကြ သေးတာပဲ မဟုတ်လား။ ဒါတွေဟာ အသံဆိုတဲ့ သဒ္ဒါရုံတွေ ပေါ်မှာ နားထောင်လို့ မဝနိုင် မအီနိုင်တဲ့ သဒ္ဒနန္ဒီ ဒါမှမဟုတ် သဒ္ဒတဏှာ ဖြစ်ပုံတွေပါပဲ။

ဂန္ဓာရုံတွေကို ကြိုက်နှစ်သက်ရာမှာလဲ ဒီအတိုင်းပါပဲ။လျော့ တယ်မရှိပါဘူး။ ကြိုက်နှစ်သက်တဲ့ အနံ့ကလေးဆိုယင် ရှူလို့ အားရတယ် ဝတယ်လို့ မရှိပါဘူး။ကြိုက်နှစ်သက်တဲ့ အနံ့ဆိုယင် မွှေးတယ်လို့ထင်ပြီး ခဏခဏ ရှူချင်ရှိုက်ချင်တယ်။ စပယ်နံ့ ကြိုက်သူကလဲ စပယ်နံ့၊ နှင်းဆီနံ့ကြိုက်သူကလဲ နှင်းဆီနံ့၊ဒီလိုပဲ ကြိုက်ရာကြိုက်ရာအနံ့တွေကို ရှာကြံစုဆောင်းပြီး ရှူကြရှိုက်ကြ တာပါပဲ။ သနပ်ခါးစတဲ့ နံ့သာမှုံ့တွေ၊ရေမွှေးတွေဆိုတာ ရောင်း လို့တောင် မလောက်နိုင်အောင် ဂန္ဓာရုံဆိုတဲ့ အနံ့အရသာကို တွယ်တာစုံမက် နှစ်သက်သူတွေကလဲ ပေါပါတယ်။ တခါနဲ့လဲ တင်းတိမ်တယ် ဝတယ်လို့မရှိဘူး။ ထပ်ခါထပ်ခါ ရှူရရှိုက်ရ လို့လဲ တင်းတိမ်တယ် ဝတယ်မရှိဘူး။ ဒါတွေဟာ ဂန္ဓာရုံအနံ့ နဲ့စပ်လို့ ဃာနဒွါရမှာဖြစ်တဲ့ ဂန္ဓနန္ဒီ—ဂန္ဓတဏှာ ဖြစ်ပုံပါပဲ။

ဇိဝှာဒွါရမှာ ဖြစ်နိုင်တဲ့ရသာရုံဆိုတဲ့အရသာကတော့ ပုဂ္ဂိုလ် သတ္တဝါတွေရဲ့ အသက်ရှင်နေမှုနဲ့လဲ ဆက်စပ်နေတယ်။ လျှာ

အတွက်မဝါးရ မစားရလို့ရှိယင် မဖြစ်ဘူး။ စားချိန် ကျယင် စားရဝါးရမှုဖြစ်တယ်။ ဒါပေမယ့် အသက်ရှင်နေမှုလောက်သာ သဘောထား စားကြတာကမဟုတ်ပါဘူး။ အရသာကောင်းသ ထက်ကောင်းအောင် ပြုပြင်ပြီး ကောင်းကောင်းလေးမှ စားချင် ကြတယ်။ ချက်နည်းပြုတ်နည်းတွေစုဆောင်းပြီး ချက်ပြုတ် စား သောက်ကြရတယ်။ အပြစ်လွတ်တဲ့ ဟင်းရွက်သစ်သီးလောက်နဲ့ မပြီးနိုင်ကြပဲ အပြစ်မကင်းတဲ့ အသက်တွေသတ်ပြီး အသားကို ကျော်လှော်ချက်ပြုတ်စားကြတယ်။ နှစ်သက်တဲ့ အရသာကလေး ကို စားရတယ်ဆိုယင် ဒီအရသာကလေးကို မမေ့နိုင်ပဲ အမှတ် တရဖြစ်နေတတ်ကြတယ်။ ဘယ်တုန်းက ဘာနဲ့ စားခဲ့ရတာ အင်မတန်ကောင်းတာပဲ၊ အဲဒီတုန်းကစားခဲ့ရတာကို မမေ့ပါ ဘူး အခုထိအမှတ်ရနေသေးတယ်-လို့ သူတို့ကြိုက်တဲ့ အရသာ ကို ပြန်ပြီးပြောတတ်ကြတယ်။ ဘယ်အလူကတော့ ကြက်သား ဒန်ပေါက်ကျွေးမှာတဲ့ဆိုယင် ဒန်ပေါက်ကြိုက်သူတွေဟာ အလှူ နေ့ရောက်ဖို့ တမျှော်မျှော် ဖြစ်နေတတ်ကြတယ်။ ကောဘတ္တိက လုလင်ဆိုယင် သူစားလိုတဲ့ တသိန်းတန် အရသာကို သုံးနှစ် လုံးလုံးကျွန်ခံပြီး မျှော်လင့်စောင့်စားခဲ့ဘူးတယ်။ ဒါတွေဟာ ဇိဝှာဒွါရမှာဖြစ်တဲ့ ရသာရုံအပေါ် တပ်နှစ်သက်တဲ့ ရသနန္ဒီ- ရသတဏှာတွေပါပဲ။ ဒီရသတဏှာတွေဟာ တကြိမ်တခါနဲ့ပြီးတာ မဟုတ်ပါဘူး။ အမြဲဆာလောင်နေတတ်ကြပါတယ်။

ကာယဒွါရမှာဖြစ်တဲ့ တဏှာလောဘနဲ့ စပ်လိုလဲ နူးညံ့တဲ့ မွေ့ရာပေါ်မှာ အိပ်လိုက်ချင်တာတွေ၊ ခေါင်းအုံးကလေး ဖြစ် ကနဲ နူးညံ့လှတဲ့ လဲဝါ သွင်းပြီး အုံးလိုက်ချင်တာတွေ၊ ကား တွေ ရထားတွေကိုစီးနင်းလိုက်ပါလာတဲ့အခါ ကူရှင်ပါတဲ့ထိုင်ခုံ

ပေါ်မှ ထိုင်ချင်တာတွေ-ဒီလို နူးညံ့ကောင်းမွန်တဲ့ အတွေ့အကြုံတွေကို နှစ်သက်ကြတယ်။ ဒါတွေဟာ ကာယဒွါရမှာ ဖြစ်တဲ့ ဖောဋ္ဌဗ္ဗာရုံကိုနှစ်သက် ဆာလောင်တဲ့ ဖောဋ္ဌဗ္ဗနန္ဒီ-ဖောဋ္ဌဗ္ဗတဏှာ ဖြစ်ပုံတွေပါပဲ။

မနောဒွါရမှာဖြစ်နိုင်တဲ့ ဓမ္မာရုံတွေဆိုတာက အင်မတန်များတယ်။ ပသာဒရုပ် ငါးပါး၊ သုခုမရုပ်-တဆယ့်ခြောက်ပါး၊ စိတ် ရှစ်ဆယ့်ကိုး၊ စေတသိက် ငါးဆယ့်နှစ်၊ ပညတ်မျိုးစုံနဲ့ နိဗ္ဗာန် ဖြစ်ပါတယ်။ နိဗ္ဗာန်ဆိုတာကတော့ တဏှာလောဘက အာရုံ မပြုနိုင်လို့ တဏှာလောဘနဲ့ စပ်ပြီးပြောဟောနေတဲ့ နေရာမှာ ထဲ့သွင်းဘို့ မလိုသေးပါဘူး။ တဏှာလောဘက အာရုံပြုပြီး တဏှာလောဘ ဖြစ်နိုင်တဲ့အာရုံတွေကိုသာ ဒီနေရာမှာ ပြောဘို့ ဟောဘို့လိုပါတယ်။ ဒီဓမ္မာရုံတွေကို မျက်စိနဲ့လဲမမြင်နိုင်၊ နား နဲ့လဲမကြားနိုင်၊ နှာခေါင်းနဲ့လဲ မနံနိုင်၊ လျှာနဲ့လဲ မလျက် နိုင်၊ ကိုယ်နဲ့လဲ မတွေ့မထိနိုင်ပါဘူး။ စိတ်ထဲမှာသာ သိနိုင်တဲ့ အာရုံတွေ ဖြစ်ပါတယ်။ ပသာဒရုပ်ဆိုတာ မျက်စိထဲက မျက်စိ အကြည်၊ နားထဲကနားအကြည်၊ နှာခေါင်းထဲက နှာအကြည်၊ လျှာထဲက လျှာအကြည်၊ ကိုယ်ထဲက ကိုယ်အကြည်တွေဖြစ်တယ်။ သုခုမရုပ်ဆိုတာ ယိုစီးမှု ဖွဲ့စည်းမှုဆိုတဲ့ အာပေါရုပ်တို့၊ မိန်းမ ဖြစ်ကြောင်း၊ ယောကျ်ား ဖြစ်ကြောင်းဖြစ်တဲ့ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်တို့-စတဲ့ သိမ်မွေ့တဲ့ ရုပ်တွေဖြစ်တယ်။ စိတ်ဆိုတာက အကုသိုလ်စိတ်၊ အဟိတ်စိတ်-စတဲ့စိတ်တွေ၊ စေတသိက်ဆိုတာက ဖဿ-ဝေဒနာ-စတဲ့ စေတသိက်တွေ၊ ပညတ်ဆိုတာက မိန်းမ သဏ္ဌာန်၊ ယောကျ်ား သဏ္ဌာန်စတဲ့ သဏ္ဌာနပညတ်တွေ-ဒီလို ပညတ်တွေ ဆိုတာကလဲအများကြီးပါပဲ။ ဒီအာရုံတွေအပေါ်မှာ

တဏှာလောဘဖြစ်ပုံတွေကို အတိုချုံးပြောရယင် ပသာဒရုပ်တွေ ကြည်လင်တာကိုလဲ နှစ်သက်တယ်။ ဥပမာ မျက်စိကြည်လင်တို့ နားကြည်လင်တို့ နှစ်သက် လိုလားမှုမျိုးတွေပေါ့။ စိတ်ချမ်းသာ ချင်တယ်၊ ဥာဏ်ကောင်းချင်တယ်၊ ဒီလို လိုလားတောင့်တ သာယာမှုတွေဟာ မနောဒွါရမှာဖြစ်နိုင်တဲ့ ဓမ္မာရုံတွေ အပေါ် ဖြစ်တဲ့ ဓမ္မနန္ဒီ-ဓမ္မတဏှာတွေဖြစ်ပါတယ်။ ဒါတွေဟာ ဒွါရ ခြောက်ပါးမှာ ဖြစ်တတ်တဲ့ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာဆိုတဲ့ တဏှာခြောက်ပါး ဖြစ်ပုံတွေပါပဲ။ ကိုင်း-မှတ်ရအောင် လိုက်ဆိုကြ-

ဒွါရခြောက်လီ၊ နန္ဒီတဏှာ၊ ဖြစ်ပေါ်လာ၊ ဘယ်ခါမဝ ဆာလောင်သည်။

## တဏှာတရားရှစ်

ဒီလိုဒွါရခြောက်ပါးမှာ ဖြစ်ပေါ်လာတဲ့ အာရုံခြောက်ပါး ကို နှစ်သက်ဆာလောင်တဲ့ တဏှာခြောက်ပါးဟာ ပြောပြခဲ့တဲ့ အတိုင်း ကာမဂုဏ်သက်သက်ကို နှစ်သက်ဆာလောင်တဲ့ တဏှာ က ကာမတဏှာ၊ ဘဝနဲ့စပ်ပြီး အဆိုပါအာရုံတွေ မပျက်မစီး အမြဲတည်ရှိတဲ့အနေနဲ့ နှစ်သက်ဆာလောင်တဲ့ တဏှာက ဘဝ တဏှာ၊ သေပြီးတဲ့နောက် ဒီအာရုံတွေ တခါထဲ နောက်ထပ် မဖြစ်ဘော့ပဲ ပြတ်စဲသွားတဲ့ အနေနဲ့ နှစ်သက် ဆာလောင်တဲ့ တဏှာက ဝိဘဝတဏှာ-ဆိုတာ ရှိသေးတယ်။ ပေါင်းလိုက်ယင် ကာမတဏှာက(၆)ပါး၊ ဘဝတဏှာက (၆)ပါး၊ ဝိဘဝတဏှာ က (၆)ပါး။ အားလုံး (၁၈)ပါး။ ဒီ-၁၈-ပါးဟာ ကိုယ် တွင်းကိုယ်ပ သန္တာန် နှစ်ပါးစလုံး ဖြစ်နိုင်တာဖြစ်လို့ သန္တာန်

နှစ်ပါးနဲ့ မြှောက်လိုက်ရင်-၁၈-နှစ်လီ(၃၆)ဖြစ်တယ်။ ပီးတော့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်-သုံးပါးလုံးဖြစ်နိုင်လို့ ကာလသုံးပါးနဲ့မြှောက်-၃၆-သုံးလီ(၁၀၈)ဖြစ်ပါတယ်။

## ဆင်းရဲကို သိဘို့လိုတယ်

နန္ဒီဆိုတဲ့ တဏှာလောဘ ဖြစ်ခြင်းကြောင့် ဆင်းရဲဖြစ်ရတယ်လို့ ပုဏ္ဏမထေရ်ကို ဘုရားသျှင်က ဟောတော်မူပါတယ်။ နန္ဒီဆိုတဲ့ တဏှာဖြစ်ပုံတွေကိုတော့ ပြောပြီးလို့ သိတန်သလောက်သိခဲ့ကြရပြီ။ ဆင်းရဲဆိုတာကို မပြောရသေးလို့ သိအောင်ပြောပြဘို့ လိုနေပါသေးတယ်၊ ဆင်းရဲဆိုတာ ဘာတွေလဲ ဒီလိုမေးယင် ဘယ်လိုဖြေကြမလဲ။ ဆင်းရဲတယ် ဆင်းရဲတယ်လို့ လူတိုင်းပြောနေကြတယ်မဟုတ်လား။ ပြောသာနေကြတယ် စနစ်တကျမေးလာပြီဆိုယင် စနစ်တကျဖြေဘို့ကျတော့ ယောင်ဝါးဝါးဖြစ်သွားတတ်ကြပါတယ်။ ဆင်းရဲတာကတော့ ဆင်းရဲနေကြတာပဲ။ ကိုယ်လဲ ဆင်းရဲနေတာပဲ၊ သူတပါးဆင်းရဲတာကိုလဲ သိနေကြရတာပဲ။ ဒါပေမယ့် အမှတ်တမဲ့ဆိုယင် ဆင်းရဲဆိုတာ ဘာတွေမှန်းမသိပဲ ဖြစ်နေတတ်ကြတယ်။ တခါက ဆင်းရဲကြောင်းတွေကို ပြောဆိုနေကြစဉ် ဆင်းရဲကို ဒီလူ ဘယ်လိုဘယ်ပုံ သိနေသလဲဆိုတာ သိချင်တာနဲ့-

ဆင်းရဲတယ်ဆိုတာ ဘာတွေလဲ-လို့ မေးကြည့်လိုက်ပါတယ်။ ဒီတော့ သူက ဘယ်လိုပြောသလဲဆိုယင်-

အသျှင်ဘုရားက အထူးအဆန်းလုပ် မေးနေပြန်ပါပြီ။ဆင်းရဲဆိုတာ ဘာတွေရမှာလဲ၊ ဆင်းရဲတွေဆိုတာ ဆင်းရဲတွေပေါ့၊ သူရောငါရော လူတိုင်း ဆင်းရဲနေကြတာပဲတဲ့။ဒီလိုပြောပါတယ်။

အင်းတန်တော့ ဒီလူဟာ ဆင်းရဲတာကိုတော့ သိတယ်။ ဆင်းရဲတာ ဘာတွေလဲဆိုတာကိုတော့ သူမသိဘူး။ အမှတ်တမဲ့ သတိမထားပဲ နေလာတဲ့လူပဲလို့ မှတ်ချက်ချပြီး စကားရှည်နေမှာစိုးလို့ တခြားပြောလက်စ စကားကိုသာ ပြောလိုက်ရဘူးပါတယ်။

## ဆင်းရဲဆိုတာ မခံသာမှုပဲ

ဒုက္ခမတိကိ ဒုက္ခံ။ ဒုခမတိတိ၊သည်းခံနိုင်ခဲသောကြောင့်။ဒုက္ခံ၊ ဒုက္ခမည်တယ်တဲ့။ သည်းခံနိုင်ခဲတယ်ဆိုတာ သည်းခံလို့မလွယ်ဘူးလို့ ဆိုလိုပါတယ်။ ဆင်းရဲဆိုတာ အဲဒီမခံသာမှုတွေပဲဖြစ်ပါတယ်။ သည်းခံနိုင်ခဲတာနဲ့ မခံသာမှုဆိုတာ အတူတူပါပဲ။ မခံသာရင်တော့ ဆင်းရဲပြီဆိုတာ မှတ်ပေတော့။ မခံသာတာတွေက ဘယ်သူတွေလဲဆိုယင် ဣမေ ပဉ္စက္ခန္ဓာ ဒုက္ခာ၊ဣမေ ပဉ္စက္ခန္ဓာ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ မခံသာကြကုန်-လို့ ဟောတော်မူတဲ့အတိုင်း မခံသာသူတွေကတော့ခန္ဓာငါးပါး ရုပ်နာမ်တရားတွေပဲ ဖြစ်ပါတယ်။ အမှန်က ခန္ဓာငါးပါးနဲ့ မခံသာမှုဆိုတာဟာ တခြားတပါးစီ မဟုတ်ပါဘူး။ မခံသာတာလဲ ခန္ဓာငါးပါး။ ခန္ဓာငါးပါးသည်ပင် မခံသာတာပါပဲ။အဘေဒူ ဘေဒါပ စာရနည်းနဲ့မပြားသော်လဲ နားလယ်အောင် ပြားသလိုလုပ်ပြီး ပြောရတယ်။ဘယ်ပုဂ္ဂိုလ်သတ္တဝါမဆို ခန္ဓာငါးပါး မဖြစ်လာတော့ပဲ ချုပ် ငြိမ်း သွား ပြီဆို ယင် ဆင်းရဲတွေလဲ တခါထဲ ချုပ်ငြိမ်း သွားရပါတယ်။ ဆင်းရဲတွေ ချုပ်ငြိမ်း သွားပြီဆိုယင်လဲ ခန္ဓာငါးပါးစလုံး ချုပ်ငြိမ်းပြီးသား ဖြစ်သွားရပါတယ်။

နာလို့ရှိယင် မနာအောင် ပြုပြင်ပေးကြတယ်။ ထိုင်နေရလို့ နာယင် ရပ်ယင်ရပ် ထသွားယင်သွား၊ သွားနေရလို့ နာပြန်ယင် ထိုင်ယင်ထိုင် အိပ်ယင်အိပ်–ဒီလိုပဲ ဣရိယာပုတ်တွေကို ပြောင်းပြောင်း ပေးကြရတယ်။ ဒီလိုလုပ်လို့မှ မခံသာသေးယင် ဆေးဆရာ့ထံဖြစ်ဖြစ် ဆေးရုံရှိရာဖြစ်ဖြစ် ချဉ်းကပ်ကြရတယ်။အနဲဆုံး ယားတယ်ဆိုယင်တောင် ယားတာကိုဒီအတိုင်းမထားဘူး။လက်နဲ့ ပွတ်ပြီး ယားတာကို ဖျောက်ပစ်တယ်။ ဒီလိုနာတာကို နာတဲ့အတိုင်း မထားတာ၊ ယားတာကို ယားတဲ့အတိုင်း မထားတာတွေဟာ မခံသာလို့ ပျောက်တဲ့နည်းနဲ့ ဖျောက်ပစ်နေကြတာပါပဲ။ မခံသာမှုဆိုတာ သေးငယ်တဲ့ မခံသာမှုလဲရှိတယ်။ ကြီးကျယ်တဲ့ မခံသာမှုလဲရှိတယ်။ သေးငယ်သည်ဖြစ်စေ ကြီးကျယ်သည်ဖြစ်စေ မခံသာမှုဟာ မခံသာမှုပါပဲ။ မခံသာတာမှန်သမျှ အကုန်လုံး ဆင်းရဲချည်း ဖြစ်ပါတယ်။ အမှတ်ရလို့ ပြောရအုံးမယ်။ ရဟန်းတော်တပါးမှာ သိမ်းထားတဲ့ပစ္စည်း သူခိုးခိုးသွားလို့ ပျောက်ဆုံးသွားတဲ့အခါ သူက ဘယ်လိုပြောသလဲဆိုယင် ပစ္စည်းဆုံးတာ မနှမြောပါဘူး၊ သူ့ပစ္စည်းကိုမှ သူ့ကိုမရှိမသေ ဒီလိုလုပ်သွားတာကို မခံချင်တာပါပဲ–လို့ ပြောပါတယ်။ဒီတော့ အနီးရှိ ကိုယ်တော်တပါးက ဟာ ကိုယ်တော်မခံချင်တာက နည်းမဟုတ်ပါဘူး၊ သူခိုးပဲ လိုချင်တဲ့ပစ္စည်းကိုတွေ့လို့ ခိုးတာဟာ ဘယ်လူ့ကို ရိုသေနေလိမ့်မှာလဲ။ ရှင်ဘုရင့် ပစ္စည်းကိုတောင် ရအောင်ခိုးတာပဲ–လို့ ဝင်ထောက်လိုက်ပါတယ်။ ပစ္စည်းပျောက်လို့ စိတ်မချမ်းသာ ဖြစ်နေရတဲ့အထဲ ဒီလိုဝင်ပြောလိုက်တော့ သူ့စိတ်ထဲ ထပ်ပြီး မခံသာမှုတမှု တိုးသွားပြန်တယ်။ဒီတော့သူက တပည့်တော်စိတ်နဲ့ တပည့်တော် မခံချင်တာကို ကိုယ်တော်နဲ့ဘာ

ဆိုင်သလဲ။ ကိုယ်တော် ဝင်ရှုပ်စရာ မလိုပါဘူး အနေသာကြီး ပါ-လို့ ပြောပြန်ပါတယ်။ ရှေ့ဆက်ပြောယင် အဆင်မပြေတော့မှာသိလို့ ဘပါးပုဂ္ဂိုလ်က နောက်ထပ်မပြောတော့ပဲ ဆိတ်ဆိတ် နေလိုက်တော့တယ်။ အခိုးခံရတဲ့ ရဟန်းတော်ဟာ သံဃာဝါး ဆယ်လောက်ရှိတဲ့ စာသင်တိုက်ကြီး တတိုက်မှာ အုပ်ချုပ်နေတဲ့ တိုက်အုပ် ဘုန်းတော်ကြီးရဲ့ညီအရင်းဖြစ်လို့ တိုက်အုပ်ဘုန်းတော် တော်ကြီးရဲ့ မျက်နှာနဲ့ တိုက်သံဃာတွေက နဲနဲအရေးပေးခံလာ ရတာဖြစ်တယ်။ဒါကြောင့် သံဃာတော်တွေက အရေးပေးသလို သူခိုးကလဲ သူ့ကို အရေးပေးစေချင်ဟန် တူပါတယ်။

## မခံသာပေမယ့် ခံရတယ်

မခံသာသမျှ အရာတွေဟာ ဆင်းရဲတွေချည်းဖြစ်လို့ ဘယ်သူမှ မခံချင်ကြပါဘူး။ဒါပေမယ့် ဘယ်တတ်နိုင်မှာလဲ ဖြစ်လာပြီဆိုယင် ခံရတာပဲ။ အဆိုပါ တိုက်အုပ်ဘုန်းတော်ကြီးရဲ့ညီ ရဟန်းတော်မှာလဲ သူ့ကို သူခိုးက မငုံမသေနဲ့ခိုးတာကို သူ့စိတ်ထဲ မခံသာမှုတွေ ဖြစ်နေတာ ထင်ရှားတယ်။ ဒါပေမယ့် သူဘာတတ်နိုင်သလဲ။ သူခိုးကခိုးသွားပြီးလို့ ဖြစ်လာတဲ့ မခံသာမှုကို ခံနေရတော့တာပဲ မဟုတ်လား။ ဒီလိုပါပဲ တွေ့လာပြီဆိုယင် မခံသာတဲ့ ဆင်းရဲတွေကို မခံချင်ပေမယ့် ခံကြရပါတယ်။ ပြီးတော့ မခံသာမှု ဆင်းရဲတွေဆိုတာကလဲ မရေမတွက်နိုင်အောင် အင်မတန်များပြားတယ်။ စုပုံထားလို့သာ ဖြစ်မယ်ဆိုယင် ထားဘို့တောင် လုံလောက်တဲ့နေရာ ရှိမယ်မဟုတ်ပါဘူး။

ပုဂ္ဂိုလ် သတ္တဝါတွေဟာ တဦးထဲ သီးခြားကင်းပြီး နေလို့ ထိုင်လို့ ဖြစ်ကြတာ မဟုတ်ပါဘူး။ အချင်းချင်း ရောနှောနေကြ

ထိုင်ကြရတာဖြစ်တယ်။ဒီလိုသာ ရောနှောနေထိုင်ကြတယ်၊တဦးနဲ့ တဦး သင့်တင့်ညီညွတ်တယ်လို့ မရှိကြဘူး။ ရန်သူအချင်းချင်း လည်ပင်းဖက်နေကြရသလို တဦးနဲ့တဦး ဆဲကြ၊ဆိုကြ၊ခုတ်ကြ၊ ထစ်ကြ၊ ရိုက်ကြ၊ နှက်ကြ၊ တိုက်ကြ၊ ခိုက်ကြနဲ့ရန်ဖြစ်နေကြတာ ပဲ။ မတွဲအတူနေဆိုတဲ့အတိုင်း မတွဲတွဲ့လူတွေချည်း စုနေကြသလို ဖြစ်နေကြပါတယ်။ဒီတော့မခံသာမှုဆင်းရဲတွေဟာ ဘယ်လောက် တောင် များတယ်ဆိုတာ လက်ချိုး ရေတွက်လို့ မရနိုင်ပါဘူး။ ဒါကြောင့် တိုတောင်းလှတဲ့ လူတို့ သက်တမ်းကလေး အတွင်း မှာမခံနိုင်စရာ မခံသာမှုဆင်းရဲတွေထဲ ဦးခေါင်းဖော်မရအောင် နစ်မွန်းနေကြရပါတယ်။

## သက်သာလိမ့်နိုး ရှာကြံကြတယ်

ဆင်းရဲက လွတ်ကင်းတဲ့ နေရာရယ်လို့ ဘဝတွေအတွင်းမှာ ဘယ်နေရာမှာမှ မရနိုင်ပါဘူး။ မခံသာတဲ့ ဒီဆင်းရဲတွေဟာ ဘယ်နေရာမှာမဆို ရှိလျက်ချည်း ဖြစ်နေပါတယ်။ ဒါပေမယ့် ဘဝအတွင်း ဆင်းရဲကင်းတဲ့နေရာ ရှိလိမ့်အုံးမယ် အထင်နဲ့ ဒီနေ ရာက ဆင်းရဲတော့ ဟိုနေရာပြောင်း၊ ဟိုနေရာက ဆင်းရဲတော့ ဒီနေရာပြောင်း ဒီလိုပြောင်းပြောင်းပြီး ဆင်းရဲကင်းရာကို ရှာတတ် ကြပါတယ်။ ဒီနေရာက ဟိုနေရာ ပြောင်းရုံလောက်သာ လားဆို တော့ မဟုတ်သေးပါဘူး။ ဒီနိုင်ငံက ဆင်းရဲတော့ ဟိုနိုင်ငံ ခိုလှုံခွင့်တောင်း၊ ဟိုနိုင်ငံက ဆင်းရဲတော့ ဒီနိုင်ငံ ခိုလှုံခွင့်တောင်း၊ ဒီလိုလဲ တနိုင်ငံနဲ့ တနိုင်ငံ ပြောင်းပြီးရှာကြသေးတယ်။ ပီးတော့ ဘဝ ပြောင်းရှာတာတောင် ရှိကြသေးတယ် မဟုတ်လား။ သူ့ဘာသာသူ ပြောင်းမယ့်ဘဝကို စောင့်မနေနိုင်ကြပဲ မောင်း

လာတဲ့ မီးရထားကြီးရှေ့က မှောက်အိပ်လို့အိပ်၊ သေနတ်ပြောင်းဝကို ပါးစပ်ထဲငုံပြီး သေနတ်မောင်းကို ဖြုတ်လို့ဖြုတ် ရေထဲခုန်ချလို့ချ၊ အဆိပ်သောက်လို့ သောက်နဲ့ ဒီဘဝတွေလာတဲ့ ဆင်းရဲကို မခံနိုင်ကြလို့ ပခုံးပြောင်းပြီး ဟိုဘက်ဘဝမှာ ဆင်းရဲကင်းလိမ့်မယ် အထင်နဲ့ ရှာကြံကြံကြ ဒီလိုလုပ်ကြတယ်။

ထင်တဲ့အတိုင်း တကယ်ဆင်းရဲကင်းတာ မဟုတ်ပါပဲ ဒီလိုမတော်လောဘ အလုပ်တွေကို မပြုမလုပ် သင့်ကြပါဘူး။ ဒီဘက်ဘဝလိုပဲ ဟိုဘက်ဘဝ ဆင်းရဲတွေက အသင့်စောင့်သလိုစောင့်နေတဲ့ ဆင်းရဲတွေ ရှိနေကြပါတယ်။ ဘဝဆင်းရဲက လွတ်မြောက်အောင် လုပ်ချင်တယ်ဆိုယင် ဒီလိုလုပ်လို့ မလွတ်မြောက်နိုင်ပါဘူး။ အင်မတန် ပြင်းထန် ကြမ်းတမ်းလှတဲ့ အကုသိုလ်ဇောတွေနဲ့ ဘဝပြောင်းရတဲ့ ဒီပြောင်းနည်းတွေနဲ့သာ ဆိုယင်ဟိုဘက်ဘဝမှာ ဒီထက်ပိုတဲ့ ဆင်းရဲနဲ့တောင် တွေ့ကြရဦးမှာပါတယ်။ ဆင်းရဲကင်းတဲ့ ဘဝ လွတ်မြောက်ရေး နည်းလမ်းတွေကိုဘုရားသျှင် ဟောကြားညွှန်ပြထားတာ အထင်အရှား ရှိအနေသားပဲ။ ဘုရားသျှင် ညွှန်ပြတဲ့အတိုင်း ဇွဲကောင်းကောင်းနဲ့ လိုက်နာပြုလုပ်သွားမယ် ဆိုယင် ဆင်းရဲမှန်သမျှ တကယ်တမ်း ကင်းရှင်းလွတ်မြောက် သွားနိုင်ပါတယ်။ တကယ်တမ်း ဆင်းရဲလွတ်မြောက်နိုင်တဲ့ ဘုရားဟော နည်းလမ်း ရှေ့နားကျ ပါလာပါလိမ့်မယ်။

ဆင်းရဲက ဆင်းရဲက တကယ်တမ်း လွတ်အောင် မတတ်နိုင်သေးဘူး ဆိုယင်လဲ ဆင်းရဲကို ရင်ဆိုင်နိုင်အောင် ကြိုတင်ပြင်ဆင်ထားဖို့ ကောင်းပါတယ်။ ဘယ်လိုကြိုတင် ပြင်ဆင်ထားရ

မလဲဆိုယင် ဘယ်ဘဝမှာမဆို ဆင်းရဲတွေ ရှိတာချည်းပဲ၊ ဘဝက မလွတ်မြောက်သေးယင် ဘယ်သူမဆို ဘဝဆင်းရဲတွေနဲ့ တွေ့ကြုံရမှာချည်းဖြစ်တယ်၊ ဘဝက မလွတ်သေးတဲ့ ငါလဲပဲ ဒီဆင်းရဲတွေနဲ့ မလွတ်ဘမ်း တွေ့ရမှာပဲ-လို့ ကြိုတင်ပြီး နှလုံးသွင်းထားပါ။ ဒီလိုအဖန်ဖန် နှလုံးသွင်းထားယင် မမှန်ကန်တဲ့ ဘဝပြောင်းနည်းမျိုးတွေ မသုံးရပဲ ဆင်းရဲနဲ့ ရင်ဆိုင်နိုင်ပါလိမ့်မယ်။ ကိုင်း-ကြိုတင်ပြီး သတိနဲ့ နှလုံးသွင်းထားရအောင် ဘဝနဲ့ မကင်းသူတိုင်း ဖြစ်နိုင်တဲ့ ဆင်းရဲတွေကို ဓမ္မစက္ကပဝတ္တနသုတ်တွင် ဘုရားသျှင် ဟောကြားထားတဲ့ အတိုင်း နာကြား ကြရအောင်။

> ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊
> ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော
> မရဏမ္ပိ ဒုက္ခံ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော
> ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န
> လဗ္ဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဥ္စုပါဒါ
> နာက္ခန္ဓာ ဒုက္ခာ။

ဘိက္ခဝေ-ရဟန်းတို့။ ခေါပန-စင်စင်။ ဣဒံ- ဤဆိုအပ်လတ့်သည်ကား။ ဒုက္ခံ အရိယသစ္စံ-အရိယာတို့ အမှန်သိအပ်တဲ့ ဆင်းရဲပေတည်း။ ဇာတိပိဒုက္ခာ- ဘဝအသစ် ဖြစ်ရခြင်းသည်လဲ ဆင်းရဲ၏။ မရဏမ္ပိ ဒုက္ခံ-သေရခြင်းသည်လဲ ဆင်းရဲ၏။ အပ္ပိယေဟိ သမ္ပယော ဂေါ ဒုက္ခော၊ မချစ်မနှစ်သက်အပ်တဲ့ အာရုံဝတ္ထုပုဂ္ဂိုလ်သတ္တဝါတို့နဲ့ တွေ့ဆုံရင်းနှီး ပေါင်းသင်း ဆက်ဆံရခြင်းသည်လဲဆင်းရဲ၏။ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော-ချစ်ခင်အပ်တဲ့ အာရုံဝတ္ထု ပုဂ္ဂိုလ်သတ္တဝါတို့နဲ့ မနီးဝေးရာကွဲကွာရခြင်းသည်လဲ

ဆင်းရဲ၏။ ယပ္ပိစ္ဆံ နလဗ္ဘတိ တမ္ပိ ဒုက္ခံ-လိုသည်ကိုမရ မရသည်ကို လိုချင်ခြင်းသည်လဲ ဆင်းရဲ၏။ သံခိ တ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ အကျဉ်းချုပ်အားဖြင့် ငါ ငါ့ဥစ္စာလို့ မှတ်ဆင်စွဲလန်းနိုင်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်လဲ ဆင်းရဲကုန်၏။

ဘဝသစ်မှာဖြစ်လာတဲ့ ပဋိသန္ဓေနေရတာလဲ ဆင်းရဲတာပဲတဲ့။ လူဆိုယင် ဆယ်လ,ကိုးလတောင် အမိဝမ်း ခေါင်း ထဲမှာ အောင်းနေရတဲ့ ဆင်းရဲဟာ မသက်သာပါဘူး။အမိဝမ်းက လွတ်လာပြီးတဲ့နောက် တဖြေးဖြေး ရင့်ရော် အိုမင်း ယိုယွင်း လာရတာလဲ ဆင်းရဲတာပဲတဲ့။ တချို့လူအိုကြီးတွေ ငြီးတာငြူတာကို ကြားရဘူးပါတယ်။ ဒီလို အိုမင်းမစွမ်းဖြစ်နေရတာထက် သေရဟာက ကောင်းပါသေးတယ်တဲ့။ သေချင်စော်နံအောင် ဆင်းရဲတဲ့ အိုဆင်းရဲဆိုတာ ထင်ရှားတာပေါ့။ဖျားရနာရတာလဲ ဆင်းရဲတာပဲတဲ့။သံခဲ ကျောက်ခဲတွေ မဟုတ်ပဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ် တွေဆိုတော့ အကြောင်း မညီညွတ်ပြီဆိုယင် ဖျားတတ်,နာတတ်ပါတယ်။နဲနဲပါးပါး ဖျားတတ် နာတတ်တာလဲရှိတယ်။တခါတရံ သေလုနီးဖျားတတ် နာတတ်တာလဲရှိတယ်။တခါတရံသေအောင် ဖျားတတ် နာတတ်တာတွေလဲ ရှိတာပဲ။ နဲနဲဖျားနာယင် နဲနဲ ဆင်းရဲတယ်။ သေလုနီးဖျားနာယင် သေလုနီးဆင်းရဲပြီး သေအောင်ဖျားနာယင် သေအောင်ဆင်းရဲတာပဲ။ ပြီးတော့ သေရတာလဲ ဆင်းရဲတာပဲတဲ့။မသေပဲတော့ ဘယ်သတ္တဝါမှ မနေရပါဘူး။ ပဋိသန္ဓေနေပြီး ဘဝသစ်မှာ ဖြစ်လာတယ်ဆိုယင် သေရမှာကတော့ သေချာလှပါတယ်။

တချို့များ သေရမှာ ဘယ်လောက်ဆင်းရဲသလဲဆိုယင် သေရတော့မယ်လို့ သိတဲ့အခါ အမေကယ်ပါ အဘကယ်ပါနဲ့ ကယ်

ပါယူပါ တစာစာနဲ့ တောင်းခံတတ်ကြတယ်။ ဆရာရယ် မကယ်နိုင်တော့ဘူးလားလို့လဲ အားလျော့တဲ့အနေနဲ့ ဆရာကို အသနားခံတတ်ကြတယ်။ ဒီလောက်တောင် သေရမှာကြောက်တဲ့ ဆင်းရဲကို ခံကြရတယ်။ ဒီလိုဆင်းရဲတွေအပြင် မချစ်မနှစ်သက်တဲ့ အာရုံဝတ္ထု ပုဂ္ဂိုလ် သတ္တဝါတွေနဲ့ နီးနီးကပ်ကပ် အတူနေရတာလဲ ဆင်းရဲတာပဲတဲ့။ တအိမ်ထဲအတူနေပြီး သတ်ပုတ်နေကြရတာတွေ၊ တရွာထဲအတူနေပြီး ရန်ကန်ကန္ဒား ရောက်နေကြရတာတွေ၊ ဗိုလ်ယက်နမ် ဗီယက်နမ်ချင်း၊ လော လောချင်း၊ ဂျာမနီ ဂျာမနီချင်း တနိုင်ငံထဲအတူနေပြီး တိုက်ခိုက်နေကြတာတွေ ဘယ်လောက်တောင် ဆင်းရဲမယ်ဆိုတာ စဉ်းစားကြည့်နိုင်ပါတယ်။ ဒါတွေဟာ မချစ်မနှစ်သက်သူချင်း အတူတကွနေကြရတဲ့ ဆင်းရဲတွေပါပဲ။

ချစ်ခင်နှစ်သက်တဲ့ အာရုံဝတ္ထု ပုဂ္ဂိုလ်သတ္တဝါတွေနဲ့ ကွဲကွာရတာလဲ ဆင်းရဲတာပဲတဲ့။ မချစ်ခင် မနှစ်သက်တာတွေနဲ့ အတူမနေချင်ပေမယ့် ချစ်ခင်နှစ်သက်တာနဲ့ကျတော့ မခွဲမခွာပဲ အတူနေချင်ကြတယ်။ဒီလို မကွဲမကွာ နေချင်တဲ့အထဲက ခွဲရခွာရ ကွဲရကွာရပြန်ပြီဆိုတော့ ဆင်းရဲရပြန်ပါတယ်။ အရပ်တပါးစီနေရပြီး ကွဲကွာနေချင်လဲနေမယ်။ ဘဝတပါးစီခြားပြီး ကွဲကွာနေချင်လဲနေမယ်။ ဒီလိုချစ်ခင်သူတွေနဲ့ ကွဲကွာရပြီဆိုယင်လဲ ငိုယူရလောက်အောင် ဆင်းရဲရပြန်တာပဲ။ ပြီးတော့ လိုတာကိုမရ၊ မရတာကိုလိုချင်တာလဲ ဆင်းရဲတာပဲတဲ့။ တဏှာလောဘနဲ့ မကင်းတဲ့ ပုထုဇဉ်တွေဆိုတာ နှစ်သက်တာကိုတွေ့ယင်လိုချင်တာချည်းပါပဲ။ လိုချင်တိုင်းရတယ်လို့ ဘယ်ရှိလိမ့်မှာလဲ။ ရသင့်သလောက်သာ ရနိုင်တယ်။ ရနိုင်တယ်ဆိုတာကလဲ လိုချင်တာနဲ့စာယင် ဘာမှ

ဖြစ်လောက်တာ မဟုတ်ပါဘူး။ လိုချင်တာကအများကြီး ရတာက အနဲကလေးပဲ။ဒီတော့ လိုချင်တာမရတဲ့ ဆင်းရဲတွေက ဘယ်လောက် များနေတယ်ဆိုတာကို ခန့်မှန်းကြည့်ကြပေါ့။ ဒီဆင်းရဲတွေကို ခရေစေ့တွင်းကျလိုက်ပြီး ကုန်စင်အောင် ဟောမနေနိုင်လို့ ဘုရားသျှင်က အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ဆင်းရဲတယ်လို့ သိမ်းချုံးဟောတော်မူလိုက်ပါတယ်။

ဥပါဒါနက္ခန္ဓာငါးပါးဆိုတာကတော့ ဒိဋ္ဌိတရားနှစ်ပါးကစွဲလမ်းယူငင်တဲ့ ခန္ဓာငါးပါးဖြစ်ပါတယ်။ခန္ဓာဆိုတာ အမှန်က အရေအတွက်အားဖြင့် ငါးပါးပဲရှိတယ်။ဒါပေမယ့်ခန္ဓာငါးပါးအာယတန တဆဲ့နှစ်ပါး-စသည်ဖြင့် တဏှာဒိဋ္ဌိတွေနဲ့မစပ်ပဲ ရိုးရိုးသိစေလိုတဲ့အခါ ပဉ္စက္ခန္ဓာ-ခန္ဓာငါးပါးလို့ ဥပါဒါန်နဲ့ မတွဲမစပ်ပဲ သာမည ဆိုရပါတယ်။ ငါပဲ ငါ့ဥစ္စာပဲ စသည်ဖြင့် တဏှာဒိဋ္ဌိတို့က စွဲလမ်းယူငင်တာကို ဖေါ်ပြတဲ့အခါမှာတော့ ဒီခန္ဓာငါးပါးကိုပဲ ဥပါဒါန်နဲ့တွဲစပ်ပြီး ဥပါဒါနက္ခန္ဓာလို့ ဆိုရပါတယ်။ တဏှာဒိဋ္ဌိတွေက စွဲလမ်းယူငင်မှုနဲ့တကွ ဖြစ်နေတဲ့ ခန္ဓာငါးပါးဆိုယင် အဲဒီခန္ဓာငါးပါးဟာ ဆင်းရဲတော့တာပါပဲ။ တဏှာဒိဋ္ဌိတွေကင်းနေတဲ့ ဘုရားရဟန္တာတို့ ခန္ဓာ ငါး ပါး မှာ တော့ ဥပါဒါနက္ခန္ဓာမဟုတ်လို့ စိတ်ဆင်းရဲဆိုတဲ့ စေတသိက ဒုက္ခတွေမရှိတော့ဘူး။ အချမ်းအပူစတဲ့ ကာယိက ဒုက္ခလောက်ကတော့ ဖြစ်ယင် ဖြစ်နိုင်ပါသေးတယ်။ ဒုက္ခတွေဆိုတာ ဥပါဒါနက္ခန္ဓာတွေမှာသာ စုပုံပြီးဖြစ်နေကြပါတယ်။ ဒါကြောင့် ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ-လို့ ဟောတော်မူတာပါပဲ။

## သိထားတော့ သက်သာတယ်

နန္ဒီတဏှာ၊ ဖြစ်ပုံကိုလဲ ထိုက်သင့်သလောက် သိခဲ့ကြရပြီ၊ ဒုက္ခဖြစ်ပုံကိုလဲ အရိပ်အမြွက် သိခဲ့ကြရပြီ။ နန္ဒီတဏှာနဲ့ ဒုက္ခတို့ ဘယ်လိုဆက်စပ်ပြီး အကြောင်းအကျိုးဖြစ်နေကြတယ်ဆိုတာကို သိဘို့ လိုပါသေးတယ်။ သိသင့်တာကိုတော့ သိထားမှပဲ။ ကောင်းတာကို ဘယ်ပုံကောင်းတယ်လို့သိယင် ကောင်းအောင် လုပ်နိုင်တယ်။ မကောင်းတာကို သိထားယင် မပြုမလုပ်ပဲရှောင် ကျဉ်နိုင်တယ်။ တဏှာဟာ ဘယ်လိုသဘောဆိုတာ သိထားဘော့ အပြတ် မပယ်နိုင်သေးတောင် နဲပါးသွားအောင် ထိန်းချုပ်ထား နိုင်တယ်။ ဒုက္ခတွေကို ကြိုတင်ပြီးသိမြင်ထားယင် တွေ့ကြုံလာတဲ့ အခါ မဖြစ်ခင်အစကတဲ့ကိုက သိပြီးသားပဲဆိုပြီး ထိတ်သိတ်လန့် လန့် မဖြစ်နိုင်ဘူး၊ မှောင်ကြီးမဲမဲထဲ နောက်က လူတယောက် လာနေမှန်းသိယင် အနီးအနားရောက်လာပေမယ့် ဒါဟာလူပဲလို့ သိထားတဲ့အတွက် မထိတ်မလန့်သလိုပါပဲ။ တကယ်လို့ လူမှန်း မသိပဲ အနီးအနား ဘွားကနဲ ရောက်လာယင်တော့ ကိုက်စားမဲ့ သရဲကြီးမှတ်ပြီး လန့်အော်ရလောက်အောင် မသက်မသာ ဖြစ် သွားနိုင်တယ်။

### အကြောင်းနဲ့အကျိုး

နန္ဒီတဏှာနဲ့ ဒုက္ခတွေကို သူတို့ချင်းအကြောင်းအကျိုး ဖြစ် ကြတယ်ဆိုတာ သိအောင် ဘုရားသျှင်က နန္ဒိသမုဒယာ ဒုက္ခ- သမုဒယော-လို့ဟောတော်မူပါတယ်။ နန္ဒိသမုဒယာ-နန္ဒီဖြစ်ခြင်း ကြောင့်၊ ဒုက္ခသမုဒယော ဆင်းရဲဖြစ်လာရတယ်တဲ့။ ပေါက်ပင် ဘာကြောင့်ကိုင်း၊ မျိုင်းနားလို့ကိုင်းဆိုသလိုဆင်းရဲ ဘာကြောင့်

ဖြစ် နှစ်သက်မှုတဏှာကြောင့်ဖြစ်ရပါတယ်။ ဆင်းရဲတာမှန်သမျှ အကြောင်းရင်းကိုရှာကြည့်ယင် တဏှာလောဘကြောင့်သာ ဖြစ်ကြောင်း တွေ့ရပါလိမ့်မယ်။ အရိယသစ္စာလေးပါးတို့တွင် နန္ဒီတဏှာက သမုဒယသစ္စာ၊ ဆင်းရဲအပေါင်းက ဒုက္ခသစ္စာဖြစ်ပါတယ်။ ဒီတော့ ဒီပုဏ္ဏောဝါဒသုတ်မှာ ဘုရားသျှင်က သမုဒယ- သစ္စာနဲ့ ဒုက္ခသစ္စာနှစ်ပါးကို ပုဏ္ဏမထေရ်အား ဟောတော်မူလိုက်တာပါပဲ။ ဒီသုတ်မှာ ဒီသစ္စာနှစ်ပါး ဟောတော်မူကြောင်းကို သိစေလိုလို့ အဋ္ဌကထာက-

> နန္ဒီသမုဒယာ ဒုက္ခသမုဒယောတိ နန္ဒိယာ
> တဏှာယ သမောဓာနေန ပဉ္စက္ခန္ဓ ဒုက္ခဿ
> သမောဓာနံ ဟောတိ။ ဣတိ ဆသု ဒွါရေသု
> ဒုက္ခံ သမုဒယောတိ ဒွိန္နံ သစ္စာနံ ဝသေန
> ဝဋ္ဋံ မတ္ထကံ ပါပေတွာ ဒဿေတိ-လို့

ဖွင့်ပြထားပါတယ်။ နန္ဒီ။ပေ။ ယောတိ-နန္ဒီသမုဒယာ ဒုက္ခ- သမုဒယောဟူသည်ကား၊ နန္ဒိယာ တဏှာယ သမောဓာနေန- နန္ဒီမည်သော တဏှာ အစုအဝေးကြောင့်၊ ပဉ္စက္ခန္ဓဒုက္ခဿ သမောဓာနံ ဟောတိ ခန္ဓာငါးပါး ဆင်းရဲအစုဖြစ်၏။ ဣတိ- ဤသို့၊ ဆသု ဒွါရေသု၊ ခြောက်ဒွါရတို့၌၊ ဒုက္ခံ-ဒုက္ခသစ္စာရင်း၊ သမုဒယော-သမုဒယသစ္စာရင်း၊ ဣတိ-ဤသို့၊ ဒွိန္နံ သစ္စာနံ ဝသေန-သစ္စာနှစ်ပါးတို့အလိုအားဖြင့်၊ ဝဋ္ဋံ မတ္ထကံ ပါပေတွာ ဒဿေတိ ဝဋ်ဆင်းရဲအဆုံးသို့ ရောက်အောင် ပြတော်မူ၏။ အဋ္ဌကထာက ဒီလိုဖွင့်ပြတဲ့အတိုင်း ဒီသုတ်မှာ ဒုက္ခသစ္စာနဲ့ သမုဒယ သစ္စာနှစ်ပါးကို နန္ဒီသမုဒယာ ဒုက္ခသမုဒယော-လို့

ဟောတော်မူပါတယ်။ စက္ခုဝိညာဏ်ချ ရုပါ-စသည်ဖြင့် ဟောတော်မူတဲ့အတိုင်း ဒွါရခြောက်ပါးလုံးမှာဖြစ်နိုင်တဲ့ သစ္စာနှစ်ပါးကို ဟောထားကြောင်းဖြင့်လဲ သိရပါတယ်။

သမုဒယသစ္စံ ပဟာတဗ္ဗံ-သမုဒယသစ္စာကို ပယ်ရမယ်၊ ဒုက္ခသစ္စံ ပရိညေယျံ-ဒုက္ခသစ္စာကို ပိုင်းခြားသိရမယ်-လို့ ဟောတော်မူတဲ့အတိုင်း သမုဒယသစ္စာဆိုတဲ့ တဏှာကို ပယ်နိုင်တယ် ဆိုယင်၊ ဒုက္ခသစ္စာကို ပိုင်းခြား သိတယ်ဆိုယင် ဝဋ်ဆင်းရဲအဆုံးသို့ ရောက်နိုင်တာ သေချာပါတယ်။ ဒီလို ဟောတော်မူထားတဲ့ သစ္စာနှစ်ပါးထဲက သမုဒယသစ္စာကို ဓမ္မစက္ကပဝတ္တန သုတ်မှာ ဟောတော်မူပုံကို ဒီနေရာကနေ ဖေါ်ပြဘို့ လိုပါလိမ့်အုံးမယ်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ
အရိယသစ္စံ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ
နန္ဒီရာဂ သဟဂတာ တတြတတြာ ဘိနန္ဒိနီ၊
သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝ
တဏှာ။

ဘိက္ခဝေ-ရဟန်းတို့.... ခေါ ပန-စင်စစ်၊ ဣဒံ-ဤဆိုအပ်လတ္တံ့သည်ကား၊ ဒုက္ခသမုဒယ အရိယသစ္စံ-အရိယာတို့ သိအပ်တဲ့ ဆင်းရဲကြောင်း အမှန်ပေတည်း။ ယာယံ ကတ္ဘာ-အကြင်တဏှာသည်၊ အတ္ထိ-ရှိပေ၏၊ သာတဏှာ-ထိုတဏှာသည်၊ ပေါ-နောဗ္ဘဝိကာ-တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏၊ နန္ဒီရာဂသဟ-ဂတာ နှစ်သက် တပ်စွဲခြင်း သဘောရှိ၏၊ တတြတတြာဘိ-နန္ဒိနီ-ထိုထို ရရာအာရုံ ရရာဘဝတို့၌ နှစ်သက်ပျော်မွေ့၏၊ သေယျထိဒံ-ဤ တဏှာဟူသည်၊ ကာမတဏှာ-ကာမဂုဏ်၌လဲ

တပ်မက်မောခြင်း၊ ဘဝတဏှာ-ဘဝ၌လဲ တပ်မက်မောခြင်း။ ဝိဘဝ-တဏှာ-ဘဝပြတ်ခြင်း၌လဲ တပ်မက်မောခြင်း။

ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို ဒီလို ဟောတော်မူထားပါတယ်။ သမုဒယဆိုတဲ့ တဏှာဟာ ဒုက္ခဖြစ်ကြောင်းလို့ ဘုရား-စတဲ့ အရိယာပုဂ္ဂိုလ်တွေရဲ့ အမြင်မှာ ဒီလိုမြင်ပါသတဲ့။ ဘုရား-စတဲ့ အရိယာပုဂ္ဂိုလ်တွေမြင်တဲ့ အမြင်ကအထင်နဲ့ မှန်းဆပြီး မြင်တဲ့အမြင်မျိုး မဟုတ်ပါဘူး။ သေသေချာချာ မှန်မှန်ကန်ကန်မြင်နိုင်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တွေနဲ့ မြင်ထားတဲ့ အမြင် ဖြစ်ပါတယ်။

## ကိုယ့်အဖြစ်ကို ကိုယ်မသိ

ဘုရား-စတဲ့ အရိယာ ပုဂ္ဂိုလ်တွေဆိုတာ သူလိုငါလို တော်သလိုသွား တော်သလိုစားပြီး အမှတ်မဲ့သွားလာ စားသောက်နေခဲ့ကြသူတွေမဟုတ်ပါဘူး။ သွားရာမှာလဲ သတိနဲ့ သွားကြပါတယ်။ စားရာမှာလဲ သတိနဲ့ စားကြပါတယ်။ ဒါကြောင့် ကိုယ့်သန္တာန်မှာဖြစ်နေတဲ့ တဏှာလောဘကိုလဲ ဘယ်ပုံဘယ်နည်းဖြစ်နေတယ်ဆိုတာ သေသေချာချာ သိကြပါတယ်။ ဒုက္ခတွေကိုလဲ ဘယ်ပုံသည် ဘယ်နည်းဖြစ်နေတယ်၊ ဘာကြောင့် ဖြစ်နေတယ်ဆိုတာ သေသေချာချာ သိနေကြပါတယ်။ သိတဲ့အတိုင်းလဲ သေသေချာချာ ပြောပြနိုင်ပါတယ်။

သွားတဲ့အခါမှာလဲ သတိမထား၊ စားတဲ့အခါမှာလဲ သတိမထား၊ နေတဲ့ထိုင်တဲ့အခါလဲ သတိမထားပဲ အမှတ်မဲ့သွား အမှတ်မဲ့စား အမှတ်မဲ့ နေထိုင်လာကြတဲ့ သူလိုငါလို လူတွေကတော့ ကိုယ့်သန္တာန်မှာ တဏှာလောဘတွေ ဖြစ်နေပေမယ့်လဲ

ဖြစ်မှန်းမသိကြပါဘူး။ ဒုက္ခတွေ ဖြစ်နေလို့လဲ ဖြစ်မှန်းမသိကြပါဘူး။ သွားစရာရှိယင်သွား စားစရာရှိယင်စား နေထိုင်စရာရှိယင် နေထိုင်–ဒီလိုနေကြသိုင်ကြတာပဲ။ ဆင်းရဲပြီဆိုတော့ခလုတ်တိုက်မိလို့ ဆင်းရဲတာပဲ၊ စားစရာ ဆန်မရှိလို့ ဆင်းရဲတာပဲ၊ နေထိုင်စရာ နေရာမရှိလို့ ဆင်းရဲတာပဲ၊ နေထိုင်စရာ နေရာမရှိလို့ ဆင်းရဲတာပဲလို့ ဒီလောကသာ သိကြတယ်။ ဘယ်ကလာတဲ့ခဲ (ဂဲ)ရယ်လို့ မသိပဲ ကိုယ့်ကို နာကျင်အောင် ထိမှန်တဲ့ ခဲလောက်သာသိပြီး ခဲကို လိုက်ကိုက်တာနဲ့ အင်မတန်တူတယ်။

တကယ်လို့သာ အရိယာပုဂ္ဂိုလ်တွေလို သွားတိုင်း လာတိုင်း စားတိုင်း သောက်တိုင်း နေတိုင်း ထိုင်တိုင်း သတိရှိမယ်ဆိုယင် သူတို့လိုပဲ တဏှာလောဘဖြစ်ယင် ဖြစ်မှန်း သိနိုင်ပါတယ်။ ဒုက္ခတွေဖြစ်ယင်လဲ ဖြစ်မှန်းသိနိုင်ပါတယ်။ ဒီဒုက္ခတွေဖြစ်ရတာ ဘယ်သူ့လက်ချက်ပဲ ဘယ်ကလာတဲ့ ခဲပဲဆိုတာလဲ သိနိုင်ပါတယ်။ ကိုယ်တိုင်မသိသေးလို့ မယုံဘူးဆိုယင် အရိယာပုဂ္ဂိုလ်တွေ သတိထားကြည့်သလို ကိုယ်တိုင် သတိထားပြီးကြည့်နိုင်ပါတယ်။ အရိယာ ပုဂ္ဂိုလ်တွေလို သတိ ထားကြည့်ယင် အရိယာပုဂ္ဂိုလ်တွေသာ သိနိုင်မြင်နိုင်တာမဟုတ်၊ ဘယ်သူမဆို သတိထားကြည့်သူတိုင်း သိနိုင် မြင်နိုင်တယ်ဆိုတာ သိကြရပါလိမ့်မယ်။ ဒီနေရာမှာ အရိယာ ပုဂ္ဂိုလ်တို့ ဟောပြောထားဘာကို ရှင်းပြဘို့ လိုပါသေးတယ်။

## ဘဝသစ်ကို ဖြစ်စေတတ်တယ်

ယာယံတဏှာ–အကြင်တဏှာသည်၊ အတ္ထိ–ရှိ၏၊ သာတဏှာထိုတဏှာသည်၊ ပေါနောဗ္ဘဝိကာ– တဖန်ဘဝသစ်ကို ဖြစ်စေ

တတ်၏-လို့ ဆိုထားပါတယ်။ သသစ်အသစ် အဖန်ဖန် ဖြစ်နေရတဲ့ ဘဝတွေဟာ တဏှာလောဘကြောင့် ဖြစ်ဖြစ်နေတယ်လို့ ဆိုလိုပါတယ်။ တဏှာလောဘကြောင့် ဒီဘဝတွေ အဖန်ဖန်ဖြစ်နေကြရတယ်ဆိုယင် တဏှာလောဘသာ မရှိပါက ဒီဘဝသစ်တွေမဖြစ်နိုင်ဘူးဆိုတာ ထင်ရှားပါတယ်။ တဏှာလောဘရှိနေသေးယင်လဲဘဝသစ်တွေကတော့ ဖြစ်ဖြစ်နေအုံးမှာပဲ။ ဘဝသစ်ဖြစ်ရတာဘာဖြစ်သလဲ၊ အကောင်းသား မဟုတ်လားဆိုတော့-

## ဒုက္ခာ ဇာတိ ပုနပ္ပုနံ-လို့

ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူစကပင်ဗုဒ္ဓမြတ်စွာက အခုစွာမြင်တော်မူပါတယ်။ ဇာတိ-ဘဝအသစ်ဖြစ်ရခြင်းသည်၊ ပုနပ္ပုနံ-အဖန်ဖန် အထပ်ထပ်၊ ဒုက္ခာ-ဆင်းရဲလှစွာ၏။ အဖန်ဖန် အထပ်ထပ် ဘဝသစ်တွေမှာ ဖြစ်ဖြစ်နေရတာဟာ ဆင်းရဲပါတယ်တဲ့။ ဆင်းရဲတယ်ဆိုတာ ဘယ်ကောင်းလိမ့်မှာလဲ မကောင်းဘူးပေါ့။ တဘဝပြီး တဘဝဆက်ဆက် ဖြစ်နေရတာဟာ ကိုယ်ဖြစ်ချင်တဲ့ ဘဝတွေမှာ ဖြစ်ဖြစ်နေရယင်လဲ မကောင်းဘူးဆိုတောင် နဲနဲတော့ တော်အုံးမှာပဲ။ အခုတော့ ကိုယ်ဖြစ်ချင်တဲ့ ဘဝမှာ ဖြစ်ကြရတာကမဟုတ်ပါဘူး။ ကံပစ်ချရာ ဘဝတွေမှာ ကောင်းကောင်း ဆိုးဆိုးဖြစ်ကြရပါတယ်။ အထက်က ဗြဟ္မာ့ပြည်တွေလဲ ရောက်ချင်ရောက် အလယ်က လူ့ပြည် နတ်ပြည် တွေမှာလဲ ရောက်ချင်ရောက်၊ အောက်က ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်

ဆိုတဲ့ အပါယ်ဘုံတွေမှာလဲ ရောက်လိုရောက်-ဒီလို ရောက်ချင် ရာတွေမှာ ကံပစ်ချသလို ဟိုရောက်ဒီရောက် ဖြစ်နေကြရမှာ ဖြစ်ပါတယ်။ အင်မတန်ဆင်းရဲတဲ့ တချို့အပါယ်ဘုံတွေက လွဲ ယင် ပုဂ္ဂိုလ်သတ္တဝါတွေဟာ ဖြစ်ရာဘဝမှာ ပျော်တတ်ကြတယ်။ ဒီလိုပျော်ရာဘဝကနေ ဘဝသစ်ကို ကူးရ ပြောင်းရ တော့မယ် ဆိုယင်အင်မတန် ဆင်းရဲခြင်းဖြစ်ကြရတယ်။ လက်ရှိဘဝက ချစ် ခင်နေကြတဲ့ မိတွေ ဖတွေ ဇနီးတွေ ခင်ပွန်းတွေ သားတွေ သမီးတွေ ဆွေတွေ မျိုးတွေ ပစ္စည်းဥစ္စာတွေကို စွန့်ခွာ မသွား လိုကြပါဘူး။ ဒါပေမယ့် ဘဝသစ်မှာဖြစ်ရတော့ မစွန့်ခွာချင် တာတွေကို စွန့်ခွာထားခဲ့ရကြရတယ်။ ဒီတော့ ဘဝသစ်တွေ မှာ ဖြစ်ခါနီးတိုင်း ဖြစ်ခါနီးတိုင်း ဒီလိုဆင်းရဲတွေနဲ့ တွေ့ရပြီး ဘဝသစ်တိုင်း ဘဝသစ်တိုင်းမှာလဲ ဒီလိုချည်း တွေ့တွေ့သွား နေကြရမှာပဲ။ ဒါကြောင့်အဖန်ဖန်ဘဝသစ်တွေဖြစ်ဖြစ်နေရတာ တာလဲ အင်မတန် ဆင်းရဲပါတယ်။

## နှစ်သက်စွဲလမ်းတဲ့ သဘောလဲရှိတယ်

နန္ဒီရာဂ သဟဂတာ-နှစ်သက် တပ်စွဲတဲ့သဘောလဲ ရှိတယ် တဲ့။ လောဘရဲ့ ပင်ကိုယ်သဘောကိုက နှစ်သက် တပ်စွဲတတ် တဲ့ စွဲတတ်တဲ့ သဘောလဲရှိတယ်။ သူသာဖြစ်လာယင် နှစ်သက် တပ်စွဲစရာ ရှိသမျှကို နှစ်သက်တော့မယ် တပ်စွဲတော့မယ် ဆို တာ သေချာပါတယ်။ မီးကိုမြင်ယင် လောင်ပြီဆိုတာ သေ ချာသလိုပါပဲ။

ပမတ္တစာရိနော-မေ့လျော့သဖြင့် ကျင့်သော၊ မနုဇဿ-လူ အား၊ မာလုဝါဝိယ-မာလောနွယ်ကဲ့သို့၊ တဏှာ-တပ်မက်မှု

တဏှာသည်၊ ဝဍ္ဍတိ–တိုးပွား၏၊ ဓမ္မပဒတွင် မေ့မေ့ လျော့လျော့နေတဲ့ ကပိလမထေရ် ငရဲရောက်သွားရာ၌ ဗုဒ္ဓမြတ်စွာက ဒီတရားကို ဟောတော်မူပါတယ်။ တပ်မက်မှု တဏှာဟာဘယ်လိုလူမှာ ဖြစ်တတ်သလဲဆိုယင် သတိလက်လွတ် မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန် နေသူမှာ ဖြစ်တတ်သတဲ့။ ဥပမာကို မာလောနွယ်နဲ့အတူ ပြုဟောထားပါတယ်။ မာလောနွယ်ဆိုတာ သစ်ပင်တွေနားမှာ ကပ်ပေါက်နေတဲ့ ကင်းပုံတို့ ကျီးအာ တို့လို နွယ်ပင်တွေပေါ့။ ဒီလို နွယ်ပင်တွေဟာ အင်မတန်အဖြစ် မြန်တယ်။ တမိုးလောက်နဲ့ပဲ အနီးရှိသစ်ပင်ကို ရစ်ပတ်ပြီးတက်သွားတတ်ကြပါတယ်။ သတိမမူပဲ မသုတ်မသင်ထားလိုက်မယ် ဆိုယင် စားကောင်းသောက်ဖွယ် အပင်တွေကို မာလောနွယ်က ရစ်ပတ်ဖုံးလွှမ်းသွားလို့ အဲဒီအပင်ဟာ ပျက်စီး သွားတတ် ပါတယ်။ တဏှာဆိုတာဟာလဲ အဲဒီမာလောနွယ်လိုပဲ သတိပဋ္ဌာန် ဆိုတဲ့ ဝိပဿနာသတိနဲ့ မရှုမမှတ် မေ့လျော့ပေါ့တန်နေသူကိုတဏှာက ရစ်ပတ် ဖုံးအုပ်သွားလို့ အဲဒီလူဟာ ပျက်စီးပြီး အပါယ်ငရဲကျသွားတတ်ပါတယ်။ ကပိလမထေရ်ကြီးမှာ ဒီလိုပဲ မေ့လျော့ပေါ့တန်နေခဲ့လို့ လောဘသဏ္ဍာရ တဏှာလောဘတွေ တိုးပွားဖုံးအုပ်ပြီး ငရဲကျသွားခဲ့ရပါတယ်။ ပြီးတော့ဒီလို ဆက်ဟောပါသေးတယ်၊ ဘယ်လိုလဲဆို....

သော–ထိုတဏှာ တိုးပွားသူသည်၊ ဟုရာ ဟုရံ–ဤဘဝမှ ထိုဘဝသို့၊ ပ္လဝတိ–ပြေးသွားရ၏-လို့ ဆက်ဟော ပါတယ်။ ဘဝကိုဖြစ်စေတတ်တဲ့ ကုသိုလ် အကုသိုလ်တွေကို ပြုလုပ်တိုင်း ပြုလုပ်တိုင်း တဏှာက ဦးဆောင်ပြုလုပ်တတ်ကြတယ်။ လူ့ဘဝ လူ့ချမ်းသာကို တဏှာလောဘက လိုချင်တယ်။ နတ်ဘဝ နတ်

ချမ်းသာကိုလဲ တဏှာလောဘက လိုချင်တယ်။ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ချမ်းသာကိုလဲ တဏှာလောဘက လိုချင်တယ်။ ဒီတော့ လိုချင်တဲ့ဘဝ လိုချင်တဲ့ချမ်းသာကိုရအောင် ကာမာဝစရကုသိုလ်တွေကိုလဲ ပြုလုပ်တယ်။ ရူပဝါစရ ကုသိုလ်တွေကိုလဲ ပြုလုပ်တယ်။ အရူပါဝစရ ကုသိုလ် တွေကိုလဲ ပြုလုပ်တယ်။ တဏှာလောဘ ရှေ့သွားရှိတဲ့ အဲဒီကုသိုလ်တွေက လူ့ဘဝလူ့ချမ်းသာ နတ်ဘဝ နတ်ချမ်းသာ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ချမ်းသာ တွေဆီ ရောက်အောင် ပို့ပေးလိုက်ကြ ပါတယ်။ အကုသိုလ်တွေ ကျတော့လဲ စားချင်လို့ သတ်တယ်။ လိုချင်လို့ ခိုးတယ်-စသည် ပေါ့။ အဲဒီလောဘ ရှေ့သွားရှိတဲ့ အကုသိုလ်တွေကအပါယ်ဘုံ ဘဝကို ရောက်အောင် ပို့ပေးလိုက်ကြပါတယ်။ ဒီလိုနဲ့ ဟိုဘဝ ရောက်အောင် ပြေးလိုက်၊ ဒီဘဝ ရောက်လာလိုက် တဘဝ ပြီးတဘဝ ပြေးသွားနေကြ ရတော့တာပဲ။ တဏှာ လောဘ ဆိုတာ ဒီလိုပဲနှစ်သက် တပ်စွဲတတ်တဲ့ သဘောရှိကြောင်း သိရ အောင် နန္ဒီရာဂ သဟဂတာလို့ ဒေသနာ တော်တွင် ဟော ထားပါတယ်။

## အာရုံမြင် လိုချင်တယ်

တခြား တခြားဘိ နန္ဒီနီ-ထိုထို ရရာအာရုံ ရရာဘဝ တို့၌ နှစ်သက်ပျော်မွေ့တယ်တဲ့။ လိုချင်တဲ့အတိုင်း ရလာပြီ ဆိုယင် ရရာအာရုံနဲ့လဲ ပျော်နေတတ်တယ်။ ရရာဘဝမှာလဲ ပျော်နေ တတ်ပါတယ်။ ရူပါရုံလှလှကလေးကို ရယင်လဲ တဏှာက ရူပါ ရုံလှလှကလေးနဲ့ ပျော်နေတတ်တယ်။ အသံကောင်းကောင်းကို ကြားနေရယင်လဲ အသံကောင်းကောင်းကလေးနဲ့ ပျော်နေတတ်

တယ်။ အနံ့ မွှေးမွှေးကလေးနဲ့ ရှူရှိုက်နေရယင်လဲ အနံ့မွှေးမွှေး ကလေးနဲ့ ပျော်နေတတ်တယ်။အရသာ ကောင်းကောင်းကလေး စားနေရယင်လဲ အရသာ ကောင်းကောင်းကလေးနဲ့ ပျော်နေ တတ်တယ်။ အတွေ့ ကောင်းကောင်းကလေးကို ရယင်လဲ အတွေ့ ကောင်းကောင်းကလေးနဲ့ ပျော်နေတတ်တယ်။ သဘောကောင်း ကောင်းကလေးကို စိတ်ထဲမှာ တွေးမိလို့ ရှိယင်လဲ တွေးမိတဲ့ သဘောကလေးကို တတွေးထဲ တွေးပြီး ပျော်နေတတ်ပါတယ်။ ဒီလို နှစ်သက်တဲ့ ရှာရှာ အာရုံတွေကို မလွှတ်ချင်ပဲ ဒီအာရုံ တွေနဲ့သာ ပျော်နေချင်တတ်ပါတယ်။ ဒွါရခြောက်ပါးမှာ ထင် လာတဲ့ အာရုံတွေကို တဏှာက နှစ်သက်တတ်တယ်။ နှစ်သက် တဲ့အာရုံမှန်သမျှကိုလဲ မလွှတ်တန်း ပျော်တတ်တယ်။

## ဘဝတွေကိုလဲ ဒီအတိုင်းပဲ

ဘဝတွေမှာလဲ တဏှာက ရှာဘဝ ဖြစ်ရာဘဝတွေကို တွယ် တာနှစ်သက် ပျော်ပိုက်နေတတ်ပါတယ်။ လူ့ဘဝကို ရလာလို့ ရှိယင်လဲ ဆင်းရဲဆင်းရဲ ချမ်းသာ ချမ်းသာ တဏှာကတော့ ကိုယ့်ဘဝကို နှစ်လဲနှစ်သက် ပျော်လဲ ပျော်ပိုက်တာပဲ။ နတ်ဘဝ တွေ ဗြဟ္မာ့ဘဝတွေ ဆိုတာတော့ ပြောရာတောင် လိုမယ် မဟုတ်ပါဘူး။ အထက်တန်းကျတဲ့ ဘဝတွေပဲ တဏှာက ပို့ပျော် ပိုက်တော့မပေါ့။ ရထား သဘောတွေမှာ အထက်တန်းတွဲ အထက်တန်းခန်းမှာ တက်စီးလာရတဲ့ လူတွေလို တတိယတွဲ တတိယခန်းထက် ပိုပြီး ကြိုက်နှစ်သက်ကြမှာပဲ။ ဒါပေမယ့် တတိယတွဲ တတိယခန်းမှာ စီးရတဲ့ လူတွေလဲ သူတို့နေရာနဲ့သူ တို့တော့ ရယ်လား မောလားနဲ့ ပျော်နေကြတာပါပဲ။ အထက်

တန်းကျတဲ့ လူ့ဘဝ နတ်ဘဝတွေမှာသာ တဏှာကပျော်တာ မဟုတ်သေးပါဘူး၊ အောက်တန်းကျတဲ့ ကျွဲတို့နွားတို့ဝက်တို့ကြက်တို့ ငှက်တို့လို ဘဝတွေမှာလဲ နှစ်သက် ပျော်ပိုက်ပါတယ်။ သူတို့ဘဝနဲ့သူတို့ ခုန်ပေါက်ပြီး မြူးတူးပျော်ပါး ကစားနေကြတာကို မျက်မှောက်မှာ အထင်အရှား တွေ့မြင်နေရတယ် မဟုတ်လား။ ငရဲလောက် ဆင်းရဲတဲ့ ဘုံချိုမြို့ဂ္ဂဘဝ ငရဲဘဝတွေမှာတောင် နောက်မှ မပျော်ပိုက်ယင်သာ ရှိရမယ်၊ ဘဝနိကန္တိက လောဘဇောနဲ့ ဖြစ်ဖြစ်ချင်းတော့ ကိုယ့်ဖြစ်ရာဘဝမှာ ပျော်သွားလိုက်သေးသတဲ့။

## ကာမတဏှာ

ကာမတဏှာ - ကာမဂုဏ်ကိုလဲ တပ်မက်မောတယ် - တဲ့။ ကာမဂုဏ-ဆိုတဲ့ ပါဠိကို ကာမဂုဏ်လို့ မြန်မာလို ပြန်ထားပါတယ်။ ကာမဂုဏကို ပုဒ်ခွဲလိုက်ယင် ကာမ-တပုဒ်၊ ဂုဏ-တပုဒ် ဒီလိုနှစ်ပုဒ် ဖြစ်လာတယ်။ တဏှာလောဘဖြင့် တပ်မက်နှစ်သက်အပ်သမျှ အာရုံဝတ္ထုတွေကို ကာမလို့ ဆိုပါတယ်။ ဖွဲ့နှောင်ချုပ်ထားရာ နှောင်ကြိုးနှောင်အိမ်ကို ဂုဏလို့ ဆိုပါတယ်။ နှောင်ကြိုးနှောင်အိမ်လို ဖြုတ်လို့လဲမရ ရုံးလို့လဲမထွက်နိုင်အောင် လိုချင် စွဲလန်းအပ်တဲ့ အာရုံ အရာဝတ္ထုတွေကို ကာမဂုဏလို့ ဆိုပါတယ်။ ကာမဂုဏ-ကာမဂုဏ်ဆိုတဲ့ အဲဒီ အာရုံအရာဝတ္ထုတွေဟာ ဘယ်သူတွေလဲ ဆိုယင်-

၁။ လှပတင့်တယ်တဲ့ အဆင်းအာရုံတွေ (ရူပါရုံ)။
၂။ ချိုအေးသာယာတဲ့ အသံတွေ (သဒ္ဒါရုံ)။
၃။ မွှေးကြိုင်သင်းပျံ့တဲ့ အနံ့တွေ (ဂန္ဓာရုံ)။

၄။ ဆိမ့်အီချိုမြိန်တဲ့ အရသာတွေ (ရသာရုံ)။
၅။ နူးညံ့ ညက်ညော ချောမွေ့တဲ့ အတွေ့ အထိတွေ (ဖောဋ္ဌဗ္ဗာရုံ)၊

တွေပါပဲ။ တဏှာလောဘဟာ ဒီကာမဂုဏ် အာရုံတွေကို သာယာနှစ်သက် စုံမက်နေပါတယ်။ ဒီကာမဂုဏ် အာရုံတွေထဲက ရုံးမထွက်နိုင်အောင် ဘရစ်ဝဲဝဲ ဖြစ်နေပါတယ်။ကာမဘဝဆဲ့တဘုံမှာရှိတဲ့ ကာမဘုံသားတွေအတွက် အများဆုံး တွယ်တာစုံမက်နှစ်သက်အပ်တဲ့ အာရုံတွေပဲဖြစ်ပါတယ်။

## ရူပါရုံဆိုတဲ့ ကာမဂုဏ်

အဆင်းရူပါရုံ လှပတင့်တယ် တယ်ဆိုတာ နှစ်မျိုးနှစ်စားရှိနေပါတယ်။ တမျိုးက သဘာဝဣဋ္ဌာရုံ၊ နောက်တမျိုးက ပရိကပ္ပဣဋ္ဌာရုံ-ဒီလို နှစ်မျိုးရှိနေပါတယ်။ သဘာဝဣဋ္ဌာရုံဆိုတာ အာရုံကိုက တကယ်လှပတင့်တယ်တဲ့ အာရုံမျိုးဖြစ်ပါတယ်။ ကိုယ့်အမြင်မှာပဲဖြစ်ဖြစ် သူတပါးအမြင်မှာပဲဖြစ်ဖြစ် ဘယ်သူ့အမြင်မှာမဆို လှပတင့်တယ်နေတဲ့ အာရုံမျိုးပါပဲ။ပရိကပ္ပဣဋ္ဌာရုံဆိုတာက ပင်ကိုယ်က လှပတင့်တယ်တာ မဟုတ်ပေမယ့် ကြံဆပြီး တင့်တယ်လှပတယ်လို့ ထင်ရတဲ့အာရုံမျိုး ဖြစ်ပါတယ်။ဒီလိုပရိကပ္ပဣဋ္ဌာရုံမျိုးကျတော့ ကိုယ်က လှပတင့်တယ်နေပေမယ့် သူတပါးက လှပတင့်တယ်ချင်မှ တင့်တယ်မှာပဲ။ မင်းမို့ ဒီရုပ်မျိုးကို တွေ့တတ်ပါပေဘယ် ဆိုရလောက်အောင် အကြည့်တန်နေလို့ တခြားသူက ဒီလိုပြောတဲ့အခါ မင်းက ငါ့ချက်စိထဲ ဝင်မကြည့်ပဲဟာကိုးလို့ ပြန်ပြောတဲ့ အာရုံမျိုးပေါ့။ ဒီကာမဘဏှာနေရာမှာတော့ သဘာဝဣဋ္ဌာရုံရော ပရိကပ္ပ ဣဋ္ဌာရုံရောပါ

နှစ်မျိုးစလုံးနဲ့ သက်ဆိုင်ပါတယ်။ ဘုရားသျှင်က ဒီလို အာရုံနှစ်မျိုးစလုံးကိုပဲ–

ဣဋ္ဌာ–အလိုရှိအပ်ကုန်သော၊ ကန္တာ–နှစ်သက်အပ်ကုန်သော၊ မနာပါ–မြတ်နိုးအပ်ကုန်သော၊ ပိယရူပါ–ချစ်အပ် သာယာအပ်သော သဘောရှိကုန်သော၊ ကာမူပသံဟိကာ–ကာမဖြင့်ကပ်၍ထားအပ်ကုန်သော၊ ရဇနီယာ–လိုချင် နှစ်သက်ဖွယ်ဂုဏ်နှင့် စပ်ယှဉ်ကုန်သော၊ ရဇနီယာ–တပ်စွဲအပ်ကုန်သော၊ စက္ခုဝိညေယျာ–မျက်စိဖြင့် မြင်အပ်ကုန်သော၊ ရူပါ–ရူပါရုံတို့သည်၊ သန္တိခေါ၊ ရှိကုန်သည်သာတည်း–လို့

တိုတိုကျဉ်းကျဉ်း တရားဟောင်းပန်သူ ပုဏ္ဏမထေရ်အား ဟောတော်မူပါတယ်။ ဒီလို မျက်စိနဲ့မြင်ရတဲ့ နှစ်သက်သာယာဖွယ် အာရုံတွေဆိုတာ ပုဂ္ဂိုလ် သတ္တဝါတွေမှာလဲ ရှိတယ်။ ရွှေငွေ စတဲ့ အသုံးအဆောင် အထည်ဝတ္ထု ပစ္စည်းတွေမှာလဲရှိတယ်။ ဒါကြောင့် ပုဂ္ဂိုလ် သတ္တဝါတွေမှာရှိတဲ့ ရူပါရုံလှလှတွေကိုလဲ တဏှာလောဘက လိုချင်နှစ်သက်တယ်။ အသုံးအဆောင် ဝတ္ထုပစ္စည်းတွေမှာရှိတဲ့ ရူပါရုံလှလှပပတွေကိုလဲ လိုချင်နှစ်သက်တယ်။ ဘယ်လိုနှစ်သက်သလဲဆိုယင် ဒီအာရုံက ခွါမရ၊ ရုံးမရနိုင်အောင်ပါပဲ။

## သဒ္ဒါရုံ ကာမဂုဏ်

အသံဆိုတဲ့ သဒ္ဒါရုံကလဲ ကာမဂုဏ်တပါးပဲ ဖြစ်ပါတယ်။ ရူပါရုံလိုပဲ သဘာဝ သဒ္ဒဣဋ္ဌာရုံ–ပရိကပ္ပသဒ္ဒ ဣဋ္ဌာရုံ–နှစ်မျိုးနှစ်စားရှိတာပါပဲ။ ဒီသဒ္ဒါရုံနှစ်မျိုးနှစ်စား စလုံးကိုပဲ–

ဣဋ္ဌာ-အလိုရှိအပ်ကုန်သော၊ ကန္တာ-နှစ်သက်အပ်ကုန်သော၊ မနာပါ-မြတ်နိုးအပ် ကုန်သော၊ ပိယရူပါ-ချစ်အပ် သာယာအပ်သောသဘောရှိကုန်သော၊ကာမူပသံဟိကာ-ကာမဖြင့်ကပ်၍ ထားအပ်ကုန်သော၊ ဝါ-လိုချင် နှစ်သက်ဘွယ်ဂုဏ်နှင့် စပ်ယှဉ်ကုန်သော၊ ရဇနီယာ-တပ်စွဲ အပ်ကုန်သော၊ သောတဝိညေယျာ၊ နားဖြင့် ကြားအပ်ကုန်သော၊ သဒ္ဒါ-သဒ္ဒါရုံတို့သည်၊သန္တိခေါ၊ ရှိကုန်သည်သာတည်း-လို

ပုဏ္ဏမထေရ်အား ဒီလိုဟောတော်မူပါတယ်။ ရူပါရုံတွေဖြူ,နီ ကြောင်,ကျား အဆင်းအမျိုးမျိုး ရှိသလို သဒ္ဒါရုံတွေဆိုတာက လဲ လိုရာရွေးချယ်ပြီး နှစ်သက်စရာ အမျိုးမျိုးရှိတာပါပဲ။ဘယ်သံ ညာသံဆိုတဲ့ နိမ့်သံ မြင့်သံတွေလဲရှိတယ်။ဖိုသံ မသံ တွေဆိုတာလဲ ရှိတယ်။ သီချင်းသီဆိုသံ အမျိုးမျိုးတွေလဲရှိတယ်။ ရူပါရုံလှ တင့်တယ်လို့ နှစ်သက်မက်မောသလို အသံကောင်းလို့ မက်မော တာတွေလဲ အင်မတန်များပါတယ်။ တဏှာလောဘက အသံ ကောင်းကောင်းကိုလဲ ခွါလို့ ရုံးလို့ မရအောင် မလွှတ်တန်း နှစ်သက် မက်မော လိုက်သေးတာပါပဲ။

## ဂန္ဓာရုံလဲ့ ကာမဂုဏ်

အနံ့ကောင်းကောင်း ကလေးကိုလဲ နှာခေါင်းက နှစ်သက်ပါ တယ်။ နှာခေါင်းက နှစ်သက်ပါတယ်ဆိုတာ တင်စားပြောတာ ပဲ။ ငါ့မျက်စိက လှလှလေးမှ ကြည့်ချင်တယ်။ငါ့နားက ဒီအသံ မျိုးကိုမကြိုက်ဘူး။သနပ်ခါးနံ့ကလေးများဆိုယင် ငါ့နှာခေါင်း က သိပ်ကြိုက်တာ စသည်ဖြင့် ဒီလို ပြောကြဆိုကြ တာတွေဟာ တင်စားပြောဆိုကြတာ ဖြစ်ပါတယ်။ ကြိုက်တယ် မကြိုက်ဘူး၊

ကြည့်ချင်တယ် မကြည့်ချင်ဘူးဆိုတာက မျက်စိတို့ နားတို့က မဟုတ်ပါဘူး။ တဏှာလောဘတို့ ဒေါသတို့ကသာ ဖြစ်ပါတယ်။ နှာခေါင်းဆိုတာက ဃာနပသာဒ-ဃာနဒွါရ၊ အနံ့ ဆိုတာက ဂန္ဓာရုံ၊ မွှေးတယ် နံတယ်လို့ သိတာက ဃာနဝိညာဏ်၊ ဒီလိုသိပြီး ကြိုက်တယ် မကြိုက်ဘူးဆိုတာက တဏှာလောဘနဲ့ဒေါသ။ ဒီ ဃာနဒွါရတို့၊ ဂန္ဓာရုံတို့၊ ဃာနဝိညာဏ်တို့၊ လောဘ ဒေါသတို့ ဆိုတာတွေက တချိုးနဲ့တချိုး အင်မတန်နီးကပ်ပြီး တစပ်ထဲလိုလို ဖြစ်နေကြတာ ဖြစ်တယ်။ ဒါကြောင့် နီးကပ်တဲ့ ဥပစာအနေနဲ့ တင်စားပြီး ပြောကြဆိုကြတာပဲ။ သဘာဝအနေနဲ့ မွှေးတာပဲ ဖြစ်ဖြစ် ကြံစီပြီး မွှေးတာပဲဖြစ်ဖြစ် အနံ့မွှေးမွှေး ကလေးတွေကို နှစ်သက်တာဟာ ဂန္ဓာရုံကာမဂုဏ်လို့ ဆိုပါတယ်။ ဒီလို အနံ့ မွှေးမွှေးကလေးတွေကို နှစ်သက်တာကိုပဲ-

ဣဋ္ဌာ-အလိုရှိအပ်ကုန်သော၊ ကန္တာ-နှစ်သက်အပ်ကုန်သော၊ မနာပါ-မြတ်နိုး အပ်ကုန်သော၊ ပိယရူပါ-ချစ်အပ် သာယာ အပ်သော သဘောရှိကုန်သော၊ ကာမူပသံဟိတာ၊ ကာမဖြင့် ကပ်၍ ထားအပ်ကုန်သော၊ ဝါ-လိုချင် နှစ်သက်ဘွယ်ဂုဏ်နှင့် စပ်ယှဉ်ကုန်သော၊ ရဇနီယာ- တပ်စွဲအပ်ကုန်သော၊ ဃာနဝိညေယျာ-ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော၊ ဂန္ဓာ-အနံ့မျိုးစုံ ဂန္ဓာရုံတို့သည်၊ သန္တိခေါ-ရှိကုန်သည်သာတည်း-လို့

ပုဏ္ဏမထေရ်ကို ဘုရားသျှင်က ဟောတော်မူခြင်းဖြစ်ပါတယ်။ ဒီဂန္ဓာရုံဆိုတဲ့ အနံ့ကိုလဲ ရှုံးမထွက်ရအောင် တဏှာလောဘက နှစ်သက်စရာဖြစ်နေလို့ ကာမဂုဏ်လို့ပဲ ဆိုရပါတယ်၊

## ရသာရုံလဲ ဒီလိုပဲ

အရသာဆိုတာ စားစရာ သောက်စရာတွေထဲမှာပါတဲ့ချိုချဉ် ဖန်ခါး စတဲ့ အရသာတွေဖြစ်ပါတယ်။ ပါးစပ်ထဲမှာ စား သောက်လို့ တွေ့လာတဲ့ ဒီအရသာတွေကို ရသာရုံလို့ ဆိုပါတယ်။ ဒီ ရသာရုံတွေကို ပါးစပ်နဲ့ စားတဲ့ သောက်တဲ့အခါ တွေ့ရတာ ဖြစ်လို့ ပါးစပ်က ဒီအရသာကို ကြိုက်တယ်၊ ဒါမှမဟုတ်လျှာမှာ တွေ့ရတဲ့ အရသာဖြစ်လို့ ဒီအရသာကို လျှာတွေ့တယ်လို့ ဆိုကြ ပါတယ်၊ ဒီလို ပါးစပ်ထဲက လျှာပေါ်ရောက်လာတဲ့ အရသာ တွေကို ဇိဝှာဝိညာဏ်က သိတာဖြစ်ပါတယ်၊ ပီးတော့မှ တဆင့် ဘက်ပြီး ဆန္ဒရာဂက ကောင်းတယ်လို့ ဆုံးဖြတ်လိုက်တဲ့ အခါ တဏှာလောဘတွေ ဖြစ်ခဲ့ရပါတယ်၊ သဘောအားဖြင့်ကောင်းတဲ့ အရသာပဲဖြစ်ဖြစ် ကြံစည်ပြီး ကောင်းတဲ့ အရသာပဲ ဖြစ်ဖြစ် အရသာရှိတယ်၊ ကောင်းတယ်လို့ဖြစ်လာယင် တဏှာလောဘက ဝင်ရောက်လာပြီ ဆိုတာသာ မှတ်ပေတော့။ ကောင်းပါတယ်၊ အရသာရှိပါတယ်ဆိုတဲ့ ဒီရသာရုံမျိုးကိုပဲ....

ဇိဝှာ-အလိုရှိအပ်ကုန်သော၊ ကန္တာ-နှစ်သက်အပ် ကုန်သော မနာပါ-မြတ်နိုးအပ်ကုန်သော၊ ပိယရူပါ-ချစ်အပ် သာယာ အပ်သော သဘောရှိကုန်သော၊ ကာမူပသံဟိတာ-ကာမဖြင့် ကပ်၍ ထားအပ်ကုန်သော၊ ဝါ-လိုချင်နှစ်သက်ဘွယ် ဂုဏ်နှင့် စပ်ယှဉ်ကုန်သော၊ ရဇနီယာ-တပ်စွဲအပ်ကုန်သော၊ ဇိဝှာ ဝိညေ ယျာ-ဇိဝှာဝိညာဏ်ဖြင့် သိအပ် ကုန်သော၊ ရသာ-ရသာရုံ တို့သည်၊ သန္တိခေါ-ရှိကုန်သည်သာတည်း-လို့....

ပုဏ္ဏမထေရ်ကို ဟောတော်မူပါတယ်။ ဒီအရသာ ဆိုတဲ့ ရသာရုံကိုလဲ တဏှာလောဘက နှစ်သက်တယ်၊ မြတ်နိုးတယ်၊ ဒီရသာရုံထဲက မထွက်မခွာနိုင်အောင် စွဲလန်း ပျော်ပိုက်တယ်။

## ဖောဋ္ဌဗ္ဗာရုံကိုလဲ နည်းတူပဲ

အတွေ့အထိဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံကတော့ သူတွေ့ထိတဲ့နေရာတွေဟာ အင်မတန် ကျယ်ပြန့်တယ်။ တကိုယ်လုံး ဘယ်နေရာမှာပဲထိထိ သိနိုင်တာချည်းလိုလိုပဲ၊ ဖောဋ္ဌဗ္ဗာရုံကို လက်ခံနိုင်တဲ့ ကာယပသာဒရုပ်တွေက တကိုယ်လုံးမှာ ပြန့်နှံ့ တည်နေတာဖြစ်လို့ ထိချင်တဲ့နေရာမှာ ထိ ကာယ ဝိညာဏ်ကသိတာချည်းပဲ။ ခြေသည်း လက်သည်းဖျားတို့ ဆံပင်နဲ့မွေးညှင်းဖျားတို့ ချောက်နေတဲ့ အရေပြားတို့ကလွဲယင် ထိတိုင်းထိတိုင်း သိနိုင်တဲ့နေရာတွေချည်း ဖြစ်နေပါတယ်။ ဒီလို ဘယ်နေရာထိထိ သိလာပြီဆိုယင် ကောင်းတယ်လို့ ထင်တာနဲ့တပြိုင်နက် တဏှာလောဘက နှစ်သက်တော့တယ်၊ မြတ်နိုးတော့တယ်။ အိစက် ညက်ညောလှတဲ့ ဖဲမွေ့ရာ အတွေ့အထိတွေ၊ ထိုင်လိုက် အိပ်လိုက်ယင် သက်သက်သာသာကလေး အိဆင်းသွားတဲ့ ကတ္တီပါတို့ဖရောင်း ပုဆိုး ချောချောကလေးတို့ အုပ်ဖုံးထားတဲ့ ကုလားထိုင်တွေ၊ ကုရှင်တွေပေါ်မှာ ထိုင်လိုက် အိပ်လိုက်လို့ တွေ့ထိရတဲ့ အတွေ့အထိဆိုယင် တဏှာလောဘက အင်မတန်ကြိုက်၊ အင်မတန် နှစ်သက်ပါတယ်၊ သဘာဝခြားနားတဲ့ ဝိသဘာဂ ယောကျ်ား မိန်းမတို့ အချင်းချင်း တွေ့ရာ ထိရာမှာလဲ တဏှာလောဘက ဒီလိုပဲကြိုက်တတ် နှစ်သက်တတ်ပါတယ်၊ ရူပါရုံ-စတဲ့အခြား အာရုံတွေကို ကြိုက်နှစ်သက်သလိုပဲ ဖောဋ္ဌဗ္ဗအာရုံကိုလဲ တဏှာ

လောဘက ကြိုက်နှစ်သက်ပါတယ်၊ ဒါကြောင့် ဒီဖောဋ္ဌဗ္ဗအာရုံ ကာမဂုဏ် အရာမှာလဲ....

ဣဋ္ဌာ-အလိုရှိအပ်ကုန်သော၊ ကန္တာ-နှစ်သက်အပ်ကုန်သော၊ မနာပါ-မြတ်နိုးအပ်ကုန်သော၊ ပိယရူပါ-ချစ်အပ် သာယာအပ်သော သဘောရှိကုန်သော၊ ကာမူပသံဟိတာ-ကာမဖြင့်ကပ်၍ ထားအပ်ကုန်သော၊ ဝါ-လိုချင် နှစ်သက်ဘွယ်ဂုဏ်နှင့် စပ်ယှဉ်ကုန်သော၊ ရဇနီယာ-တပ်စွဲ အပ်ကုန်သော၊ ကာယဝိညေယျာ-ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော၊ ဖောဋ္ဌဗ္ဗာ-တွေ့ထိလုံးစုံ ဖောဋ္ဌဗ္ဗရုံတို့သည်၊ သန္တိခေါ-ရှိကုန်သည်သာတည်း-လို့

ဒီလိုလဲ ပုဏ္ဏမထေရ်ကို ဟောတော်မူပါတယ်။ အခု ဟောခဲ့ပြောခဲ့တဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ-တွေဟာ အာရုံငါးပါး ကာမဂုဏ်တရားတွေ ဖြစ်ပါတယ်။ ဒီအာရုံတွေကို နန္ဒီဆိုတဲ့ တဏှာလောဘဟာ မလွှတ်ရက်၊ မခွါရက် ရုံးထွက်မရအောင် တပ်မက်စွဲလန်းတတ်ပါတယ်။ ဒါကြောင့် ကာမတဏှာ ကာမဂုဏ်လဲ တပ်မက်မောတယ်-လို့ ဓမ္မစက္ကပဝတ္တနသုတ်တော်တွင် ဟောတော်မူရတာ ဖြစ်ပါတယ်။

## ဘဝတဏှာ

ဘဝတဏှာဆိုတာ ဘဝနဲ့စပ်ပြီးဖြစ်တဲ့ တဏှာဖြစ်ပါတယ်။ ဘဝနဲ့ ဘယ်လိုစပ်သလဲဆိုယင် ငါကောင်ဟာ ဟိုဘဝ ဒီဘဝ ပြောင်းရွှေ့ပြီး ဒီလိုပဲ ဆက်ဖြစ်နေတယ်။ ရုပ်ကိုယ်တွေကသာ အိုလိုက်၊ နာလိုက်၊ သေလိုက်နဲ့ ဒီလို သေသွားပေမယ့် ငါကောင်ကတော့ တဘဝကနေတဘဝ အမြဲဆက်ဖြစ်နေတယ်။ ဟိုဘဝ

တုန်းက ငါကောင်ဟာ နွားဖြစ်ခဲ့ပြီး ဒီဘဝမှာတော့ လူဖြစ်လာတယ်။ ငါကောင်ဟာ ဒီလိုပဲ မပျက်မစီး တဘဝကနေတဘဝကူးပြောင်းတည်မြဲနေတယ်-လို့ ဒီလိုဘဝနဲ့စပ်ပြီး တည်မြဲတယ်ဆိုတဲ့ ဘဝအပေါ်မှာ တပ်စွဲနှစ်သက်တဲ့ တဏှာကိုပဲ ဘဝတဏှာလို့ ဆိုပါတယ်။ ငါကောင်မြဲတယ်လို့ ဒီလို မမှန်မကန် ထင်မြင်ယူဆတာကို သဿတဒိဋ္ဌိလို့ ခေါ်တယ်။ ဒီ မြဲတယ်လို့ယူဆပြီး ဒီအယူနဲ့အတူ ဘဝကို သာယာ တပ်စွဲနေတာပါပဲ။

ဒီလိုမမှန်မကန် စွဲယူမိတဲ့ ထင်မြင်ယူဆမှုတွေဆိုတာ အင်မတန်ကြောက်ဘွယ်ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုထင်မြင်ယူဆမှုနဲ့အတူ တရားအားထုတ်ယင် ကိုယ်လိုတဲ့မဂ်ဖိုလ်ကို မရနိုင်ဘူး။ တရားအားထုတ်တယ် ဝိပဿနာ ရှုမှတ်တယ်ဆိုတာ ခန္ဓာငါးပါး ပရမတ်တရားတွေရဲ့ သဘောမှန်ကို သေသေချာချာ မြင်အောင် ရှုကြည့်ရတာဖြစ်တယ်။ ဒီခန္ဓာငါးပါး ပရမတ်တရားတွေဆိုတာကလဲ အမှန်က တစက္ကန့်ကလေးမျှ တည်မြဲနေတာမရှိဘူး။ တရိပ်ရိပ်ဖြစ် တရိပ်ရိပ်ပျက်နေကြတာ။ ဒီတော့ ငါကောင် မြဲပါတယ်လို့ ထင်မြင်ယူဆထားတာနဲ့ အင်မတန်ဆန့်ကျင် နေပါတယ်။ မြဲတယ်ဆိုတဲ့ အခုအင်ကြီးနဲ့ ရှုမှတ်လို့ မမြဲတာတွေကို သယ်မှာ တကယ်မြင်နိုင်လိမ့်မှာလဲ။ ဒီလိုမမြဲတာကို မမြဲဘူးလို့ အမှန်အကန်မမြင်ပဲလဲ မဂ်ဖိုလ်ဆိုတာက ရနိုင်ရိုးမရှိဘူး။ မဂ်ဖိုလ်ဟာ ကောင်းတယ် ရသင့်တယ်ဆိုလို့ လိုချင်တာနဲ့ တရားအားထုတ်ယင်တောင် လိုချင်တဲ့အတိုင်း မရနိုင်တဲ့ အယူဖြစ်လို့ ဒီအယူမှားမျိုးဟာ အင်မတန်ကြောက်ဘွယ်ကောင်းတယ်လို့ ပြောပါတယ်။

## ဝိဘတဏှာ

သေယင်ပြီးတာပဲ။ သေပြီးယင် နောက်ဘဝဆိုတာ မရှိဘူး။ ဘဝပြတ်သွားတာပဲလို့ ထင်မြင်ယူဆပြီး ဒီအယူနဲ့တကွ ဘဝအတွင်းမှာ တွေ့သာတဲ့အာရုံတွေကို သာယာ နှစ်သက်တာဟာ ဝိဘဝတဏှာဖြစ်ပါတယ်။

သေယင်ပြီးတာပဲ နောက်ဘဝမှ မဖြစ်တော့ဘူးဆိုတဲ့အယူကို စာအနေနဲ့ ဥစ္ဆေဒဒိဋ္ဌိ ခေါ်ပါတယ်။ ဒီအယူက ဘဝတဏှာမှာဖြစ်တဲ့ သဿတဒိဋ္ဌိအယူထက်တောင် ကြောက်ဘွယ်ကောင်းသေးတယ်။ ငါကောင်မြဲတယ်ဆိုတဲ့ သဿတ အယူက ငါကောင် ကောင်းစားဖို့ လူ့ပြည် နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ဖေါ်ရသေးတယ်။ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ဒီအယူများကတော့ နောက်ဘဝ ခံစားစရာမှမရှိပဲ ဘာကုသိုလ်ကောင်းမှုကိုမှ ပြုလုပ်စရာ မလိုတော့ဘူး။ လက်ရှိဖြစ်တဲ့ ဒီဘဝမှာသာ ဒီကိုယ်ကောင်းဖို့တခုသာ သူ့မှာရှိတော့တာ ဖြစ်တယ်။ ပစ္စည်းကုန်တဲ့ဒါနမှုကိုလဲ ပြုစရာမလိုဘူး။ ချုပ်တီး အောင့်အီးရတဲ့ သီလကိုလဲ စောင့်သုံးဖို့မလိုဘူး။ စိတ်တည်ငြိမ်အောင် ချုပ်တည်းပြီး ခက်ခက်ခဲခဲပွါးများရတဲ့ သမထ, ဝိပဿနာ ဘာဝနာတွေ အားထုတ်နေဖို့လဲ မလိုဘူး။ အလိုရှိသလိုစား အလိုရှိသလိုသွား အလိုရှိသလို အိပ်နေဖို့သာရှိတော့တယ်။ ပါပသ္မိံ ရမတိ မနော-စိတ်ဆိုတာ မကောင်းမှု၌သာ မွေ့လျော်တတ်တဲ့ အတိုင်းစိတ်ထင်သလို လုပ်လိုတဲ့ မကောင်းမှုတွေကိုသာ ပြုလုပ်နေဖို့ရှိတော့တာပဲ။ ဒါကြောင့် သဿတ မိစ္ဆာဒိဋ္ဌိအယူထက် ဥစ္ဆေဒ မိစ္ဆာဒိဋ္ဌိအယူကပိုပြီးကြောက်ဘွယ်ကောင်းသေးတယ်။ ဒီသဿတ

နဲ့ ဥစ္စာဒအယူများတွေကို ဗုဒ္ဓဘာသာဝင်တွေအတွက် ရှိဘို့ မလွယ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီအယူတွေဟာမမှန်ဘူး မှားတယ်လို့ ဒေသနာတော်လာအတိုင်း သေသေချာချာ သိနေကြပြီးသား ဖြစ်နေကြလို့ပါပဲ။ ဒီလိုသိနေပြီး ဒီအယူတွေ မရှိတာ ဖြစ်လို့လဲ သံသရာဝဋ်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဒါနကုသိုလ်တွေကိုလဲ ပြုလုပ်ကြတယ်။ ငါးပါး ရှစ်ပါး ဆယ်ပါး -စတဲ့ သီလတွေကိုလဲ တတ်နိုင်သလို စောင့်ထိန်းကြတယ်။ သမထ ဝိပဿနာဘာဝနာတွေကိုလဲ ပွါးများအားထုတ်ကြတယ် မဟုတ်လား။

## ရှေးတုန်းကကို ရှိခဲ့တယ်

ကာမဘုံမှာရှိနေတဲ့ ကာမဘုံသားတွေကို ကာမတဏှာလောက်သာမကပဲ မိစ္ဆာဒိဋ္ဌိအယူနဲ့ ဘ ဝ တ ဏှ ာ ဝိဘဝတဏှာတွေကိုပါ ဟောရတာဟာ ဘုရားသျှင်က ဟောစရာတွေရှိနေလို့ ဟောတော်မူရတာဖြစ်တယ်။ ဘယ်လို ဟောစရာရှိနေသလဲဆိုယင် ဘုရားသျှင် လက်ထက်ကုန်းကကိုပဲ ဒီလိုမှားမှားယွင်းယွင်း ထင်မြင်ယူဆနေကြတဲ့ တိတ္ထိဆရာကြီးတွေက ထင်ရှား ရှိနေကြပါတယ်။ ဒီလို ထင်ရှား ရှိနေကြတာဖြစ်တော့ ဒီအယူအဆတွေကို မဟောပဲ ချန်ထားခဲ့လို့ မဖြစ်ပါဘူး။ တကယ်လို့ မျက်မှောက်တော်မှာရှိနေတဲ့ ဒီအယူအဆတွေကို ဘာမှမဟောကြားပဲ လစ်လျူ ရှုထားခဲ့မယ်ဆိုယင် မှားဘယ် မှန်တယ်ဆိုတာ မသိပဲဖြစ်နေကြမယ်။ ဒီလိုမသိကြယင် ဒီအယူအဆရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေက ဂိုဏ်းဆရာကြီးတွေ ဖြစ်နေတော့ သူတို့ပဲ ပညာရှိကြီးတွေ၊ ပညာရှိကြီးတွေယူဆတဲ့ ဒီအယူအဆတွေဟာ ဟုတ်မှာပဲ မှန်ကန်

မှာပဲဆိုပြီး စိတ်ချလက်ချ လိုက်နာယူကြမယ်။ ဒီလို အမှားတွေကို ထင်ရှားအောင် ဟောတော်မမူပဲထားခဲ့လို့ အမှန်တွေထင်နေရစ်ကြမယ်ဆိုယင် အမှားကိုအမှား အမှန်ကိုအမှန် ဟောပြဘို့ ပွင့်ပေါ်တော်မူလာရတဲ့ ဘုရားသျှင်ရဲ့ တာဝန်တမျိုး လိုနေပါလိမ့်မယ်။ ဒါကြောင့် ဘဝတဏှာ ဝိဘဝတဏှာ တွေကိုလဲ ကာမဘုံသားတွေကို ဟောတော်မူရပါတယ်။ မိစ္ဆာဒိဋ္ဌိအယူတွေနဲ့ ရောစပ်နေတဲ့ ဘဝတဏှာ ဝိဘဝတဏှာ အယူအဆမှားတွေကို သီလက္ခန်ပါဠိတော်မှာ အပြည့်အစုံ ဟောတော်မူထားရှိပါတယ်။

ပူရဏ ကဿပဆိုတဲ့ တိတ္ထိဆရာကြီး၏ ကောင်းမှု မကောင်းမှုကံမရှိဆိုတဲ့ အကြိယဝါဒ။ မက္ခလိ ဂေါသာလ ဆရာကြီး၏ ကောင်းကြောင်းဆိုးကြောင်းမရှိ အချိန်ကျရင် အလိုလို ဆင်းရဲကုန်ဆုံးတယ်ဆိုတဲ့ အဟေတုကဝါဒ။ အဇိတကေသဆရာကြီး၏ ဘာလုပ်လုပ် ဘာမှအကျိုးမရှိဆိုတဲ့ နတ္ထိကဝါဒ။ ပကုဓကစ္စာယနဆရာကြီး၏ ဓါတ်ကြီး လေးပါးနဲ့ ချမ်းသာ ဆင်းရဲ ဆိုတာ ဘယ်သူကမှ ပြုလုပ် ခုတ်ထစ်လို့မရ၊ ဘယ်သူကမှ မပြုမလုပ်ရပဲ သူ့အလိုလို တည်မြဲတည်တံ့နေတယ်ဆိုတဲ့ အကာတဝါဒ။ နိဂဏ္ဌနာဋပုတ္တ၏ ဆရာကြီး၏ စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်းတဲ့သူဟာ အထွဋ်အထိပ်ရောက်သူဖြစ်တယ်ဆိုတဲ့ စာတုယာမသံဝရဝါဒ။ သိဉ္စည်းဆရာကြီး၏ ဘာရယ်လို့ ပိုင်းပိုင်းခြားခြား မရှိ မရေမရာပြန့်လွင့်တဲ့ အမရာဝိက္ခေပဝါဒ။ ဒီလို မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ တိတ္ထိဆရာကြီးတွေဟာ ဘုရားသျှင် မပွင့်မီကတဲက ဘုရားသျှင် ပွင့်တော်မူလာသည့်တိုင်အောင် ဘုရားတွေအနေနဲ့ စင်ပြိုင်ပွင့်နေကြပါတယ်၊ စင်ပြိုင်ပွင့်နေကြတဲ့ ဒီဆရာကြီးတွေရဲ့ အမှားတွေကိုမဟောကြားပဲ အမှန်ဖြစ်နေရစ်အောင် ဘုရားသျှင်ကပစ်

ထားခဲ့လို့ မဖြစ်ပါဘူး။ ပြီးတော့ ဒီလောကသာမကသေးပဲ မိစ္ဆာအယူအမှားတွေဟာ အရေအတွက်အားဖြင့် ခြောက်ဆဲ့နှစ်ပါးတောင် အင်မတန်များပြားတာတွေ ရှိနေပါတယ်။ ဒါတွေအားလုံးကိုလဲ အမှားတွေဖြစ်ကြောင်း စေ့စေ့စုံစုံဟောတော်မူခဲ့ရပါတယ်။ ဒီများပြားလှတဲ့ မိစ္ဆာအယူတွေဟာ ယူဆပုံယူဆဟန် အခြင်းအရာတွေကွဲပြားပြီး အရေအတွက်တွေ ခြားနားနေပေမယ့် သင့်ရာသင့်ရာတွင် ထဲ့သွင်းလိုက်ရင် ဘဝတဏှာ ဝိဘဝတဏှာအဖြစ်တွင် ပါဝင်ပြီးတဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်မျိုးထဲမှာ အကြုံးဝင်ပါတယ်။ ဒါကြောင့်-

ဘဝတဏှာ-(သဿတ အယူနဲ့တကွ) ဘဝ၌လဲ တပ်မက်မောတယ်။

ဝိဘဝတဏှာ—ဘဝပြတ်ခြင်း၌လဲ တပ်မက်မောတယ်-လို့ တဏှာလောဘနဲ့စပ်ပြီး မိစ္ဆာ အယူအဆတွေ မကင်းတာကိုပါ ထဲ့သွင်း ဟောကြားတော်မူပါတယ်။

## အရိယာပုဂ္ဂိုလ်တို့အမြင်

ပုဏ္ဏ-ချစ်သားပုဏ္ဏ၊ နန္ဒီ-နှစ်သက် တတ်သော တဏှာသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။ နန္ဒီသမုဒယာ-နှစ်သက် တတ်သော တဏှာဖြစ်ခြင်းကြောင့်၊ ဒုက္ခသမုဒယော-ဆင်းရဲဖြစ်၏ လို့ပုဏ္ဏမထေရ်ကို ဒီလိုဟောတော်မူထားတဲ့အတိုင်း တဏှာဆိုတာဘယ်လိုသဘောရှိတယ်ဆိုတာရယ်၊ ဒုက္ခ-ဆင်းရဲဆိုတာ ဘယ်ပုံဆင်းရဲတယ် ဆိုတာရယ် သေသေချာချာသိမြင်ထားတဲ့ အရိယာပုဂ္ဂိုလ်တို့အမြင်ကို ဟောလို့ပြောလို့ပြီးသွားပါပြီ။ ဘုရားအစရှိတဲ့အရိယာ ပုဂ္ဂိုလ်တွေမြင်တဲ့ အမြင်ဆိုတာက မှန်းဆပြီး အတွေးနဲ့မြင်တဲ့အမြင်မျိုး

မဟုတ်ပါဘူး။ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေနဲ့မှန်မှန်ကန်ကန် အတတ်သိမြင်တဲ့ အမြင်မျိုးဖြစ်ပါတယ်။ ဒါကြောင့် အရိယသစ္စ-အရိယာတို့ သိမြင်တဲ့ အမှန်သဘောပါ-လို့သစ္စာပုဒ်တပ်ပြီး ဟောထားတာဖြစ်ပါတယ်။

ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးတဲ့ ပုထုဇဉ်တွေရဲ့ အမြင်တွေဆိုတာကတော့ အမှန်အတိုင်းမြင်တယ်လို့မဆိုနိုင်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ အမှန်ကို ဖုံးလွှမ်းတတ်တဲ့ မောဟနဲ့မကင်းကြသူတွေဖြစ်နေလို့ပါပဲ။ မောဟဆိုတဲ့ အဝိဇ္ဇာနဲ့ မကင်းသူတွေဟာ မှန်တဲ့အတိုင်း မမြင်တတ်ကြပဲ မမြဲတာကိုပဲ မြဲတယ်လို့ ထင်ချင်ထင်၊ ဆင်းရဲတာကိုပဲ ချမ်းသာတယ်လို့ ထင်လိုထင်။ ငါကောင်မဟုတ်တာကိုပဲငါကောင်လို့ ထင်လိုထင် မတင့်တယ်တာကိုပဲ တင့်တယ်တယ်လို့ ထင်လိုထင်-ဒီလို မမှန်မကန် အလွဲအမှားတွေ ထင်တတ်ကြပါတယ်။ ဒီတော့ပုထုဇဉ်တို့ အမြင်ကို သစ္စာဆိုတဲ့ ပုဒ်ကို တတ်ပေးလို့ မဖြစ်နိုင်ပါဘူး၊

## အကြောင်းရှိလို့ အကျိုးဖြစ်သည်

အရိယာတို့ အမြင်နဲ့မြင်တဲ့ ဒုက္ခဖြစ်နေပုံတွေ၊ တဏှာဖြစ်နေပုံတွေကို သစ္စာတတ်ပြီး ဟောကြားတော်မူထားတဲ့အတိုင်း အသီးသီးရှင်းပြပြီးခဲ့ပါပြီ။ နန္ဒီတဏှာဖြစ်လို့ ဆင်းရဲဖြစ်တယ်။ ဒီလို ဟောတော်မူထားတဲ့အတိုင်း အကြောင်းရှိလို့ အကျိုးဖြစ်ရပုံတွေကို ဆက်စပ်ပြီး ရှင်းပြဘို့ လိုပါသေးတယ်။ အကြောင်းနဲ့ အကျိုးဆိုတာ တမျိုးနဲ့တမျိုး ဆက်စပ်ပြီး ဖြစ်နေ ကြရတာဖြစ်တယ်။ အကြောင်းရယ်လို့ ရှိလာရင်အကျိုးဆိုတာကလဲရှိလာရ ပြန်ပါတယ်။ အကျိုးရယ်လို့ ဖြစ်ပေါ် လာပြန်ယင်လဲ

အကြောင်းမရှိပဲ ဘယ်တော့မှ ဖြစ်ပေါ် မလာနိုင်ပါဘူး။ အကြောင်းရှိလို့ သာဖြစ်ပေါ်လာရပါတယ်။ ဒါကြောင့် နန္ဒီ တဏှာက အကြောင်း၊ ဆင်းရဲတာက အကျိုးလို့ အကြောင်းအကျိုး အဖြစ် ဆက်စပ်နေတဲ့ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာကို ဒီနေရာမှာလဲ ဟောတော်မူရပါတယ်။ တခြား နေရာတွေမှာလဲ ဟောတော်မူပါတယ်။

နက်နဲပြီး အသိခက်တဲ့ အကြောင်းအကျိုးတွေလဲရှိပါတယ်။ ပေါ်လွင်ပြီး သိတုယ်တဲ့ အကြောင်း အကျိုးတွေလဲ ရှိပါတယ်။ အဘိဓမ္မာ သဘောဖြစ်တဲ့ ပဋ္ဌာန်းဒေသနာတော်လာ ပစ္စည်းပစ္စယုပ္ပန်အကြောင်းတွေဆိုတာရယ်၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်လာ အကြောင်းအကျိုးတွေဆိုတာရယ်–ဒီအကြောင်းအကျိုးတွေကိုဟောတော်မူတဲ့အတိုင်း သိဘို့ဟာနက်နဲတာတွေဖြစ်လို့ မလွယ်ကူပါဘူး။ အင်မတန်အသိခက်ပါတယ်။ စားချင်လို့ စားတယ်၊ သွားချင်လို့ သွားတယ်–ဆိုတဲ့ ဒီလိုအကြောင်း အကျိုး တွေကတော့ ပေါ်လွင်တာဖြစ်လို့ ဘယ်သူက အကြောင်း ဘယ်သူက အကျိုးလို့ ပြောပြလိုက်ရင် သိလွယ်ပါတယ်။ ဒီလို သိလွယ်တယ်ဆိုတာကလဲ ပြောပြတဲ့အခါ မှတ်သားနိုင်တာ ဖြစ်လို့ သာလွယ်တယ်လို့ ဆိုရတာပဲ။ တကယ်သဘာဝကျကျ သိဘို့ဆိုပြန်တော့ လွယ်လှတာ မဟုတ်ပါဘူး။ အဘိဓမ္မာ သဘောတွေ၊ ပဋိစ္စသမုပ္ပါဒ်သဘောတွေပါဝင်လျက်ပဲရှိနေပါတယ်။ ပြောပြလို့ သိတာမျိုးမဟုတ်ပဲ ကိုယ်တိုင် တကယ်သိချင်ပါတယ်ဆိုယင်တော့ ပစ္စယပရိဂ္ဂဟ ဉာဏ်လောက် ရောက်အောင် ဝိပဿနာ ရှုမှတ်ပြီး ဝိပဿနာ ဉာဏ်မျက်စိနဲ့ ကြည့်နိုင်မှသာ သိဘို့ရှိပါတယ်။ ကိုယ်တိုင်သိချင်လို့ ရှိရင် သိနိုင်အောင်ဝိပဿနာဉာဏ်မျက်စိရအောင်

ရှုမှတ်ပုံကိုလဲ နောက်ပိုင်းကျယင် တွေ့ရပါလိမ့်မယ်။ အခုတော့ နန္ဒီဆိုတဲ့ တဏှာနဲ့ ဒုက္ခဆိုတဲ့ ဆင်းရဲတွေ အကြောင်း အကျိုး ဆက်စပ်ပုံကို ပြောပြရအုံးမယ်။

## လိုချင်လို့ ဆင်းရဲတယ်

လိုချင်တာကအကြောင်း ဆင်းရဲတာကအကျိုးဖြစ်တယ်။ လိုချင်တာနဲ့ ဆင်းရဲတာဟာ ဒီလိုပဲအကြောင်းအကျိုး တော်စပ်နေကြပါတယ်။ လိုချင်တော့ ရအောင် အားထုတ်ရတဲ့ ဆင်းရဲတွေ ဖြစ်လာတယ်။ အားထုတ်ရတဲ့ ဆင်းရဲနဲ့ ရင်းနှီးလို့ ရလာတော့ ချမ်းသာရောလားဆိုတော့ ဒီလိုလဲ မဟုတ်ပြန်ဘူး။ ရလာတဲ့အတိုင်း မပျက်မစီးအောင် လုံးပန်းရတဲ့ဆင်းရဲ၊ ကြောင့်ကြစိုးရိမ်ရတဲ့ဆင်းရဲ၊ ပျက်စီးသွားတဲ့အခါ စိတ်နှလုံးပူပန်ရတဲ့ဆင်းရဲတွေက တသီကြီးလိုက်လာပြန်ပါတယ်။ ရလာလို့ဆင်းရဲတယ်ဆိုယင် မရတော့အေးရော ချမ်းသာရော မဟုတ်လားလို့ မေးစရာရှိပါတယ်။ မေးစရာသာရှိတယ်- ဒီလိုအေးတာ ချမ်းသာတာလဲ မဟုတ်ဘူး။ ယမ္ပိစ္ဆံ န လဗ္ဘတိ၊ တမ္ပိ ဒုက္ခံ- လိုတိုင်းမရ၊ မရတာကို လိုချင်မိလို့ ဆင်းရဲရပြန်တာပဲ။ လိုချင်မှုဆိုတဲ့အကြောင်း သဘောဖြစ်လာပြီဆိုယင် လိုချင်တဲ့အတိုင်းရရ-မရရ ဆင်းရဲဖြစ်ဖို့ကတော့ သေချာပါတယ်။

လှလှပပ၀တ်ချင်လို့ ပိုးဖွဲ့ ကတ္တီပါ အထည်ကောင်းကောင်းကလေးကို လိုချင်တယ်။ လိုချင်တော့ ၀ယ်နိုင်အောင် ငွေကြေးရှာဖွေစုဆောင်းရတယ်။ ၀ယ်နိုင်လောက်တဲ့ငွေကြေးကို မရအရရှာဖွေစုဆောင်းပြီး ပြည့်စုံလို့ လိုချင်တဲ့အတိုင်း ရလာတဲ့အခါ မဟောင်းမနွမ်းရအောင် စောင့်ရှောက်ရတယ်။ ကြွက်မကိုက်ရအောင် သူခိုးမခိုးရအောင် စောင့်ရှောက်ရတယ်။ ဒီလိုအပန်း

တကြီးစောင့်ရှောက်နေခဲ့ရတဲ့အထဲက နွမ်းချင်လဲ နွမ်းသွားမယ်။ ကြွက်ကိုက်ချင်လဲ ကိုက်သွားမယ်၊ သူခိုးခိုးချင်လဲ ခိုးသွားမယ်၊ မီးလောင်ချင်လဲ လောင်သွားမယ်။ ဒီလိုအဖျက်အဆီးတွေ ဆိုတာ ဖြစ်ချင်ယင်ဖြစ်လာနိုင်တာတွေချည်းပဲမဟုတ်လား။ ဒါဟာ သိလွယ်ထင်ရှားတဲ့ လိုချင်လို့ ဆင်းရဲပုံကိုထုတ်ပြလိုက်ရပါတယ်။ လှလှပပအဝတ်အထည် ကောင်းကောင်းကလေးများကို လိုချင်တာက နန္ဒီဆိုတဲ့ တဏှာပါပဲ။ ဒီနန္ဒီတဏှာကြောင့် လိုချင်တဲ့ အဝတ်အထည်ကို မရရအောင် ရှာမှီးရတဲ့ဆင်းရဲ၊ ရလာပြန်တော့ မပျက်မစီးအောင် စောင့်ရှောက်ရတဲ့ဆင်းရဲ၊ အကြောင်းမတော်လို့ ပျက်စီးသွားယင် ပူပန်ရတဲ့ ဆင်းရဲတွေဖြစ်လာနိုင်ပါတယ်။ဖြစ်လာနိုင်တဲ့အတိုင်း ဖြစ်လဲဖြစ်နေကြတာ အထင်အရှားပါပဲ။ နှစ်သက်မြတ်နိုးတဲ့ အထည်ဝတ္ထုတွေ ကြွက်ကိုက်သွားလို့ မချမ်းမသာ ဖြစ်နေကြတာတွေ၊ သူခိုးခိုးသွားလို့၊မီးလောင်သွားလို့ မချမ်းမသာဖြစ်နေကြတာတွေကို မကြာခဏ ဆိုသလို ကြားသိ နေကြရပါတယ်။ ဒီဆင်းရဲတွေဟာ နန္ဒီဆိုတဲ့ တဏှာကြောင့်ဖြစ်လာခဲ့ရတဲ့ ဆင်းရဲတွေပါပဲ။ သူ့အလိုလို အကြောင်းမရှိဲ ကောင်းကင်က ကျလာသလို မြေကပေါက်လာသလို ဖြစ်လာတော့မဟုတ်ပါဘူး။ ဘဝတခုတခုအတွင်းမှာ ဘဝအလိုက် ဖြစ်နိုင်လို့ ဖြစ်လာရတဲ့ ဆင်းရဲတွေဟာ ဘဝကိုလိုချင်တဲ့ နန္ဒီတဏှာကို အကြောင်းခံပြီး အကျိုးအဖြစ်နဲ့ ဖြစ်လာရတဲ့ ဆင်းရဲတွေချည်းပါပဲ။

## ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်

နန္ဒီဆိုတဲ့တဏှာ ရင့်သန်အားကောင်းလာတဲ့အခါ စွဲလမ်းတဲ့ ဥပါဒါန်အဖြစ် ရောက်လာတယ်။ ဥပါဒါန်ဆိုတာ နန္ဒီတဏှာ

အရင့်စားပါပဲ။ အာရုံခြောက်မျိုး အကောင်း အဆိုးတွေကို ခံစားရတဲ့အခါ တပ်မက်တဲ့ နန္ဒီတဏှာ ခြောက်မျိုး ဖြစ်ပေါ်လာတယ်။ ဒီတဏှာခြောက်မျိုးထက်သန်လာပြီဆိုတော့ စွဲလမ်းတဲ့ ဥပါဒါန် ဖြစ်လာတယ်။ ဥပါဒါန် ဆိုတာကလဲ တမျိုးထဲ မဟုတ်ဘူး၊လေးမျိုးတောင်ရှိပါတယ်။ကာမုပါဒါန်၊ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်- ဒီလို လေးမျိုးရှိပါတယ်။

ကာမုပါဒါန်ဆိုတာ ကာမပုဒ်၊ ဥပါဒါန်ပုဒ်—ဒီလိုနှစ်ပုဒ် တွဲစပ်ထားတာဖြစ်တယ်။ စောစောကပြောပြခဲ့တဲ့ လိုချင်နှစ်သက်ဖွယ် ကာမဂုဏ် အာရုံတွေကို ကာမလို့ဆိုပါတယ်။ တွေ့မြင်စသာမာန်နှစ်သက်ရာက တစတစနဲ့ နောက်တော့ မရမနေ တပ်မက်စွဲလမ်းလာတာကို ဥပါဒါန်လို့ ဆိုပါတယ်။ လိုချင်နှစ်သက်ဖွယ်ဖြစ်တဲ့ ကာမဂုဏ်အာရုံတွေကို တပ်မက် စွဲလမ်းတာ ကာမုပါဒါန်ဖြစ်ပါတယ်။ ကာမရာဂ မကင်းကြတဲ့လူတွေ နတ်တွေက နှစ်သက်ဖွယ် ကာမဂုဏ်အာရုံတွေကို လိုလား နှစ်သက်ကြတယ်။ နှစ်သက်ရာက တစတစနဲ့ နောက်တော့ မရမနေစွဲလမ်းကြတာပါပဲ။ ဒီလိုစွဲလမ်းတဲ့ ဥပါဒါန်အဖြစ် ရောက်လာပြီဆိုယင်တော့—ဥပါဒါန ပစ္စယာ ဘဝေါ-ဆိုတဲ့အတိုင်း ဘဝတွေဖြစ်လာရပါတယ်။ ကာမုပါဒါန်ကြောင့်လဲ ဘဝတွေ ဖြစ်လာရပါတယ်။ ဒိဋ္ဌုပါဒါန်ကြောင့်လဲ ဘဝတွေ ဖြစ်လာရပါတယ်။ သီလဗ္ဗတုပါဒါန်ကြောင့်လဲ ဘဝတွေဖြစ်လာရတယ်။ အတ္တဝါဒုပါဒါန်ကြောင့်လဲ ဘဝတွေဖြစ်လာရတယ်။ ဥပါဒါန်ကြောင့်ဖြစ်လာရတဲ့ ဘဝဆိုတာကလဲ တမျိုးထဲမဟုတ်ပါဘူး၊ နှစ်မျိုးရှိပါတယ်။ ကမ္မဘဝ၊ ဥပပတ္တိဘဝ—ဆိုတဲ့ ဒီနှစ်မျိုးပါပဲ။ ကမ္မ

ဘဝဆိုတာ ဘဝသစ်ကို ဖြစ်စေတတ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ စေတနာတွေဖြစ်တယ်။ ဥပပတ္တိဘဝဆိုတာ ကမ္မဘဝကြောင့် ဖြစ်လာတဲ့ ဝိပါက်နာမက္ခန္ဓာနဲ့ ကမ္မဇရုပ်တွေ ဖြစ်ပါတယ်။

## ကာမုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ကာမအာရုံဝတ္ထုတခုခုကို လိုချင်တပ်မက်တဲ့ ဥပါဒါန် ဖြစ်လာမယ်ဆိုယင် အဲဒီအာရုံဝတ္ထုကို ရလောက်တဲ့နည်းနဲ့ မရ ရအောင် အားထုတ်တတ်တယ်။ ရအောင် အားထုတ်တဲ့အခါ ကောင်းတဲ့နည်းနဲ့ပဲဖြစ်ဖြစ် မကောင်းတဲ့ နည်းနဲ့ပဲဖြစ်ဖြစ် အားထုတ်တာပဲ။ ကောင်းတဲ့နည်းနဲ့ တောင်းလို့ရယင်လဲ တောင်းယူမယ်။ ဝယ်လို့ရယင်လဲ ဝယ်ယူမယ်။ မကောင်းတဲ့နည်းနဲ့ ခိုးယူမှရမယ်ဆိုယင် ခိုးယူမှာပဲ၊ တိုက်ယူမှ ရမယ်ဆိုယင်လဲတိုက်ယူမှာပဲ။ လိမ်ယူမှ ရမယ်ဆိုယင်လဲ လိမ်ယူမှာပဲ။ နောက်ဆုံး သတ်ယူမှ ရမယ်ဆိုယင်တောင် သတ်ယူမှာပဲ။ ဒီလိုကိစ္စမျိုးတွေကို မျက်မှောက်ဘဝမှာ အထင်အရှားတွေမြင်နေကြတာပဲ မဟုတ်လား။ လိုချင်တဲ့ အရာဝတ္ထုတွေကို တောင်းရမ်းယူလို့ ရလောက်တာကို တောင်းရမ်းယူနေကြတယ်။ ဝယ်ယူမှရတာကို ဝယ်ယူနေကြတယ်။ ခိုးယူမှရတာကို ခိုးယူကြလို့ ခိုးမှုရောက်နေ ကြရတယ်။ တိုက်ယူမှရတာကို တိုက်ယူကြလို့ တိုက်မှု ရောက်နေကြရတယ်။ လိမ်ယူမှရတာကို လိမ်ယူကြလို့ လိမ်မှု ရောက်နေကြရတယ်။ သတ်ယူမှရတာကို သတ်ယူကြလို့ သတ်မှုတွေ ရောက်နေကြရတယ်။

ဒီလိုအားထုတ်ပြုလုပ်တာတွေဟာ ကံတွေချည်းပဲ။ ဒီကံတွေကိုပဲ ကမ္မဘဝလို့ဆိုရတယ်။ ဘာကြောင့် ဒီကံတွေကို ပြုလုပ်ရသ

လဲဆိုယင် ကာမအာရုံ ဘမျိုးမျိုးကို တပ်မက်စွဲလမ်းတဲ့ ကာမုပါဒါန်ကြောင့် ပြုလုပ်ကြတာပဲဖြစ်ပါတယ်။ တောင်းလို့ ရမ်းလို့ ဝယ်လို့ ချမ်းလို့ အပြစ်လွတ်တဲ့နည်းနဲ့ ရယူတယ်ဆိုယင် တော်သေးတယ်ဆိုရပေမယ့် ခိုးလို့ တိုက်လို့ သတ်လို့ အပြစ်မလွတ်တဲ့ နည်းတွေနဲ့ ရယူတာတွေကြတော့ ဒီနန္ဒီ သမုဒယာ ဒုက္ခသမုဒယော-လို့ ဟောတော် မူတဲ့အတိုင်း ထောင်ကျတဲ့ ဆင်းရဲနဲ့သော်လဲတွေ့ရမယ်။ သေစားသေရတဲ့ဆင်းရဲနဲ့ သော်လဲ တွေ့ရမယ်၊ ဒီလိုပြစ်ဒဏ်ဆင်းရဲတွေကို မတွေ့ရသေးခင်မှာပဲ လိုချင်တပ်မက်မှုကြောင့် တောင်းရမ်းရတယ် ဆိုယင် မျက်နှာအောက်ချ တောင်းရမ်းရတဲ့ ဆင်းရဲ၊ မရရအောင် ဝယ်ဘို့ ချမ်းဘို့ ရှာကြံ စုဆောင်းရတဲ့ ဆင်းရဲ၊ ပစ္စည်းရှင်ရဲ့ ခုခံမှု ဒုက်ဒါးအကြားထဲမှာ သွားရောက်ခိုးရ တိုက်ရ သတ်ရတဲ့ဆင်းရဲတွေနဲ့ လက်ငင်းတွေ့ရကြုံရပါတယ်။ ဒီနေရာမှာ အင်္ဂုတ္တရအဋ္ဌကထာလာ သာဓက ဝတ္ထုဘခုကို ထင်ရှားအောင် ပြောပြရအုံးမယ်။

## ကာမုပါဒါန်ကြောင့် ဖြစ်ရတဲ့ဘဝ

ယောကျ်ားတယောက်ဟာ အစ်ကိုရဲ့ မိန်းမဖြစ်တဲ့ မရီးကို ချစ်ကြိုက်နေတယ်။ မရီးဖြစ်သူကလဲ မိမိယောကျ်ား ဖြစ်တဲ့ အကိုကြီးထက် အငယ်ဖြစ်တဲ့ မတ်ကို ပိုပြီး ချစ်မြတ်နိုးတယ်။ ဒီလို ချစ်မြတ်နိုးတဲ့ မရီးက မတ်ဖြစ်တဲ့ အငယ်ကို ဘယ်လို ပြောသလဲဆိုယင် ငါတို့ ဒီလို နေကြတာကို လူတွေ သိကုန်ယင် ဝိုင်းပြီးကဲ့ရယ် ကြတော့မှာပဲ၊ သင့်အစ်ကို မရှိလို့ ဒီလိုနေယင် ကဲ့ရယ်စရာ ရှိမယ် မဟုတ်ဘူး။ ဒါကြောင့် သင့်အစ်ကိုကြီးကို

သတ်ပေတော့-လို့ပြောတယ်။ အယုတ်မ-ဒီလိုစကားကို နောက်မပြောနဲ့-လို့ မတ်ဖြစ်သူက ငေါက်ငန်းပြောဆိုတယ်။ ဒါပေမယ့် နှစ်ရက် သုံးရက်လွန်တဲ့အခါ မရီးက ဒီလိုပဲ ထပ်ပြီး တိုက်တွန်းပြန်တယ်။ ဒီလို နှစ်ကြိမ်လောက် တိုက်တွန်းတဲ့အခါ မသတ်ရက်သေးပေမယ့် အငယ့်စိတ်ထဲမှာတော့ သတ်ရ ကောင်းလေမလား ဆိုတဲ့ အနေနဲ့ ဇဝေဇဝါ နှလုံးနှစ်ခွ ဖြစ်လာတယ်။ နောက်နှစ်ရက် သုံးရက်လောက် ရှိပြန်တော့ဒီလိုပဲ မရီးက အစ်ကိုကြီးကို သတ်ဖို့ တိုက်တွန်း ပြန်ပါတယ်။ (ပြောဖန်များ မယားစကားအောင်)ဆိုတဲ့အတိုင်း သုံးခါလောက် တိုက်တွန်းတဲ့အခါကျတော့ မရီးပြောတဲ့အတိုင်း အောင်မြင်သွားတယ်။ သတ်ဖို့ဆိုတာက လွယ်တာမဟုတ်ဘူး၊ ဘယ်လိုလုပ် သတ်မလဲ-လို့ သတ်ဖို့အကြံ တောင်းရင်း တိုင်ပင်တဲ့အသံ ထွက်လာတော့တယ်။ ဒီတော့-မရီးက လွယ်ပါတယ်၊ ငါပြောသလိုသာ လုပ်ပါ၊ အရိုးတပ် ထက်ထက်ပဲခွပ်ကိုသွားယူပြီး ရေခတက်ပင်နားက ရေဆိပ်မှာ သွားစောင့်နေပါ။ သင့်အစ်ကို အဲဒီ ရောက်အောင် ငါလှည့်ဖျားပြီး လွှတ်လိုက်မယ်-လို့ ပြောတယ်။ မရီးပြောတဲ့အတိုင်းပဲ မတ်က သွားပြီး စောင့်နေတယ်။

## မသိရှာတဲ့ တောပြန် အကိုကြီး

သူတို့လုပ်ကြံဖို့ တိုင်ပင်စီစဉ်နေတဲ့ အချိန်က ညီရော၊ ဇနီးပါ တအိမ်လုံး စားဝတ်နေရေးအတွက် အစ်ကိုကြီးဟာ တောမှာထွက်ပြီး အလုပ်လုပ်နေရှာတယ်။ တောက လုပ်စရာ ရှိတဲ့ အလုပ်ပြီးလို့ အိမ်ပြန်ရောက်တဲ့အခါ အမောအပန်းပြေ ထိုင်မှ မထိုင်ရသေးခင် အသျှင်-တောက ပြန်လာပြီလား၊ ဟင်-ကြည့်

ပါအုံး၊ ဆံပင်တွေကလဲ ဖရိုဖရဲ ဖြစ်နေလိုက်တာ၊ လာပါ ဆံပင်တွေ ဖီးကြအုံးစို့လို့ ယုယလှတဲ့အနေနဲ့ ချိုချိုသာသာ ဆီးပြီး လောကွပ်လုပ်လိုက်တယ်။ အမောပြေအောင် မထိုင်ရသေးတဲ့ တောပြန် ခင်ပွန်းသယ်ဟာ ချိုချိုသာသာ ဆီးပြီး ဒီလိုလုပ်လိုက်တဲ့ လောကွတ်ကို သမေင်းခေါ်သံပဲ ဆိုတာ မသိရှာဘူး။ မသိရှာသာမက အမောပြေ ဆေးတခွက် သောက်လိုက်ရသလို အမောတောင် ပြေကောင်း ပြေသွား ပေလိမ့်မယ်။ ပရိယာယ်နဲ့ ဆံပင်ကို တချက်တလေ ဖီးလိုက်ပြီးတော့ အလို ဆံပင်တွေကလဲ ချေးညှော်တွေနဲ့ စည်းလို့ ထိုင်းလို့ ပါ ကလား။ ဒီနေ့ ခေါင်းလျှော်မလို့ ခေါင်းလျှော်ရေ လုပ်ထားတာ အတော်ပဲ၊ ခတက်ပင်ဆိပ်သွားပြီး ခေါင်းလျှော် ချေပါ-လို့ တိုက်တွန်းပြီး လွှတ်လိုက်ပါတယ်။ ဇနီးရဲ့အလိုကို လိုက်လိုတဲ့ စေတနာကလေးနဲ့ အတူရောပြီး တောပြန် ချွေးသံတွေ သန့်ရှင်းရင်း ခေါင်းလျှော်ရင်းဆိုတဲ့ စိတ်ကူးနဲ့ ရေလဲကလေး ပခုံးပေါ်တင် ခေါင်းလျှော်ရေခွက်ကို ယက်ကကိုင်ပြီး တောပြန်ကြီးဟာ ခတက်ပင်ဆိပ်ကို ဆင်းလာ ခဲ့ပါတော့တယ်။

ခတက်ပင်ဆိပ် ရောက်တဲ့အခါ ရေလဲကလေးကို လဲလိုက်ပြီး ရေမချိုးခင် ဦးခေါင်းငုံ့ပြီး ခေါင်းလျှော်နေစဉ် စောင့်မျှော်နေတဲ့ ညီငယ်က အစ်ကိုကြီးရဲ့ ဦးခေါင်းကို ပဲခွပ်နဲ့ ခုတ်ပိုင်းချလိုက်ပါတော့တယ်။ ဒီနေရာတွင်ပဲ အကိုကြီးဟာ ပွဲချင်းပြီး သေဆုံးသွားတာဖြစ်လို့ မရိုးနဲ့မတ်တို့ အကြံအစီအောင်အောင်မြင်မြင်နဲ့ သူတို့အလိုအတိုင်း ဇနီးခင်ပွန်းအဖြစ်နဲ့ ထင်ထင်ရှားရှား ပေါင်းသင်း နေလိုက်ကြပါတယ်။

## တယ်လဲခက်တဲ့ ဥပါဒါန်

သေသွားတဲ့ အကိုကြီးဟာသူ့ ဇနီးအပေါ်စွဲလန်းတဲ့ ဥပါဒါန် သာမရှိဘူးဆိုယင် ဒီဇာတ်လမ်းဟာ ပြီးဆုံးသွားလောက်ပါလျက် အခုတော့ အကိုကြီးရဲ့ စွဲလန်းတဲ့ ဥပါဒါန်က ဇာတ်လမ်း မပြီး အောင် ဆွဲဆောင်ထားတယ်။ သူ့ဇနီး အပေါ် စွဲလန်းတဲ့ ဥပါဒါန်နဲ့ သေသွားရတာဖြစ်လို့ သူ့ဇနီးအိမ်မှာပဲ မြွေကြီးဖြစ် နေရပါတယ်။ မြွေကြီးဖြစ်ပြီး မြွေကြီးအလိုက သူ့နေရာနဲ့ သူ တော်ရာမှာ တော်သလို နေယင်လဲ အတော်သားပဲ။ ဒါပေမယ့် သူက သူ့နေရာမှာ သူနေတာ မဟုတ်ဘူး။ ညီနဲ့ အတူနေထဲဇနီး အပေါ် တဲ့တဲ့ခုန်ချလိုက်သတဲ့။စာထဲမှာ သူတို့နှစ်ဦးအပေါ် ကျ လာတယ်လို့ သာပါတယ်။ဘယ်ကကျလာတယ်လို့ မပါဘူး။ မြွေ ဆိုတာ အိမ်ခေါင်ပေါ်လဲ တက်တတ်ပါတယ်။ နှစ်ယောက်အတူ နေတဲ့အပေါ် ကျလာတယ် ဆိုတော့ အိမ်ခေါင်ပေါ်ကနေ ခုန်ချတာရှိမှာပါပဲ။ ဒါးဆူးဆန်းဆန်း ဒီလိုကျလာတာဖြစ်တော့ အတူရှိနေကြတဲ့ ဇနီးမောင်နှံက ကောင်း သူနေမှာပဲ-ဆိုတာ ရိပ် စားမိကြတယ်။ ဒါနဲ့ဒီမြွေကြီးကို ချမ်းသာမပေးပဲ သတ်ပစ်လိုက် ကြပြန်ပါတယ်။

ဒါနဲ့ ပြီးရောလားဆိုတော့ မပြီးသေးဘူး။ စွဲလမ်းလျက်နဲ့ ပဲ သေရပြန်တာဖြစ်လို့ ဒီအိမ်မှာပဲ ခွေးဖြစ်ရပြန်ပါတယ်။ ဒီ့ နှာလို့ သွားနိုင်လာနိုင် ရှိလာတယ်ဆိုယင်ပဲ ဇနီးဟောင်းနောက် က မခွာပဲ သွားလေရာ တကောက်ကောက် လိုက်နေသတဲ့။ ရွာ ထဲသွား ရွာထဲလိုက်၊ တောထဲသွား တောထဲလိုက်၊ ဒီလို လိုက် နေတာဖြစ်တော့ လူတွေက ပြောင်ကြလှောင်ကြတယ်။ တောထဲ သွားတဲ့အခါ ခွေးမုဆိုးတော့ ထွက်သွားပြန်ပြီဟေ့ ဘယ်တော

ဘယ်တောင်အထိအောင် လွှဲလယ်ကြမလဲပဲ-စတဲ့ ပြောင်ကြလှောင်ကြသတဲ့။ ဒီလို ပြောင်ကြလှောင်ကြတော့ ရှက်တာတဲ့ ခွေးကို သတ်ပစ်လိုက်ကြပြန်ပါတယ်။

ဒါနဲ့လဲ ဇနီးဟောင်းအပေါ် စွဲလမ်းမှုဟာ မပြီးသေးဘူး။ဒီလို စွဲလမ်းမှုနဲ့ သေရပြန်လို့ ဒီအိမ်မှာပဲ နွားဖြစ်ရပြန်ပါတယ်။နွားဖြစ်ပြန်တော့လဲ ဒီလိုပဲ ဇနီးဟောင်းနောက်က မခွာပဲ တကောက်ကောက် လိုက်နေပြန်တာပဲတဲ့။ နွားကျောင်းမတော့ ထွက်ပြန်ပြီဟေ့၊ ဒီနေ့ ဘယ်တောသွားကျောင်းမလို့လဲပဲ-စတဲ့ လှောင်ပြောင်နည်းမျိုးနဲ့ လူတွေရဲ့ ပြောင်လှောင်မှုကို ခံရပြန်လို့ ရှက်ပြန်တာနဲ့ နွားကလေးကို သတ်ပစ်လိုက်ကြပြန်တယ်။ လေးကြိမ်မြောက်ဖြစ်တဲ့ အခါကျတော့ ဇနီးဟောင်းဝမ်းတွင် ပဋိသန္ဓေနေလာပြီး လစေ့တဲ့အခါ သားယောကျ်ားကလေးအဖြစ်နဲ့ ဖွားမြင်တယ်လို့ ဆိုပါတယ်။

လူယောကျ်ားကလေး ဖြစ်လာတဲ့အခါ သူ့ကံအလျောက် ဇာတိဿရဉာဏ် ရလာခဲ့တယ်။ ဇာတိဿရဉာဏ်ဆိုတာ ဖြစ်ခဲ့တဲ့ ဘဝတွေကို ပြန်ပြီး သတိရအောက်မေ့နိုင်တဲ့ ဉာဏ်ဖြစ်ပါတယ်။ ဒီဉာဏ်နဲ့ ဒီအိမ်မှာမြွေဖြစ်ခဲ့ရတာတွေ၊ ခွေးဖြစ်ခဲ့ရတာတွေ၊နွားဖြစ်ခဲ့ရတာတွေ၊အခုတဖန် လူဖြစ်ခဲ့ရတာတွေကို အကုန်လုံး ပြန်ပြီး အစဉ်အတိုင်း ရုပ်ရှင်ရုံထဲမှာ ရုပ်ရှင်ကြည့်ရသလို မြင်နေရတယ်။ အယင်ဘဝတွေက အသတ်ခံ သေခဲ့ရတာတွေကိုလဲ တွေ့မြင်နေတယ်။ ဒီတော့ ဘဝတခုတုန်းက ဇနီးဖြစ်ခဲ့ဘူးပြီး မျက်မှောက်ဘဝမှာ မိခင်ဖြစ်တဲ့ ဒီမိန်းမကို အင်မတန်မုန်းအင်မတန် စက်ဆုပ်သွားတော့တယ်။ ဒီလို ရန်သူမရဲ့ဝမ်းမှ လာရောက်ပြီး လူဖြစ်ရလေခြင်း-ဆိုပြီး အင်မတန် ယူကြုံးမရဖြစ်သွား

တယ်။ ဇာတိဿရဉာဏ်နဲ့ အကြောင်းစုံကို ဒီလိုသိရသည်မှစပြီး မိခင်မိန်းမရဲလက်နဲ့ အပွေ့အပိုက်ကို မဆိုထားဘိ အထိတောင် မခံတော့ဘူးတဲ့။တကယ်လို့ ပွေ့ပိုက် ထိတွေ့တယ်ဆိုယင် အပြင်း အထန် ငိုကြွေးတော့သတဲ့။ တပ်စွဲ မက်မောနေစဉ် အခါတုန်း ကဆိုယင် ရန်သူလို့လဲ မသိနိုင်အောင် ဖြစ်နေခဲ့တယ်။ နောက် နောက်ဘဝ ရောက်သွားတဲ့အခါ ဇာတိဿရဉာဏ်ရခဲ့တာမဟုတ် လို့ ဒီမိန်းမကသတ်လို့ သေခဲ့ရတယ်ဆိုတာကိုလဲ မသိနိုင်ပဲ တွေ့ ဝေ ဖုံးလွှမ်းပြီး ဒီမိန်းမကို နှစ်သက်မက်မောမြဲ မက်မောနေခဲ့ တယ်။အခု လူ့ဘဝရောက်လာတော့ ဇာတိဿရဉာဏ်ရဲ့ ကျေးဇူး ကြောင့် ဖြစ်ခဲ့ရသမျှ အဖြစ်အပျက်အလုံးစုံကို အကုန်သိသွား တော့တယ်။ အင်မတန် ရက်စက်တာတွေကို ဒီလို အကုန်လုံး သိတဲ့အခါ ဒီလောက်အထိ စက်ဆုပ် ရွံမုန်းသွားတယ်ဆိုတာ အံ့သြဘွယ် မဟုတ်တော့ပါဘူး။

သူ့မိခင်ရဲ့ အထိမခံ ဒီလို တငိုထဲငိုနေတဲ့ခလေးကို သူ့အဖွား ကယူပြီး ထိန်းသိမ်း စောင့်ရှောက်ထားရတယ်။ ဒီလို ထိန်းသိမ်း စောင့်ရှောက်ထားလို့ ပြောနိုင် ဆိုနိုင်အရွယ် ရောက်လာတဲ့အခါ သူ့အဖွားက ချစ်သား သင့်မိခင်ရဲ့အထိကို ဘာဖြစ်လို့ မခံနိုင်ရ တာလဲ၊ သင့်မိခင်က သင့်ကို ထိတယ်ဆိုယင် သင်ဟာ အင်မဘန် ငိုတာပဲ-လို့ ပြောပါတယ်။ ဒီတော့ ခလေးက အဖွား ဒီမိန်းမဟာ ငါ့မိခင်မဟုတ်ပါဘူး။ငါ့ရန်သူပါ-လို့ပြောပြီး သုံးဘဝလုံး သတ် ခဲ့တာတွေကို အလုံးစုံ အကုန်ပြန်ပြောတယ်။ သူ့မြေးကလေးက ဝမ်းနည်းဘွယ် အဖြစ်အပျက်တွေကို ဒီလို ပြန်ပြောပြတော့ အဖွားမကြီးစိတ်တွင် မဆည်နိုင်အောင် အင်မတန် စိတ်ထိခိုက် သွားတယ်။ မြေးကလေးကိုဖက်ငိုပြီး လာချစ်သား၊ ဒီလောက်

တောင် မကောင်းတဲ့လူ့ဘောင်မှာ ငါတို့နေလို့ ဘာလုပ်ရမှာလဲ၊ လွတ်ရာကို သွားကြမယ်-လို့ပြောကာ ရဟန်းတော်များ ကျောင်းရှိရာကို ထွက်လာခဲ့ကြတယ်။

ဘဝရဲ့အပြစ်တွေကို အင်မတန် စက်ဆုပ် ထိတ်လန့်လာတဲ့ မြေးအဖွားနှစ်ဦးဟာ ကျောင်းကို ရောက်တယ်ဆိုယင်ပဲ ရဟန်းတော်တို့ထံ တောင်းပန်ပြီး ရဟန်းပြုလိုက်ကြတယ်။ သံသရာဝဋ်ဆင်းရဲက ထွက်မြောက်ဖို့ အချိန်တန်လာကြပြီဖြစ်တဲ့ မြေးအဖွားနှစ်ဦးစလုံးပဲ နောက်ဆုံးတော့ ရဟန်းအဖြစ်နဲ့ အရဟတ္တဖိုလ်ရောက် ရဟန္တာတွေ ဖြစ်သွားကြသတဲ့။

## ဘယ်လောက် ကြောက်ဘွယ် ကောင်းသလဲ

ဒီသာဓက ဝတ္ထုထဲက အဖြစ်အပျက်တွေကို ဥပါဒါန်နဲ့ ဘဝဘယ်လို ဆက်စပ်နေတယ်ဆိုတာ ကောက်ချက် ချကြည့်ဖို့အုံးမှဖြစ်မယ်။ အငယ်နဲ့ ဇနီးခင်ပွန်း နှစ်ဦးတို့ဟာ မိမိတို့အိမ်လာပြီး ညီငယ်ရဲ့အင်္ဂကိုကြီး မြွေဖြစ်နေတာကို သူတို့စိတ်ထဲမှာ မခံသာဘူး ဆင်းရဲတယ်။ ခွေးဖြစ်လာတဲ့အခါ နွားဖြစ်လာတဲ့အခါမှာလဲ ဒီလိုပဲ လူအများက ကဲ့ရဲ့ကြတဲ့အတွက် မခံသာဘူး ဆင်းရဲတယ်။ ဒီလို မခံသာပဲ ဆင်းရဲပြီဆိုယင် ဒီဆင်းရဲက လွတ်ပြီး ချမ်းသာလိုတဲ့ တဏှာဖြစ်လာကြရတယ်။ တဏှာကနေ တစတစနဲ့ ချမ်းသာလိုတဲ့ ဥပါဒါန်ဟာ အပြင်းအထန်ဖြစ်လာတယ်။ ဒီဥပါဒါန်ကြောင့် မြွေကိုလဲသတ် ခွေးနဲ့နွားကိုလဲ သတ်ပစ်လိုက်ကြတယ်။ ဒီလို သတ်ပစ်လိုက်တာဟာ ပါဏာတိပါတ ဒုစရိုက်ကို လွန်ကြူးကြတာပဲ မဟုတ်လား။ မကောင်းမှုဖြစ်တဲ့ ဒီလို ပါဏာတိပါတ ဒုစရိုက်ကို လွန်ကြူးကြတာကို ကမ္မဘဝလို့ ဆိုပါတယ်။ ကုသိုလ်

အကုသိုလ်နှစ်မျိုးတွင် အကုသိုလ်ဖြစ်လို့ အကုသလကမ္မ ဘဝ အဖြစ် ကောက်ယူရတယ်။ အစ်ကိုကြီးကို အစစ္စာသတ်ခဲ့ကြတာ လဲ သူတို့နှစ်ဦး ချမ်းချမ်းသာသာနေလိုတဲ့ ဥပါဒါန်ကြောင့်ပဲ ပါဏာတိပါတ အကုသိုလ် ကမ္မဘဝအဖြစ်ကို ထူထောင်လိုက် ကြတာပါပဲ။

အစ်ကိုကြီးဖြစ်သူရဲ့ ဥပါဒါန်ကိုလဲ ကြည့်ပါအုံး။ သူ့ဇနီးကို စွဲမက်လွန်းလှတဲ့ ဒီဘဝ တဏှာလောဘ အကုသိုလ် ဥပါဒါန် ကြောင့် အပါယ် ဥပပတ္တိဘဝဆိုတဲ့ မြွေ့ခွေး နွားဘဝတွေမှာ သွားပြီးဖြစ်ရတယ်။ ဒီနေရာမှာ တဏှာဥပါဒါန်ကြောင့် ကမ္မ ဘဝရော ဥပပတ္တိဘဝပါ နှစ်မျိုးစလုံး အပြည့်အစုံ ကောက်ချက် ချလို့ရနိုင်နေပါတယ်။ အခု ကောက်ချက်ချပြလိုက်တာကတော့ အကုသလကမ္မဘဝနဲ့ ၎င်းရဲ့အကျိုး ဥပပတ္တိဘဝတွေကို တဏှာ ဥပါဒါန်ကြောင့် ဖြစ်ရပုံတွေပါပဲ။

အစ်ကိုကြီးဖြစ်သူရဲ့ နောက်ဆုံးဘဝ လူဖြစ်လာတဲ့အကြောင်း ကိုလဲ ကြည့်သင့်သေးတယ်။ ဒီလို လူဖြစ်လာရတယ် ဆိုတာလဲ ဥပါဒါန်ကြောင့်ပဲဖြစ်ပါတယ်။ ဒီဥပါဒါန်ကတော့ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ နှစ်မျိုးကို လိုချင်စွဲလန်းတဲ့ ဥပါဒါန်နဲ့ လူ့ဘဝ လူ့ဉည်းစိမ်တွေကို တောင့်တပြီး ကောင်းမှုဖြစ်တဲ့ ဒါနမှု သီလမှု တွေကို ပြုခဲ့လို့ အဲဒီကောင်းမှုကြောင့် လူ့ဘဝကို ရလာခြင်း ဖြစ်ပါတယ်။ တိုတိုပြောရယင်ဘဝချမ်းသာကို စွဲလမ်းတဲ့ဥပါဒါန် ကြောင့် ကောင်းမှုပြုခဲ့ဘူးတယ်။ အဲဒီ ကောင်းမှုကြောင့် လူ့ဘဝ ကို ရလာတာဖြစ်ပါတယ်။

ဥပါဒါန်ကြောင့် ပြုလုပ်တဲ့ ကုသိုလ်ကမ္မဘဝဆိုတာ ပြောပြ ခဲ့တဲ့ ကာမကုသိုလ်လောက်သာ ရှိတာမဟုတ်ပါဘူး။ ရူပ အရူပ

ကုသိုလ် ကမ္မဘဝတွေဆိုတာလဲ ရှိနိုင်သေးတာပဲ။ ကာမကုသိုလ် ကမ္မဘဝတွေကို ပြုစုပျိုးထောင်မိလို့ ကာမ ဥပပတ္တိဘဝ ဆိုတဲ့ ကာမဘုံတွေမှာ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာတွေ ဖြစ်ရသလို ရူပ အရူပကမ္မဘဝတွေ ပြုစုပျိုးထောင်မိတယ်ဆိုရင်လဲ ရူပ အရူပဘုံတွေမှာ ပဋိသန္ဓေဝိပါက် ခန္ဓာတွေ ဖြစ်ရပါတယ်။ ဒီလိုဘဝ ဥပါဒါန်ကြောင့် ဖြစ်လာတဲ့ ကာမ ရူပ အရူပ ကမ္မဘဝတွေက အကြောင်းကံတွေဖြစ်နေလို့ ဒီအကြောင်းကံတွေရဲ့ အကျိုး ဥပပတ္တိဘဝတွေဖြစ်တဲ့အခါကျတော့ ထိုက်သလို ကာမဘုံ ရူပဘုံတွေမှာ ဖြစ်ကြရတယ်လို့ ဆိုလိုပါတယ်။

ကမ္မဘဝပဲဖြစ်ဖြစ် ဥပပတ္တိဘဝပဲဖြစ်ဖြစ် ပုထုဇဉ်တွေအနေနဲ့ နှစ်သက်စွဲလမ်းကြပါတယ်။ စွဲလမ်းလို့လဲ ဥပပတ္တိ ဘဝတွေကို ဆုတောင်း ဆုယူလုပ်ပြီး ကမ္မဘဝတွေကို ပြုစုပျိုးထောင်နေကြတာပါပဲ။ ပုထုဇဉ်ပုဂ္ဂိုလ်တွေကဒီလို ဆုတောင်းဆုယူပြုပြီးစွဲလမ်းကြတာကလဲ ဒီဘဝတွေထဲမှာ ချမ်းသာတွေရှိတယ်ထင်လို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့်အမှန်က ထင်သလိုမဟုတ်ပဲ အိုနာ သေရေး ဒုက္ခဘေးတွေကဘုံဘဝထဲမှာအပြည့်အကြပ် ရှိနေပါတယ်။အစာကိုသာ မက်မောပြီး လည်မျိုချိတ်မဲ့ ငါးများချိတ်ကို မမြင်နိုင်တဲ့ ငါးတွေကို ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ အပြည့် အကြပ်ရှိနေတဲ့ ဒီဒုက္ခဘေးကိုမမြင်နိုင်ကြပဲ၊မြင်သည့်တိုင်အောင် အရေးမထားနိုင်ကြပဲ သူတို့ထင်တဲ့ ကာမရူပ အရူပချမ်းသာကိုသာ မရမက လှမ်းယူစွဲလမ်းနေကြပါတယ်။ အစာကလေးတပ်ထားပေမယ့် ငါးများချိတ်ကြီးတွေကို အတိုင်းသားမြင်ရသလို မြင်နေကြတဲ့ အရိယာပုဂ္ဂိုလ်တွေကတော့ ဥပါဒါန်ကိုရော ဥပါဒါန်ကြောင့် ဖြစ်တဲ့ ဘဝတွေကိုပါ မက်မောစွဲလမ်းခြင်း မရှိကြပါဘူး။ အင်မတန်

ထိတ်လန့်ကြောက်မက်ဘွယ် ကောင်းတယ်လို့ သိမြင်နေကြပါတယ်။

## အယူမှားကို စွဲလမ်းကြတယ်

ဉပါဒါန်ဆိုတာ ရူပါရုံ-စတဲ့ အဆိုပ၊ ကာမအာရုံ တွေကိုသာ စွဲလမ်းတာမဟုတ်ပါဘူး။ မိစ္ဆာဒိဋ္ဌိဆိုတဲ့အယူမှားတွေကိုလဲ စွဲလမ်းတာ ပါပဲ။ စောစောပိုင်းတုန်းက ဘဝတဏှာ ဝိဘဝတဏှာ အခန်းတွင် မိစ္ဆာဒိဋ္ဌိ အယူမှားတွေကို စွဲလမ်းပုံတွေ ထိုက်သင့်သလောက် ပြောပြခဲ့ပြီဖြစ်လို့ ရိပ်စားမိ ပြီးသား ဖြစ်နေလောက်ပါပြီ။ ပြောမယ်ဆိုလဲ အင်မတန် ကယ်ဝန်းတာ ဖြစ်တော့ သူနဲ့ပဲ တဆူးတထုံးတဖွဲ့ဖြစ်နေမှာပဲ။ ဒါကြောင့် ဘဝတဏှာ ဝိဘဝတဏှာအခန်းတုန်းကလဲစေ့ငှ-ရုံ သိသာရုံလောက်သာ ပြောခဲ့ရပါတယ်။ ဣဒမေဝသစ္စံ-ဂါယူထားတဲ့ ဒီအယူကသာမှန်တယ်။ အညံ မောဃံ-တပါးအယူတွေဟာ အလကားအမှားတွေချည်းပဲလို့ ယူမိတဲ့ အယူကို ဒီလိုပဲ စွဲလမ်းတတ်ကြပါတယ်။ အယူမှားတွေကို ဒီလိုစွဲလမ်းတာဟာ ဒိဋ္ဌုပါဒါန်တွေချည်းဖြစ်ပါတယ်။

## အကျင့်မှားကိုလဲ စွဲလမ်းတာပဲ

သီလဗ္ဗတ-အလေ့အကျင့်မှားတွေကို၊ ဉပါဒါန-စွဲလမ်းတယ် သီလဗ္ဗတုပါဒါန်ဆိုတာ အကျင့်မှားတွေကို ဒါဟာဆင်းရဲငြိမ်းတဲ့အကျင့်ပါပဲ၊ နိဗ္ဗာန်ရောက်နိုင်တဲ့ အကျင့်ပဲဆိုပြီး စွဲလမ်းတာဖြစ်ပါတယ်။ ဘယ်လိုအကျင့်တွေလဲဆိုယင် ဂေါဝတ-နွားလိုကျင့်တဲ့အကျင့်မျိုး၊ ကုက္ကုရဝတ-ခွေးလိုကျင့်တဲ့ အကျင့်မျိုးတွေပါပဲ။ ဒီလိုအလေ့အကျင့်မှားတွေဟာ ဟိုရှေးအခါက ဘုရား

သျှင်လက်ထက်တုန်းကလဲ ရှိခဲ့ကြပါတယ်။ တချို့ နိုင်ငံတွေမှာ အခုကာလမှာလဲ ရှိနေသေးတယ်လို့ ကြားရပါတယ်။ဂေါဝတ နွားလိုကျင့်တဲ့အကျင့်ဆိုတာ နွားအမူအရာပုံပန်းသဏ္ဍာန်အလေ့ အကျင့်အတိုင်း ကျင့်တာပါပဲ။ သွားတဲ့အခါနွားလို လေးဘက် ထောက်သွားတယ်။ စားတဲ့အခါလဲ လေးဘက်ထောက် စား တယ်။ ကျင်ကြီး ကျင်ငယ် စွန့်ရာမှာလဲ လေးဘက်ထောက် စွန့် တယ်။ အိပ်တဲ့အခါမှာလဲ မြေပြင်မှာ နွားအိပ်သလိုလဲ့အိပ်တယ်။ နွားအဝတ် မဝတ်သလိုအဝတ်လဲမဝတ်ဘူး။ဦးချိုနဲ့အမြီး နွားမှာ ရှိသလို ဦးချိုနဲ့အမြီးအတုတွေကို တပ်ထားတယ်။

ကုက္ကုရဝတ-ခွေးလိုကျင့်တဲ့ အကျင့်ဆိုတာလဲ ခွေးအမူအရာ ပုံသဏ္ဍာန် အလေ့အကျင့်အတိုင်း ပြုမူကျင့်တာပဲ ဖြစ်ပါတယ်။ သွားတဲ့အခါ ခွေးလိုလေးဘက်ထောက်သွားတယ်။ စားတဲ့အခါ လက်နဲ့ယူမစားပဲ လေးဘက်ထောက်ပြီး ပါးစပ်နဲ့ ဟပ်စားတယ်။ ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါ ခွေးလိုလေးဘက်ထောက် စွန့် တယ်။ အိပ်တဲ့အခါ ပြာပုံမှာပဲဖြစ်ဖြစ် အမှိုက်ပုံမှာပဲဖြစ်ဖြစ် မြေ ပြင်မှာ ယက်လို့ပဲဖြစ်ဖြစ် အိပ်တယ်။ ခွေးအဝတ်မဝတ်သလို အဝတ်လဲမဝတ်ဘူး။ဒီလိုကျင့်မှသာမကောင်းတဲ့ နောက်နောက် က ကံဟောင်းတွေလဲကုန်တယ်။ နောက်ထပ်ဖြစ်မယ့် ကံသစ် တွေလဲ မဖြစ်တော့ဘူး။ ကံဟောင်းလဲကုန်၊ ကံသစ်လဲမဖြစ်တော့ အမြဲချမ်းသာတဲ့ ချမ်းသာဆီကို ရောက်တယ်လို့ဆိုပြီး ကျင့် ကြတာဖြစ်ပါတယ်။ ဒီအကျင့်တွေက မိစ္ဆာဒိဋ္ဌိ အယူရှိသူတွေ ကျင့်တဲ့အကျင့်တွေပါပဲ။ ဒီအကျင့်ကိုကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာ သစ္စာလေးပါးကို ကိုယ်တိုင်သိပြီးဖြစ်တဲ့ ပုဂ္ဂိုလ်က ညွှန်ပြဟော ကြားထားတဲ့ အကျင့်ကို ကျင့်ကြတာမှ မဟုတ်ပဲ။ သစ္စာ

 

လေးပါးကို ကျင့်စဉ်အတိုင်းမကျင့်ဘူး မသိဘူးပဲ ကိုယ့်အထင်နဲ့ ကိုယ် ရမ်းကျင့်ကြတဲ့ အကျင့်တွေဆိုတော့ အယူမှားရှိသ၁မက အကျင့်ပါ မှားနေကြရတာပေါ့။ ဒါပေမယ့် သူတို့ကတော့ သူတို့ အကျင့်မှအကျင့်၊ တကယ် ကိလေသာကုန်တဲ့ အကျင့်ဆိုပြီး ယုံယုံကြည်ကြည် ကျင့်ကြတာပါပဲ။ မယုံကြည်ပဲ ဒီလောက် နေရာမကျတဲ့ အကျင့်ကို ဘယ်သူကမှ ကျင့်ချင်ကြမယ် မဟုတ်ပါဘူး။

## ပုဏ္ဏဆိုသူနဲ့ သေနိယဆိုသူ

ဘုရားသျှင် လက်ထက်တော်က ဒီလိုမှားယွင်းတဲ့ အကျင့်တွေကို ကျင့်သူတွေရှိကြောင်း ထင်ရှားအောင် ပြောပြရအုံးမယ်။ ပုဏ္ဏဆိုသူက နွားလိုကျင့်ပြီး သေနိယဆိုသူက ခွေးလိုကျင့်နေခဲ့ကြတယ်။သူတို့နှစ်ယောက်ဟာ တနေ့တော့ဘုရားသျှင်ထံ အတူတူရောက်လာကြတယ်။ ဒီလို နှစ်ယောက်အတူ ရောက်လာတဲ့အခါ ကိုယ်ကျင့်တဲ့ အကျင့်ရဲ့အကျိုးအပြစ်ကို ကိုယ်မမေးမလျှောက်ပဲ တဦးအကျင့်ရဲ့ အကျိုးအပြစ်ကို တဦးက ဘုရားသျှင်ကို လျှောက်ထားမေးမြန်းကြတယ်။ ဒီလို မေးလျှောက်တဲ့အခါဘုရားသျှင်က မမေးမလျှောက်ဖို့ တားမြစ်တော်မူပါတယ်။ ဒါနဲ့လဲ သူတို့က မမေးမလျှောက်ပဲ မနေကြဘူး။ တားမြစ်တော်မူတဲ့အထဲက သုံးကြိမ်တိုင်တိုင် ထပ်ပြီးမေးလျှောက်ကြတယ်။ ဒီလိုအကြိမ်ကြိမ်မေးလျှောက်တဲ့အတွက် ဘုရားသျှင်ကဖြေကြားတော်မူပါတယ်။

ခွေးတို့အလေ့အကျင့်ကို မစွန့်ပဲ ကျင့်သွားသူဟာ သေလို့ရှိယင် ခွေးဘဝရောက်တယ်။ နွားတို့အကျင့်ကိုမစွန့်ပဲ ကျင့်သွားသူဟာ သေလို့ရှိယင် နွားဘဝရောက်တယ်။ တကယ်လို့ အဲဒီ ခွေးအကျင့် နွားအကျင့်ကိုကျင့်လို့ နတ်ဖြစ်မယ်လို့ အယူရှိယင်

ဒီအယူဟာ မှားတဲ့ မိစ္ဆာဒိဋ္ဌိအယူဖြစ်တယ်။ မိစ္ဆာဒိဋ္ဌိအယူနဲ့သေ ယင် ငရဲနဲ့ တိရစ္ဆာန်တမျိုးမျိုးမှာ ဖြစ်တတ်တယ်-လို့ ဖြေကြား တော်မူပါတယ်။ဒီလိုဖြေကြားပြီးတော့ ကံ(၄)မျိုးကို ဆက်လက် ဟောကြားတော် မူပါသေးတယ်။ ဘယ်လိုလဲဆိုယင်-

၁။ မည်းညစ်လို့ မည်းညစ်တဲ့အကျိုးကို ပေးတတ်တဲ့ အကုသိုလ်ကံ။

၂။ ဖြူစင်လို့ ဖြူစင်တဲ့အကျိုးကို ပေးတတ်တဲ့ ကုသိုလ်ကံ။

၃။ အမည်းကိုအဖြူရောတဲ့ အကုသိုလ်နဲ့ ကုသိုလ်ကံ။

၄။ ကုသိုလ်ကံ အကုသိုလ်ကံ ဟူသမျှကို ကုန်စေတတ်တဲ့ အရိယာမဂ်ကံ။

ဆိုတဲ့ကံ(၄)မျိုးကို ခွဲခြားပြီး ဟောတော်မူပါတယ်။ ဒီတရား တော်ကို ကြားနာရတဲ့အခါ နွားအကျင့်ကျင့်တဲ့ပုဏ္ဏဟာ သရဏဂုံ ဆောက်တည်ပြီး သရဏဂုံ တည်သူဖြစ်သွားပါတယ်။ ခွေးတို့ အကျင့်ကိုကျင့်ခဲ့တဲ့ သေနိယကတော့ သာသနာတော်အတွင်း ဝင်ရောက် ရဟန်းပြုပြီး တရားအားထုတ်လို့ ရဟန္တာဖြစ်သွား ပါတယ်။ ဒီဒေသနာတော်ကို (ကုက္ကုရဝတိကသုတ်)အမည်နဲ့ (မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်)တွင် ဟောတော်မူထားပါတယ်။ ဒီဝတ္ထုမှာပါတဲ့ ပုဏ္ဏဆိုသူဟာ ပုဏ္ဏောဝါဒ သုတ်တော်လာ ပုဏ္ဏမဟုတ်ပါဘူး။ ပုဏ္ဏချင်း ရောနေမှာစိုးလို့ ပြောပါတယ်။

ဒီ မိစ္ဆာအကျင့်ကိုကျင့်တဲ့ ပုဏ္ဏနဲ့သေနိယတို့ဟာ ဘုရားသျှင့် ထံ မရောက်မီကသာ အကျင့်မှားမှန်းမသိလို့ ကျင့်ခဲ့ကြတာဖြစ် ပါတယ်။ ဘုရားသျှင့်ထံရောက်လို့ အကျင့်မှားမှန်း သိတာနဲ့ တပြိုင်နက် သူတို့အကျင့်မှားကိုစွန့်လိုက်ကြပါတယ်။ဒီလိုမဟုတ်ပဲ ဘုရားသျှင့်တပည့် သာသနာတော်ထမ်း ရဟန်းတပါးဖြစ်ပြီး

ဘုရားသျှင်နဲ့အတူ သွားအတူလာအတူနေရာက ဒီလိုမိစ္ဆာအကျင့်မျိုးကို တွေ့တွေ့ချင်း ကြည်ညိုသက်ဝင်သွားတယ် ဆိုယင် အံ့သြစရာလဲကောင်းတယ်။ မဖြစ်နိုင်ပါဘူးလို့လဲ ထင်စရာပဲ။ ဒါပေမယ့် ဒီလိုအံ့သြစရာ မဖြစ်နိုင်ပါဘူးလို့ ထင်ရတဲ့အထဲက ဖြစ်သွားခဲ့တဲ့ အဖြစ်ဆန်းတခု ဘုရားသျှင့်လက်ထက်တော်က ရှိခဲ့ဘူးပါတယ်။ ဒါကတော့ သုနက္ခတ္တဆိုတဲ့ ရဟန်းတော်တပါးရဲ့ အဖြစ်ဆန်းပါပဲ။ ဒီနေရာမှာ အကြောင်းဆိုက်နေမှတော့ ဆက်ပြောရအုံးမယ်။

## အံ့ဘွယ့် သုနက္ခတ္တမထေရ်

ဘုရားသျှင့်လက်ထက်တော်က လူထုနယ်ထဲမှာ ဥတ္တရကာဆိုတဲ့ နိဂုံးရွာကြီးတရွာ ရှိတယ်။အဲဒီ နိဂုံးရွာကြီးမှာနေပြီး ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယဆိုတဲ့ တက္ကဒွန်းတယောက်ရှိတယ်။ တနေ့တော့ နောက်ပါ သုနက္ခတ္တဆိုတဲ့ လိစ္ဆဝီအမျိုးသား ရဟန်းတော်တပါးနဲ့အတူ ဘုရားသျှင်က ကောရခတ္တိယ နေတဲ့နေရာအနီးအပါးကဖြတ်ပြီး ကြွတော်မူစရာ ကိစ္စတပါးနဲ့ ကြွသွားတော်မူပါတယ်။ဒီတော့ နောက်ပါဖြစ်တဲ့ သုနက္ခတ္တရဟန်းတော်ဟာ ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယကို မြင်ပါတယ်။မြင်တော့ သူက ဘယ်လိုအောင်းမေ့ပြီး ကြည်ညိုသွားသလဲဆိုယင်–

ဒီ ကောရခတ္တိယဟာ အင်မတန် ကောင်းတဲ့ သဘောရှိတာပဲ။ လေးဘက်ထောက်ပြီး မြေပေါ်မှာ ပစ်ချထားတဲ့ အစာကို လက်နဲ့မစားပဲ ပါးစပ်နဲ့သာ စားပေတယ်–လို့

ဒီလိုအောင်းမေ့ပြီး အင်မတန်ကြည်ညိုတဲ့စိတ် ဖြစ်သွားသတဲ့။ ဒီလောက်သာ မကသေးဘူး၊ သူ့အနေနဲ့ ကောရခတ္တိယအနေ

ကိုလဲ နှိုင်းယှဉ်ကြည့်ပြီး ကြည်ညိုလိုက်သေးတယ်။ သူနှိုင်းယှဉ်ကြည့်ပုံက ဒီလိုတဲ့-

ကောရခတ္တိယဟာ ကိလေသာ ကင်းငြိမ်းနေတဲ့ ရဟန္တာအစစ်ပေပဲ။ငါတို့မှာ ရဟန်းဆိုပေမယ့် သင်္ကန်း သပိတ် ပရိက္ခရာတွေနဲ့ ပလိဗောဓတွေ များနေသေးဘာ။ အလိုနည်းတဲ့ ကောရခတ္တိယမှာတော့ အပိစ္ဆဂုဏ်နဲ့ ပြည့်စုံပေတယ်။ အဝတ်ကိုလဲ မသုံးဆောင်ဘူး။ သပိတ် ပရိက္ခရာကိုလဲ မသုံးဆောင်ဘူး။ မြေပေါ် ချထားတဲ့အစာကို ပါးစပ်နဲ့ဟပ်ပြီး စားနိုင်ပေတယ်။ ပလိဗောဓနည်းပါးပြီး အင်မတန် ကောင်းတဲ့အကျင့်ကို ကျင့်ပေတာပဲ-လို့တွေးပြီးကြည်ညိုနေတယ်။

## ဘုရားဆုမှလို့တောင် မရဘူး

ကောရခတ္တိယအပေါ် သုနက္ခတ္တရဟန်း ထင်မြင်နေပုံနဲ့ ကြည်ညိုနေပုံကို ဘုရားသျှင်က သိတော်မူပါတယ်။ ဒီလိုသိတော်မူလို့ သုနက္ခတ္တကို ဘုရားသျှင်က ဘယ်လို မိန့်တော်မူသလဲဆိုယင်-

မဂ်ဖိုလ်မျိုး အချည်းအနှီးဖြစ်တဲ့ သုနက္ခတ္တ သင်လိုပုဂ္ဂိုလ်ကတောင် သာကီနွယ်ဘွား ဘုရားတပည့်ရဟန်းလို့ ဝန်ခံနေသေးသကိုး-လို့

ဒီလို မိန့်တော်မူပါတယ်။အဓိပ္ပာယ်ကတော့သုနက္ခတ္တသင်ဟာ ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယကို ကြည်ညိုနေတယ်။ သူ့ကို ရဟန္တာလို့လဲ သင်ထင်နေတယ်။ဒီလိုယုတ်ညံ့လှတဲ့ ကောရခတ္တိယလိုသူကို ကြည်ညိုနေတဲ့သင်သုနက္ခတ္တဟာသာကီနွယ်ဘွား ဘုရားတပည့်ရဟန်းလို့ ဝန်ခံထိုက်တာမဟုတ်ဘူး။ ဒီလိုဝန်မခံထိုက်ပဲ သင်ဟာ ဝန်ခံနေသေးသကိုး- လို့ သုနက္ခတ္တရဲ့ ကြံစည်နေမှု

ကောရခတ္တိယအပေါ် အထင်ကြီးပြီး ကြည်ညိုနေမှုတွေ ထင်ရှားလာအောင်မိန့်တော်မူလိုက်တာပါပဲ။ပြီးတော့ သုနက္ခတ္တနဲ့ဘုရားသျှင်တို့ အချေအတင် စကားဖြစ်လာပါတော့တယ်။

။ ။ တပည့်တော်ကို မြတ်စွာဘုရားက ဒီလို နှိမ်နှိမ်ချချ ဘာကြောင့် မိန့်တော်မူပါသလဲဘုရား။

။ ။ သုနက္ခတ္တ–သင်ဟာ ဘာမျှ ကြည်ညိုစရာမရှိပဲ ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယကို ကောင်းတဲ့သဘော ရှိပါပေတယ်၊ ရဟန္တာပေပဲလို့ မှတ်ထင် ကြည်ညိုနေတယ် မဟုတ်လား။ဒါကြောင့် ငါဘုရားက သင့်ကို ဒီလို မိန့်တော်မူတာပဲ။

။ ။ သူတပါး ရဟန္တာဖြစ်တာကို မြတ်စွာဘုရားက ဝန်တိုနေတော် မူပါသလား ဘုရား။

။ ။ သုနက္ခတ္တ–သူတပါး ရဟန္တာဖြစ်တာကို ဝန်တိုလို့ ငါဘုရားက ပြောတာမဟုတ်ဘူး။ သင့်မှာ အယူမှားပြီး ကြာမြင့်စွာ ဆင်းရဲဒုက္ခ မရောက်ပါစေနဲ့လို့ ရည်ရွယ်ပြောတာ။သင်ကြည်ညိုနေတဲ့ ကောရခတ္တိယဟာ ရဟန္တာလဲမဟုတ်ဘူး။ ရဟန္တာဖြစ်နိုင်တဲ့အကျင့်လဲ သူ့မှာမရှိဘူး။သင်ကြည်ညိုနေတဲ့ ကောရခတ္တိယဟာ ဒီကနေ့က နောက် ခုနစ်ရက် လွန်မြောက်တဲ့ နေ့ကျယင် အစာမကျေတဲ့ရောဂါနဲ့ စားပိုးနင့်သေလိမ့်မယ်။ သေပြီးတဲ့အခါ အသုရကာယ်မျိုးထဲမှာ အယုတ်ညံ့ဆုံးဖြစ်တဲ့ကာလကဥ္စက အသုရကာယ်ဖြစ်လိမ့်မယ်။ သူ့ အ လောင်း ကို လဲ ပြုတ် မြက် ရှိ တဲ့

သင်းချိုင်းမှာ စွန့်ပစ်ရလိမ့်မယ်။ သုနက္ခတ္တ–သင် အလိုရှိယင် ကောရခတ္တိယရဲ့အလောင်းထံ သွားပြီးတော့မေးပါ။ ငါ့သျှင် ကောရခတ္တိယ–သင်ရဲ့ လားရာသုဂတိကို သိပါရဲ့လား၊ အခု သင် ဘယ်မှာဖြစ်နေပါသလဲ၊ ဒီလိုမေးပါ။ ဒီလိုမေးယင် သုနက္ခတ္တ–ငါ့ရဲ့ လားရာဂတိကို သိပါတယ်။ အသုရကာယ်မျိုးထဲမှာ အယုတ်ညံ့ဆုံးဖြစ်တဲ့ကာလကဥ္စိက အသုရာ ဖြစ်နေပါတယ်လို့ သူသေကောင်က ပြောပါလိမ့်မယ်ဆိုတဲ့ ဘုရားသျှင်က နောင် ဖြစ်လိမ့်မည်တွေကိုပါ ဟောတော်မူလိုက်ပါတယ်။

မြတ်စွာဘုရားကဒီလိုကြိုတင်မိန့်တော်မူတာဟာအကြောင်းမဲ့မဟုတ်ပါဘူး။ အကြောင်းရှိပါတယ်။ သုနက္ခတ္တဟာ ဘုရားသျှင့်အပေါ်မှာ သဒ္ဓါတရား ပျက်နေတာဖြစ်လို့ ကြည်ညိုတဲ့ သဒ္ဓါတရား ပြန်ပြီး ဖြစ်စေလိုလို့ပါပဲ။ သဒ္ဓါတရားပျက်ဖို့ အကြောင်းကလဲ အယင်ကရှိခဲ့ဘူးပါတယ်။ရှိခဲ့ဘူးတာက သုနက္ခတ္တဟာ သမထ ကမ္မဋ္ဌာန်းတရားအားထုတ်လို့ ဒိဗ္ဗစက္ခုအဘိညာဏ်အထိ ရခဲ့ဘူးပါတယ်။အဲဒီအဘိညာဏ်နဲ့ နတ်ပြည်ကိုကြည့်တဲ့အခါ အလွန်လှပတဲ့ နတ်သမီးတွေကို သူမြင်ရတယ်။ဒီလို မြင်ရုံသာမြင်ရတာကို သူက မကျေနပ်သေးပဲ နတ်သား နတ်သမီးတွေ ပြောကြဆိုကြတဲ့ စကားသံကိုလဲ ကြားချင်သေးတယ်။ ဒီတော့ အသံကြားနိုင်တဲ့ ဒိဗ္ဗသောတအဘိညာဏ်ကို ရအောင်အားထုတ်တဲ့နည်းကို ဘုရားထံမှာ လျှောက်ပါတယ်။ဒါပေမယ့် ဒီဒိဗ္ဗသောတအဘိညာဏ်ကို မရနိုင်လေအောင် တားမြစ်နေတဲ့ အကုသိုလ်ကံက သူ့မှာ

ရှိနေတာဖြစ်လို့ အားထုတ်သော်လဲ ဒီဉာဏ်ကို သူရမှာမဟုတ်ဘူး။ ဒါကြောင့် ဘုရားသျှင်က သူမရနိုင်တဲ့ ဒိဗ္ဗသောတအဘိညာဏ်ရနည်းကို ပေးတော်မမူပဲ ထားခဲ့တယ်။ နည်းပေးပြန်ယင်လဲ နည်းမှန်ကိုပေးပေမယ့် သူမရတော့ မရတဲ့နည်းပေးတာပဲလို့ စွပ်စွဲဦးမယ်။နည်းမပေးတာကလဲ ဒီလို စွပ်စွဲစရာအကြောင်းက ပါဝင်နေလို့လဲဖြစ်တယ်။

ဒါတောင် သူက ဘယ်လိုသဘောထားသလဲဆိုယင် ဘုရားလဲ သာကီဝင် မင်းသားပဲ၊ ငါလဲ လိစ္ဆဝီမင်းသားပဲ၊ ဘုရားလဲ ဒိဗ္ဗစက္ခုအဘိညာဏ်ရပြီး အမြင်ပေါက်နေတယ်။ ငါလဲ ဒိဗ္ဗစက္ခုအဘိညာဏ်ရပြီး အမြင်ပေါက်နေတယ်။ဒီအချက်တွေမှာ ဘုရားနဲ့သူ တန်းတူသဘောထားတွေ သူ့မှာရှိနေပြီး ဒိဗ္ဗသောတအဘိညာဏ်ကိုတော့ ဘုရားသျှင်မှာသာ ရနေတယ်။ငါ့မှာတော့ မရဘူး၊ ဒီအချက်တခုသာ မတူပဲဖြစ်နေတယ်။ တကယ်လို့ ဒိဗ္ဗသောတ အဘိညာဏ်ကို ငါရသွားယင် ဘုရားနဲ့ငါ တန်းတူဖြစ်သွားမယ်။ ဒါကြောင့် ဘုရားနဲ့ငါ တန်းတူဖြစ်မှာ မဖြစ်စေချင်လို့ ဒီ အဘိညာဏ်ရဖို့ အားထုတ်တဲ့နည်းကို ငါ့မပေးတာပဲလို့ အထင်မှားပြီး ဘုရားသျှင့်အပေါ် အကြည်ညိုသဒ္ဓါတရား ပျက်နေပါတယ်။ ဒီလိုပျက်နေတဲ့ သဒ္ဓါတရားဟာ နောင်တချိန် ဖြစ်တန်သမျှဖြစ်ဖို့နဲ့ သဒ္ဓိန္ဒြေ ရင့်ကျက်တန်သမျှ ရင့်ကျက်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုတင်ပြီး ဟောတော်မူလိုက်ခြင်း ဖြစ်ပါတယ်။

## မှားအောင် ကြိုးစားတယ်

ကြိုတင်ဟောတော်မူလိုက်တဲ့ ဘုရားစကားတော်ကို သုနက္ခတ္တက မမှန်စေချင်ဘူး။ဒီတော့ သုနက္ခတ္တဟာ ကောရခတ္တိယဆီသွား

ပြီး အကြောင်းကြားတယ်။ငါ့သျှင် ကောရဗ္ဗတိယ ရဟန်း ဂေါ တမက သင်ရဲ့ဖြစ်လတံ့အရေးကို ကြိုတင်ပြီး ဒီလိုဟောထား တယ်။ ယနေ့မှ ခုနစ်ရက်မြောက်ယင် ကောရဗ္ဗတိယဟာ စားပိုး နင့်ပြီး သေလိမ့်မယ်၊ သေပြီးတော့ ကာလကဉ္စိက အသုရာဖြစ် မယ်၊ အလောင်းကိုလဲ ပြိတ်မြက်ရှိတဲ့ သင်းချိုင်းမှာ စွန့်ပစ်ရ လိမ့်မယ်လို့ ဟောထားတယ်။ ငါ့သျှင် ကောရဗ္ဗတိယ ရဟန်း ဂေါတမရဲ့ ဟောပြောချက် မမှန်အောင် အထူးသတိထားပြီး အတိုင်းအရှည်နဲ့စားပါသောက်ပါလို့ သတိပေးစကားသွားပြော တယ်။ သူက မှားအောင် အားထုတ်ထားတဲ့အတိုင်း တကယ်လို့ မှားပြီဆိုယင် လိမ်လည်မှုနဲ့ ဘုရားသျှင်ကို စွပ်စွဲဘို့ပြင်ဆင်ထား လိုက်တာပါပဲ။

လွဲမှားအောင် သူဘယ်လိုပဲ အားထုတ်ပေမယ့် ဘုရားစကား ဆိုတာကတော့ လွဲမှားရိုးမရှိလို့ မလွဲမှားနိုင်ပါဘူး။ဒါကြောင့် ဘုရားဟောတော်မူတဲ့အတိုင်း မှန်နေပါတယ်။ မှန်ပုံကဒီလို- သုနက္ခတ္တပြောလာတဲ့ စကားကိုကြားတော့ ရဟန်းဂေါတမဟာ ငါ့ကို ဒီလိုပြောရမလားဆိုပြီး ကောရဗ္ဗတိယဟာ မခံချင်တဲ့ စိတ်တွေဖြစ်လာတယ်။ ဒါနဲ့ စားပိုးနင့်ပြီးမသေနိုင်ဘို့ ပြောလာ တဲ့ နေ့ကစပြီး အစာမစားတော့ပဲ နေလိုက်တော့တယ်။ဘုရား စကား လွဲမှားအောင် ကောရဗ္ဗတိယက အားထုတ်သလိုပဲ သုနက္ခတ္တရဟန်းကလဲ အားထုတ်ပါတယ်။ သူက ဘယ်လိုအား ထုတ်သလဲဆိုယင် နေ့စဉ်နေ့တိုင်း သွားသွားပြီး ကောရဗ္ဗတိယကို သတိပေးတယ်။ တရက်တော့အောင်သွားပြီ၊ နောက်ခြောက် ရက်ပဲ လိုတော့တယ်၊ နှစ်ရက် အောင်သွားပြီ၊ သုံးရက် အောင်သွားပြီ၊ သတိမလစ်ပါနဲ့၊ လေးရက် ငါးရက် ခြောက်

ရက် အောင်သွားပြီ၊ နောက်တရက်ပဲ လိုတော့တယ်၊ ကြပ်ကြပ် သတိပြုပါလို့ ဒီလိုချည်း နေ့စဉ်သွားသွားပြီး သတိပေးတယ်။

## ခုနစ်ရက် မြောက်တဲ့နေ့

သုနခတ္တကလဲ နေ့စဉ်ပဲ ဒီလိုသွားသွားပြီးတော့ ကောရခတ္တိယကို သတိပေးတယ်။ ကောရခတ္တိယကလဲ သတိကြီးစွာနဲ့ စောင့်ရှောက်လာခဲ့လို့ နောက်ဆုံး ခုနစ်ရက်မြောက်တဲ့နေ့ ရောက်လာ ခဲ့ပါတယ်။ ခုနစ်ရက် မြောက်တဲ့နေ့ ရောက်တော့ ကောရခတ္တိယရဲ့ ဆွမ်းဒကာက ငါ့အသျှင် ကောရခတ္တိယဟာ နေမကောင်းလို့လေလား။ဆွမ်းစားမကြွလာတာခုနစ်ရက်တောင် ရှိသွားပြီ။ ဒီလို စဉ်းစားပြီး ဘယ်လိုကြောင့် မကြွလာတာလဲ ဆိုတာကိုလဲ သိရအောင် စုံစမ်းရင်း ဝက်သားဟင်းချက်နဲ့ ဆွမ်း သွားပို့တယ်။ ကောရခတ္တိယဆီ ရောက်တော့ အခါတိုင်း ကျွေးနေကြလိုပဲ မြေကြီးပေါ်မှာ ပုံကျွေးလိုက်ပါတယ်။ ခုနစ်ရက်အထိ မစားခဲ့ရလို့ အင်မတန်လဲ ဆာလောင်မွတ်သိပ်နေတဲ့ ကောရခတ္တိယဟာ ဝက်သားဟင်းချက်နဲ့ လာပို့တဲ့ ဆွမ်းကို မြင်ရုံသာမက ထမင်းနံ့·ဟင်းနံ့ကလေး များကလဲ တသင်းသင်းနဲ့ မွှေးကြိုင်နေတာဖြစ်လို့ အင်မတန် စားချင်စိတ်တွေ ဖြစ်လာတယ်။

ဒီတော့ သူက ဘယ်လို စဉ်းစားသလဲဆိုယင် မစားပဲနေလဲ အဆာလွန်ပြီး သေသွားနိုင်တာပဲ။ ရဟန်းဂေါတမရဲ့ စကားဟာ မှန်ချင်မှန် မမှန်ချင်နေ အစာစားပြီး ဝဝလင်လင်နဲ့ သေရတာက ကောင်းပါသေးတယ်။ ဆာဆာလောင်လောင်နဲ့ သေရတာ နေရာမကျပါဘူးလို့ စဉ်းစားပြီး အခါတိုင်းစားနေ

ကြလို လေးဘက်ထောက်ထဲ့ပြီး တဝကြီး စားပစ်လိုက်တော့တယ်။ အစာမစားပဲ အတော်ကြာကြာနေပြီး စားတယ်ဆိုယင် ပထမဆုံး အရေ (အရည်) ကစ သောက်ရတယ်။ ထမင်းတို့ဟင်းတို့လို အဖတ်တွေကို စ-စားရတာမျိုး မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မစာမရှိတာ ကြာလို့ အူကျဉ်းနေတာကလဲတကြောင်း၊ ပါစက တေဇောက မချက်ရတာ ကြာလို့ အားသေးနေတာဖြစ်တော့ အစာမကျေမှာကလဲ တကြောင်းကြောင့်ဖြစ်တယ်။ ကောရခတ္တိယဟာ ခြောက်ရက်တောင်အကြာကြီး မစားပဲနေပြီး အဆိုပါ စည်းကမ်းအတိုင်း မစားပဲ ထမင်းဟင်း အဖတ်တွေကို တဝတအိကြီး စားပစ်လိုက်တယ်။ ဒီတော့ ဘယ်ခံနိုင်မှာလဲ။ အဲဒီညမှာဘဲ အစာမကျေ စားပိုးနင့်ပြီး သေသွားတာပေါ့။ သေပြီး အယုတ်ညံ့ဆုံး ဖြစ်တဲ့ကာလကဥ္စက အသုရာဘုံမှာ သွားဖြစ်တာပါပဲ။

## ဒါနဲ့လဲ မပြီးသေးဘူး

ဒီလို သေသွားတဲ့အခါ သူတို့တိတ္ထိဂိုဏ်းသားတွေက ဘုရားဟောတဲ့အတိုင်း ခုနစ်ရက်မြောက်တဲ့နေ့မှာ စားပိုးနင့်ပြီးသေတာမှန်နေပြီ။ ဒါပေမယ့် ကျန်သေးတဲ့ ပြိတ်မြက်ရှိတဲ့သင်းချိုင်းမှာ စွန့်ပစ်ကြလိမ့်မယ်ဆိုတဲ့ အဟောကို မမှန်အောင် လုပ်ကြမယ်ဆိုပြီး အလောင်းကို နွယ်ကြိုးတွေနဲ့ချည်၊ ခွေးသေကောင်ကို ဆွဲသလို သူတို့လိုရာကို ဆွဲဆောင်ကြ ပြန်ပါတယ်။ ဒီလို ဆွဲဆောင်သွားရင်း သင်းချိုင်းတခုသို့ ရောက်တဲ့အခါ ပြိတ်မြက် ရှိ-မရှိ သင်းချိုင်းမှာ စုံစမ်း ကြည့်ရှုတော့ ပြိတ်မြက်တွေ ရှိနေတာကို တွေ့ကြရတယ်။ ဒါနဲ့ မဖြစ်သေးဘူးဆိုပြီး ဘုရားဟောတဲ့အတိုင်းမှန်နေမှာစိုးလို့ တခြားသင်းချိုင်းကို

ပို့ဖို့ ဆွဲကြပြန်တယ်။ ဆွဲလို့ မရတော့ဘူး၊ ဆွဲတဲ့ နွယ်ကြိုး တွေလဲ ပြတ်ကုန်တယ်။ဒါနဲ့ချီပိုးယူကြဖို့ အားထုတ်ကြတော့လဲ အလောင်းကောင်က ပါဖို့ဝေးလို့ လှုပ်လို့တောင် မရတော့ ဘူးတဲ့။ ဒီလိုနဲ့ တိတ္ထိဂိုဏ်းသားတွေဟာ မတတ်နိုင်ကြတော့ပဲ ပြိတ်မြက်ရှိတဲ့ ဒီသင်းချိုင်းမှာပဲ စွန့်ပစ်ခဲ့ကြရတယ်။

ပြိတ်မြက်ရှိတဲ့သင်းချိုင်းမှာပဲ ကောရခတ္တိယရဲ့ အလောင်းကို စွန့်ပစ်ခဲ့ရသတဲ့ဆိုတဲ့ သတင်းကို သုနက္ခတ္တက ကြားသိရတော့ ဘယ်လို စဉ်းစားပြန်သလဲဆိုယင် ပြီးခဲ့တာတွေကတော့ ဟော ပြောတဲ့အတိုင်းမှန်နေပြီ။ ဒါပေမယ့် သူသေကောင်ကထပြီး စကားပြောရိုး မရှိဘူး။ ဒီစကား ပြောမယ် ဆိုတဲ့ အချက် ကတော့ မှားမှာသေချာတယ်လို့ စဉ်းစားတယ်။ဒီလိုစဉ်းစားပြီး ကောရခတ္တိယ အလောင်းရှိရာ သင်းချိုင်းကို သွားတယ်။ ရောက်တော့ သုနက္ခတ္တဟာ ကောရခတ္တိယရဲ့ အလောင်းကို လက်နဲ့ပုတ်ပြီး ငါ့သျှင် ကောရခတ္တိယ–သင့်လားရာ ဂတိကို သင်သိရဲ့လား။ ဘာဖြစ်နေ သလဲလို့–မေးတယ်။ ဒီတော့ အလောင်းကောင်ကြီးက ထပြီး ငါလားရာဂတိကို ငါသိပါ တယ်။အယုတ်ဆုံးဖြစ်တဲ့ ကာလကဉ္စိက အသုရာ ဖြစ်နေပါတယ် သုနက္ခတ္တ–လို့ပြောပြီး ပြန်လဲကျသွား သတဲ့။

ကာလကဉ္စိက အသုရာဆိုတာ ပြိတ္တာ တမျိုးပါပဲ။ ကိုယ် ကောင်ကြီးဟာ သုံးဂါဝုတ်လောက် ရှိသတဲ့။ မိုင်နဲ့ဆိုယင် ခြောက်မိုင်လောက် ရှိတာပေါ့။ ပါးစပ်ပေါက်က ထိပ်တဲ့တဲ့မှာ ပေါက်ပြီး အပ်နဖါးလောက်သာ ကျယ်တယ်လို့ဆိုတယ်။ အပ် နဖါးလောက်သာရှိတဲ့ ဒီပါးစပ်နဲ့ စားဖို့သောက်ဖို့ ငံ့ပြီး အား ထုတ်ရတယ်။ စားလဲကောင်းကောင်း မစားရ၊ ရေလဲကောင်း

ကောင်း မသောက်ရနဲ့ ပ်နေ်ခြောက် နေတာပဲတဲ့။ ကြောက်စရာ စက်ဆုတ်စရာသိပ်ကောင်းတဲ့ အကောင်ကြီး နေမှာပဲ။

သူသေကောင်ကထပြီး စကားပြောရိုး ထုံးစံမရှိပဲနဲ့ ကောရခတ္တိယ အလောင်းကောင် သူသေကြီးက ဘာကြောင့် စကားထပြောသလဲဆိုယင် မြတ်စွာဘုရား တန်ခိုးတော်နဲ့ အသုရကာယ် ပြိတ္တာကို အလောင်းကောင်ထဲဝင်စေပြီး ပြောစေတယ်လို့ ဆိုပါတယ်။ ဒီလိုဝင်စေပြီး အပြောခိုင်းခြင်းကြောင့် စကားပြောတာ ဖြစ်ပါတယ်။ အချို့မှော်ဆရာတွေက ပူးဟဲ့ ကပ်ဟဲ့ ဆိုပြီး လူတွေကို အပူးအကပ်ခိုင်းပြီး မေးတာပြောတာတွေကို ကြားဘူးတွေ့ဘူးကြတယ် မဟုတ်လား။ ဒီလိုပါပဲ ဘုရားတန်ခိုးတော်နဲ့ဆိုတော့ ဒီပြိတ္တာကြီးဟာ မပြောပဲ မပူးမကပ်ပဲ ဘယ်နေနိုင်မှာလဲ။

## စိတ်သဘော ယုတ်ညံ့တယ်

ကောရခတ္တိယ အလောင်းကောင်က ဒီလို ပြောလိုက်တော့ သုနက္ခတ္တ ထင်ခဲ့တဲ့ ထင်ခြေတွေ ဘုရားသျှင်ကို စွပ်စွဲဖို့ လုပ်ခဲ့တဲ့ အလုပ်တွေဟာ တခုမှ အောင်မြင် ထမြောက်ခြင်း မရှိတော့ပဲ ဖြစ်ကုန်တယ်။ ဒါနဲ့စိတ်ပျက်ပြီး ဘုရားသျှင်ထံ ပြန်လာတဲ့အခါ ဘုရားသျှင်က ဘယ့်နှယ်လဲ သုနက္ခတ္တ-ငါဘုရား ဟောတာတွေ မှန်တယ်မဟုတ်လားလို့ မေးတော်မူပါတယ်။ အကုန်လုံး မှန်ကန်ကြောင်းကို ပြန်ပြီး လျှောက်ထားတယ်။ ဘုရားသျှင်ကို ပစ်ပယ်သွားပြီးမှ ဘုရားသျှင်ထံ တဖန်ပြန်လာတယ် ဆိုတော့ သုနက္ခတ္တဟာ သူလုပ်တာတွေ မမှန်ဘူးလို့သိပြီး ဘုရားသျှင့်အပေါ် မကြည်ညိုခဲ့တဲ့ မကျေနပ်ခဲ့တဲ့ စိတ်တွေ အတော်အတန် လျော့ပါးသွားကြောင်းနဲ့ အယင်ကထက် စိတ်ထား ရင့်ကျက် လာ

ကြောင်း ထင်ရှားပါတယ်။မကြည်ညိုမှု မကျေနပ်မှုတွေ အယင်ကလောက် မပြင်းထန်ပေမယ့် ဘုရားသျှင်ကို သုနက္ခတ္တဟာ ကောင်းကောင်း မကြည်ညိုနိုင်သေးပဲ မကျေနပ်မှုကလေးဘာ ကျန်နေ သေးတယ်ဆိုဘာ ထင်ရှားနေတယ်။ ဘာကြောင့်လဲ ဆိုယင်-သုနက္ခတ္တဟာ နောက် တချိန်မှာ သာသနာ့ဘောင်မှာ မနေတော့ပဲ လူထွက်ပြီး ဘုရားသျှင့်အကြောင်း မကောင်းပြော နေတယ်ဆိုလို့ပါပဲ။ စိတ်ထားယုတ်ညံ့ပြီဆိုယင်အကောင်းပေမယ့် မကောင်းဘူး ထင်တတ်ကြတယ်။ ကောင်းထားလို့ ဘယ်လောက် ပင် ကျေးဇူးတွေ ရှိနေနေ ကျေးဇူးကို ကျေးဇူးလို့မထင်ပဲ ရှိတဲ့ ကျေးဇူးကို ချေဖျက် ပစ်တတ်ကြတယ်။ ပီးတော့ ပင်ကိုယ် သဘောကိုက ယုတ်ညံ့ လာခဲ့တာဖြစ်လို့ ဟုတ်ညံ့တဲ့အရာ ယုတ်ညံ့တဲ့အလေ့ ယုတ်ညံ့တဲ့အယူကိုပဲ ယုံကြည်လေ့ရှိတယ်။ ယုတ်ညံ့ တဲ့ အလေ့ကိုပဲ နှစ်သက်လေ့ ရှိတတ်ကြပါတယ်။ အခု ကောရ ခတ္တိယကျင့်တဲ့ အကျင့်ဟာ သီလဗ္ဗတုပါဒါန်မျိုးပဲ ဖြစ်ပါတယ်။

**အလေ့အကျင့်တွေက အများကြီးပဲ**

ဒီ သီလဗ္ဗတုပါဒါန်ဆိုတဲ့ အလေ့အကျင့်တွေ ဆိုတာကလဲ အများကြီးပါပဲ။ မဟာနိဒ္ဒေသ ပါဠိတော်မှာ လာတဲ့အတိုင်း ဆင်အမူအရာ အတုလိုက်ပြီး ကျင့်တဲ့အကျင့်တွေ၊ မြင်းအမူအရာ အတုလိုက်ပြီး ကျင့်တဲ့အကျင့်တွေ၊ ကျီးအမူအရာ အတုလိုက်ပြီး ကျင့်တဲ့ အကျင့်တွေ၊ ဝါသုဒေဝ၊ ဗလဒေဝ-စတဲ့ မင်းတွေကို ကိုးကွယ်လေ့ရှိတဲ့ အလေ့အကျင့်တွေ၊ ကိုးကွယ်တယ် ဆိုတာ ကျင့်တဲ့ အကျင့်မဟုတ်ပေမယ့် အကိုးအကွယ် နေရာမကျယင် မှားယွင်းတဲ့ အလေ့တမျိုးပဲ ဖြစ်ပါတယ်။ သံသရာဝဋ်ဆင်းရဲက ထွက်မြောက်ရာ ထွက်မြောက်ကြောင်းမဟုတ်ပဲ ထွက်မြောက်

ကြောင်းထင်ပြီး ထွက်မြောက်ဖို့အနေနဲ့ ကိုးကွယ်ပြီဆိုယင်တော့ အဲဒီ ကိုးကွယ်တာအားလုံး သီလဗ္ဗတုပါဒါန်ထဲ ပါဝင်သွားဖို့ ချည်းရှိပါတယ်။ ဒါပေမယ့် သံသရာဝဋ်ဆင်းရဲက ထွက်မြောက်ရာ ထွက်မြောက်ကြောင်းအတွက်မဟုတ်ပဲ မျက်မှောက်ဘဝ အတွက် မျှော်ကိုးပြီး မစလို မစငြား ဘေးရန် ကင်းဖို့၊ ရောဂါ ပျောက်ဖို့၊ ပစ္စည်းဥစ္စာ လာဘ်လာဘတိုးဖို့ ရည်ရွယ်ချက်နဲ့ ကိုးကွယ်တယ် ဆိုရင်တော့ သီလဗ္ဗတုပါဒါန်ဆိုတဲ့ အလေ့အကျင့်မျိုး ဖြစ်မယ်မဟုတ်ပါဘူး။ သံသရာဝဋ်ဆင်းရဲက ထွက်မြောက်လိုလို့ အားကိုးအားထားပြု ကိုးကွယ်တာနဲ့ လာဘ်တမျိုးမျိုးကိုလိုလို့ အားကိုးအားထားပြု ကိုးကွယ်တာဟာ ဘမျိုးစီ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းအနေနဲ့ ဝိပဿနာ အကျင့်တွေကိုသာ ယုံကြည်ပြီး ကျင့်ကြရတယ်ဆိုတာ သိထားပြီးဖြစ်လို့ ဂိုဏ်းဆရာတို့ နတ်တို့ကို သံသရာမှ ထွက်မြောက်ရာအဖြစ်နဲ့ ကိုးကွယ်ကြတာ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ ဒါပေမယ့် ဘချို့က သံသရာဝဋ်မှ ထွက်မြောက်ဖို့ထက် မျက်မှောက် ခန္ဓာကိုယ် ချမ်းသာဖို့ကိုပိုပြီး အရေးထား လွန်းတဲ့အတွက် ဂိုဏ်းဆရာတို့ နတ်တို့ကို ကိုးကွယ်ရာမှာ အစွဲအလန်း ကြီးလွန်းနေကြပါတယ်။ ဒီလို အစွဲအလန်း ကြီးလွန်းတာဟာ ဥပါဒါန်ဘက်ကို သက်ရောက်ပြီး ဥပါဒါန်ဘက်မှာ အလေးသာသွားတာ ဖြစ်လို့ တယ်ပြီးနေရာမကျလှပါဘူး။ ခန္ဓာကိုယ်ရဲ့ မျက်မှောက်ချမ်းသာမှုကလေးလို လိုလားလွန်းယင် ဆင်းရဲဒုက္ခမှ တကယ်လွတ်မြောက်ပြီး တကယ်ချမ်းသာမယ့် မဂ်ခရီးတွင် ဖင့်နွှေးစရာ အကြောင်း ဖြစ်နေမှာပဲ။

မိးကိုသာ ကိုးကွယ်စရာထင်ပြီး ကိုးကွယ်တာတွေ၊နဂါးကိုသာ ကိုးကွယ်စရာထင်ပြီး ကိုးကွယ်တာတွေ၊ဘီလူးကိုသာကိုးကွယ်စရာ ထင်ပြီး ကိုးကွယ်တာတွေ၊ ဂန္ဓဗ္ဗနတ်ကိုသာ ကိုးကွယ်စရာထင်ပြီး ကိုးကွယ်တာတွေ၊ စတုမဟာရာဇ် နတ်မင်းကြီးတွေကိုသာ ကိုး ကွယ်စရာထင်ပြီးကိုးကွယ်တာတွေ၊လ–ကိုသာနေကိုသာ သိကြား ကိုသာ ဗြဟ္မာကိုသာ ကိုးကွယ်စရာထင်ပြီး ကိုးကွယ်တာတွေ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကယ်တင်နိုင်တယ်လို့ ထင်ပြီး ဒီလို ကိုးကွယ်မှုတွေဟာ သီလဗ္ဗတုပါဒါန်ဆိုတဲ့ အလေ့ အကျင့်လွဲမှားမှုထဲမှာ ပါဝင်တာချည်းပဲဖြစ်ပါတယ်။ဒီလို ကျင့်မှု ကိုးကွယ်မှုတွေဟာ သစ္စာလေးပါးကို သိမြင်အောင် ကျင့်မှုကိုး ကွယ်မှုတွေလဲ မဟုတ်ဘူး။သီလ သမာဓိ ပညာနဲ့ ပြည့်စုံတဲ့ မဂ္ဂင် ရှစ်ပါး ပွားများမှုတွေလဲမဟုတ်ဘူး၊ သစ္စာလေးပါးကို သိမြင်ရာ သိမြင်ကြောင်း၊ သီလ သမာဓိ ပညာ တိုးပွားရာတိုးပွားကြောင်း မပါပဲ ဝဋ်ဆင်းရဲက လွတ်မြောက်ရာထင်ပြီး ကျင့်တဲ့ ဖေါ်ပြပါ အကျင့်တွေဟာ ကျင့်လမ်းမှန်တွေ မဟုတ်လို့ သူတို့ကို သီလဗ္ဗတု ပါဒါန် (အလေ့အကျင့်မှားကို စွဲလန်းမှု)လို့ ဆိုပါတယ်။

## ဒီလောကသာ မကသေးဘူး

သီလနဲ့ပဲ ဝဋ်ဆင်းရဲက လွတ်မြောက်တယ်၊ သမထစျာန်နဲ့ပဲ ဝဋ်ဆင်းရဲက လွတ်မြောက်တယ်ဆိုပြီး သီလကိုသာ ဆောက် တည်ကျင့်သုံးမယ်၊ သမထစျာန်ကိုသာ ပွားများမယ် ဆိုယင်လဲ သီလဗ္ဗတုပါဒါန်ပဲ ဖြစ်ပါတယ်။ တချို့ကသီလနဲ့ပဲဝဋ်ဆင်းရဲက လွတ်မြောက်နိုင်တယ်ယူဆပြီး သီလလောကကိုသာ ကျင့်သုံးနေ တာတွေလဲရှိပါတယ်။ တချို့ကလဲ ရူပစျာန်နဲ့ပဲ ဝဋ်ဆင်းရဲက လွတ်မြောက်နိုင်တယ်ယူဆပြီး ရူပစျာန်လောကကိုသာ ကျင့်သုံး

ပွားများကြတာတွေလဲရှိပါတယ်။ ဒီလို အယူအဆတွေနဲ့ သီလ သမထတွေကို ကျင့်သုံးကြတာဟာ သီလဗ္ဗတ အယူအဆတွေ ဖြစ်လို့ သီလဗ္ဗတုပါဒါန်တွေချည်းပါပဲ။ သီလတို့ သမထတို့ ဆိုတာ အမှန်က ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာတို့ရဲ့ အခြေခံသာ ဖြစ်တယ်၊ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာတွေကသာ ဝဋ်ဆင်းရဲက တကယ် လွယ်မြောက်နိုင်တယ်လို့ မှန်မှန်ကန်ကန် ယူဆပြီး ကျင့်သုံးမှသာ သီလဗ္ဗတုပါဒါန်မဖြစ်ပဲ အကျင့်မှန် ဖြစ်နိုင်ပါတယ်။

သုဒ္ဓိမဂ္ဂပရာမသန ဝသေန-သံသရာ ဝဋ်ဆင်းရဲမှ စင်ကြယ်ကြောင်းလွတ်မြောက်ကြောင်းအကျင့်လမ်းကောင်း၏အလိုအားဖြင့်။ပဝတ္တိတံ-ဖြစ်စေအပ် ကျင့်သုံး အပ်သော။ ယံကိဉ္စိ-အမှတ်မရှိတစုံတခုသော။ လောကိယံ သီလံစ-လောကသီလ ဟူသမျှကိုငှင်း။ လောကိယံ ဈာနဥ္စ-လောကီဈာန် ဟူသမျှကိုငှင်း။သီလဗ္ဗတမိစ္ဆေဝ-အလေ့အကျင့် ဟူ၍သာလျှင်။ဂူဓ-ဤအရာ၌။အဓိပ္ပေတံ-အလိုရှိအပ်၏-လို့ ဝိသုဒ္ဓိမဂ်မဟာဋီကာ မိန့်ဆိုထားတဲ့အတိုင်း မှတ်သားထားကြဘို့ပါပဲ။သီလဗ္ဗတုပါဒါန် သဘောကို ပြောပြီးတော့ အတ္တဝါဒုပါဒါန်ကို ဆက်ပြောပါအုံးမယ်။

## အတ္တဝါဒုပါဒါန်

အတ္တဝါဒုပါဒါန်ဆိုတာ အတ္တကောင် အသက်ကောင်ရှိတယ်လို့ စွဲလမ်းနေတာကို ဆိုပါတယ်။ မိမိကိုယ်ကိုလဲ အသက်ရှင်နေတဲ့ အတ္တကောင်လို့ ထင်မှတ်စွဲလမ်းတယ်။ သူတပါးတို့ကိုလဲ အသက်ရှင်နေတဲ့ အတ္တကောင်တွေလို့ ထင်မှတ်စွဲလမ်းတယ်။ အတ္တဒိဋ္ဌိ (ဒါမှမဟုတ်) သက္ကာယဒိဋ္ဌိအနေနဲ့ စွဲလမ်းနေတာပဲ ဖြစ်ပါတယ်။ ဒီအတ္တစွဲဟာ ကင်းခဲပါတယ်။ တခြားဘာသာဝင်

တွေမှာ မဆိုထားနဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေသာရှိတယ်လို့ သဘောကျပြီး သိပြီးဖြစ်နေကြတဲ့ ဗုဒ္ဓဘာသာဝင်တောင် အမှတ်မဲ့ နေတဲ့ထိုင်တဲ့ ပြောဆိုတဲ့အခါမျိုးမှာ ငါကောင် သူကောင် ရှိတယ်လို့ မှတ်ထင် နေတတ်ကြပါသေးတယ်။ ဒါပေမယ့် ဒီအတ္တစွဲဟာ ဗုဒ္ဓဘာသာဝင်တွေမှာတော့ ခိုင်မြဲတယ်လို့ မဆိုနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိ၊ ရုပ်နာမ်မျှ ရှိတယ်လို့ ဗုဒ္ဓမြတ်စွာ ဟောတော်မူထားတာကို သဘောကျပြီးသား သက်ဝင်ယုံကြည်ပြီးသား ဖြစ်နေကြလို့ပါပဲ။ ရုပ်နာမ်မျှသာ တကယ်ရှိတယ်လို့ သိထားတယ်ဆိုယင် အတ္တကောင် အသက်ကောင်ရယ်လို့ သီးခြားမရှိဘူးဆိုတာ ထင်ရှားပြီးသား ဖြစ်နေပါတယ်။ ဒီလို ထင်ရှားတယ်ဆိုတာက ဝိပဿနာဉာဏ် မဂ်ဉာဏ်တွေနဲ့ တကယ်သိမြင်တာတော့ မဟုတ်ပါဘူး။ ဟောတော်မူတဲ့အတိုင်း အနုမာနဉာဏ်နဲ့ သဘောကျပြီးယုံကြည်နေတာလောက်သာ ဖြစ်ပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေနဲ့မြင်ထားတဲ့ အရိယာပုဂ္ဂိုလ်တွေလိုတော့ တကယ်သိမြင်နေတာ မဟုတ်ပါဘူး။ ကိုယ့်ဉာဏ်ထဲမှာ ယုံကြည်နိုင်လောက်တဲ့မှန်းဆချက်နဲ့မှန်းဆပြီး ယုံကြည်နေကြတာဖြစ်လို့ အမှတ်မဲ့ဆိုယင် အတ္တဒိဋ္ဌိဟာ ရှိရှိ နေကြရပါသေးတယ်။

## တခြား ဘာသာဝင်နဲ့ အတ္တစွဲ

ရုပ်နာမ်တွေသာရှိတယ် တခြားဘာကောင်မှရှိတာမဟုတ်ဘူးဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ နှလုံးမှာ ကိန်းအောင်းနေပြီးသား ဖြစ်နေကြတာဖြစ်လို့ ဗုဒ္ဓဘာသာဝင်တို့တွင် ဒီအတ္တဝါဒုပါဒါန်ဟာ ခိုင်ခိုင်မြဲမြဲ မရှိပါဘူး။ တခြားဘာသာဝင်တွေမှာတော့ ဒီအတ္တဝါဒုပါဒါန်ဟာ အင်မတန် ခိုင်မြဲစွဲလမ်းနေကြပါတယ်။ ဒီလို

စွဲလမ်း နေကြတာဟာ သူတို့ ကိုးကွယ်အားထားနေတဲ့ ဘာသာ ရေး အကြီးအကဲ ဘုရားဆိုသူတွေက ရုပ်၊နာမ်၊ခန္ဓာကို သဘော မှန်အတိုင်း ဟောပြထားတာ မရှိလို့ပဲ ဖြစ်ပါတယ်။ တကယ်လို့ သာ သူတို့ကိုးကွယ်ရာ ဘုရားတွေကရုပ်၊နာမ်၊ခန္ဓာတွေရဲ့သဘော မှန်တွေကို ဟောပြထားကြမယ် ဆိုလို့ရှိယင် ဆင်ခြင်ဉာဏ်ရှိတဲ့ လူတွေပဲဖြစ်လို့ အတ္တစွဲတွေ ဒီလောက်တောင် ခိုင်ခိုင်မြဲမြဲ စွဲလမ်း ကြမယ် မဟုတ်ပါဘူး။ အခုတော့ သူတို့ကိုးကွယ်တဲ့ ဘုရားများ က သူတို့ဒေသနာထဲမှာ ရုပ်၊နာမ်၊ခန္ဓာရဲ့ သဘောတွေကို ဟော နိုင်ဘို့ နေနေသာသာ အနားတောင် သိနိုင်ပုံ မရကြပါဘူး။

အတ္တစွဲတွေ စွဲလမ်းတော့ ဘယ်လို စွဲ လမ်း ကြ သ လဲ ဆို ယင် လှုပ်ရှား သွားလာနေတဲ့ရုပ်ကိုလဲ ငါကောင်အနေနဲ့ စွဲလမ်း တယ်။ အကောင်း အဆိုးတွေ ခံစားနေတဲ့ ဝေဒနာကိုလဲ ငါ ကောင်အနေနဲ့ စွဲလမ်းတယ်။ အ စ စ အ ရာ ရာ မှတ်သားနိုင်တဲ့ သညာကိုလဲ ငါကောင်အနေနဲ့ စွဲလမ်းတယ်။ ပြုလုပ်အားထုတ် သမျှ သင်္ခါရတွေကိုလဲ ငါကောင်အနေနဲ့ စွဲလမ်းတယ်။ သိတဲ့ အသိဝိဉာဏ်တွေကိုလဲ ငါကောင်အနေနဲ့ စွဲလမ်းတယ်။ငါကောင် သွားလာလှုပ်ရှားတယ်၊ ငါကောင် ခံစားတယ်၊ ငါကောင် မှတ် သားတယ်၊ငါကောင် ပြုလုပ် အားထုတ်တယ်၊ငါကောင်သိတယ် ပေါ့။ ဒီလိုပဲ ခန္ဓာငါးပါးအပေါ်မှာ ငါကောင်အနေနဲ့ စွဲလမ်း တတ်ကြပါတယ်။

## အစိုးရတယ်လို့လဲ ထင်

သွားချင်သွားလိုက်တာပဲ၊ မသွားချင်မသွားဘူး၊ စားချင် စားလိုက်တာပဲ၊ မစားချင်မစားဘူး၊ လုပ်ချင်တာကို လုပ်လိုက်

တာပဲ၊ မလုပ်ချင်ယင်မလုပ်ဘူး၊ ဒီလို ကိုယ်လုပ်ချင်သလို လုပ်နိုင်တာဟာ အစိုးရလို့ လုပ်နိုင်တာပဲ၊ ဒါကြောင့် အစိုးတရ ကိုယ်လုပ်ချင်တာကို လုပ်နိုင်တယ်လို့လဲ ထင်မှတ် စွဲလမ်းပါတယ်။ ထင်မှတ် စွဲလမ်းမယ်ဆိုလဲ ထင်မှတ်စွဲလမ်းစရာပဲ။ ဘာပြုလို့လဲ ဆိုတော့ သွားနိုင် စားနိုင် လုပ်နိုင်လောက်အောင် အကြောင်းတွေက ညီညွတ်နေသေးပေတာကိုး။ သွားမယ့် ခြေထောက်ကလေးတွေကလဲ သွားနိုင်လောက်အောင် သန်မာတောင့်တင်းနေသေးတဲ့အခါ၊ စားမယ့် ပါးစပ်ကလေးကလဲ စားနိုင် ဝါးနိုင်သေးတဲ့အခါ၊ လုပ်မယ့် ခြေ, လက်, နား, နှာ-စတဲ့ ကိုယ်အင်္ဂါကလေးတွေကလဲ မချွတ်မယွင်း ပြည့်စုံနေသေးတဲ့အခါ ဒီလိုအခါတွေမှာတော့ သွားချင်ရာ သွားနိုင် နေတယ်။ စားချင်စားနိုင်နေတယ်။ လုပ်ချင်တာကို လုပ်နေနိုင်တယ်။ ဒီတော့ ထင်မယ်ဆို ထင်နိုင်နေပါတယ်။ ဒါပေမယ့် ထင်မှတ်စွဲလမ်းသလိုမဟုတ်ပဲ အကြောင်း မညီညွတ်ပြီ ဆိုတော့ သွားချင်ရက်နဲ့လဲ မသွားနိုင်ပါဘူး၊ စားချင်ရက်နဲ့လဲ မစားနိုင်ပါဘူး၊ လုပ်ချင်ရက်နဲ့လဲ မလုပ်နိုင်ပါဘူး။

သွားနိုင်တုန်းက သွားချင်ရာသွားနေခဲ့ပြီး မသွားနိုင်တော့ အိပ်ရာပေါ်မှာ ခွေခွေကလေးလဲနေတာတွေ၊ စားနိုင်တုန်းက စားချင်ရာစားနေပြီး မစားနိုင်တော့ ဘာကျွေးကျွေး ခေါင်းရမ်းလက်ကာ လှန်ပစ်နေတာတွေ၊ လုပ်နိုင်တုန်းက လုပ်ချင်ရာလုပ်နေပြီး မလုပ်နိုင်တော့ လက်မှိုင်ချနေရတာတွေ ဒီလို မရှုနိုင် မကယ်နိုင် ဖြစ်နေတာတွေဟာ မသွားချင်လို့လဲ မဟုတ်ပါဘူး။ အယင်တုန်းကသွားနေသလို သွားနေချင်ပါဘယ်၊ အယင်တုန်းက စားနေသလိုစားနေချင်ပါတယ်၊ အယင်တုန်းကလုပ်နေသလို

လုပ်နေချင်ပါတယ်၊ ဒါပေမယ့် သွား နိုင် တဲ့ အင် အားမရှိလို့ မသွားနိုင်တော့ဘူး၊ စားနိုင်တဲ့အင်အားမရှိလို့ မစားနိုင်တော့ဘူး၊ လုပ်နိုင်တဲ့အင်အားမရှိလို့ မလုပ်နိုင်တော့ဘူး။ တကယ်လို့သာ မှတ်ထင်စွဲလမ်းတဲ့အတိုင်း အစိုးရတယ်ဆိုယင် ဘယ်မှာ ဒီလိုအဖြစ်ခံမှာလဲ၊ သွားနိုင်ရမယ်ဟေ့၊ စားနိုင်ရမယ်ဟေ့၊ လုပ်ရမယ်ဟေ့-လို့ အမိန့်ပေးပြီး အယင်ကအတိုင်း သွားစေရမယ်၊ စားစေရမယ်၊ လုပ်စေရမယ်ပေါ့။ ဒီလို အစိုးတရ အမိန့်ပေးပြီး အလိုရှိတိုင်း မသွားတာ၊ မစားတာ၊ မလုပ်တာဟာ အစိုးမရလို့ ဖြစ်ကြောင်း အင်မတန် ထင်ရှားပါတယ်။

## အမြဲတမ်းရှိတယ်လို့လဲထင်

ခန္ဓာကိုယ်ထဲမှာ ငါကောင် အတ္တကောင်ဟာ အမြဲရှိနေတယ်လို့လဲ ထင်မှတ်စွဲလမ်းတဲ့ အစွဲမျိုးကလဲ ရှိသေးတယ်။ ဒီအတ္တဟာ ဘယ်တော့မှ သေပျောက်မသွားဘူး။ ခန္ဓာအိမ်သာ သေပျောက်ပြောင်းလဲတယ်။ ပြီးတော့ ဒီ အ တ္တ ဟာ ခန္ဓာကိုယ်ရဲ့ဦးခေါင်း အထက်တဲ့တဲ့မှာရှိတဲ့ ဗြဟ္မာ့ရန္ဓအပေါက်ကနေထွက်ပြီး ဗြဟ္မာ့ပြည်ထိအောင် ထွက်သွားနိုင်တယ်လို့လဲအယူရှိကြတယ်။ စိတ်ကူးကြံစည်မှုတွေကိုကြည့်ပြီး ဒီလိုယူဆတာနဲ့တူပါတယ်။ စိတ်ကူးဆိုတာ နတ်ပြည် ဗြဟ္မာ့ပြည်တွေကိုလဲ ရောက်ချင် ရောက်သွားတာပဲ။ လူရောက်တာ မဟုတ်ပေမယ့် စိတ်ကူးဆိုတာကတော့ ဘယ်နေရာမှာမဆို ရောက်လိုရာ ရောက်တတ်တာမျိုးပဲ မဟုတ်လား။

## ပြုလုပ်တတ်တယ်လို့လဲထင်

အတ္တဟာ ပြုလုပ်တတ်တယ်။ ပြုလုပ်သမျှတွေဟာ အတ္တကချည်း ပြုလုပ်နေတာ-ဒီလိုလဲ ထင်မှတ်စွဲလမ်းနေတာမျိုး ရှိသေး

တယ်၊ သွားတာတွေ ရပ်တာတွေ ထိုင်တာတွေ အိပ်တာတွေ ကြည့်တာတွေ နားထောင်တာတွေ- ဒီလိုပြုလုပ်သမျှ ကိစ္စအားလုံး အတ္တကချည်း ပြုလုပ်တယ်ပေါ့။ ငါ့ငါ့ဉစ္စာ ငါကဒီလို ငါ့ကိုဒီလိုမလုပ်နဲ့စသည် တငါငါ ဖြစ်နေကြတာဟာ အတ္တစွဲ အနေနဲ့ ဖြစ်နေကြတာ ဖြစ်ပါတယ်၊ ဒါကတော့ ခန္ဓာငါးမျိုးထဲက သင်္ခါရက္ခန္ဓာကို အတ္တလို့ ထင်မှတ်စွဲလမ်း နေတာပါပဲ။

## ခံစားတတ်တယ် လို့လဲထင်

ပြီးတော့ရှိသေးတယ်။ အတ္တဆိုတာ ခံစားတတ်တဲ့အကောင်တဲ့၊ဒီလို ထင်မှတ်တာမျိုးလဲ ရှိတာပဲ၊ခံစားတာမှန်သမျှ အတ္တကချည်း ခံစားတယ်ပေါ့။ ကောင်းတာပဲဖြစ်ဖြစ် ဆိုးတာပဲဖြစ်ဖြစ် ချမ်းသာတာပဲဖြစ်ဖြစ် ဆင်းရဲတာပဲဖြစ်ဖြစ် ခံစားတာတွေအားလုံး အတ္တကချည်း ခံစားသတဲ့။ဒါကတော့ ဝေဒနာကို အတ္တလို့ ဆိုရာရောက်ပါတယ်။

## အထီးအမ မသိကြသလိုပဲ

မရှိတာထက်-မသိတာခက်-ဆိုတာ အင်မတန်မှန်တယ်။မသိပြီဆိုမှဖြင့် ဘယ်နေရာမှာမဆို အမှားမှားအယွင်းယွင်း ဖြစ်ကုန်တတ်တာပဲ။ မှားပြီတဲ့ဆိုပြန်ယင်လဲ လိုရာရောက်ဖို့ မလွယ်တော့ဘူး။ အဆိပ်ကို အဆိပ်မှန်းမသိတော့ အဆာပြေအောင် စားမိသောက်မိမှာပဲ။ မသိလို့ စားမိ သောက်မိယင် အဆာမပြေပဲ သေရွာ ရောက်ရတော့မယ်။ရုပ်နာမ်ခန္ဓာတွေကို ရုပ်နာမ်ခန္ဓာတွေမှန်း မသိတော့ အတ္တကောင် ငါကောင်ထင်ပြီး ငါကောင်းအောင် လုပ်မိမှာပဲ။ ငါကောင်းအောင်ဆိုပြီး ဒီလိုလုပ်မိယင် ကောင်းရာမရောက်ပဲ မကောင်းတဲ့ အို့နာ့သေ့ဆင်းရဲတွေဆီ

ရောက်နေပေလိမ့်မယ်။ မသိလို့ အလွဲအမှားတွေလုပ်၊ ဒီလို အလွဲအမှားတွေလုပ်မိတော့ မလိုရာကို ရောက်ကုန်တဲ့အခက်နဲ့ တွေ့ရတာပေါ့မြင်းစီးလို့မှ ကိုယ့်မြင်းကို အထိး,အမ မသိသလို ကိုယ့်ဖြစ်နေတဲ့ ရုပ်,နာမ်,ခန္ဓာတွေကို ရုပ်,နာမ်,ခန္ဓာတွေလို့ မသိကြဘူး။ မဟုတ်တဲ့ အတ္တကောင် ငါကောင်လို့သိနေကြတယ်၊ ဒီလို မဟုတ်တာတွေသိပြီး မဟုတ်တာတွေလုပ်တော့ မလိုအပ်တာတွေ ဖြစ်ကုန်တာပဲ။ မဟုတ်တဲ့ ဒီဥပါဒါန်အစွဲတွေကြောင့် ဘဝတွေ ရနေကြရတယ်။ ဘဝတွေရနေတော့ ဘဝမှာဖြစ်နိုင်တဲ့ ဆင်းရဲမှန်သမျှ မလွတ်တမ်းခံနေကြရတာပဲ။ ဒါကြောင့် ဘုရားသျှင်က ပုဏ္ဏမထေရ်ကို–

> နန္ဒိသမုဒယာ–နှစ်သက် စွဲမက်မှုဖြစ်ခြင်းကြောင့်။ ဒုက္ခသမုဒယော–ဆင်းရဲတွေ ဖြစ်ရတယ်–လို့

ဟောတော်မူတာ ဖြစ်ပါတယ်။ အခု နန္ဒိဆိုတဲ့ တဏှာနဲ့စပ်သွယ်ပြီး ဥပါဒါန်ဖြစ်လာပုံတွေ၊တဏှာ ဥပါဒါန်ကြောင့် ဘဝဆင်းရဲဖြစ်လာရပုံတွေကို အတော် ကျယ်ကျယ်ပြန့်ပြန့် ပြောဟောပြီးခဲ့ပါပြီ။ အကျဉ်း ဆောင်ပုဒ်ကလေးတွေနဲ့လဲ မှတ်မိ,သွားမိအောင် ဆိုပေးရအုံးမယ်။ ကိုင်း–လိုက်ဆိုကြ။

၁။ နှစ်သက်စရာ၊ ခြောက်ဖြာအာရုံ၊ အလုံးစုံ၊ အကုန်ကာမ ဖြစ်ပေသည်။
ကာမခြောက်တန်၊စွဲပြင်းထန်၊ ကာမုပါဒါန် ဆိုရသည်။

၂။ အမှန်မထင်၊ အမှားမြင်၊ ဤတွင် ဒိဋ္ဌိ ဖြစ်ပေသည်။
ဒိဋ္ဌိသန်သန်၊ စွဲပြင်းထန်၊ ဒိဋ္ဌုပါဒန် ဆိုရသည်။

၃။ မဂ္ဂင်နှင့်ဝေး၊နွား,ခွေးစသည်၊ပုံဟန်ညီ၊ကျင့်မှီသီလဗ္ဗတ ဖြစ်ပေသည်။
သီလဗ္ဗတ၊ စွဲကပြင်းထန်၊ ရှိခဲ့ပြန်၊ သီလဗ္ဗတုပါဒါန် ဆို ရသည်။

၄။ ရုပ်နာမ်မမြင်၊ငါကောင်ထင်ကြ၊ ဆိုပြန်က၊ အတ္တဝါဒ ဖြစ်ပေသည်။
အတ္တဝါဒံ၊စွဲသန်ပြန်၊အတ္တဝါဒုပါဒါန်ဆိုရသည်။

## သုတ်တော်ကို ပြန်ကောက် ကြဦးစို့

သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ။ပေ။နန္ဒီသမုဒယာ ဒုက္ခ သမုဒယော ပုဏ္ဏာတိ ဝဒါမိ-လို့

ဟောတော်မူတဲ့ ပါဠိတော်လာကို ပြောဟောပြီးတဲ့အခါ ကျန် သေးတဲ့ ပါဠိတော်ကို ဆက်လက် ပြောဟောဘို့ လိုပါသေး တယ်။

> သန္တိစ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ။ ပေ။
> သောတဝိညေယျ သဒ္ဒါ၊ဃာနဝိညေယျာ ဂန္ဓာ၊
> ဇိဝှာဝိညေယျာ ရသာ၊ သ ာ ယ ဝိ ေ ညေ ယျ ာ
> ဖောဋ္ဌဗ္ဗာ၊ မနောဝိညေယျာ ဓမ္မာ ဣဋ္ဌာ ကန္တာ
> မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊
> တံ စေ ဘိက္ခု နာဘိနန္ဒတိ နာဘိဝဒတိ နာဇ္ဈော
> သာယာ တိဋ္ဌတိ။ တဿ တံ အနဘိနန္ဒတော
> အနဘိဝဒတော အနဇ္ဈောသာယ တိဋ္ဌတော
> နန္ဒီနိရုဇ္ဈတိ၊ နန္ဒီနိရောဓာ ဒုက္ခနိရောဓော ပုဏ္ဏာတိ
> ဝဒါမိ။

စ၊ ဆန့်ကျင်အမှန် အပြန်အားဖြင့် ဟောတော်မူဦးအံ့။ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ ဣဋ္ဌာ၊ အလိုရှိအပ် ရှာမှီးအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ပုထုဇဉ်တို့ စိတ်နှလုံးကို ရွှင်ပြုံး နှစ်သက် စေနိုင်ကုန်သော။ပိယရူပါ၊ ချစ်ခင်အပ်သော သဘော ရှိကုန်သော။ ကာမူပသံဟိတာ၊ ကာမဖြင့်ကပ်၍ ထားအပ်ကုန် သော။ ရဇနီယာ၊ တပ်စွဲအပ်ကုန်သော။ စက္ခုဝိညေယျာ၊စက္ခု ဝိညာဏ်ဖြင့် သိအပ်ကုန်သော။ရူပါ၊ အဆင်းမျိုးစုံရူပါရုံတို့သည်။ ပေ။ သောတဝိညေယျာ၊ သောတဝိညာဏ်ဖြင့် သိအပ်ကုန် သော။ သဒ္ဒါ၊ အသံမျိုးစုံ သဒ္ဒါရုံတို့သည်။ ဃာနဝိညေယျာ၊ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ဂန္ဓာ၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့ သည်။ ဇိဝှာဝိညေယျာ၊ ဇိဝှာဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ရသာ၊ အရသာမျိုးစုံ ရသာရုံတို့သည်။ ကာယဝိညေယျာ၊ကာယ ဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ဖောဋ္ဌဗ္ဗာ၊အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာ ရုံတို့သည်။ မနောဝိညေယျာ၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန် သော။ ဓမ္မာ၊ သဘောမျိုးစုံ ဓမ္မာရုံတို့သည်။ သန္တိခေါ၊ရှိကုန် သည်သာတည်း။ ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ ဘိက္ခု၊ ရဟန်းသည်။ တံ၊ ထိုစက္ခုဝိညာဏ်စသည်ဖြင့် သိအပ်သော အဆင်းမျိုးစုံ ရူပါရုံ စသည်ကို စေနံဘိနန္ဒတိ၊ အလွန် မနှစ်သက်အံ့။ စေနာဘိ ဝဒတိ၊ ချမ်းသာစွ ချမ်းသာစွဟု အလွန် မပြောဆိုအံ့။ အဇ္ဈောသာယ၊ မျိုမတတ်စွဲလန်း၍။ စေနတိဋ္ဌတိ၊ အကယ်၍ မတည်အံ့။ တံ၊ထိုစက္ခုဝိညာဏ်စသည်ဖြင့် သိအပ်သော ရူပါရုံ စသည်ကို။ အနဘိနန္ဒတော၊ အလွန်မနှစ်သက်သော။ အန ဘိဝဒတော၊ ချမ်းသာစွ ချမ်းသာစွဟု အလွန် မပြောမဆို သော။ အနဇ္ဈောသာယ၊ မျိုမတတ် မစွဲလန်းပဲ။ တိဋ္ဌတော၊

တည်သော။ တဿ၊ ထိုရဟန်း၏(သန္တာန်၌) နန္ဒိ၊ နှစ်သက်တတ်သော တဏှာသည်။ နိရုဒ္ဓါတိ၊ ချုပ်ငြိမ်း၏။ နန္ဒိနိရောဓာ၊ နှစ်သက်တတ်သော တဏှာချုပ်ငြိမ်း ခြင်းကြောင့်။ ဒုက္ခနိရောဓော ပုဏ္ဏ၊ ဆင်းရဲချုပ်ငြိမ်းတော့ တာပဲ ချစ်သား ပုဏ္ဏ။ ဣတိဝဒါမိ၊ ဤသို့ ငါဘုရားဟောတော်မူ၏။

**ဒုက္ခ နိရောဓော**

ရှေးဦးစွာ နန္ဒိဆိုတဲ့ တဏှာဖြစ်ပုံနဲ့ နန္ဒိတဏှာ ဖြစ်ခြင်းကြောင့် ဆင်းရဲဒုက္ခတွေဖြစ်တာကို ဟောကြားတော် မူပါတယ်။ ဒီလို ဟောပြီးတော့ အပြန်အားဖြင့် နန္ဒိတဏှာ ချုပ်ငြိမ်းပုံနဲ့ နန္ဒိတဏှာ ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲဒုက္ခတွေလဲ ချုပ်ငြိမ်းတာကိုဆက်ပြီး အစဉ်အတိုင်း ဟောတော် မူပါတယ်။ တဏှာလောဘရဲ့အလိုကျ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ အာရုံတွေဆိုတာ ရှိတယ်။ မျက်စိနဲ့မြင်ရတဲ့ ရူပါရုံ အမျိုးမျိုးတွေ၊ နားနဲ့ကြားရတဲ့ သဒ္ဒါရုံ အမျိုးမျိုးတွေ၊ နှာခေါင်းနဲ့နံတဲ့ ဂန္ဓာရုံအမျိုးမျိုးတွေ၊ လျှာနဲ့လျက်ရတဲ့ ရသာရုံ အမျိုးမျိုးတွေ၊ ကိုယ်နဲ့ထိတွေ့ရတဲ့ ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတွေ၊ စိတ်နဲ့ကြံသိတဲ့ သဘောအာရုံ အမျိုးမျိုးတွေ၊ ဒီအာရုံတွေဟာ တဏှာလောဘက နှစ်သက်တယ်။ မြတ်လဲ မြတ်နိုးတယ်။ ဒီအာရုံတွေနဲ့ တွေ့လို့ နှစ်သက်တယ်၊ မြတ်နိုးတယ် ဆိုယင် နန္ဒိဆိုတဲ့ တဏှာလောဘ ဖြစ်တော့တာပဲ။ နန္ဒိဆိုတဲ့ တဏှာလောဘ ဖြစ်ယင် ဆင်းရဲဒုက္ခတွေလဲ ဖြစ်တော့တယ်လို့ ရှေးဦးစွာ ဒီလိုဟောတော်မူပါတယ်။

အခု ဟောပြခဲ့တဲ့ ပါဠိတော်ကတော့ နန္ဒိတဏှာလောဘနဲ့ လိုလား နှစ်သက်ဘွယ်ဖြစ်တဲ့ ကာမအာရုံ ကာမဂုဏ် ခြောက်

ပါးကို အလိုလဲမရှိဘူး။ နှစ်လဲ မနှစ်သက်ဘူး။ ချမ်းသာတယ်လို့လဲ မပြော မဆိုဘူး၊ ဝမ်းထဲမှာ မျိုထားသလိုလဲ မတည်ဘူးဆိုယင် နန္ဒီတဏှာလောဘဟာ ချုပ်ငြိမ်းသွားမယ်။ နန္ဒီတဏှာလောဘ ချုပ်ငြိမ်းသွားတော့ ဆင်းရဲဒုက္ခတွေလဲ ချုပ်ငြိမ်းသွားတော့တယ်လို့-ဒီလို အပြန်အားဖြင့် ဟောတော်မူဘာဖြစ်ပါတယ်။ ဟောတော်မူ လိုရင်းက တဏှာ လောဘ ဖြစ်ခြင်းကြောင့် ဆင်းရဲ ဒုက္ခတွေ ဖြစ်တယ်။ တဏှာ လောဘချုပ်ငြိမ်းယင် ဆင်းရဲဒုက္ခတွေချုပ်ငြိမ်းတယ်-ဒီလို ဟောတော်မူလိုရင်းပါပဲ။

## ချုပ်ငြိမ်းအောင် ဘယ်လိုလုပ်မယ်

နန္ဒီဆိုတဲ့ တဏှာလောဘ ချုပ်ငြိမ်းအောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းကိုတော့ ဒီသုတ်တော်ထဲမှာ ဟောပြ မထားပါဘူး။ ဒီလို ဟောပြထားတာ မပါပေမယ့် ပုဏ္ဏမထေရ်မြတ်ဟာ ဒီသုတ်တရားတော်ကို နာယူမှတ်သားပြီး သုနာပရန္တတိုင်းကိုပြန်တရားအားထုတ်လို့ ရဟန္တာ ဖြစ်သွားပါတယ်။ ဒီတော့ ပုဏ္ဏမထေရ်မြတ်ဟာ နန္ဒီဆိုတဲ့ တဏှာလောဘ ချုပ်ငြိမ်းအောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့နည်းကို သိပြီးဖြစ်လို့ ဒီနည်းအတိုင်း အားထုတ်တယ်ဆိုတာ ထင်ရှားပါတယ်။ ဒီနည်းဆိုတာက တခြားမဟုတ်ပါဘူး။ မဟာသတိပဋ္ဌာန် နည်းပါပဲ။ တဏှာစတဲ့ ကိလေသာတွေ ချုပ်ငြိမ်းဘို့ရာ မဟာသတိပဋ္ဌာန် နည်းမှတပါးတခြားနည်းဆိုတာ မရှိပါဘူး။ ဒီလို မရှိလို့လဲ ဘုရားသျှင်က (ဘိက္ခဝေ၊ ချစ်သား ရဟန်း အပေါင်းတို့၊ ယဒိဒံ စတ္တာရောသတိပဋ္ဌာနာ၊ လေးပါးသော အကြင် သတိပဋ္ဌာန်တို့ ရှိကြ

ပေ၏။ အယံ၊ ဤသတိပဋ္ဌာန် အကျင့်လမ်းသည်။ သတ္တာနံ ဝိသုဒ္ဓိယာ၊ သတ္တဝါတို့ စိတ်အညစ်အကြေး ကင်း၍ သန့်ရှင်း စင်ကြယ် ဘို့ရာ။ ဧကာယနော မဂ္ဂေါ၊ တခုတည်းသောလမ်း တကြောင်းတည်းသော လမ်းပေတည်းလို့ မဟာ သတိပဋ္ဌာန သုတ်တော်မှာ ဟောတော်မူပါတယ်။

## သတိပဋ္ဌာန်ဆိုတာ

သတိပဋ္ဌာန် ဒေသနာတော်လာတဲ့ ဝိပဿနာရှုမှတ်နည်းကို ပြောပြဘို့ ဒီနေရာမှာလိုလာတဲ့အတိုင်း နဲနဲ ပြောပြပါအုံးမယ်။ သတိပဋ္ဌာန်ဆိုတာ ပေါ်လာထင်လာတဲ့ အာရုံထဲမှာ စွဲစွဲမြဲမြဲ သက်ဝင်နေတဲ့ သတိစေတသိက်ကို ခေါ်ပါတယ်။ သတိမပြတ် ဖြစ်နေတာ စွဲစွဲမြဲမြဲ အမှတ်ရတာဖြစ်ပါတယ်။ အမှတ်ရတာက ဘာတွေပါလဲဆိုယင် ထင်ရှားဖြစ်ပေါ်လာတဲ့ ရုပ်ကိုယ်ရဲ့ ဖြစ် ခိုက်ဖြစ်ခိုက် အမူအရာတွေကိုလဲ အမှတ်ရပါတယ်။ ဖြစ်ခိုက် ခံစားမှု ဝေဒနာတွေကိုလဲ အမှတ်ရပါတယ်။ ကြံစည်စဉ်းစား မှုဆိုတဲ့ ဖြစ်ခိုက်စိတ်ကိုလဲ အမှတ်ရပါတယ်။ ဖြစ်ခိုက် ဖြစ်ခိုက် သဘောတွေကိုလဲ အမှတ်ရပါတယ်။ အမှတ်ရတယ် အောင်းမေ့ တယ် သတိပြုမိတယ်ဆိုတာတွေဟာ သတိထားမိတာကို ဆိုလို တာပါပဲ။ ဒီလိုဖြစ်ပေါ်လာတဲ့ အာရုံတွေကို ဖြစ်ခိုက်ဖြစ်ခိုက်မှာ မလွတ်ရအောင်ရှုမှတ်နေပြီဆိုယင် သတိပဋ္ဌာန်အလုပ်ကို ပြုလုပ် နေတယ်လို့ ဆိုရပါတယ်။ နန္ဒီဆိုတဲ့ တဏှာလောဘ ကိလေသာ အညစ်အကြေးတွေစင်ကြယ်သွားအောင်၊ ဒါမှမဟုတ် -နန္ဒီဆိုတဲ့ တဏှာလောဘမဖြစ်အောင် ပြုလုပ်အားထုတ်တဲ့ နည်းဟာ ဒီတ နည်းသာရှိပါတယ်။ တခြားတပါး လမ်းခွဲဖြစ်တဲ့ နည်းရယ်လို့

မရှိပါဘူး။ ဒါကြောင့် (ကောယနော မင္ဂေါ-တခုတည်းသော လမ်း- တကြောင်းတည်းသောလမ်း) လို့ ဘုရားသျှင်က ဟော တော်မူတာဖြစ်ပါတယ်။ ဘယ်ပုံမှတ်ရတယ်ဆိုတာ ပြောပြပါ အုံးမယ်။

## မှတ်ရမှာက ဒီလို

ပြောပြခဲ့တဲ့အတိုင်း အာရုံခြောက်ပါး ရှိပါတယ်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ-ဒါက ပါဠိလို မြန်မာလိုက အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ သဘော- အာရုံ- ဒါအာရုံခြောက်ပါးပါပဲ။ အမေ့သမားတွေ ဆိုတော့ မေ့နေမှာစိုးလို့ အဆက်ဝေးနေတဲ့ ပြောခဲ့ပြီးသား အာရုံခြောက်ပါးကို ထပ်ပြောလိုက်ရပါတယ်။ အဆင်းကို မျက် စိကနေမြင်တယ်။ အသံကို နားကနေကြားတယ်။ အနံ့ကို နှာ ခေါင်းကနေနံတယ်။ အရသာကိုလျှာကနေလျက်တယ်။ အတွေ့ အထိကို ကိုယ်ကနေတွေ့ထိတယ်။ သဘောကိုစိတ်က သိတယ်။ အာရုံခြောက်ပါးကို ဝိညာဏ်ခြောက်ပါးက ဒီလိုပဲ သူ့နေရာ ကနေနေပြီး အသီးသီးသိကြပါတယ်။ ဒီလိုသိတာဟာ တခါနိ ထဲတပြိုင်နက်ထဲ နှစ်မျိုးသုံးမျိုးသိတာမဟုတ်ပါဘူး။ တမျိုး သိ နေတုန်း တခြားအာရုံတမျိုးကို မသိနိုင်ပဲ တမျိုးကို သိပြီးမှ တမျိုးကိုသိနိုင်ပါတယ်။ ဒါပေမယ့် စိတ်အသိတွေက မြန်လွန်း တာဖြစ်လို့ မြင်နေစဉ်မှာပဲ ကြားတယ် နံတယ် လျက်တယ် တွေ့ထိတယ်စသည်ဖြင့် ထင်ရပါတယ်။ ထင်တဲ့အတိုင်းမဟုတ်ပါ ဘူး။ တမျိုးပြီးမှတမျိုးကို သိနိုင်ပါတယ်။

ဒီလိုဝိညာဏ်ခြောက်ပါးက အာရုံခြောက်ပါးကို အသီးသီး သိမြင်တဲ့အခါ မြင်ယင်မြင်ခိုက်မှာ မြင်တယ်လို့ မှတ်ရတယ်။

ကြားယင် ကြားခိုက်မှာ ကြားတယ်လို့ မှတ်ရတယ်။ နံယင် နံခိုက်မှာ နံတယ်လို့မှတ်ရတယ်။ လျက်ယင် လျက်ခိုက်မှာ လျက်တယ်လို့မှတ်ရတယ်။တွေ့ထိယင် တွေ့ထိခိုက်မှာ တွေ့ထိတယ်လို့ မှတ်ရတယ်။ ပီးတော့ စိတ်ထဲမှာ ကောင်းယင် ကောင်းခိုက်မှာ ကောင်းတယ်လို့ မှတ်ရတယ်။ မကောင်းယင် မကောင်းခိုက်မှာ မကောင်းဘူးလို့ မှတ်ရတယ်။ ဖြစ်ပေါ်လာသမျှ အာရုံတွေကို ဒီလိုပဲ ဖြစ်ခိုက်ဖြစ်ခိုက်မှာ မလွတ်အောင်မှတ်ရတယ်- ဒီလိုမှတ်တဲ့အခါ ဖြစ်ခိုက်ဖြစ်ခိုက်ကို မှတ်မိတိုင်းမှတ်မိတိုင်း သတိအမြဲပါပါတယ်။ မမှတ်မိတဲ့အခါဆိုယင်တော့ အဲဒီသတိမပါတော့ဘူး။ သတိလွတ်သွားတာပဲ၊ ဒီလိုသတိလွတ်မသွားအောင် အာရုံစိုက်ပြီး မှတ်ရတယ်။

## ဖြစ်သမျှကိုလဲ ရှုမှတ်ရတယ်

ကာယေ ကာယာ နုပဿီဝိဟရတိ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ-စသည်ဖြင့် ဟောတော်မူတဲ့အတိုင်း ဖြစ်ပေါ်လာသမျှ ရုပ်နာမ်တွေကို မလွတ်အောင်မပြတ်ရှုမှတ်ရတယ်။ ရုပ်ကိုပဲဖြစ်စေ နာမ်ကိုပဲဖြစ်စေ ထင်ရှားလာတဲ့ အာရုံဆိုယင် ဘယ်အာရုံကိုမှ အလွတ်မပေးရဘူး။ ရှုမှတ်ပုံ နားရှင်းသွားအောင် နဲနဲဖြန့်ပြောပါအုံးမယ်

သွားယင်သွားတယ်လို့ ရှုမှတ်ရတယ်၊ သွားတယ်ဆိုတာကို ဒီလိုရှုမှတ်တဲ့အခါ သွားတဲ့အခြင်းအရာတွေကိုလဲ မလွတ်အောင် ရှုမှတ်ရတယ်။ ဘယ်လိုလဲဆိုယင် သွားတော့မယ်ဆိုပြီး ခြေထောက်ကိုကြွတာရှိတယ်၊ ကြွပြီးလှမ်းတာရှိတယ်၊ လှမ်းပြီး ခြေထောက်ကို ချလိုက်တာရှိတယ်။ ဒီလို ရှိနေတဲ့အတိုင်း ခြေ

ထောက်ကို ကြွတဲ့အခါ ကြွတယ်လို့ ရှုမှတ်ရတယ်။ လှမ်းတဲ့အခါ လှမ်းတယ်လို့ရှုမှတ်ရတယ်။ ခြေချတဲ့အခါ ချတယ်လို့ ရှုမှတ်ရတယ်။ ဒီလိုခြေထောက်ကို ကြွတိုင်း လှမ်းတိုင်း ချတိုင်း မလွတ်အောင် ရှုမှတ်ရပါတယ်။ ဒါက သွားတဲ့အခါ ရှုမှတ်ရပုံပါပဲ။

သွားချည်းနေကြတာကလဲ မဟုတ်ဘူး။ ထိုင်တဲ့အခါလဲထိုင်ကြသေးတယ်။ ဒီလိုထိုင်တဲ့အခါမှာလဲ ထိုင်တယ် ထိုင်တယ်လို့ ရှုမှတ်ရတယ်။ ဒီနေရာမှာလဲ ထိုင်တဲ့အခြင်းအရာတွေကို မလွတ်ရအောင် အပြည့်အစုံရှုမှတ်ရတယ်။ မတ်ရပ်ကနေ ထိုင်တယ်ဆိုယင် ဒူးနေရာက ကွေးလာတယ်။ အဲဒီကွေးတာကိုလဲ ကွေးတယ် ကွေးတယ်လို့ မှတ်ရတယ်။ ဒီကြားထဲ လက်ထောက်တယ် ဆိုယင်လဲ ထောက်တယ်ထောက်တယ်လို့ ရှုမှတ်ရတယ်။ ထိုင်လိုက်မိလို့ တင်ပါးနဲ့ ကြမ်းထိသွားပြီဆိုယင်လဲ ထိုင်တယ် ထိုင်တယ် ထိတယ် ထိတယ်လို့ အာရုံပေါ်သမျှ မလွတ်အောင် ရှုမှတ်ရတယ်။ ရပ်တဲ့အခါ လျောင်းတဲ့ အိပ်တဲ့အခါတွေမှာလဲ ဒီလိုပါပဲ ဖြစ်ပေါ်လာလို့ ထင်ရှားသမျှ အာရုံတွေကို မလွတ်တမ်းရှုမှတ်ပေးရပါတယ်၊ သွားရပ်ထိုင်လျောင်းဆိုတဲ့ ဣရိယာပုတ်တွေ ပြောင်းတိုင်းပြောင်းတိုင်း သတိမလစ်ရအောင် အမြဲတမ်းစောင့်မှတ်ပေးရတယ်။

ယထာ ယထာ ဝါပနဿကာယော ပဏိဟိတော ဟောတိ၊ တထာတထာနံပဇာနာတိ–လို့ ဟောတော်မူတဲ့အတိုင်း ထိုက်သင့်သလို ဣရိယာပုတ်တွေမှာ ဖြစ်နိုင်တဲ့ ကွေးမူဆန့်မူ စတဲ့ကိုယ်အမူအရာတွေဆိုတာလဲရှိတယ်။သွားရင်း ရပ်ရင်း ထိုင်ရင်း လျောင်းရင်း ဖြစ်ပေါ်လာသမျှ ဒီလိုအမူအရာအားလုံးကိုလဲရှုမှတ်ရတာပဲ။

ကွေးယင်ကွေးတယ်၊ ဆန့်ယင်ဆန့်တယ်၊ တည့်တည့် ကြည့်ယင် တည့်တည့်ကြည့်တယ်၊ တစောင်းကြည့်ယင်တစောင်းကြည့်တယ်၊ လုံချိဝတ်ယင် ဝတ်တယ်၊ အင်္ကျီဝတ်ယင် ဝတ်တယ်၊ စားယင် စားတယ်၊ သောက်ယင်သောက်တယ်၊ကျင်ကြီး ကျင်ငယ်စွန့်ယင် ကျင်ကြီးကျင်ငယ် စွန့်တယ်-စသည်ဖြင့် အားလုံးကို မလွတ်စေရအောင် ရှုမှတ်ရပါတယ်။

ရှုမှတ်စရာ ကိုယ်အမူအရာ နှုတ်အမူအရာတွေ ရှိနေတဲ့အခါ ရှိသမျှ အမူအရာတွေကို မလွတ်အောင် ရှုမှတ်ရတယ်။ ဒီအထဲ ထိုင်နေတဲ့အခါ လျောင်းနေတဲ့အခါမျိုးမှာ လှုပ်ရှားမှုမရှိပဲ ငြိမ်နေတာမျိုးလဲရှိတာပဲ။ ဒါပေမဲ့ ထွက်သက် ဝင်သက်ဆိုတာက မသေမချင်း အမြဲရှိနေတတ်တာဖြစ်လို့ ဝမ်းဗိုက်ကပိန်မှု ဖောင်းမှုဆိုတာကတော့ အမြဲရှိနေတတ်ပါတယ်။ ဒီပြင်အင်္ဂါ အစိတ်အပိုင်းတွေက မလှုပ်မရှား ငြိမ်နေလို့ ရှုမှတ်စရာ မတွေ့တဲ့ အခါ ကိုယ်မှာအမြဲလှုပ်ရှားနေတဲ့ ဖောင်းတာ ပိန်တာကို ဖောင်းယင် ဖောင်းတယ်၊ ပိန်ယင်ပိန်တယ်လို့ ရှုမှတ်နိုင်ပါတယ်။

**အင်မတန်ကောင်းတဲ့နည်းဘဲ**

ဒီဖောင်းမှုပိန်မှုကို ရှုမှတ်တဲ့နေရာမှာ နဲနဲဖြတ်ပြောလိုက်ရအုံးမယ်။ အယင်က ဝိပဿနာ မရှုမှတ်ဘူးသေးတဲ့ အသစ်စက်စက် ယောဂီဆိုယင် ဖောင်းမှု ပိန်မှုကို စပြီးရှုဘို့မှတ်ဘို့ အင်မတန် ကောင်းတယ်။ ဘာ့ကြောင့်လဲဆိုယင် ဖောင်းတဲ့ပိန်တဲ့ လှုပ်ရှားမှု မှတပါး အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတွေ လှုပ်ရှားမှု မရှိသလောက်ဖြစ်ပြီး ငြိမ်ငြိမ်သက်သက်ဖြစ်ခိုက်မှာ ရှုမှတ်ရတာဖြစ်လို့ပါပဲ။ တခြားကိစ္စတွေနဲ့ ရောပြွမ်းပြီးလှုပ်ရှားနေတဲ့ အခြားကိုယ်အင်္ဂါလှုပ်ရှားမှုတွေကို ရှုမှတ်ရတာဟာ ငြိမ်ငြိမ်သက်သက် မှတ်ရ

တာမဟုတ်လို့ အင်မတန်အမှတ်ရခက်တယ်။တော်တော်နဲ့မှတ်လို့ မဖြစ်နိုင်အောင်ပဲ။ အယင်တုန်းက အထိန်းအကွပ်မရှိပဲ ပေါက်လွတ်ပဲစား ဖြစ်ချင်သလိုဖြစ် လွှတ်ထားခဲ့တဲ့ စိတ်ရိုင်းကို သတိဆိုတဲ့ ချည်တိုင်မှာ အခုမှ ဖမ်း ချည်ရ နှောင်ရတာ ဖြစ်တော့ တော်တော်တန်တန်နဲ့ ဖန်တီးလို့ ရနိုင်တာ မဟုတ်ဘူး။ အဖမ်းခက်တဲ့ ဒီစိတ်ရိုင်းကို လှုပ်ရှားမှု များပြားလှတဲ့ သူ ကျက်စားရာအာရုံတွေကြားထဲမှာ အကြမ်းပတမ်းဖမ်းယင် သာပြီး ခက်သေးတယ်။ နူနူနဲ့ ချော့ဖမ်းနိုင်မှ တော်ကာကျတာ ကလား။ ဖောင်းမှု ပိန်မှုကို ပြဖမ်းရတာဟာ နူနူကလေးနဲ့ ချော့ဖမ်းရသလိုငြိမ်သက်လှယ်တယ်။ ဒါကြောင့် ယောဂီသစ်ဆိုယင် ဖောင်းတာပိန်တာကို စပြီးရှုမှတ်ဘို့ အင်မတန်ကောင်းတယ်လို့ ပြောရပါတယ်။

## အယင်က မထင်ရှားခဲ့ဘူး

ဒီဖောင်းပိန် ကမ္မဋ္ဌာန်းဟာ အယင်ကလဲ အစအနတော့ ရှိခဲ့ဘူးပါတယ်။ ဒါပေမယ့်ရှုမှတ်နိုင်တဲ့ အရိပ်အရောင်လောက်သာ ဖော်ပြထားခဲ့သလိုဖြစ်ပြီး တွင်တွင်ကျယ်ကျယ် မဟုတ်ခဲ့ပါဘူး။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး လက်ထက်ရောက်မှ ထင်ထင်ရှားရှား တခမ်းတနား ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားက ကိုယ်တိုင်အားထုတ်လာခဲ့တာဖြစ်လို့ ဒီလိုဖောင်းမှုပိန်မှုကို ရှုမှတ်ရတာ မည်မျှခရီးရောက်ကြောင်း တွင်ကျယ်ကြောင်းကို ကောင်းကောင်း သိတော်မူပါတယ်။ ဒီလိုသိတော်မူတာဖြစ်လို့ ယောဂီသစ်တွေကို ကမ္မဋ္ဌာန်း ပေးတဲ့နေရာမှာ ဖောင်းတာပိန်တာကိုစပြီးရှုမှတ်ရမယ်လို့ နည်း ပေးတော်မူပါတယ်။ ဖောင်းတာ ပိန်တာကို ရှုမှတ်လို့

အသားကျသွားပြီဆိုမှ ထိုင်တာ ထိတာစတဲ့ တခြား ရှုမှတ်စရာ အာရုံတွေကို တစတစတိုးမှတ်ဘို့ညွှန်ကြားတော်မူပါတယ်။မဟာစည် ဆရာတော် ဘုရားကြီးဆိုတာ သိကြတဲ့အတိုင်း စာပေ ပရိယတ္တိမှာပဲဖြစ်ဖြစ် အကျင့်ပဋိပတ္တိမှာပဲဖြစ်ဖြစ် အင်မတန် စေ့စေ့စပ်စပ်ရှိတယ်။ ဘယ်နေရာမှာ လိုနေသေးဘယ် ဟာနေသေးတယ်လို့မရှိဘူး။ ဘယ်နေရာမဆို ဒီလို အကွက်စေ့စေ့ရှုကြည့်တတ်တာ မြင်တတ်တာဖြစ်လို့လဲ ဒီဖောင်းပိန်ကမ္မဋ္ဌာန်းကို အကွက်ကျကျ တွင်တွင်ကျယ်ကျယ် ညွှန်ကြားတော်မူခဲ့တာဖြစ်ပါတယ်။

အတ္တာနုမေဝ ပဌမံ၊ ပတိရူပေနိဝေသယေ-စသည်ဖြင့်ဟောတော်မူအပ်တဲ့ မင်္ဂလဒေသနာတော်အတိုင်း သူတပါးကိုအဆုံးအမပေးပြီး ညွှန်ကြားလမ်းပြတယ်ဆိုယင် ရှေးဦးပထမကိုယ်တိုင်ကထိုထိုအကျင့်ဂုဏ်တွေကို လုံလောက်အောင်အားထုတ်ကျင့်ကြံပြီးမှ သူတပါးကို ညွှန်ကြားသမှု ပြုသင့်သည်ကို ပညာရှိသူတော်ကောင်းတိုင်း နှလုံးသွင်း ရှိတော်မူတတ်ကြပါတယ်။

## ထင်ရှားတာကို ရှုမှတ်ရတယ်

ယောဂီသစ်တွေဟာ ဖောင်းပိန်ကိုရှုမှတ်လို့ တော်တော်အပြီးသားကျသွားပြီ ရှုမှတ်တတ်ပြီဆိုရင် ပြောတဲ့အတိုင်းတစတစတိုးထင်ရှားဖြစ်ပေါ်လာတဲ့အာရုံကို မလွတ်အောင်ရှုမှတ်ရပေးတယ်။ ညောင်းတာ နာကျင်ကိုက်ခဲတာ ထင်ရှားယင် ညောင်းတာနာကျင်ကိုက်ခဲတာကို မှတ်ရတယ်။ ညောင်းတယ် ညောင်းတယ်၊ နာကျင်တယ် နာကျင်တယ်၊ ကိုက်ခဲတယ်ကိုက်ခဲတယ်မှတ်ပေါ့။ ဒါဟာ ဒုက္ခဝေဒနာကို မှတ်တာဖြစ်ပါတယ်၊ ရှုမှတ်လို့ တော်

တော်အသားကျသွားပြီဆိုရင် ညောင်းတာတွေ ကိုက်ခဲနာကျင်တာတွေ ပျောက်ပြီး မှတ်လို့ကောင်းတဲ့အခါလဲ ကောင်းလာတတ်တယ်။ မှတ်ရတာ အယင်ကလို မပင်ပန်းပဲ သက်သက်သာသာနဲ့ ချမ်းချမ်းသာသာ မှတ်ရတတ်တာလဲ ရှိတယ်။ ဒီလိုချမ်းသာတာ ထင်ရှားယင် ချမ်းသာတယ် ချမ်းသာတယ်လို့ မှတ်ပေါ့။ ဒါဟာသုခဝေဒနာကို မှတ်တာဖြစ်ပါတယ်။ ဆင်းရဲချမ်းသာမထင်ရှားပဲ ငြိမ်ငြိမ်သက်သက် မှတ်နေရတဲ့အခါမျိုးလဲ ရှိချင်ရှိလာတတ်တယ်။ ဒီလိုဆိုရင် ငြိမ်သက်တယ် ငြိမ်သက်တယ်လို့မှတ်ပေါ့။ဒါဟာ ဥပေက္ခာဝေဒနာကို မှတ်နေတာဖြစ်တယ်။

ထင်ရှားဖြစ်ပေါ်လာတဲ့ အာရုံတွေကို အစဉ်တစိုက် ရှုမှတ်နေတဲ့ အထဲက စိတ်ဟာ ရောက်ချင်ရာရောက်ပြီး ကြံစည်စိတ်ကူးတတ်တာလဲရှိတယ်။ ဒီလိုကြံစည်တဲ့အခါ ကြံစည်တယ် ကြံစည်တယ်လို့ မှတ်ရတယ်။ ဒါက စိတ်ကိုမှတ်တာပါပဲ။

ရှုမှတ်နေတဲ့အထဲက ရှုမှတ်မကောင်းလို့ဖြစ်စေစိတ်ပျက်စရာအာရုံတမျိုးမျိုး ဝင်ရောက် လာလို့ ဖြစ်စေ စိတ်မကောင်းတာတွေ စိတ်ပျက်တာတွေ တွေ့ချင်လဲ တွေ့လာတတ်တယ်။ ဒီလိုစိတ်ပျက်တယ်ဆိုယင်လဲ စိတ်ပျက်တယ် စိတ်ပျက်တယ်လို့ မှတ်ပေါ့။ ဒါဟာ ဒေါသကို မှတ်တာဖြစ်ပါတယ်။ ဒီအထဲက နှစ်သက်စရာ အာရုံတွေနဲ့ တွေ့ပြန်လို့ နှစ်သက်ချင် နှစ်သက် တတ်ပြန်တာပဲ။ ဒီလိုနှစ်သက်ယင် နှစ်သက်တယ် နှစ်သက်တယ်လို့ မှတ်ရုံပါပဲ။ ဒါက လောဘကို မှတ်တာဖြစ်ပါတယ်။

အခု ပြောပြခဲ့တာဟာ ကာယဝေဒနာ စိတ္တ ဓမ္မတွေ နှီးပ်ရုံ အမြွက်လောက်ကလေးသာ ဖြစ်ပါတယ်။ မှတ်နိုင်ရုံသာဆိုပါတော့။ တကယ်ကမ္မဋ္ဌာန်းကျောင်းဝင်ပြီးဆရာသမားနဲ့ကျကျနန

အားထုတ်တဲ့အခါ မှတ်ရပုံတွေကို ဘယ်လောက်တောင် မှတ်ရတယ်ဆိုတာ ကိုယ်တိုင်သိနိုင်ပါတယ်။ နန္ဒီဆိုတဲ့တဏှာ ချုပ်ငြိမ်းအောင် အားထုတ်တဲ့နည်းဟာ ဒီသတိပဋ္ဌာန် နည်းတနည်းသာရှိတာဖြစ်လို့ ဒီလိုဖြစ်ပေါ်လာသမျှ အာရုံတွေကို ပြောပြခဲ့တဲ့အတိုင်း သတိပဋ္ဌာန် ရှုမှတ်နည်းနဲ့ အားထုတ်ကြရပါတယ်။ဆင်းရဲဒုက္ခတွေဖြစ်စေတတ်တဲ့ နန္ဒီတဏှာ ချုပ်ငြိမ်းတာကိုလိုလားတော်မူတဲ့ ပုဏ္ဏမထေရ်ဟာ ဒီလို သတိပဋ္ဌာန် ရှုမှတ်နည်းအတိုင်း ရှုမှတ်လို့ နန္ဒီချုပ်ငြိမ်းပြီး ဒုက္ခဇာတ်သိမ်းသွားတယ်ဆိုတာ ယုံမှားဘွယ် မရှိပါဘူး။

သတိပဋ္ဌာန် ဝိပဿနာနည်းအတိုင်း ရှုမှတ်ဖို့ ဟောရပြောရတာ နည်းသိပြီးသွားဖြစ်လို့ လွယ်ကူပေမယ့် အားထုတ်စဖြစ်တဲ့ ယောဂီတွေအတွက် ရှုမှတ်ရမှာတော့ ပြောသလောက်မလွယ်ပါဘူး။ မှတ်စမှာ ဖြစ်ပေါ်လာတဲ့အာရုံကို မမှတ်နိုင်ပဲ လွတ်လွတ်သွားတာတွေက များနေတတ်ပါတယ်။ ဒီတော့ မှတ်ရတာ အားမရပဲဖြစ်ပြီး စိတ်ပျက်နေတတ်ကြပါတယ်။ သံသရာ ဝဋ်ဆင်းရဲက ထွက်မြောက်လိုတဲ့စိတ် ပြင်းထန်ပြီး တကယ်ဇွဲနဲ့ အားထုတ်ပါမှ အလိုရှိတဲ့အတိုင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်သည်ထိပေါက်မြောက်နိုင်ပါတယ်။ ဇွဲကောင်းကောင်းနဲ့ အားထုတ်မယ်ဆိုယင် နန္ဒီဆိုတဲ့တဏှာ ချုပ်ငြိမ်းသွားနိုင်ကြောင်းကို သတိပဋ္ဌာန်ဒေသနာတော်တွင် ဘုရားသျှင် ဟောကြားတော် မူပါတယ်။ ဘယ်လိုလဲဆိုယင်–

ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ
သမ္ပဇာနော သတိမာ ဝိနေယျ လောကေ
အဘိဇ္ဈာ ဒေါမနဿံ–

စသည်ဖြင့် ဟောကြားတော်မူပါတယ်။ (ထင်ရှားပေါ်လာတဲ့ ရုပ်အမူအရာဟူသမျှကို အမှန်အတိုင်း မြင်အောင်ရှုရမည်၊ရှုမြင် နိုင်အောင် မပြတ်လို့ လကြိုးကုတ် အားထုတ်ရမည်။ မပြတ်ရှုမှတ် လျက် အမှန်အတိုင်းသိရမည်။ ဒီလိုသိလျှင် သိတိုင်း သိတိုင်း ကိလေသာ (နန္ဒီတဏှာစသည်) ချုပ်ငြိမ်းလေတော့သည်။ ရုပ် အမူရာတိုင်းမှာ ကိလေသာငြိမ်းအောင် ဒီလိုရှုမှတ်နေတာဟာ ဝေဒနာစိတ်နဲ့ သဘောတရားများကို ရှုမှတ်ရာမှာလဲ ဒီအတိုင်းပဲ ဟောတော်မူပါတယ်။ ဒီလို သတိပဋ္ဌာန် ဒေသနာတော်အတိုင်း ရှုမှတ်လို့ နန္ဒီတဏှာ လောဘနဲ့တကွ ကိလေသာငြိမ်းပြီဆိုယင်- နန္ဒိနိရောဓာ ဒုက္ခနိရောဓော-လို့ ဟောတော်မူတဲ့အတိုင်းဆင်းရဲ ဒုက္ခတွေလဲ ချုပ်တော့တာ သေချာပါတယ်။ ဒီနေရာမှာလဲ ဆောင်ပုဒ်ကလေး ဆိုပေးအုံးမယ် လိုက်ဆိုကြ။

ဖြစ်ခိုက်အာရုံ၊ အလုံးစုံ၊ မလွတ်အကုန် မှတ်ရမည်။
မှတ်လို့ ရုပ်နာမ်၊သဘောမှန်ကုံ၊ သိပြီဆို။ မလိုနန္ဒီ ချုပ် လိမ့်မည်။
နန္ဒီချုပ်က၊ ဝဋ်ဒုက္ခ၊ မုချချုပ်ငြိမ်းမည်။

## သစ္စာလေးပါးအပြည့်အစုံ

နန္ဒီဆိုတဲ့ တဏှာလောဘချုပ်ငြိမ်းလို့ ဆင်းရဲ ဒုက္ခတွေ ချုပ် ငြိမ်းတာနဲ့ တပြိုင်နက် သစ္စာလေးပါး အပြည့်အစုံ ဖြစ်လာပါ တယ်။ သတိပဋ္ဌာန်အလုပ်ကိုမလုပ်ဖူးတုန်းကဆိုယင်၊ ဒါမှမဟုတ် ဝိပဿနာ မရှုမမှတ်ခင်ကဆိုယင် ရုပ်နာမ်တွေရဲ့ သဘောမှန်ကို မသိကြပါဘူး။ ဒီရုပ်နာမ်တွေကို မွေးဖွားသည်ကစ သေသည့် တိုင်အောင် မပြိုမကွဲ မြဲတယ်လို့ ထင်မှတ်နေခဲ့တယ်၊အကြောင်း

ညီညွတ်လို့ အလိုအတိုင်းဖြစ်နေယင် ချမ်းသာတယ်လို့ ထင်မှတ်ခဲ့တယ်။ ဒီရုပ်နာမ်တွေကို ငါကောင်လို့ ထင်မှတ်နေတယ်။ ဒီရုပ်နာမ်တွေကိုပဲလှတယ် တင့်တယ်တယ်လို့ ထင်မှတ်ပြီးစွဲလမ်းမက်မောခဲ့တယ်။ သတိပဋ္ဌာန်ဆိုတဲ့ ဝိပဿနာဘာဝနာကို ပွားများ ရှုမှတ်လိုက်တဲ့အခါကျတော့ ဒီရုပ်ဒီနာမ်တွေရဲ့ သဘောမှန်တွေကို သေသေချာချာ သိလာတော့တယ်။ ရုပ်နာမ်တွေဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်သာတိုင်း သူတို့သဘောကို သေသေချာချာ စောင့်ကြည့်တဲ့ ဝိပဿနာဉာဏ်ရဲ့ ရှေ့မှောက် ရောက်လာတဲ့ အခါကျတော့ အယင်တုန်းက ထင်မှတ်ခဲ့တာတွေဟာ အကုန်ပျောက်ကုန်တယ်။ ဒီရုပ်ဒီနာမ်တွေ မြဲတာကိုလဲ တခုမှ မတွေ့ရဘူး။ တဖွားဖွား ခဏခဏ ပျက်ပျုံး တဖြုတ်ဖြုတ် ကုန်ဆုံးနေတာတွေကိုသာ တွေ့ရတယ်။ ဒီလိုပျက်ပျုံး ကုန်ဆုံး ကုန်ဆုံးနေမှုတွေက အမြဲမပြတ် နှိပ်စက်တာတွေကို မြင်နေရတော့ ချမ်းသာမဖက် သက်သက်ဆင်းရဲတွေချည်းပဲဆိုတာကိုလဲ တွေ့နေရတယ်။ မြဲလဲမမြဲဆင်းရဲတာတွေကိုသာ သေသေချာချာ တွေ့နေရတာဖြစ်တော့ လိုတိုင်းမရ အနှစ်သာရမရှိ ငါကောင်မဟုတ်တာကိုလဲ တွေ့မြင်လာတော့တယ်။ လှတာ ပ–တာ၊ တင့်တယ်တာဆိုလို့လဲ ဘာမှမတွေ့ရလို့ တပ်မက် စွဲလမ်းမှုတွေလဲ ချုပ်ငြိမ်းသွားတော့တယ်။

ရုပ်နာမ်တွေကို မမြဲဆင်းရဲ ငါကောင် မဟုတ်ဘူးလို့ ဒီလိုသေသေချာချာပိုင်းခြားပြီး သိသွားတာက ဒုက္ခသစ္စာပါပဲ။ ရုပ်နာမ်တွေဟာ နဲနဲမှ တင့်တယ်ဖွယ်ရာ မဟုတ်ဘူးလို့ မြင်တာနဲ့ တပ်မက်စွဲလမ်းတာကို ပယ်ပစ်လိုက်တာက သမုဒယသစ္စာပါပဲ။ သမုဒယတဏှာကို ပယ်ပစ်လိုက်လို့ မဖြစ်တော့တာကိုပဲ တဏှာ

ချုပ်ငြိမ်းတယ်၊ တဏှာချုပ်ငြိမ်းလို့ ဒီတဏှာကြောင့် ဖြစ်တဲ့ ဆင်းရဲဒုက္ခတွေလဲ မဖြစ်နိုင်တော့ပဲ ချုပ်ငြိမ်းသွားတယ်။ ဒီလို သမုဒယလောဘနဲ့တကွ ဆင်းရဲဒုက္ခတွေ ချုပ်ငြိမ်းတာကို သိတာကိုပဲ နိရောဓ သစ္စာလို့ဆိုပါတယ်။ ဝိပဿနာ ရှုမှတ်နေစဉ်က သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ-စတဲ့ ပုဗ္ဗဘာဂ လောကီမဂ္ဂင်တွေဆိုတာ ဖြစ်လျက် ဖြစ်လျက် ပါရှိနေတယ်၊ အဲဒီပုဗ္ဗဘာဂ လောကီမဂ္ဂင်တွေက ပကတုပနိဿယသတ္တိနဲ့ အဆင့်ဆင့် ကျေးဇူးပြုပြီး လောကုတ္တရာမဂ်စိတ်ဖြစ်ပေါ်လာရပါတယ်၊ မဂ်စိတ်နဲ့အတူ ယှဉ်ဖြစ်တဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ-စတဲ့ စေတသိက်မဂ္ဂင် ရှစ်ပါးဟာ မဂ္ဂသစ္စာပါပဲ။ မဂ်စိတ် ဖြစ်ပေါ်လာတာနဲ့ တပြိုင်နက် သစ္စာလေးပါး ပြည့်စုံသွားပါတယ်။

အစဉ်မပြတ် ဝိပဿနာဉာဏ်နဲ့ တက်သွားလို့ လောကုတ္တရာမဂ်စိတ် ဖြစ်ပေါ်လာပြီဆိုယင် အဆိုပါအတိုင်း ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပွားစေခြင်းတဲ့ ကိစ္စလေးရပ်ကို တပြိုင်တည်းဆောင်ရွက်ပြီးသား ဖြစ်သွားပါတယ်။ ဒီနေရာမှာလဲ စုစည်းတဲ့ ဆောင်ပုဒ်ကလေး ဆိုကြဦးစို့၊ ကိုင်း.... လိုက်ဆိုကြ။

**မဂ်စိတ်ပေါ်လာ၊ ကိစ္စာလေးချက်၊ တပြိုင်နက်၊ ဆောင်ရွက်လေတော့သည်။**

## ပုဏ္ဏမထေရ်ရဲ့ သဘောထား

ချစ်သား ပုဏ္ဏ-၊ သင့်ကိုအကျဉ်းအားဖြင့် ငါဘုရား ဟောပြောပြသ ဆုံးမလို့ပြီးပြီ၊ သင်ဘယ်ဇနပုဒ်မှာ သွားနေမလဲ-လို့

ဘုရားသျှင်က မေးတော်မူပါတယ်။ ဒီတော့ ပုဏ္ဏမထေရ်က–

။ ။ ဘုရားအဆုံးအမကို ခံယူပြီးဖြစ်တဲ့ တပည့်တော်ဟာ သုနာပရန္တတိုင်း နေရင်းဖြစ်တဲ့ ဇနပုဒ်မှာ သွားနေပါမည် ဘုရား။

။ ။ ချစ်သား ပုဏ္ဏ–၊ သုနာပရန္တတိုင်းသူ တိုင်းသားတွေဟာ ပြစ်မှားတတ် ကြတယ်။ ရိုင်းစိုင်း ကြမ်းတမ်းကြတယ်။ တကယ်လို့ အဲဒီလူတွေက သင့်ကို ဆဲရေးမယ်၊ ရေရွတ်ပြောဆို ကြမယ်ဆိုယင် သင်ဘယ်လို လုပ်မလဲ။

။ ။ သုနာပရန္တ တိုင်းသူပြည်သားတွေဟာ တော်ကြပါပေတယ်။ ဆဲရုံ၊ ရေရွတ်ရုံ ရေရွတ်ကြ ပေတယ်။ ငါ့ကို ကိုယ်ထိလက်ရောက် မရိုက်မနှက် ကြပေဘူးလို့ ဒီလို သဘောထားပါမည် ဘုရား။

။ ။ တကယ်လို့ ကိုယ်ထိ လက်ရောက် ရိုက်နှက်ယင်ကော–

။ ။ တော်ကြပါပေတယ်၊ ငါ့ကိုလက်နဲ့သာ ရိုက်နှက်ကြရှာတယ်၊ ခဲနဲ့ မပစ်ခတ်ကြ ပေဘူးလို့ သဘောထားပါမည်ဘုရား။

။ ။ ခဲနဲ့ ပစ်ခတ်ယင်ကောကွယ်။

။ ။ တကယ်လို့ ခဲနဲ့ပစ်ခတ်ယင်လဲ ငါ့ကိုဒုတ်နဲ့ မရိုက်နှက်ကြပေဘူး၊ တော်ကြ ပါပေတယ်လို့ သဘောထားပါမည် ဘုရား။

။ ။ ချစ်သား ပုဏ္ဏ–၊ တကယ်လို့ ဒုတ်နဲ့ ရိုက်နှက်ယင်ကော။

။ ။ တော်ကြပါပေတယ်၊ ငါ့ကို ဒါးနဲ့ မခုတ်ကြပေဘူးလို့ သဘောထားပါမည် ဘုရား။

။ ။ ချစ်သား ပုဏ္ဏ–၊ ဒါးနဲ့များ ခုတ်ကြယင်ကော။

။ ။ တော်ကြပါပေတယ်၊ ငါ့ကို ဒါးနဲ့ ခုတ်ရုံသာ ခုတ်ကြတာပဲ၊ သေလောက်အောင် ထက်တဲ့ ဒါးနဲ့ ငါ့ကိုသေအောင် မခုတ်ရှာကြ ဘူးလို့ သဘောထား ပါမည် ဘုရား။

။ ။ သေလောက်အောင် ထက်တဲ့ဒါးနဲ့ သေအောင် ခုတ်ယင်ကော ချစ်သားပုဏ္ဏ။

။ ။ မြတ်စွာဘုရား တပည့်သာဝကတွေဟာ ကိုယ်ကိုရင်း၊ အသက်ကိုရင်း ငြီးငွေ့ရက်နိုး ကြသဖြင့် ဒါးနဲ့ ခုတ်သတ်ပေးမည့်သူကို ရှာကြရသေးတယ်၊ ငါ့မှာ ဒီလိုမရှာရပဲ အသင့်ရရှိ ပေတာပဲလို့ သဘောထားပါမည်ဘုရား။

။ ။ သာဓု–သာဓု ချစ်သားပုဏ္ဏ–၊ ဒီလို ယဉ်ကျေးငြိမ်သက်တဲ့ သဘောထားနဲ့ ပြည့်စုံတဲ့ သင်ချစ်သားဟာ သုနာပရန္တတိုင်း ဇနပုဒ်မှာ သွားရောက်နေထိုင်သင့် ပါတယ်။ ယခုအခါသင့်အလိုအတိုင်း သွားနိုင်ပြီ ချစ်သားပုဏ္ဏ–။

ပုဏ္ဏမထေရ်မြတ်ရဲ့ သဘောထားကို ဘုရားသျှင်ကစစ်ဆေးမေးမြန်းတော် မူပြီးတော့ သွားလိုရာ သုနာပရန္တတိုင်း ဇနပုဒ်ကို သွားနိုင်ပြီဖြစ်ကြောင်း ဒီလိုပဲ ခွင့်ပြုတော်မူပါတယ်။ ဘုရားသျှင့်

ထံမှ သွားခွင့်ရတဲ့အခါ ဘုရားသျှင့် အဆုံးအမ ဩဝါဒကို ရိုသေ ဝမ်းမြောက်စွာ ခံယူပြီးဖြစ်တဲ့ ပုဏ္ဏမထေရ်မြတ်ဟာ ရိုရိုသေသေ လက်ျာရစ်လှည့်ပြီး ဘုရားသျှင်ကို ရှိခိုးကာ နေရာမှထခဲ့ပါတယ်။ ပြီးတော့ ကျောင်းအိပ်ရာ နေရာများကို သိုမှီး သိမ်းဆည်းတယ်။ နေရာတကျ သိုမှီး သိမ်းဆည်းပြီးတဲ့အခါ သုနာပရန္တတိုင်း မိမိ နေရင်းဖြစ်တဲ့ ဇနပုဒ်ရှိရာကို ကြွပါတယ်။

## အထွတ်အထိပ် ရောက်ပြီ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်က ထွက်ခွာလာခဲ့ပြီး သုနာပရန္တတိုင်း ရောက်တဲ့အခါ အဇ္ဈဟတ္ထဆိုတဲ့တောင်မှာ ပဌမ နေတော်မူတယ်။ ဆွမ်းခံတော့ ဝါဏိဇဂါမကိုကြွပြီး ဆွမ်းခံ ပါတယ်။ဝါဏိဇဂါမဆိုတာ ပုဏ္ဏမထေရ်မြတ်ရဲ့ ဇာတိရွာပါပဲ။ နောင်တော်မထေရ် ကြွရောက်လာတာကိုသိတဲ့ ညီငယ်ပုဏ္ဏက ဘယ်ကိုမှမကြွပဲ ဒီနေရာမှာ သီတင်း သုံးဘို့ လျှောက်ထားပြီး ညီငယ်ပုဏ္ဏကပဲ ဆွမ်းဝတ်ပြုတယ်။နောက် အဇ္ဈဟတ္ထတောင်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ သမုဒ္ဒဂိရိကျောင်းမှာကြွပြီး သီတင်းသုံး တယ်။ အဲဒီမှာ ပြုလုပ်ထားတဲ့စင်္ကြံက သဒ္ဒရာကမ်းဘေးမှာ ဖြစ် နေပါတယ်။ ဒီကမ်းဘေးက သံလောက်မာတဲ့ ကျောက်ကမ်း ဘေးကြီးဖြစ်လို့ သမုဒ္ဒရာရေလှိုင်း တိုက်ခတ်ပေမယ့် ပြိုကျနိုင် တဲ့ကမ်းဘေး မဟုတ်ဘူး။ ဒီကမ်းဘေးကြီးကို သမုဒ္ဒရာရေလှိုင်း ဟာ တဝုံးဝုံးဆူညံနေအောင် တိုက်ခတ်လျက်ရှိနေတယ်။ဒီတော့ ဒီနေရာက ကမ္မဋ္ဌာန်းကို နှလုံးသွင်းအားထုတ်လို့ မလျော်ပြန် တာနဲ့ တဖန် မာတုလဆိုတဲ့တောင်ကို ကြွရောက်ပြီး အားထုတ် ပြန်ပါတယ်။ဒီနေရာကျပြန်တော့လဲ နေ့ရောညပါ ငှက်သံတွေက

မပြတ်မလတ် ဆူသံ ညံသံမဆဲအောင် ဖြစ်နေပြန်တယ်။ကမ္မဋ္ဌာန်းကို အားထုတ်တယ်ဆိုကာ ဒီလို ဆူဆူညံညံ နေရာမျိုးတွေမှာ အားထုတ်လို့ နေယျပုဂ္ဂိုလ်တွေအတွက် မသင့်လျော်ဘူး။နေယျပုဂ္ဂိုလ်ဆိုတာ ဟောရုံပြောရုံနဲ့ တထိုင်ခြင်း တမဂ်တဖိုလ်ရနိုင်တဲ့ ပုဂ္ဂိုလ်တွေမဟုတ်ဘူး။ သတိနဲ့သမာဓိကို အခေါက်ကြာအောင် ထူထောင်ယူရတယ်။ သတိနဲ့သမာဓိရင့်ကျက်လို့ ဝိပဿနာဉာဏ်နဲ့ ပြည့်စုံအောင် အားထုတ်နိုင်ပါမှ တမဂ်တဖိုလ်ကို ရနိုင်တယ်။ ဒါကြောင့် အသျှင်ပုဏ္ဏမထေရ်မြတ်ဟာ မာတုလတောင်တွင် မနေပြန်ပဲ မကုလကာရုံကျောင်းသို့ကြွရောက်အားထုတ်ရပြန်ပါတယ်။

မကုလကာရုံကျောင်းဟာ ဝါကျိဗဂါမနဲ့ ဝေးလဲမဝေးလွန်းဘူး။ နီးလဲမနီးလွန်းဘူး။ ဝါကျိဗဂါမကို သွားရောက် ဆွမ်းခံတဲ့အခါ အသွားအပြန် ခရီးလဲသင့်တယ်။ ရွာကလူသံတွေကို ကြားရတဲ့နေရာမဟုတ်လို့ ဆိတ်လဲဆိတ်ငြိမ်တယ်။ တောနက်ကြီးမဟုတ်လို့ ကျေးငှက်တွေနေစရာ သစ်ကြီးဝါးကြီး ပေါများခြင်းမရှိတဲ့အတွက် ကျေးငှက်တို့ အသံဗလံတွေလဲ နဲပါးတယ်။ ဒါကြောင့် ဒီနေရာမှာ နေ့ထိုင်အားထုတ်ဘို့ နေ့သန့်ရာ ညသန့်ရာ နေရာများကိုလဲ စီရင်ပြုလုပ်စေတယ်။ စင်္ကြံစသည်ကိုလဲ ဆောက်လုပ်စေတယ်။ ကမ္မဋ္ဌာန်းအားထုတ်ဖို့ ဒီလို အပြည့်အစုံ စီမံပြီး မာကုလကာရုံကျောင်းမှာပဲ ဝါကပ်ချိန်ရောက်တော့ ဝါကပ်ပြီး ကမ္မဋ္ဌာန်း အားထုတ်တော်မူပါတယ်။ ဘုရားသျှင်ဆုံးမ ဩဝါဒ ပေးလိုက်တဲ့အတိုင်း အားထုတ်တော်မူလို့ တေနေဝန္တရဝ သောန၊ ထိုဝါလ အတွင်းဖြင့်ပင်လျှင်။ တိဿော ဝိဇ္ဇာ သစ္ဆာကာသိ၊ ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြုလေပြီ–လို့

ပါဠိတော်မှာ လာတဲ့အတိုင်း အသျှင် ပုဏ္ဏမထေရ်မြတ်ဟာ တေဝိဇ္ဇရဟန္တာအဖြစ်သို့ ရောက်သွားတော့တယ်။ တေဝိဇ္ဇာရဟန္တာဆိုတာ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်-ဒီဉာဏ်သုံးပါးနဲ့အတူ ဖြစ်သွားတဲ့ရဟန္တာပါပဲ။ ရှေးဖြစ်ဘူးတဲ့ခန္ဓာအစဉ်ကို သိတဲ့ဉာဏ်ကို ပုဗ္ဗေနိဝါသဉာဏ် ဆိုပါတယ်။နတ်မျက်စိကဲ့သို့ အဝေးကအာဆင်းကိုပင် လှမ်း မြင် နိုင် တဲ့ ဉာဏ်ကို ဒိဗ္ဗစက္ခုဉာဏ်လို့ ဆိုပါတယ်။ အာသဝေါတရားတွေကို ကုန်စေတဲ့ဉာဏ်ကို အာသဝက္ခယဉာဏ်လို့ ဆိုပါတယ်။ ပုဏ္ဏမထေရ်မြတ်မှာအဆိုပါ ဉာဏ်သုံးပါးစလုံးရပြီး ရဟန္တာအဖြစ် ရောက်သွားသတဲ့။

**ဆင်းရဲကင်းပြီ**

သီလ သမာဓိ ပညာ- သိက္ခာသုံးရပ် ပြည့်စုံအောင် ကျင့်သုံးနိုင်တဲ့ အသျှင် ပုဏ္ဏမထေရ်မြတ်ဟာ ရဟန္တာအဖြစ်သို့ ရောက်သွားပြီ။ယေသံ၊အကြင် ရဟန္တာပုဂ္ဂိုလ်တို့အား။ပုရာနံ၊အဟောင်းဖြစ်သောကံသည်။ ခီဏံ၊ ကုန်ပြီ။ နဝံသမ္ဘဝံ၊ အသစ်ဖြစ်သောကံသည်။နတ္ထိ၊မရှိ။ အာယတိကေ၊လာလတ့်သော။ ဘဝသ္မိံ၊ဘဝ၌။ ဝိရတ္တစိတ္တာ၊ တပ်ခြင်းကင်းသော စိတ်ရှိတော်မူကြကုန်၏။ခီဏဗီဇာ၊ကုန်ပြီးသော ပဋိသန္ဓေမျိုးစေ့ ရှိတော်မူကြကုန်၏။ရတနသုတ်တော်မှာ ဒီလို ဟောတော်မူထားတဲ့အတိုင်း သံသရာတလျှောက်လုံးက ပြုခဲ့ဘူးတဲ့ ကုသိုလ်ကံ အကုသိုလ်ကံဟောင်းတွေ ဆိုတာကလဲ ရဟန္တာပုဂ္ဂိုလ်မှာ ကုန်နေပြီ၊ မရှိတော့ဘူး။ ဒီဘဝမှာ ရဟန္တာအဖြစ်သို့ရောက်ပြီးနောက် ပြုလုပ်သမျှ ကုသိုလ်ကံ အကုသိုလ် ကံသစ်တွေ ဆိုတာကလဲ မရှိတော့ဘူး။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်ဆိုတာ ကုသလာ ကုသလံ ဇဟံ-ကုသိုလ် အကုသိုလ်

ကို စွန့်ပြီ-လို့ ဆိုရပါတယ်။ ကံဟောင်းတွေလဲကုန်၊ ကံသစ်တွေလဲ မဖြစ်တော့ဘူးဆိုတာ ဒီပြုသမျှကံတွေဟာ အကျိုးမပေးနိုင်တော့ပဲ ကံမြုံတွေ ဖြစ်သွားတာကို ဆိုခြင်းဖြစ်ပါတယ်။ ကုသိုလ် အကုသိုလ်ကို စွန့်တယ်ဆိုတာလဲ ဒီလို အကျိုးမပေးတော့တာကိုပဲ ဆိုတာပါ။ ကုသိုလ် အကုသိုလ်တွေကို မပြုလုပ်တော့ပဲ စွန့်ပစ်တယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ မကောင်းမှုန်း သိလျက်နဲ့တော့ အကုသိုလ်ကို ရဟန္တာပုဂ္ဂိုလ်တွေက မပြုကြပါဘူး။ အရိယာတို့ အစဉ်အလာအတိုင်း ပြုသင့်ပြုထိုက်တဲ့ ဝတ်နိဗဒ် ကုသိုလ်တွေကိုတော့ ပြုတော်မူကြပါတယ်။ ဒါပေမယ့် ပြုသမျှ ဒီကုသိုလ်တွေကတော့ အကျိုးမပေးတော့ဘူး။ ပြုတာဟာ ပြုတာလောက်သာဖြစ်ပြီး အကုန်လုံး အကျိုးမပေးနိုင်တဲ့ ကံမြုံတွေချည်း ဖြစ်ကုန်ပါတယ်။ ဒါကြောင့် ရဟန္တာတို့ ပြုကြတဲ့ ကုသိုလ်တွေကို ကုသိုလ်လို့မဆိုရတော့ပဲ ကြိယာလို့ ဆိုရပါတယ်။ ကြိယာဆိုတာ ပြုကာမျှပဲတဲ့။ တခြားပုဂ္ဂိုလ်တွေပြုတဲ့ ကောင်းမှုကံလို အကျိုးပေးတဲ့ကံမျိုး မဟုတ်တော့ဘူးလို့ ဆိုလိုပါတယ်။

အကျိုးပေးနိုင်တဲ့ ကံဟောင်း ကံသစ်တွေကို စွန့်ပစ်လိုက်တဲ့ အထဲမှာ ကိလေသာတွေလဲ အားလုံးပါသွားပါတယ်။ ကိလေသာ အားလုံးကိုလဲ စွန့် ပစ် လိုက် ပြီ ပေါ့။ အဲဒီလို စွန့်ပစ်လိုက်တဲ့ ကိလေသာတွေထဲမှာ နန္ဒီဆိုတဲ့ တ ဏှာ လော ဘ ဟာ သူ လဲ ကိလေသာတပါးဖြစ်လို့ ပါသွားပါဘယ်။ စွန့်ပစ်လိုက်လို့ မရှိတော့တာနဲ့ ချုပ်ငြိမ်းသွားတယ်ဆိုတာ အတူတူပါပဲ။ ဆိုလိုတာက နန္ဒီဆိုတဲ့တဏှာလောဘလဲ ချုပ်ငြိမ်းသွားပါတယ်။ ရူပါရုံစသည်ကို လိုချင်တယ် တတ်မက်တယ် စွဲလမ်းတယ်ဆိုတာ နန္ဒီ

ဆိုတဲ့ တဏှာလောဘပဲမဟုတ်လား။ တဏှာလောဘ ချုပ်ငြိမ်း သွားလို့ ဒီပုဂ္ဂိုလ်သန္တာန်မှာ မရှိတော့ဘူးဆိုယင် ဒီပုဂ္ဂိုလ်ဟာ ဘာကိုမှ မလိုချင်တော့ဘူး။ ရူပါရုံ-စသည်ကိုလဲ မလိုချင်တော့ ဘူး။ ဒါကြောင့် အာယတိကေ၊ လာလတံ့သော။ ဘဝသ္မိံ၊ ဘဝ၌။ဝိရတ္တစိတ္တာ၊ တပ်မက်စွဲလမ်းခြင်းကင်းသော စိတ်ရှိတော် မူကြကုန်၏-လို့ ဟောတော်မူပါတယ်။ ဘဝကို တပ်မက်စွဲလမ်း ခြင်းကင်းယင် ဘဝကိုမယူတော့ဘူး။ ကိုယ်မလိုချင်တဲ့အရာဝတ္ထု ကို မယူကြသလိုပေါ့။ မလိုချင်လို့ မယူတော့ မရတော့ဘူး။ ဒီလိုပါပဲ ဘဝကိုမယူချင်လို့ မယူတော့ မရတော့ဘူး။ မယူလို့ မရတော့ဘူးဆိုယင် ဘဝတွေမှာ ပဋိသန္ဓေနေဘို့ ဘယ်မှာရှိတော့ မှာလဲ။ ဘဝမှာဖြစ်ဖို့ ပဋိသန္ဓေမျိုးစေ့ မရှိတော့ဘူး။ ကုန်နေ ပြီ။ ဒါကြောင့် ခီဏဗီဇာ၊ ကုန်ပြီးသော ပဋိသန္ဓေမျိုးစေ့ ရှိ တော်မူကြကုန်၏-လို့ ဟောတော်မူပါတယ်။

ပဋိသန္ဓေမျိုးစေ့တွေကုန်လို့ ဘဝတွေမှာ မဖြစ်တော့ဘူး ဆိုယင် ဘဝတွေမှာသာ ဖြစ်စရာရှိတဲ့ ဆင်းရဲဒုက္ခတွေဆိုတာလဲ ဖြစ်စရာ နေရာမရှိတော့လို့ မဖြစ်နိုင်တော့ဘူး။ဆင်းရဲဒုက္ခ အား လုံး မဖြစ်နိုင်တော့တာကိုပဲ ဆင်းရဲဒုက္ခတွေ ချုပ်ငြိမ်းတယ်လို့ဆို ပါတယ်။ ဒီလိုချုပ်ငြိမ်းတာဟာ အရင်းစစ်တော့ အမြစ်မြေက- ဆိုသလို လိုချင်တတ်နှစ်သက်တတ်တဲ့နန္ဒီတဏှာလောဘ ချုပ်ငြိမ်း သွားတာဖြစ်လို့ သူ့ကြောင့်ဖြစ်တဲ့ ဆင်းရဲဒုက္ခတွေလဲ ချုပ်ငြိမ်း သွားကြရတယ်ဆိုတာ ထင်ရှားနေပါတယ်။ဘုရားစတဲ့ အရိယာ တို့ မှန်မှန်ကန်ကန်မြင်တဲ့ ဉာဏ်အမြင်မှာ ဒီအတိုင်းပဲ မြင်တော်မူ ကြတယ်။ ကြောင့် နန္ဒိနိရောဓာ ဒုက္ခနိရောဓော-နန္ဒီ ချုပ်ငြိမ်း ခြင်းကြောင့် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းတယ်-လို့ ပုဏ္ဏမထေရ်အား

ဘုရားသျှင်က ဟောတော်မူတာပါပဲ။ ဒီနေရာမှာလဲ မှတ်သားမိအောင် ဆောင်ပုဒ်ကလေးတွေ လိုတယ်။ ကိုင်း-လိုက်ဆိုကြ။

ပုဏ္ဏထေရ်မြတ်၊ အရိယာဇာတ်၊ ဖြစ်လတ်ရဟန္တာ။
ရဟန္တာမှာ၊ တဏှာနန္ဒီ၊ ချုပ်ငြိမ်းပြီကြောင့်၊ ထိုဤခပ်၊
ဝဋ်ဆင်းရဲ၊ ချုပ်ပဲငြိမ်းတော့တာ။

## တရားပြီးချင်ယင် ပြီးနိုင်ပြီ

ပါဠိတော်လာသလောက်ကို ဟောမယ် ဆိုယင် ပရိနိဗ္ဗာန်ပြုရာမှာ ဖြစ်လာတဲ့အကြောင်း နဲနဲလောက်ပဲကျန်တော့လို့ တရားအဆုံးသတ်လိုက သတ်နိုင်နေပါပြီ။အဋ္ဌကထာဖွင့်ကို ဆက်ဟောမယ် ဆိုယင်တော့ ဝတ္ထုကလေးတပုဒ် ဟောဘို့ ရှိနေပါသေးတယ်။တရားနာရတာ ပျင်းများကုန်ကြပြီလား။ဟောတဲ့ဘုန်းကြီးကမှ မပျင်းသေးတာပဲ အသာကလေး ထိုင်နာသူတွေက ဘယ်ပျင်းလို့ဖြစ်မှာလဲ။ပါဠိတော်မှာကတော့ ပဓာနဖြစ်တဲ့ ဒေသနာတော်နဲ့ ဒေသနာတော်အတိုင်း လိုက်နာကျင့်ကြံတဲ့ ပုဏ္ဏမထေရ်ကို ရဟန္တာဖြစ်ကြောင်း ထင်ရှားရုံလောက်ပဲ သံဂါယနာတင်အသျှင်မြတ်တို့က ဖော်ပြထားခဲ့ကြပါတယ်။ ပါဠိတော်အတွက် ဒီလောက်နဲ့ဆိုယင် ပြည့်စုံသွားပေမယ့် အဋ္ဌကထာဆရာအတွက် ဖွင့်ပြစရာရှိယင် ဖွင့်ပြဘို့က တာဝန်ရှိနေသေးတယ်။ ပါဠိတော်မှာ အသျှင်ပုဏ္ဏမထေရ် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသွားတာကို ဟောထားပါတယ်။ ဟောထားတဲ့အတိုင်း ရဟန္တာဖြစ်ပြီးနောက် ပရိနိဗ္ဗာန်မပြုမီအကြား ဘာမှ မဆောင်ရွက် မဖြစ်ပျက်ပဲ ဒီလိုနဲ့ ပရိနိဗ္ဗာန်ပြုရောလားဆိုတဲ့ အမေးရဲ့အဖြေကို ဖွင့်ပြဘို့ဆိုတာ အဋ္ဌကထာဆရာရဲ့တာဝန် ဖြစ်နေပါတယ်။ ဒီတာဝန်ကို ကျေ

ပြန်အောင် အဌကထာဆရာက ဆောင်ရွက် ဖွင့်ပြထားပါတယ်။ အဌကထာဖွင့် ရှိနေပါသေးလျက် ဟောတဲ့ပုဂ္ဂိုလ်ကပျင်းလို့ဖြစ်ဖြစ် တရားရှည်တယ်ဆိုပြီး မကောင်းလို့ဖြစ်ဖြစ် မဟောပဲ ချန်ထားခဲ့မယ်ဆိုယင် ဒီဟာလဲပဲနေရာကျမယ် မဟုတ်လှဘူး။တာဝန်မကျေရာ ရောက်နေအုံးမှာပဲ။ ဒါကြောင့် အဌကထာဖွင့်ကို ချန်ထားခဲ့လို့မဖြစ်ပဲ ဟောတဲ့ပုဂ္ဂိုလ်ကလဲ ဟောပြောရမယ်။ နာကြားတဲ့တရားနာတွေကလဲ ပျင်းလို့တော်မယ် မဟုတ်ပေဘူး။ ကိုင်း-ဆက်ပြီး ဟောကြ နာကြအုံးစို့။

## တနေ့သဉ္ဓ

အထေက ဒိဝသံ၊ထိုအခါ တနေ့သဉ္ဓ-လို့ အစချီပြီး ရဟန္တာဖြစ်ပြီးတဲ့အခါ ပုဏ္ဏမထေရ်မြတ်ရဲ့ အတ္ထုပ္ပတ်ကို အဌကထာဆရာက ဆက်လက်ပြီး ဖွင့်ပြထားပါတယ်။ဖွင့်ပြထားတဲ့ ဒီအတ္ထုပ္ပတ်ကို အခု ဆက်ဟောပါ့မယ်။ ဘယ်လိုလဲဆိုယင်-

ပုဏ္ဏမထေရ်မြတ် ရဟန္တာဖြစ်တဲ့ထိုနှစ်အတွင်းမှာပဲ တနေ့သဉ္ဓဝါဏိဇဂါမမှာနေကြတဲ့ ကုန်သည်ငါးရာတို့ဟာ သမုဒ္ဒရာတဘက်ကမ်း သွားပြီး ကုန်သန်းရောင်းဝယ်ကြဘို့ ပြင်ဆင်နေကြတယ်။ တဖက်ကမ်းရောက်တဲ့အခါ ရောင်းလို့ကောင်းမယ့် ကုန်တွေကို သင်္ဘောပေါ် တင်နေကြတယ်။ တင်လိုတဲ့ကုန်တွေကို အလိုရှိသလောက် သင်္ဘောပေါ်တင်ပြီးလို့ သင်္ဘောထွက်ဖို့ သင်္ဘောပေါ် တက်ကြမယ့်နေ့မှာ ညီတော်ဖြစ်တဲ့စူဠကုန်သည်က နောင်တော် ပုဏ္ဏမထေရ်မြတ်ကို ဆွမ်းကပ်တယ်။ ဆွမ်းကပ်ပြီးတဲ့အခါ မထေရ်မြတ်ထံ သီလဆောက်တည်ပြီး ညီတော်က ဒီလို လျှောက်ထားသတဲ့။

အသျှင်ဘုရား သမုဒ္ဒရာဆိုတာ မရေမတွက်သာ အင်မတန် များပြားတဲ့ အန္တရာယ်တွေရှိပါတယ်။ တပည့်တော်တို့ကို ဆင်ခြင် ကြည့်ရှုစောင့်ရှောက်တော် မူပါဘုရား-လို့
လျှောက်ထားပြီး ကန်တော့သွားတယ်။ ဒီလို လျှောက်ထား ကန်တော့ပြီးမှ သင်္ဘောပေါ်တက် သင်္ဘောလွှင့်သွားတယ်။ အဟုန်ကောင်းကောင်းနဲ့ လျင်လျင်မြန်မြန် လွှင့်သွားတဲ့ သူတို့ သင်္ဘောဟာ အချိန်တန်တော့ ကျွန်းတကျွန်း ရောက်သွားတဲ့ အခါ နံနက်စာ စားကြမယ်ဆိုပြီး ကျွန်းပေါ်ကိုဆင်းကြတယ်။ ဒီကျွန်းပေါ်မှာ ပေါက်နေတဲ့ သစ်ပင်တွေဟာ စန္ဒကူးပင်တွေ လိုလိုချည်း ဖြစ်နေတယ်။ အဋ္ဌကထာမှာ တသ္မိံ ဒီပေ အညံ ကိဉ္စိ နတ္ထိ၊ စန္ဒ နဝန မေဝ အဟောသိ-ထိုကျွန်းပေါ်မှာ အခြား ဘာအပင်မှမရှိပဲ စန္ဒကူးတောသာလျှင် ဖြစ်တယ်-လို့ ဆိုထား တယ်။

## ခုတ်လှဲယူကြပြီ

အစမှာတော့ ဒီတောကြီးကိုစန္ဒကူးတောကြီးရယ်လို့ မသိကြ ပါဘူး။ဒါပေမယ့် ကုန်သည်တယောက်က ဘာပင်တွေလဲဆိုတာ သိချင်တာနဲ့ ပါလာတဲ့ပဲခွပ်နဲ့ သစ်ပင်ကိုခုတ်ကြည့်တယ်။ ဒါနဲ့ အင်မတန်အဖိုးတန်တဲ့ စန္ဒကူးပင်တွေဖြစ်ကြောင်း သိသွားကြ တယ်။ ခုတ်ကြည့်လို့ ပဌမသိတဲ့လူက ဘယ်လိုပြောသလဲဆိုယင် အမောင်တို့ သမုဒ္ဒရာက ငါတို့လာခဲ့ကြတာဟာ ပစ္စည်းဥစ္စာရဘို့ လာခဲ့ကြတာပဲ။ ဒီထက်ကောင်းတဲ့ ပစ္စည်းဥစ္စာဆိုတာ မရှိတော့ ဘူး။ လက်လေးသစ်လောက်သာရှိတဲ့ အတုံးအပြတ်ကလေးသည် ပင် အဖိုးတသိန်းထိုက်တယ်။ ဒီ စန္ဒကူးနှစ်တွေကို အပြည့်တင်

ပြီးပြန်ကြမယ်-လို့ ပြောတယ်။ ပြောတဲ့အတိုင်း အားလုံး သဘောတူပြီး စန္ဒကူးပင်တွေကို ခုတ်ကြလှဲကြ မျှားမျှားယူလို့ ဖြစ်အောင် ဖြတ်ကြတောက်ကြတယ်။ ပြီးတော့ သင်္ဘောပေါ် မှာ ပါလာခဲ့တဲ့ မလိုအပ်တဲ့ကုန်တွေကို ချပစ်ခဲ့ပြီး ဒီတောက ရတဲ့ စန္ဒကူးနှစ်တွေကို သင်္ဘောအပြည့် တင်တော့တာပါပဲ။

## နတ်တွေက စိတ်ဆိုးကြတယ်

ဒီကျွန်းဟာ နတ်ကြီးတယ် မကြီးဘူးဆိုတာ သူတို့မသိကြဘူး။ သူတို့အလိုရှိတာလောက်သိပြီးစန္ဒကူးပင်တွေကို ခုတ်ကြ လှဲကြတယ်။ ဒီတော့ဒီကျွန်းမှာ အုပ်စိုးနေကြတဲ့နတ်တွေက သူတို့ကို စိတ်ဆိုးကြတယ်။ နတ်ဆိုတာ အခက်ကြီးပဲ။ တယောက်ယောက်ကို ပူးပြောယင်သာ သူတို့အလိုကို သိနိုင်တာ၊ ဒီလို ပူးမပြောပဲ လူတွေက သူတို့အလိုကို သိနိုင်တာမဟုတ်ဘူး။ဒီတော့ လူတွေက ဒီလိုနတ်တွေ စိတ်ဆိုးတယ် မဆိုးဘူးဆိုတာ မသိတော့ အပြစ်မရှိဘူးထင်ပြီး အလိုရှိသလို ပြုလုပ်ကြတာပါပဲ။ တချို့က တော့လဲ နတ်ရှိတယ်ဆိုတာမယုံကြဘူး။ နတ်ရှိတယ်ဆိုတာ မယုံတော့ နတ်ဖမ်းစားတယ်ဆိုတာကိုလဲ မယုံကြဘူး။ မယုံလို့သာ မယုံကြတာ၊ သူတို့မျက်မှောက်မှာပဲ နတ်ဖမ်းစားမှုတွေကတော့ ရှိနေကြတာပဲ။ အခုကုန်သည်တွေကတော့ နတ်ကို မယုံလို့ ဟုတ်ပုံမရပါဘူး။ သူတို့လောဘနဲ့သူတို့ လုပ်မိကြပုံရပါတယ်။

နတ်ကိုယုံလို့ပဲဖြစ်ဖြစ် မယုံလို့ပဲဖြစ်ဖြစ် သူတို့အလိုကို သိလို့ပဲဖြစ်ဖြစ် မသိလို့ပဲဖြစ်ဖြစ် သူတို့အလိုမကျယင် နတ်ဆိုတာက စိတ်ဆိုးတတ်တာပဲ။ စိတ်ဆိုးပြီဆိုယင်လဲ သူတို့တတ်နိုင်သလိုလူတွေကို ဒုက္ခပေးတတ်ကြပါတယ်။ အခုလဲပဲ နတ်တွေက ကုန်

သည်တွေကိုစိတ်ဆိုးကြတယ်။ ဒီလူတွေစနွှကူးတောကို ဖျက်ဆီးကြတယ်၊ သူတို့ကိုသတ်ပစ်မှပဲ၊ ဒါပေမယ့် ဒီလူတွေကို ဒီကျွန်းမှာ သတ်လို့မတော်ဘူး၊ တောတတောလုံး သူ့သေကောင်ပုပ်တွေ ဖြစ်နေလိမ့်မယ်၊ သမုဒ္ဒရာအလယ်ရောက်မှ သူတို့သင်္ဘောကို မြှုပ်ပြီးသတ်မှပဲလို့-ဒီလိုနတ်အချင်းချင်းပြောဆိုကြပြီးကုန်သည်တွေ သင်္ဘောထွက်မှာကို စောင့်ကြည့်နေကြတယ်။ သင်္ဘောထွက်လို့ သမုဒ္ဒရာထဲ တော်တော်ရောက်တဲ့အခါ လေတွေတိုက် လှိုင်းတံပိုးတွေ ကြီးအောင်လုပ်ပြီး နတ်တွေကိုယ်တိုင်ကလဲ လူတွေ ကြောက်လန့်အောင် ဘီလူး သဘက်တွေလို ဖန်ဆင်း ပြကြသေးသတဲ့။

အခြောက်အလှန့်ခံရတဲ့ ကုန်သည်တွေဟာ ငါတို့တော့ သေရ တော့မှာပဲဆိုပြီး အင်မတန် ကြောက်လန့်ကုန်တယ်။ သဗ္ဗေဘာယန္တိ မစ္စုနော-ဆိုတဲ့အတိုင်း တကယ် သေရတော့မယ်လို့ ထင်ယင် မကြောက်တဲ့လူ့ယယ်လို့ ဘယ်မှာရှိလိမ့်မလဲ။ အသက်ဘေးက လွတ်ရာလွတ်ကြောင်း မိမိတို့ကိုးကွယ်တဲ့ နတ်တွေကို ကိုးပြီး ရှိခိုးကြတောင်းပန်ကြ ဖြစ်ကုန်တယ်။ အဲဒီအထဲ ပုဏ္ဏဆိုတဲ့ကုန်သည်တယောက်ကတော့ နောင်တော် ပုဏ္ဏမထေရ်မြတ်ကို အမှတ်တရ ဖြစ်လာတာကြောင့်-ငါ့နောင်တော် မထေရ်မြတ် သည်ဤနေရာသို့ မချွတ်ကေန် ကြွရောက်တော်မူပါစေသတည်းလို့ မထေရ်မြတ်ရှိရာကို မှန်းဆပြီး ရှိခိုးတောင်းပန်လိုက်သတဲ့။

## မထေရ်မြတ်ရောက်လာတယ်

ပုဏ္ဏမထေရ်မြတ်ကလဲ အင်မတန် ဘေးအန္တရာယ်များလှတဲ့ သမုဒ္ဒရာ ခရီးသွားကုန်သည်တို့အတွက် မကြာမကြာ ဆင်ခြင်

ကြည့်ရှု နေတော်မူဟန်တူပါတယ်။ ဒါကြောင့်လဲ ကုန်သည်တွေ အန္တရာယ်ဖြစ်လျှင်ဖြစ်ခြင်း သူတို့အန္တရာယ်ကို ဆင်ခြင်တော်မူမိတယ်။ ဒါနဲ့ မထေရ်မြတ်ဟာ အန္တရာယ်ကျရောက် နေတဲ့ သမုဒ္ဒရာအပြင်ကို တခဏခြင်း ကြွရောက်တော် မူတော့တယ်။ မထေရ်မြတ်ရောက်လာတဲ့အခါ လှိုင်းတွေ လေတွေလဲ ငြိမ်သက်သွားတယ်။ မထေရ်မြတ်ကိုမြင်တဲ့ နတ်တွေလဲ တော်ရာကိုရှောင်ပြေးကုန်ကြတယ်။

ကုန်သည်တွေကို မကြောက်ကြနဲ့လို့ မထေရ်မြတ်ကပြောပြီး အကြောက်အလန့် သက်သာတော် မူစေပါတယ်။ ပီးတော့ သင်တို့ ဘယ်ကိုသွားလိုကြသလဲလို့ မထေရ်မြတ်ကမေးတဲ့အခါ မိမိတို့အရပ်ကို ပြန်လိုကြပါတယ် ဘုရားလို့ လျှောက်ထားကြပါတယ်။ သူတို့လျှောက်ထားတဲ့အတိုင်း မထေရ်မြတ်က အလိုရှိရာအရပ်ကို ရောက်ပါစေဆိုတဲ့ အဓိဋ္ဌာန်နဲ့ ပို့ဆောင်ပေးလိုက်လို့ သူတို့နေရာ ဝါဏိဇဂါမကို ပြန်ရောက်ကြတယ်။ မထေရ်မြတ်ရဲ့စောင့်ရှောက်မှုကြောင့် အသက်ဘေးကလွတ်မြောက်ခဲ့ကြရတာဖြစ်လို့ သေရွာက ပြန်ခဲ့ကြရသလို ကုန်သည်တွေဟာ အင်မတန် ဝမ်းသာနေကြတယ်။ မထေရ်မြတ်ကိုလဲ အတိုင်းမသိကျေးဇူးတင် ကြည်ညိုလေးမြတ်သွားကြတယ်။

## အိမ်သူတွေကလဲ ကြည်ညို

ကုန်သည်တွေဟာအိမ်ပြန်ရောက်တဲ့အခါ သူတို့တွေ့ကြုံခဲ့ရတဲ့ ဘေးရန် အန္တရာယ်တွေကိုရော မထေရ်မြတ်ရဲ့ ဂုဏ်ကျေးဇူးတွေကိုပါ ဖြစ်ကြောင်းကုန်စင် သူတို့သားမယား အိမ်သူအိမ်သား တွေကို ပြောပြကြတယ်။ ဒီတော့ သူတို့အိမ်သူအိမ်သားတွေကလဲ

မထေရ်မြတ်ကို အင်မတန် ကျေးဇူးတင် အင်မတန် လေးမြတ်ကြည်ညို သွားကြပြန်တယ်။ ဒီလို အကြောင်းစုံ ပြန်ပြောပြီး အိမ်မှာ နေသားတကျ အပန်းဖြေပြီးကြတဲ့အခါ ကိုင်းလာကြ-မထေရ်မြတ်ထံ ဆည်းကပ်ကန်တော့ သွားကြရအောင်ဆိုပြီး သူတို့အိမ်သူ ငါးရာနဲ့အတူ ကုန်သည်ငါးရာတို့ဟာ မထေရ်မြတ်ထံ ဆည်းကပ်ကန်တော့ကြတယ်။ ပီးတော့ တပည့်တော်တို့ကို ရတနာသုံးပါးကို ဆည်းကပ်တတ်ထဲ့ ဥပသကာတွေ မှတ်တော်မူပါဘုရားလို့ လျှောက်ထား ကြသတဲ့။ ဒီလို လျှောက်ထားကြတာကို ထောက်တော့ အယင်က ရတနာသုံးပါးကို ဆည်းကပ်ကြည်ညိုသူတွေမဟုတ်ခဲ့ကြဘူးဆိုတာ ထင်ရှားတယ်။ ဒီ ဝါဏိဇဂါမကို အယင်က ဘုရားသျှင်ကလဲ ကြွရောက်တော်မူဘူးတာမဟုတ်ဘူး၊ ရဟန်းသံဃာ ဆိုတာကလဲ ရှိဘူးတာမဟုတ်ဘူး။ ပုဏ္ဏတို့ ကုန်သည်တစုသာ ကုန်ကူးသွားလို့ သာဝတ္ထိပြည်ရောက်ရှိသွားကြပြီး ဘုရားသျှင်နဲ့ တွေ့ကြရတာ။ ဒါကြောင့် ပုဏ္ဏ တဦးသာ ရတနာသုံးပါးကို ယုံကြည် ဆည်းကပ်ရမှန်းသိပြီး ရဟန်းအဖြစ်သို့ ရောက်ခဲ့ရတယ်။ ရဟန်းဖြစ်လို့ ဝါဏိဇဂါမကို ပြန်ပြီးတရားအားထုတ်မယ်ဆိုတော့ ဝါဏိဇဂါမ အပါအဝင် သုနာပရန္တ တိုင်းသူပြည်သားတွေဟာ အင်မတန်ကြမ်းတမ်းတယ် ချစ်သားပုဏ္ဏလို့ ဘုရားသျှင်က မိန့်တော်မူခဲ့သေးတယ်မဟုတ်လား။ ပုဏ္ဏမထေရ်ရောက်လာမှသာ ဒီ ဝါဏိဇဂါမမှာ ရဟန်းတော်ရယ်လို့ ရှိလာဟန်တူပါတယ်။ ပုဏ္ဏမထေရ်ကလဲ ဝါဏိဇ ရွာသားဆိုတော့ ရွာသားအချင်းချင်း အထင်ကြီးချင်မှ ကြီးမှာ။ ဒီတော့ ရတနာသုံးပါးကို အယင်က ယုံကြည် ဆည်းကပ်ရကောင်းမှန်း သိကြမယ် မဟုတ်ဖူးပေါ့။ အခုတော့ ပုဏ္ဏ

မထေရ်မြတ်ရဲ့အကျင့်သိက္ခာ ကောင်းမွန်မှု ဘုရားသျှင့်အဆုံးအမ ဩဝါဒကိုရလို့ ယဉ်ကျေးနေမှု အဘိဉာဏ်ရ ရဟန္တာဖြစ်လို့ တန်ခိုးအာနုဘော် ကြီးမားမှုတို့ကြောင့် သူတို့တတွေ ဥပသကာ များ ဖြစ်လာကြကြောင်း ထင်ရှားပါတတ်။

## ဘုရားသျှင်ကို ပင့်ဆောင်ကြပြီ

ရတနာသုံးပါးကို ဆည်းကပ်ကြည်ညိုတဲ့ ဥပသကာတွေ ဖြစ်လာကြသူ ဝါဏိဇ္ဇရွာသူ ရွာသားတွေဟာ ပုဏ္ဏမထေရ်မြတ်ကို အထူး ကြည်ညိုလေးစား အားထားကြတဲ့အတိုင်း သဘော်နဲ့ ပါလာသမျှဘဏ္ဍာတွေထဲက အသီးသီးအဖို့အစုပြုပြီးတစုကို ပုဏ္ဏမထေရ်မြတ်အား လှူဒါန်းကြတယ်။ ဒီတော့ မထေရ်မြတ်က ငါ့ဖို့ သီးခြားအဖို့အစု ပြုဘွယ် မလိုပါဘူး လို့ ပယ်တော်မူပြီး သင်တို့တတွေ ဘုရားသျှင်ကို ဖူးမြင်ကြဘူးရဲ့လားလို့-မေးပါတယ်။ ကုန်သည်တွေက-မမြင်ဘူးကြပါ အသျှင် ဘုရားလို့-လျှောက်ထားကြတဲ့အခါ- ဒါဖြင့် ငါ့အတွက်ဆိုတဲ့ ဘဏ္ဍာအဖို့အစုနဲ့ ဘုရားသျှင် ကြွရောက်လာတဲ့အခါ သီတင်းသုံးဖို့နဲ့ ဟောကြားတော်မူတဲ့ တရားတော်ကို နာကြားကြဘို့ တန်ဆောင်းဝန်း ဆောက်လုပ်ကြ၊ ဒီလိုဆောက်လုပ်ပြီးယင် ဘုရားသျှင်ကို သင်တို့ ဖူးမြင်ရပါလိမ့်မယ်-လို့ မိန့်ကြားတယ်။ ကောင်းလှပါပြီ အသျှင်ဘုရား-လို့ လျှောက်ထားကြပြီး ပုဏ္ဏမထေရ်အား လှူဒါန်းတယ်ဆိုတဲ့ အဖို့အစုရော သူတို့ရတဲ့ အဖို့အစုတွေပါ အားလုံး ညှော်ခံတန်ဆောင်းဝန်းကြီး ဆောက်လုပ်ရန် သဘောတူလိုက်ကြတယ်။ သဘောတူပြီးကြတယ်ဆိုယင်ပဲ ဆောက်လုပ်ဖို့ တခါထဲ လုံးပန်း အားထုတ်ကြတော့တာပါပဲ။

တန်ဆောင်းဝန်းကြီးဆောက်လုပ်ဖို့ အားထုတ်ကြတဲ့အခါက

စပြီး ညအချိန်မှာ ကြွရောက်၊ ကြွရောက်ပြီး ဘုရားသျှင်သီတင်း သုံးတော်မူသတဲ့။ ဒါပေမယ့်လူတွေက ညအခါ ဘုရားသျှင်ရဲ့ ရောင်ခြည်တော်ကို မြင်ကြတဲ့အခါ ဒီတန်ဆောင်းဝန်းဆောက် လုပ်မယ့်နေရာမှာတန်ခိုးကြီးတဲ့ နတ်ကြီးရှိတယ်လို့ ထင်ကြတယ်။ ဘုရားသျှင် ကြွကြွလာတယ်ဆိုတာကို မသိကြဘူး။ ဘုရားသျှင် သီတင်း သုံးဘို့နေရာ၊ သံဃာတော်တွေ သီတင်းသုံးဘို့ နေရာ၊ အလှူပေးဘို့နေရာ၊ ဒီလို သူ့နေရာနဲ့သူ ဆောက်လုပ်ပြီးတဲ့အခါ အသျှင်ဘုရား တန်ဆောင်းဝန်း ဆောက်လို့ပြီးပါပြီ မြတ်စွာ ဘုရားကို ပင့်ဘို့သာ လိုပါတော့တယ်ဘုရား–လို့ ပုဏ္ဏမထေရ် မြတ်ကို ကုန်သည်တွေက လျှောက်ထားကြတယ်။

ဘုရားသျှင်ကို ပင့်ဆောင်ပေးရန် တာဝန်ရှိတဲ့အတိုင်း ပုဏ္ဏ မထေရ်မြတ်ဟာ ဘုရားသျှင်ကို ပင့်ဖိတ်ရန် တန်ခိုးတော်နဲ့ သာဝတ္ထိပြည်ကို ကြွသွားတယ်။ သာဝတ္ထိပြည် ဘုရားသျှင်ထံ ရောက်တော့ (မြတ်စွာဘုရား–ဝါဏိဇ ရွာသူရွာသားတွေဟာ ဘုရားသျှင်ကို ဖူးမြင်လိုကြပါတယ်ဘုရား၊ ထိုရွာသူရွာသားတွေ ကို သနားချီးမြှောက်တော် မူပါရန် လျှောက်ထားပါသည် ဘုရား)လို့ လျှောက်ထား တောင်းပန်ပါတယ်။ ဘုရားသျှင် လက်ခံတော်မူတာကို သိတဲ့အခါ ပုဏ္ဏမထေရ်မြတ်လဲ ဝါဏိဇ ဂါမကို ပြန်လာခဲ့တယ်။

## ဘုရားသျှင် ကြွတော်မူပြီ

အာနန္ဒာ–မင်းမနကဖြန် သုနာပရန္တတိုင်း ဝါဏိဇဂါမကို ဆွမ်းခံ သွားကြမယ်၊ ရဟန်းယောကျ်ား (၄၉၉) လေးရာ့လေး ဆယ့်ကိုးဦးကို စာရေးတံမဲ ကောက်ပြီး ခေါ်ခဲ့ရမယ်–လို့ အာနန္ဒာမထေရ်ကို ဘုရားသျှင်က အမိန့် ပေးတော်မူပါတယ်။

သျှင်အာနန္ဒာကကောင်းပါပြီအသျှင်ဘုရား-လို့ လျှောက်ထားပြီး ကောင်းကင်က ကြွနိုင်တဲ့ အဘိဉာဏ်ရ ရဟန်းတော်တွေကို စာရေးတံ ကောက်ယူတော်မူစေပါတယ်။

မနက်ဖြန် ဘုရားသျှင် ကြွရောက်တော်မူလိမ့်မည်ကို ဝါဏိဇ ရွာသူရွာသားတွေကလဲ ပုဏ္ဏမထေရ်မြတ်ထံမှ သိပြီးသားဖြစ်နေကြတယ်။ ဒီလိုနဲ့ သိနေကြတဲ့ ဝါဏိဇရွာသူရွာသားတွေဟာ အင်မတန် ဝမ်းသာဝမ်းမြောက်ဖြစ်ပြီး ဆောက်လုပ်ပြီး တန်ဆောင်းဝန်းကြီးသာမက အလှူဦးပေးဘို့ ရွာလယ်တွင် မဏ္ဍာပ်ကြီးကြီးတဆောင်ကို အမြန် ဆောက်လုပ်လိုက်ကြပြန်ပါတယ်။

ဘုရားသျှင်လဲ ဝါဏိဇဂါမကို ကြွတော်မူရန် နံနက်စောစောကပဲ ကိုယ်လက်သုတ်သင်တော်မူပြီး ဂန္ဓကုဋိကျောင်းတော်သို့ ဝင်တော်မူလျက် အနည်းငယ်မျှ ဖလသမာပတ် ဝင်စားရင်းထိုင်နေတော်မူပါတယ်။ ဒီတော့ သုနာပရန္တတိုင်းကို ဘုရားသျှင်ကြွတော်မူမှာကို သိကြားမင်းကြီးကသိသွားလို့ ဝိသကြုံနတ်သားကို ဒီလို ခေါ်ပြောတယ်။

အမောင် ဝိသကြုံနတ်သား၊ ယနေ့ ယူဇနာသုံးရာရှိတဲ့ ခရီးကိုကြွတော်မူပြီး ဘုရားသျှင် ဆွမ်းခံတော်မူလိမ့်မယ်။ ပြာသာဒ်ငါးရာဖန်ဆင်းပြီး ဇေတဝန်ကျောင်းတော်ရဲ့ တံခါးမုခ် အထက်မှာ ဘုရားသျှင်နဲ့အတူ သံဃာတော်တို့ ကြွရောက်ဖို့ အသင့်ပြင်ထားရမယ်-လို့ ခိုင်းလိုက်တယ်။

ဝိသကြုံ နတ်သားဆိုတာ အဆောက်အဦတခုခု ဖန်ဆင်းစရာရှိပြီဆိုယင် အရာဌာနအားလျော်စွာ သူ့နေရာနဲ့သူ လိုက်လျောအောင် ဖန်ဆင်းပေးတတ်တဲ့ နတ်သားဖြစ်တယ်။ လူလိုပြောရယင် နတ်အင်ဂျင်နီယာကောင်း နတ်လက်သမားကောင်းပေါ့။

ဘုရားအလောင်းတော်တို့လို ဘုန်းရှိကံရှိ လူတွေအတွက် မြိုးကနဲ အယင်စလို့ ဖန်ဆင်းပေးစရာ ရှိလာပြီဆိုယင် တခဏချင်း ပြီးစီးအောင် ဖန်ဆင်းပေးနိုင်တဲ့အစွမ်း သူ့မှာရှိတယ်။ ဒါကြောင့် ဖန်ဆင်းပေးဘို့လိုလာယင် သိကြားမင်းက ဝိသကြုံနတ်သားကို ချည်း ခိုင်းတာပဲ။ ဘုရားသျှင်ဟာ အခု နာရီပိုင်းအတွင်းမှာပဲ ခရီးဝေး ကြွစရာကိစ္စ ရှိနေတယ်။ ဒါကြောင့် အမြန်ဆုံးနည်းနဲ့ ပြဿာဒ်ငါးရာ ဖန်ဆင်းပေးနိုင်မှဖြစ်မှာပဲ။ဒီလိုတခဏချင်းအချိန်မှာ မြန်မြန်လဲ ပြဿာဒ်ငါးရာ ပြီးစီးအောင် လုပ်ရမယ်။ အချိုးလဲကျ ကောင်းလဲကောင်းအောင် လုပ်ရမယ်။ အလိုရှိယင်ရှိသလို ပြီးရမယ့် ဒီကိစ္စမျိုးကို ဝိသကြုံနတ်သားက လိုလေသေးမရှိအောင် ပြုလုပ်ပေးနိုင်စွမ်းရှိတယ်။

အခုဆိုယင် ဘုရားသျှင်ဘို့ ပြဿာဒ်ကို မုခ်လေးခု၊အဂ္ဂသာဝကနှစ်ပါးဘို့ ပြဿာဒ်နှစ်ဆောင်ကို မုခ်နှစ်ခုစီ၊ ကျန်တဲ့ရဟန်းတော်များဘို့ ပြဿာဒ်တွေကို မုခ်တခုစီနဲ့ ဖန်ဆင်းပြုလုပ် ပေးထားလိုက်တယ်။ ဇေတဝန်ကျောင်းတော်ရဲ့ တံခါးခုံအထက် ကောင်းကင်မှာ ပြဿာဒ်တွေကို သူ့နေရာနဲ့သူ အစဉ်အတိုင်း စီတန်းပြီးသား ဖြစ်နေလို့ အလိုရှိတဲ့အချိန်မှာ တက်ထိုင်လိုက်ရုံပဲရှိတော့တယ်။

ဖလသမာပတ်ကို ဝင်စားပြီးလို့ ဇေတဝန်ကျောင်းတော်မှ ထွက်ကြွလာတဲ့ ဘုရားသျှင်က ပြဿာဒ်ငါးရာတို့တွင် ရှေ့ဆုံးအဦးဖြစ်တဲ့ ပြဿာဒ်သို့ ဝင်တော်မူပါတယ်။အဂ္ဂသာဝကစတဲ့ ရဟန်းတော်တွေက နောက်မှာရှိတဲ့ ပြဿာဒ်တွေမှာ သူ့နေရာနဲ့သူ အသီးသီး ဝင်တော်မူကြတယ်။ ပြဿာဒ်တဆောင်မှာတော့ ရဟန်းတော်တပါးမှမပါပဲ ပြဿာဒ်ချည်းပဲ။ ဒီပြဿာဒ်တွေဟာ

ဘုရားသျှင်နဲ့တကွ လေးရာ့ကိုးဆဲ့ကိုးပါးသော ရဟန်းတော်တို့ကို သယ်ဆောင်ပြီး ကောင်းကင်ကနေပြီးသုနာပရန္တတိုင်းဝါဏိဇဂါမဆီသို့ ရှေးရှုသွားနေကြပါတယ်။စိတ်ထဲမှန်းဆပြီး ကြည့်ကြစမ်းပါလား၊ဘယ်လောက်များ ကြည်ညိုစရာ ကောင်းလိုက်သလဲဆို။ ဒီလောက်တင့်တယ်တဲ့ ကြက်သရေမျိုးကို ဘုရားသျှင်ကလွဲလို့ ဘယ်သူ တစုံတယောက်မှ မရနိုင်ပါဘူး။

## ပြဿာဒ်ငါးရာနဲ့ တစ်ဆောင်

သိကြားမင်းက ဝိသကြုံနတ်သားကို(ပဥ္စကုဋာ ဂါရသတာနိ မာပေတွာ) ပြဿာဒ်ငါးရာ ဖန်ဆင်းရမယ်လို့ ခိုင်းပါတယ်။ ဒီပြဿာဒ်တွေကို ဘုရားသျှင်အတွက် တဆောင်၊ နောက်ပါရဟန္တာတွေအတွက် ၄၉၉-ဆောင်၊ ပေါင်းလိုက်တော့ ပြဿာဒ် ၅၀၀-စေ့နေပါတယ်။ ရဟန်းတော်တပါးမျှ ပါရှိတာမဟုတ်တဲ့ ပြဿာဒ်ဆောင်ဟာ ၅၀၀-က ကျော်လွန်နေတာကို တွေ့ကြရပါတယ်။ ဒီတော့ ငါးရာဖန်ဆင်းထားတာ ဘယ်ကတဆောင်ရောက်လာရသလဲလို့ မေးစရာဖြစ်နေပါတယ်။ အရေအတွက်သင်္ချာကို ဆိုတဲ့နေရာမျိုးမှာ ဒီလိုပဲ ဆိုတတ်ပါတယ်။နဲ့နဲ့ ကျော်လွန်တာမျိုး၊ နဲ့နဲ့ လျော့တာမျိုးကို ထည့်သွင်းပြီး မရေမတွက်ပဲထားတတ်ပါတယ်။ ဇာတ်တော် ငါးရာ့ငါးဆယ်ဆိုတဲ့ နေရာမျိုးတွေလိုပေါ့။

## သစ္စဗန္ဓဘုံ့ တဆောင်

ပြဿာဒ်ပေါင်း ငါးရာကျော်နဲ့ ကြွတော်မူလာတဲ့ ဘုရားသျှင်တို့ သစ္စဗန္ဓဆိုတဲ့တောင်ကို ရောက်တော်မူတဲ့အခါ ပြဿာဒ်တွေကို ကောင်းကင်မှာထားခဲ့ပြီး မြေပြင်သို့ ဆင်းသက်တော်မူကြပါတယ်။ အကြောင်းက ဒီတောင်မှာ သစ္စဗန္ဓဆိုတဲ ရသေ့တဦး

ရှိပါတယ်။ ဒီရသေ့ဟာ သူကိုယ်တိုင်က မိစ္ဆာအယူကိုယူပြီး လူတွေကို သူယူတဲ့ မိစ္ဆာအယူကို ဟောပြော သင်ကြားပေးနေတာဖြစ်လို့ လာဘ်လာဘတွေ ပေါများနေပါတယ်။ ဒါပေမယ့် အိုးအတွင်းမှာ ထွန်းထားတဲ့ဆီမီးတောက်လို သူ့အဇ္ဈတ္တသန္တာန်မှာအရဟတ္တမဂ်ဖိုလ်ရဲ့ ဥပနိဿယ မီးတောက်ကလေးဟာ ထွန်းတောက်လျက်ရှိနေတာကို ဘုရားသျှင်က မြင်တော်မူပါတယ်။ ဒီရသေ့ကို တရားဟောပြဘို့ ရှိနေတာနဲ့ မြေပြင်သို့ ဆင်းသက်တော်မူရခြင်းပါပဲ။ ဝဋ်ဆင်းရဲအတွင်းက လွတ်မြောက်ရန် ချေချွတ်ဖို့ဆိုယင် တယောက်ထဲပဲဖြစ်ဖြစ် အများပဲဖြစ်ဖြစ် နီးတဲ့နေရာမှာပဲဖြစ်ဖြစ် ဝေးတဲ့နေရာမှာပဲဖြစ်ဖြစ် ကြွရောက် ချေချွတ်တော်မူတယ်ဆိုတာ ဘုရားသျှင်တို့ရဲ့ ထုံးတမ်းစဉ်လာ ဓမ္မတာပဲဖြစ်ပါတယ်။

သစ္စဗန္ဓရသေ့ဆီ ရောက်တဲ့အခါ ဘုရားသျှင်က ရသေ့အား သစ္စာတရားကို ဟောပြတော်မူပါတယ်။ဒေသနာတော်ရဲ့အဆုံးမှာ သစ္စဗန္ဓရသေ့ဟာ အရဟတ္တဖိုလ်ရောက် ရဟန္တာ ဖြစ်သွားပါတယ်။ ရဟန္တာဖြစ်တဲ့အခါ ဈာန်အဘိညာဏ်ရ ရဟန္တာဖြစ်သွားတယ်။ ရဟန်းလေးမျိုးတို့တွင် ဧဟိဘိက္ခု ရဟန်းဖြစ်လို့ တန်ခိုးနဲ့ပဲ သပိတ်သင်္ကန်းကိုဆောင်လျက်ဝါရပြီး မထေရ်ကြီးလို ကြည်ညိုဘွယ် ဖြစ်သွားပါတယ်။ ဘုရားသျှင်နှင့်တကွ ရဟန္တာတွေ ပြဿာဒ်ဆောင်သို့ ပြန်ဝင်ကြတဲ့အခါ အလှတ်ပါလာတဲ့ ပြဿာဒ်ဆောင်တွင် သစ္စဗန္ဓ ရဟန္တာက ဝင်ရောက်တော်မူပါတယ်။ အယင်က ပြဿာဒ်ဆောင်တဆောင် အပိုပါလာခဲ့ပေမယ့် အခုတော့ မပိုတော့ပဲ သူ့ပြဿာဒ်ဆောင်နဲ့သူ ရဟန္တာတွေ အပြည့်အစုံ ဖြစ်သွားပါပြီ။

## ဝါကလိဇဂါမသို့ ရောက်တော်မူပြီ

ဝါကလိဇဂါမသို့ ပြဿာဒ်ငါးရာကျော်နဲ့ ကြွရောက်တော်မူပေမယ့် ရှာဝင်ကျတော့ ပြဿာဒ်တွေကို မမြင်အောင်ပူပြီး ဝင်တော်မူကြတယ်။ ဘုရားသျှင် အမှူးရှိတဲ့ သံဃာတော်တွေ ကြွရောက်လာတဲ့အခါ ရှေးဦးစွာ ရွာ လယ် မ ကျွပ် တွင် ပင့် ပြီး ဝါကလိဇရွာသူရွာသားတွေဟာ အားရပါးရ ရှင်လန်းဝမ်းမြောက်စွာနဲ့ အလှူကြီးပေးလှူကြတယ်။ အလှူကြီး ပေးလှူပြီးတဲ့အခါ မကုလာရုံကျောင်းသို့ ပင့်ဆောင်ကြပါတယ်။မကုလာရုံကျောင်းရောက်တော့ ဘုရားအမှူးရှိတဲ့ သံဃာတော်ငါးရာတို့ဟာကောင်းစွာ ဆောက်လုပ်ထားတဲ့ တန် ဆောင်း ဝန်း ကြီးထဲမှာ ဆွမ်းဘုဉ်းပေးတော်မူကြပါတယ်။

ဘုရားသျှင်နှင့်တကွ သံဃာတော်များ ဆွမ်းကပ်ပြီးတဲ့အခါ လူတွေ နံနက်စာ စားကြတယ်။ ကျွေးမွေး စားသောက်မှုတွေ အားလုံးပြီးပြီဆိုတော့ ပုဉ်သီလ ယူထားပြီးဖြစ်တဲ့ ရွာသူ ရွာသားတွေဟာ ပန်းနံ့ သာ-စသည်ကို ယူလာကြပြီး တရားနာဘို့ရာ ဘုရားသျှင်ရှိရာကျောင်းကို ပြန်လာကြတယ်။ ပုထုဇ္ဇမထေရ်မြတ်နဲ့ ရင်းနှီးဆက်နွယ်ပြီး ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေကြတဲ့ ရွာသူရွာသားတွေဆိုတော့ ပဌမဆုံး ဘုရားသျှင်ကိုယ်တော်တိုင် ဟောတော်မူမယ့် တရားတော်ကို အင်မတန် ကြားနာချင်နေကြမှာပဲ။ သူတို့တွေဟာ အယင်က လက္ခဏာတော် ကြီးငယ်နဲ့ ပြည့်စုံ သပ္ပါယ်တော်မူလှတဲ့ ဘုရားသျှင်ကို ဖူးမြင်ဘူးကြတာကလဲ မဟုတ်လို့ အခုတကြိမ်သာ ဖူးတွေ့ရတဲ့ဘုရားသျှင်ကို အားရအောင် ဖူးမြင်ကြရသေးတာ မဟုတ်ဘူး။ဒါကြောင့် ဘုရားသျှင်

ကိုလဲ အားရအောင် ဖူးမြင်လိုကြမယ်။ တရားတော်ကိုလဲ နာကြားလိုကြမယ်ဆိုတာ မှန်းဆ ကြည့်နိုင်ပါတယ်။

သံသရာမှထွက်မြောက်ကြောင်း တရားတော်ကို ဘုရားသျှင် ဟောတော်မူတဲ့ တရားအဆုံးမှာ (မဟာဇနသြ၊လူများအပေါင်း၏။ ဗန္ဓနမောက္ခော၊ အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းသည်။ ဇာတော၊ ဖြစ်၏)လို့ အဋ္ဌကထာ တွင် ဖွင့်ပြထားပါတယ်။ ဘယ်အဆင့်လောက်ကနေပြီး ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်ကြတယ်လို့တော့ အတိအကျ ဖွင့်ပြမထားပါဘူး။တချို့ သောတာပန်၊တချို့ သကဒါဂါမ်အဖြစ်နဲ့ လွတ်မြောက်တာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အနာဂါမ်တို့ ရဟန္တာတို့ အဖြစ်ထိအောင် မရောက်လို့ရှိယင် ဒီလို သာမည လောက်သာ ဖွင့်ပြတတ်လို့ပါပဲ။အနာဂါမ်တို့ ရဟန္တာတို့ဆိုတာ က သိသိသာသာထူးခြားတဲ့ အရိယာပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

## ဗုဒ္ဓ ကောလာဟလ

ဒီနေရာ ဒီဌာနမှာ ဘုရားသျှင်ကို ဖူးမြင်ကြရတာကလဲ လက်ဦးအစ ဖြစ်တယ်။ ဘုရားသျှင် ကိုယ်တော်တိုင် ဟောတော်မူတဲ့ တရားတော်ကို နာကြားကြရတာကလဲ အစအဦးတရားတော် ဖြစ်နေတယ်။ပြီးတော့ တရားနာပရိသတ်တွေ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ လမ်းပေါ်သို့လဲ တိတိကျကျ တက်ရောက်မိနေကြပြီဖြစ်တယ်။ ဒါကြောင့် တရားတော်ကို နာကြားပြီးကြတယ်ဆိုယင်ပဲ ဘုရားသျှင်နဲ့စပ်တဲ့ အုပ်အုပ်ကျက်ကျက် အသံတွေ ထွက်ပေါ်လာကြတယ်။ ဒါကို ဗုဒ္ဓ ကောလာဟလ အကြီးအကျယ်ဖြစ်တယ်လို့(မဟန္တံ ဗုဒ္ဓကောလာဟလံ အဟောသိ)ဒီလို အဋ္ဌကထာက ဖွင့်ပြထားပါတယ်။ မျက်မှောက်ခေတ်မှာတော့

အခြေအမြစ် မရှိတာတွေကို ပြောနေကြတယ်ဆိုယင်(အလကား ကောလာဟလ စကားတွေပဲ ယုံစရာမရှိပါဘူး၊ မယုံပါနဲ့)လို့ ဆိုလေ့ရှိကြတယ်။ ဒီနေရာမှာ ဖွင့်ပြထားတဲ့ ဗုဒ္ဓ ကောလာဟလ ဆိုတာကတော့ မယုံရတဲ့ကောလာဟလမျိုးကို ဆိုတာမဟုတ်ပါ ဘူး။ ကိုယ်တွေ့ဖြစ်တဲ့ ဘုရားသျှင်ရဲ့ ဂုဏ်ကျေးဇူးနဲ့စပ်တဲ့ အုပ်အုပ် ကျက်ကျက်ဖြစ်တဲ့ ကောလာဟလတွေ ဖြစ်ပါတယ်။

ဘုရားသျှင် ဟောတော်မူတဲ့ တရားတော်ကို နာကြားရတာ ဘယ်လောက်တောင်ကောင်းတယ်။ ရှင်းလင်းပြတ်သားတဲ့ အသံ တော်နဲ့ ဟောကြားတာဖြစ်လို့ သိလွယ်တယ်။ အယင်တုန်းက မကြားဘူး၊မသိဘူးတဲ့ တရား တော် တွေ ကို နာကြားရတယ်။ နက်နဲသိမ်မွေ့ပြီး သိနိုင်ခဲတဲ့ တရားတွေကိုဘုရားသျှင်က သိတော် မူတယ်။ ဘုရားသျှင်နဲ့တွေ့ရတာ ငါတို့ အတွေ့နောက်ကျတယ်- စတဲ့ အုပ်အုပ်ကျက်ကျက် ကောလာဟလတွေသာ ဖြစ်ဘို့ရှိပါ တယ်။ဒီ ကောလာဟလတွေဟာ သူတို့ကိုယ်တွေ့ အမှန်တွေချည်း ဖြစ်လို့ မျက်မှောက်ကာလမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ မမှန်မကန် ကောလာဟလမျိုး မဟုတ်ပါဘူး။

## ပုဏ္ဏမထေရ်ကို ထားခဲ့မယ်

ဝါဏ်ဇဂါမမှာရှိတဲ့ လူအပေါင်းကို ချီးမြှောက်တော်မူ လိုလို့ ဝါဏ်ဇဂါမတွင် နှစ်ရက် သုံးရက် ဘုရားသျှင် သီတင်းသုံး နေထိုင်တော်မူပါတယ်။ နေအရုဏ်ကိုတော့ ဂန္ဓကုဋိကျောင်း တော်ကိုပြန်ပြီး တက်စေတော်မူပါတယ်။ ဝါဏ်ဇဂါမမှာ နှစ် ရက် သုံးရက် နေ ထိုင် တော် မူ တဲ့ အတွင်းမှာလဲ ဝါဏ်ဇ ဂါမတွင် သံဃာတော် အပေါင်းနှင့်တကွ ဆွမ်းခံတော်မူပါ တယ်။ နောက်ဆုံးရက်မှာ ဆွမ်းခံပြီးတော့ မကုလာရုံကျောင်း

သို့ ပြန်ကြွတော်မမူတော့ပဲ (ချစ်သား ပုဏ္ဏ၊ ဤ ဝါဏိဇဂါမ မှာသာ နေလော့)လို့ မိန့်ကြားတော်မူပြီး ပုဏ္ဏမထေရ်ကို ဝါဏိဇ ဂါမကနေ မကုလာရုံကျောင်းသို့ ပြန်စေတော်မူပါတယ်။

အပြန်ခရီးအကြားတွင် နမ္မဒါဆိုတဲ့ မြစ်ရှိပါတယ်။အဲဒီ မြစ် ကမ်းမှာ နမ္မဒါ နဂါးမင်းရဲ့ ဘုံဗိမာန်ရှိပါတယ်။ နဂါးမင်းရဲ့ အပူဇော်ကို ခံတော်မူရန် အဲဒီ ဘုံဗိမာန်ကို ဘုရားသျှင်က ဆက် လက် ကြွတော်မူပါတယ်။

## ခြေရာတော်တဆူချထားခဲ့တယ်

နဂါးမင်း ဘုံဗိမာန် ကြွတော်မူရာမှာ နဂါးမင်းက ဘုရား သျှင်ကို ခရီးဦးကြိုပြုပြီး ကြိုဆိုပါတယ်။ နဂါးမင်းဘုံဗိမာန်ထဲသို့ ဘုရားသျှင် ဝင်ရောက်တော် မူတဲ့အခါ ဘုရား တရား သံဃာ ရတနာသုံးပါးအပေါင်းကို နဂါးမင်းက ပူဇော်သက္ကာရပြုတယ်။ နဂါးမင်းကို သင့်လျော်တဲ့ တရားစကား ဟောပြောတော်မူပြီး ဘုံဗိမာန်ထဲကထွက်ကြွတော်မူရာတွင်(မြတ်စွာဘုရားတပည့်တော် အား သနားခြင်းဖြင့် ကိုးကွယ် ပူဇော်ဘွယ်ကို ပေးသနားတော် မူပါ)လို့ တောင်းပါတယ်။ နဂါးမင်း တောင်းပန်သည်ကို အ ကြောင်းပြုပြီး နမ္မဒါမြစ်ကမ်းတွင် ခြေတော်ရာ(စက်တော်ရာ) တဆူ ချထား ပေးသနားတော် မူပါတယ်။ နဂါးမင်းအတွက် ချထားခဲ့တဲ့ ဒီစက်တော်ရာဟာ နမ္မဒါ မြစ်ကမ်းမှာဖြစ်လို့ မြစ် ရေ တက်လာတဲ့အခါမှာ ရေလွှမ်းနေတယ်လို့ ဆိုပါတယ်။ရေ ကျသွားတဲ့အခါမှာသာ စက်တော်ရာ ပေါ်လာတာဖြစ်လို့ ဖူး မြင်နိုင်ပါတယ်။နဂါးမင်းနှင့် တကွ လူများအပေါင်းဟာ စက် တော်ရာကိုအကြီးအကျယ် ပူဇော်သမှု ပြုကြကြောင်း ဖွင့်ဆိုထား ပါတယ်။

## အထက် စက်တော်ရာ

နမ္မဒါမြစ်ကမ်းရှိ နဂါးမင်းဗိမာန်မှ သစ္စဗန္ဓတောင်သို့ ဘုရားသျှင် ကြွတော်မူပြန်ပါတယ်။ ဒီသစ္စဗန္ဓတောင်ကို ဝါဏိဇဂါမသို့ ကြွစဉ်ကလဲ သစ္စဗန္ဓရသေ့ရဲ့ ဥပနိဿယကို မြင်တော်မူလို့ ဘုရားသျှင် ဝင်ရောက်တော်မူပါသေးတယ်။ အခု သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူရာမှာလဲ ရသေ့အဖြစ်က ရဟန္တာဖြစ်လာတဲ့ သစ္စဗန္ဓမထေရ်ကို ထားခဲ့ဘို့ ဝင်ရောက်တော်မူရပြန်ပါတယ်။ သစ္စဗန္ဓတောင်ကို ရောက်တော်မူတဲ့အခါ (သင်ချစ်သားဟာ လူများအပေါင်းကို အပါယ်လမ်းမပေါ်တွင်ယခင်က ချထားခဲ့တယ်။သင်ချစ်သား ဒီတောင်မှာပဲ နေရစ်ပြီးတော့ ထိုလူအပေါင်းရဲ့ အယူမှားတွေကို စွန့်စေပြီး နိဗ္ဗာန်ခရီးလမ်းမပေါ် ရောက်အောင် တင်ပေးရမယ်)လို့သစ္စဗန္ဓမထေရ်အား ဘုရားသျှင်က မိန့်ကြားတော်မူပါတယ်။

တပည့်တော်အားလဲ လုပ်ကျွေးပူဇော်ဘွယ် ပေးသနားတော်မူရန် တောင်းလျှောက်ထားပါတယ် ဘုရား–လို့ သစ္စဗန္ဓမထေရ်က နဂါးမင်းနည်းတူ တောင်းပန် လျှောက်ထားပြန်လို့ ဘုရားသျှင်က စက်တော်ရာတဆူ ချထား ပေးသနားတော်မူပြန်ပါတယ်။ ဒီခြေတော်ရာ (စက်တော်ရာ)ကိုတော့ သစ္စဗန္ဓတောင်ပေါ်ရှိ ကျောက်ပြားပေါ်မှာ မြေညက်စိုစိုပေါ်တွင် တံဆိပ်နှိပ်သကဲ့သို့ ချထား ပေးသနားတော်မူပါတယ်။

## အငြင်းပွားစရာ ဖြစ်နေတယ်

စက်တော်ရာနှစ်ဆူ ချထားရာ နေရာဒေသနဲ့ ပတ်သက်ပြီး အယူအဆတွေ အမျိုးမျိုးဖြစ်နေကြတာတွေ ရှိတယ်။ တချို့က ဒီစက်တော်ရာနှစ်ဆူကိုသာ မြန်မာပြည် မင်းဘူးခရိုင်အတွင်းမှာ

ရှိတဲ့ စက်တော်ရာနှစ်ဆူပဲဖြစ်တယ်လို့ ဆိုကြပါတယ်။ တချို့က အိန္ဒိယပြည်ရှိ ဗုမ္ဗိုင်(ဘုံဗိုင်)မြို့မြောက်ဖက်၊ ထာနာ(သာန) စီရင်စုနှင့် သုရတ (စုရတ်) ဒိစတြိတ်အတွင်းမှာရှိတဲ့ စက်တော်ရာများဖြစ်တယ်လို့ ဆိုကြပါတယ်။

နမ္မဒါမြစ်တို့၊ သစ္စဗန္ဓ တောင်တို့၊ အထက် စက်တော်ရာ အောက်စက်တော်ရာတို့ဆိုတာ မြန်မာပြည်အတွင်းမှာလဲ အပြည့်အစုံရှိနေပါတယ်။ အယင်တုန်းက ချောင်းကြီးကြီးဆိုယင် မြစ်လို့ ခေါ်ပါတယ်။အခုတော့ လှေတို့ သင်္ဘောတို့ နွေရောမိုးပါ သွားလာနိုင်မှသာ မြစ်လို့ခေါ်နေကြပါတယ်။ သစ္စဗန္ဓ တောင်ခြေမှာ (မန်းချောင်း) ဒါမှမဟုတ် (နမ္မဒါမြစ်) ဆိုတာ မကွေးတိုင်းမင်းဘူးခရိုင် အတွင်းမှာ ရှိနေပါတယ်။ လှေတို့ သင်္ဘောတို့ နွေရော မိုးပါ အမြဲသွားလာနေတာမဟုတ်လို့ အခုတော့ ဒီနမ္မဒါမြစ်ကို မန်းချောင်းလို့ အခေါ်များနေပါတယ်။ အခုမန်းချောင်းလို့ခေါ်နေကြတဲ့ နမ္မဒါမြစ်ကမ်းဘေးမှာ အောက်စက်တော်ရာ နမ္မဒ မြစ်ရဲ့အထက် သစ္စဗန္ဓတောင်စောင်းမှာ အထက်စက်တော်ရာဆိုတာ အထင်အရှားရှိနေပါတယ်။ ဒီခြေတော်ရာ နှစ်ဆူဟာ အယင်က အဆက်ပြတ်ပြီး မြန်မာ ပြည်သူ ပြည်သားတွေက ရှိမှန်းမသိပဲ ဖြစ်နေခဲ့ကြရာမှ တောင်ဖီလာ ဆရာတော်ကြီးများ ရှာဖွေ တွေ့ရှိကြလို့ တဖန် ထင်ရှားစွာ လူအများ သိလာကြပြန်တာဖြစ်ပါတယ်။ တောင်ဖီလာ ဆရာတော်ကြီးများဟာ ပါဠိ အဋ္ဌကထာ ကျွမ်းကျင်လိမ္မာတော်မူကြတဲ့ ဆရာတော်ကြီးများဖြစ်လို့ ပါဠိ အဋ္ဌကထာ လာအတိုင်း စက်တော်ရာနှစ်ဆူကို ရှာတော်မူခဲ့ကြခြင်းဖြစ်ပါတယ်။ ရှာတော်မူခဲ့ကြတဲ့အတိုင်း ပါဠိ အဋ္ဌကထာနဲ့အညီ တွေ့ရှိတော်မူခဲ့ကြတာဖြစ်လို့ တပို့တွဲ

လပြည့်ကစပြီး တပေါင်းလပြည့်အထိ ဘုရားဖူးတွေ အနယ်နယ် အရပ်ရပ်မှ သွားရောက်ဖူးမြင်ကြတာဟာ သိကြတဲ့အတိုင်း အင်မတန် စည်ကားသိုက်မြိုက်လှပါတယ်၊ ဒါဟာ တနှစ်တလေ မဟုတ်ပါဘူး။ နှစ်စဉ်နှစ်တိုင်း ဒီလိုစည်ကားနေတာပါပဲ။ အခု ဖော်ပြခဲ့တာက မြန်မာပြည်ရှိ စကြာတော်ရာနှစ်ဆူ ဖြစ်ပါတယ်။

**အိန္ဒိယပြည်မှာလဲ ရှိ**

နမ္မဒါမြစ်ဟာ အိန္ဒိယပြည်မှာလဲရှိတယ်လို့ဆိုပါတယ်။ ဒီမြစ် အိန္ဒိယပြည်အလယ်လောက်မှာ ဇဗလပူရ (ဇပါရ်မြို့) ပေန္ဒြာမြို့များမှ မြစ်ဖျားခံပြီး ဝိန္ဓယတောင်၊ သတ်ပုရတောင်၊ အဇဏ္ဍာ တောင်ကြားများက ဖြတ်သန်းသွားတယ်။ အရှေ့မှ အနောက်သို့ စီးဆင်းတာဖြစ်လို့ ကံဗယ်ကွေ့အနီး ယခု ဘရောချ်ခေါ် ဘရုကစ္ဆသို့ စီးဆင်းပြီး အာရေဗျပင်လယ်အတိုင်း စီးထွက်သွားတယ်လို့ဆိုပါတယ်။

သစ္စဗန္ဓတောင်ဆိုတာ မြေပုံထဲမှာ ဒီအမည်နဲ့ မတွေ့ရပေမယ့် နမ္မဒါမြစ်အနီးမှာရှိရမှာပဲတဲ့။ နမ္မဒါမြစ်တလျှောက်မှာ တောင်တွေတော်တော်များများရှိတာဖြစ်လို့ မြေပုံတွင် ပြည့်စုံအောင် ဖော်ပြနိုင်ဟန် မတူပါဘူး။ မဟာ သုဇာတက ကျမ်းမှာတော့ နမ္မဒါမြစ်အနီး သတ်ပုရ်တောင်ထိပ်မှာ ခြေတော်ရာရှိကြောင်း ပါရှိတယ်လို့ဆိုပါတယ်။

ခြေတော်ရာရှိသည်ဆိုတဲ့ အဲဒီသတ်ပုရ် တောင်ဟာ နမ္မဒါ မြစ်နဲ့ တာပတီခေါ် တာပိမြစ်တို့အကြားမှာရှိတယ်။ ခြေတော်ရာ ဖူးမြင်ရန်သွားလာ လှည့်လည် ဘူးသူတွေက အဲဒီနေရာ တောင်မှာ ခြေတော်ရာရှိကြောင်း၊ ဒါပေမယ့် တခြားဘာသာ ဝင်တွေက သူတို့ ဘုရား ခြေတော်ရာ ဆိုပြီး သိမ်းပိုက်ထား

ကြောင်း ပြောကြသတဲ့။ ဒီလိုပဲ စက်တော်ရာ နှစ်ဆူနဲ့ ပတ်သက်ပြီး ဘယ်မှာရှိတာက စစ်မစစ် အငြင်းပွားစရာ ဖြစ်နေခဲ့ပါတယ်။

## ကုသိုလ်တရား တိုးပွားကြောင်း

စက်တော်ရာ ဖူးမြင်သူတို့ အတွက်ကတော့ စစ်မစစ်သိပ်ပြီး အရေးမကြီးလှပါဘူး။ ဘုရားသျှင်ရဲ့ ဂုဏ်တော်ကို အာရုံပြုပြီး စေတနာ သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ ဖူးမြင်ဘို့သာ လိုပါတယ်။ ဘုရားဂုဏ်တော်ကို အာရုံပြုပြီး ဖူးမြင်နိုင်ယင် အစစ်ကိုပဲ ဖူးရ၊ဖူးရ။အတုကိုပဲ ဖူးရ၊ဖူးရ ကုသိုလ် ပွားတာချည်းပါပဲ။ ရုပ်ပွား ဆင်းတုတော်ကိုလဲ ဒီလို ဖူးမြင် နေကြရတာပဲ မဟုတ်လား။ ဘုရားသျှင် မရှိတဲ့နောက် အစစ်ရယ်လို့ ဘယ်မှာ ရှိတော့မှာလဲ၊ ဆင်းတုတော်တွေကိုသာ ဖူးမြင်ကြရ မှာပါပဲ။ ဒီဆင်းတုတော်တွေကို ဖူးမြင်ရပြီဆိုယင် သက်တော် ထင်ရှား ဘုရားသျှင်ကို အမှတ်ရ အောက်မေ့နိုင်ကြတယ်။ ဂုဏ်တော် ကျေးဇူးတော်တွေကို အောက်မေ့နိုင်ကြတယ်။ ဒီလိုအောက်မေ့ပြီး ဘုရားသျှင်ကို ကြည်ညိုနိုင်ကြတယ်။ ဘုရားသျှင်ကို ကြည်ညိုတော့ ဘုရားဟော တရားတော်ကို သက်ဝင် ယုံကြည်နိုင်ကြတယ်။ ဟောတော်မူတဲ့ တရားကို သက်ဝင်ယုံကြည်တော့ တရားတော်လာတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြတယ်။ တရားတော်လာအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ပြီဆိုယင် လိုအပ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်အထိဖြင့်တဲ့ အကျိုးထူးတွေကို ရနိုင်ကြတာပဲ။ ဒါကြောင့် စစ်မစစ် ဆိုတာ ဖူးမြင်သူတို့အတွက် သိပ် အရေးမကြီးလှပါဘူးလို့ ပြောရတာ ဖြစ်ပါတယ်။ ဒါပေမယ့် သုတေသနဆရာတွေ အတွက်ကတော့ အရေးကြီးကြ ပေလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ သူတို့မှာအထောက်အထား ခိုင်ခိုင်လုံလုံ ရှာဘို့နဲ့ စစ်မစစ်အမှန်အကန် သိရှိအောင်တင်ပြဘို့ တာဝန်ရှိကြလို့ပါပဲ။

## တရားတော်ကို အဆုံးသတ်ရအောင်

ပုဏ္ဏောဝါဒသုတ် တရားတော်ကို ဟောလာတာ တော်တော်လေး ရှည်သွားပြီ။ ညောင်းကုန် ပျင်းကုန် ပြီလားလဲ မပြောတတ်ဘူး။ နိဂုံးအုပ် အဆုံးသတ် အနေနဲ့ မဟာပုဏ္ဏမထေရ်မြတ် ပရိနိဗ္ဗာန်ပြုခန်းပဲ ကျန်ပါတော့တယ်။

ရဟန္တာအဖြစ်သို့ ရောက်ပြီးဖြစ်တဲ့ မဟာပုဏ္ဏမထေရ်မြတ်မှာ မျက်မှောက်ဘဝအတွက် သင်္ခါရနယ်တွင်း သက်ဆင်း ရရှိလာခဲ့တဲ့ ခန္ဓာကိုယ်ကို မပျက်စီးအောင် စောင့်သိမ်းထားခြင်းငှာ ဘယ်လိုမှ မတတ်နိုင်ပါဘူး။ သဗ္ဗေ သင်္ခါရာ အနိစ္စာ–ဆိုတဲ့ ဒေသနာတော်အတိုင်း သင်္ခါရနယ်တွင်းသို့ သက်ဆင်း လာမိပြီဆိုယင် ရဟန္တာသော ဘုရားသော မရှောင် အလုံးစုံ အကုန်ပြိုကွဲ မမြဲသော သဘောရှိကြတဲ့အတိုင်း ရှေးရှေး ဘဝတွေက နှယ်ပင်စိုက်ပြီး လိုက်ပါလာခဲ့တဲ့ ကိလေသာ ခန္ဓာတွေရော တခြားရုပ်နာမ် ခန္ဓာတွေပါ (ပဒီပေါ၊ ဆီမီးသည်။ နိဗ္ဗုတော ယထာ၊ ငြိမ်းသကဲ့သို့။ ဓီရာ ပညာရှိ ဖြစ်ကုန်သော။ တေ၊ ထိုရဟန္တာ ပုဂ္ဂိုလ် တို့သည်။ နိဗ္ဗန္တိ၊ ငြိမ်းကုန်၏)လို့ ရတနသုတ်တော်တွင် ဟောတော်မူတဲ့အတိုင်း ထွန်းညှိထားတဲ့ ဆီမီးတောက်ငြိမ်းသလို ခန္ဓာဇာတ်သိမ်း အငြိမ်းကြီး ငြိမ်းတော်မူသွားပါတယ်။ ကြွင်းကျန်ရစ်တဲ့ မဟာပုဏ္ဏ မထေရ်မြတ်ရဲ့ ဥတုဇရုပ်ကို ခုနစ်ရက်ပတ်လုံး တပည့် ပရိသတ်တွေက ပူဇော်သမှုပြုကြပြီးတဲ့ အဆုံးမှာ နံ့သာ ထင်းပုံပေါ် တင်ပြီး ဈာပန

သဘင် ဆင်ယင်လိုက်ကြပါတယ်။ ဈာပနကိစ္စအဝဝ ပြီးဆုံးတဲ့ အခါ ဓာတ်တော်များကို ကောက်ယူကြပြီး စေတီတည်ထား ကိုးကွယ်ကြပါတယ်။

မဟာ ပုဏ္ဏမထေရ်မြတ်ရဲ့ ဈာပနမှာ ဆောင်ရွက်ကြတဲ့ရဟန်း တော်များက ဈာပနကိစ္စ ပြီးတဲ့အခါ ဘုရားသျှင်ထံ သွားပြီး လျှောက်ထားကြပါတယ်။ ဘယ်လိုလဲဆိုယင်....

မြတ်စွာဘုရား၊ မြတ်စွာဘုရား ဟောတော်မူတဲ့ အဆုံးအမ ဩဝါဒကို ခံယူတဲ့အမျိုးသား မဟာပုဏ္ဏမထေရ် သေလွန်သွား ပါပြီ။ အဘယ်သို့ လားရောက် ပါသလဲ၊ အဘယ် တမလွန် ဘဝမှာ ဖြစ်ပါသလဲ ဘုရား—လို့....

လျှောက်ထားကြပါတယ်။ ဒီတော့ ဘုရားသျှင်က....

ပရိနိဗ္ဗုတော ဘိက္ခဝေ ပုဏ္ဏော ကုလပုတ္တော—ဘိက္ခဝေ၊ ချစ်သားရဟန်းများတို့—၊ ပုဏ္ဏော ကုလပုတ္တော၊ အမျိုးကောင်း သား ပုဏ္ဏသည်။ ပရိနိဗ္ဗုတော၊ ဆင်းရဲခပ်သိမ်း ငြိမ်းအေးရာမှန် ပရိနိဗ္ဗာန် ဝင်စံလေပြီ—လို့

မိန့်ကြားတော်မူပါတယ်။ ပုဏ္ဏောဝါဒသုတ် တရားတော် အပြည့်အစုံ ပြီးဆုံးသွားပါပြီ။

ပုဏ္ဏောဝါဒသုတ်တော်ကို ကြားနာ နေကြတဲ့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း တို့သည်လဲ မဟာပုဏ္ဏ မထေရ်မြတ်လို ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကျင့်ကြံကြိုးကုတ် အားထုတ် နိုင်ကြ ပါစေကုန်သတည်း။

ပုဏ္ဏောဝါဒသုတ် တရားတော်ပြီး၏။

ဤစာအုပ် ဖြစ်မြောက် အောင်မြင်ရေး အတွက်

အလှူငွေ(            )ထည့်ဝင်သော

## ဓမ္မဒါန ကုသိုလ်ရှင်

အမည်................ .... ..............................

ဂုဏ်ထူး ............ ..............................

နေရပ်.................................................

မြို့ ........................... ............ ... ....